http://www.cherrythitsar.org



http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၄၆ )

**Quality Publishing House**

**အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၃၀၆၄၀၄၊ ၃၂၀၀၆၃၊ ၂၈၂၆၀၄။**

http://www.cherrythitsar.org

### ဗိုလ်ချုပ်အောင်ဆန်းနှင့်အစိုးရဆောင်ပါး

- * ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- * တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- * အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# အနာဂတ်မျက်လုံးရှင်



## FIONA

by

**Catherine Gaskin**

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၅၅၁/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၉၁/၂၀၀၃ (၈)

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၃၊ စက်တင်ဘာလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၈၀၀ ကျပ်



# ဆရာအောင်ခန့်

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ၌ အဖဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည် တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့အစိုးရအထက်တန်းကျောင်းက ဖြေဆိုအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူဆည်းပူးရာ၊ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်း အပိုင်း (ခ) ၌ 'မြန်မာစာပထမ'ရရှိပြီး၊ ၁၉၅၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ သာဒိုးအောင်ဆုကို တက်ရောက်ယူရသည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် ဝိဇ္ဇာ(အထွေထွေဂုဏ်ထူးတန်း) ကို ဒုတိယတန်း၊ ပထမဆင့်မှ အောင်မြင်ပြီး မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင်နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂)၊ မြန်မာစာဌာန၏ လက်ထောက်ကထိကနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(အရည်အချင်းလိုက် ပထမ) ရရှိသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားဒီဂရီကောလိပ်သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၈၀ ပြည့်နှစ်မတ်လတွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့်-ပါမောက္ခ) အဖြစ် ၂ နှစ်တာဝန်ထမ်းဆောင်သည်။

၁၉၈၆ ခုနှစ် မတ်လတွင် ကထိကနှင့် ဌာနမှူးအဖြစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် တာဝန်ထမ်းဆောင်သည်။

အဝေးသင်တက္ကသိုလ် စတင်တည်ထောင်သောအခါ၌ ကထိကနှင့် မြန်မာစာဌာနမှူးတာဝန်ကို၁၉၉၂ခု၊ မေလတွင် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌၊ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာဌာနမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဆန်းတွင် အငြိမ်းစားယူသည်။

ယခုအခါ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာပါရဂူ သင်တန်းသားများအား စာပေပို့ချလျက်ရှိသည်။

၁၉၅၉ ခု မတ်လတွင် စာပေစတင်ရေးသားသည်။ စာပေရေးသားရာ၌ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို **တက္ကသိုလ်ဝင်းမွန်** ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ရေးသားသော **ခေတ်သစ်ကဗျာမိတ်ဖွဲ့** စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။

ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ရာ၌**အောင်ခန့်** ကလောင်အမည်ဖြင့် မြန်မာပြန်သည်။၁၉၆၈ခုနှစ်တွင် ဆာဝေါလတာစကော့၏Quentin Durward ဝတ္ထုကို **ရဲသွေးနီနီ** အမည်ဖြင့် မြန်မာပြန်ရာ၊ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၈၆ ခုနှစ်၊ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

အောင်ခန့် ကလောင်အမည်ဖြင့် ဆာ ရိုက်ဒါဟက်ဂတ် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ခဲ့သည်။

http://www.cherrythitsar.org

## ပထမအကြိမ် မြန်မာပြန်သူ၏ အမှာ

၁၉၆၅ ခုနှစ် အောက်တိုဘာတွင် ကျွန်တော်သည် **'အောင်ခန့်'** ကလောင်အမည်ဖြင့် **'လူ့သဘော လူ့သဘာဝ'** ကျမ်းကို ပြုစုပြီးနောက်၊ ၁၉၆၆ ခုနှစ် ဇူလိုင်လမှစ၍ ယနေ့တိုင် ဝတ္ထုများကို မြန်မာပြန်လာခဲ့ရာ၊ ယခု ထုတ်ဝေသော **'အနာဂတ်မျက်လုံးရှင်'** သည် ကျွန်တော်၏ ၂၇ အုပ်မြောက် မြန်မာပြန်ဝတ္ထု ဖြစ်ပါသည်။

ကျွန်တော် မြန်မာပြန်ပြီးခဲ့သော ဝတ္ထုများကို ပြန်ပြောင်း ကြည့်ရှု သောအခါ –

| | | |
|---|---|---|
| ၁ ။ | ရမ္ဘက်ကေရီ | (၁၉၆၆) |
| ၂ ။ | ပညာရှင်သခင်မ–ပ | (၁၉၆၇) |
| ၃ ။ | ပညာရှင်သခင်မ–ဒု | (၁၉၆၇) |
| ၄ ။ | သူရိယကလျာ–ပ | (၁၉၆၈) |
| ၅ ။ | သူရိယကလျာ–ဒု | (၁၉၆၈) |
| ၆ ။ | ရဲသွေးနီနီ | (၁၉၆၈) |
| ၇ ။ | အလန်နှင့် ရှေးဘဝ–ပ | (၁၉၆၉) |
| ၈ ။ | အလန်နှင့် ရှေးဘဝ–ဒု | (၁၉၇၀) |
| ၉ ။ | သမုဒ္ဒယသူဇာ | (၁၉၇၁) |
| ၁၀ ။ | ဖရားအဘာယမဏိ | (၁၉၇၂) |
| ၁၁ ။ | နိုင်သူနှင့် ရှုံးသူ | (၁၉၇၂) |

၁၂ ။ နှလုံးမည်းနှင့် နှလုံးဖြူ (၁၉၇၂)
၁၃ ။ ဟူးဟူးသတ္တဝါကြီး–ပ (၁၉၇၂)
၁၄ ။ ဟူးဟူးသတ္တဝါကြီး–ဒု (၁၉၇၂)
၁၅ ။ အသည်းဖြူမလေး–ပ (၁၉၇၂)
၁၆ ။ အသည်းဖြူမလေး–ဒု (၁၉၇၃)
၁၇ ။ မီးလျှံနှင့် ကြာဖြူ (၁၉၇၃)
၁၈ ။ အာသာဝတီ (၁၉၇၃)
၁၉ ။ စံဒေဝီ (၁၉၇၃)
၂၀ ။ ဒေါက်တာသန်း (၁၉၇၃)
၂၁ ။ ရမ္မက်ကျွန် (၁၉၇၄)
၂၂ ။ ကာလီဒေဝီ (၁၉၇၄)
၂၃ ။ စပါတာခြသေ့ကြီး (၁၉၇၄)
၂၄ ။ လောဘမီးလျှံ ဒေါသမီးလျှံ (၁၉၇၄)
၂၅ ။ သက်မှူးသူဇာ (၁၉၇၅)
၂၆ ။ လက်သုံးတော်ဓား (၁၉၇၅)

– ဟူ၍ အုပ်ရေ ၂၆ အုပ်၊ မူရင်းဝတ္ထု ၂၁ အုပ်ဖြန့်ပြီး ဖြစ်ကြောင်း တွေ့ရပါသည်။ ထိုစာအုပ်များအနက် ဆာဝေါလတာစကော့၏ Quintin Durwardဝတ္ထုကို မြန်မာပြန်သည့် ရဲသွေးနီနီ ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသား စာပေဘာသာပြန်ဆုရ စာအုပ်ဖြစ်ခဲ့ပါသည်။

ကျွန်တော် မြန်မာပြန်ခဲ့ပြီးသော ဝတ္ထုများမှ ဝတ္ထုဆရာတို့ကို ပြန်ပြောင်းကြည့်ရှုသောအခါ –

ဝတ္ထုဆရာ ၁၀ ယောက်ရှိပြီး ထိုဝတ္ထုဆရာများ အားလုံးပင် အမျိုးသား ဝတ္ထုရေး ဆရာကြီးများ ဖြစ်နေကြပါသည်။ အမျိုးသမီး ဝတ္ထုဆရာ တစ်ယောက်မှ မပါပါ။ ထို့ကြောင့် မျက်မှောက်ခေတ်၌ ကျော်စောထင်ရှားနေသော ဝတ္ထုဆရာမကြီး **ကက်သရင်း ဂက်စကင်** ၏ Fiona ဝတ္ထုကြီးကို ဖတ်ရှုနှစ်သက်၍ မြန်မာပြန်ရန် အားထုတ်ရာ၌ ပြန်နေကျဝတ္ထုမျိုး မဟုတ်၍ မဝံ့မရဲ ဖြစ်ရပါသည်။

ဝတ္ထုဆရာမကြီး 'ကက်သရင်း ဂက်စကင်' မှာ အိုင်ယာလန်ပြည်၌ မွေးဖွားသော ဩစတေးလီးယား အမျိုးသမီး ဖြစ်ပါသည်။ 'ဩစတေးလီးယား၊

အင်္ဂလန်၊ အမေရိကန်နှင့် အိုင်ယာလန်ပြည်' များတွင် နေထိုင်ဖူးပါသည်။ 'ခေတ်ဝတ္ထု၊ ရာဇဝင်ဝတ္ထု၊ သူလျှိုဝတ္ထု၊ အချစ်ဝတ္ထု၊ ထူးခြားဆန်းကျယ်ဝတ္ထု' စသည်ဖြင့် ဝတ္ထုအမျိုးစုံအောင် ရေးသားနိုင်ပါသည်။ ထို့ကြောင့် 'မွေးရာပါ ဝတ္ထုရေးဆရာ' ဟု စာပေဝေဖန်ရေးသမားအများက ချီးကျူးခေါ်ဆိုကြပါသည်။

ဝတ္ထုဆရာမကြီး 'ကက်သရင်း ဂက်စရင်' ရေးသားထုတ်ဝေပြီးသော ဝတ္ထုပေါင်းမှာ ၁၄ အုပ်ကျော်ပါသည်။ ထိုဝတ္ထုများအနက် ကျွန်တော် ယခု မြန်မာပြန်သည့် Fiona ဝတ္ထုမှာ အထူးကျော်စောထင်ရှားပါသည်။ 'လက်မချနိုင်အောင် ဆွဲဆောင်နိုင်သည့် ဝတ္ထု' ဟု 'အမျိုးသမီး ဂျာနယ်၊ တနင်္ဂနွေကြေးမုံ၊ တနင်္ဂနွေအမြန်' တို့က ချီးကျူးပါသည်။ ထိုဝတ္ထုကို ၁၉၇၀ ပြည့်နှစ်က အင်္ဂလန်ပြည်ရှိ 'ဝီလျံကောလင်း' စာအုပ်တိုက်က ပထမဆုံး အကြိမ်ပုံနှိပ်၍၊ ၁၉၇၁ ခုနှစ်တွင် အင်္ဂလန်ပြည်ရှိ 'ဖွန်တနာ' စာအုပ်တိုက်က ထပ်မံပုံနှိပ်ပါသည်။

Fiona ဝတ္ထုကြီးတွင် ဝတ္ထုဆရာမကြီး 'ကက်သရင်း ဂက်စကင်' သည် အနာဂတ်ကာလတွင် ဖြစ်ပျက်ကြုံတွေ့ရအံ့သော အကြောင်းချင်းတို့ကို ကြိုတင်သိမြင်နိုင်စွမ်းသော စကော့တလန်ပြည်သူ ဆရာမလေး ဖီဩနာ ကြုံတွေ့ရှာသော အတွေ့အကြုံများကို ထူးခြားဆန်းကြယ် စိတ်ဝင်စားဖွယ်ကောင်းအောင် ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ဝတ္ထုအမည်ကို **'အနာဂတ်မျက်လုံးရှင်'** ဟု အမည်ပေးရခြင်း ဖြစ်ပါသည်။

အနာဂတ်မျက်လုံးရှင် စကော့တလန်ပြည်သူ ဆရာမလေး ကြုံတွေ့ရရှာသော အတွေ့အကြုံများမှာ အနောက်အိန္ဒိယ ဒေသသစ်၌ တွေ့ကြုံရသော အတွေ့အကြုံများ ဖြစ်ပါသည်။

'အနောက် အိန္ဒိယဒေသသစ်' မှာ မြောက် အမေရိကတိုက်၊ အရှေ့တောင်ပိုင်းရှိ ဖလော်ရီဒါပြည်နယ်နှင့် တောင်အမေရိကတိုက် အရှေ့မြောက်ပိုင်းရှိ ဗယ်နီဇွဲလားပြည်နယ် အကြားရှိ ကျယ်ဝန်းလှသော ဒေသကြီး တစ်ခုလုံးကို ခြုံ၍ခေါ်သော အမည်ဖြစ်ပါသည်။ ထိုဒေသကြီးအတွင်းရှိ ကျူးဗား၊ ဂျမေကာ၊ ဟေတီစသော ကျွန်းစုများကို 'အနောက် အိန္ဒိယကျွန်းစုများ' ဟု ခေါ်ကြပါသည်။

အနာဂတ်မျက်လုံးရှင် ဆရာမလေး ဖီဩနာ သွားရောက်နေထိုင်ရသည့် အနောက်အိန္ဒိယ ဒေသသစ်က ဆန်ခရစ်တိုတယ်မြို့နှင့် စင်တာမာတာ

မြို့တို့မှာ တောင်အမေရိကတိုက် အရှေ့မြောက်ပိုင်းရှိ ဗယ်နီဇွဲလားပြည်နယ်ရှိ မြို့များဖြစ်ကြပါသည်။ ထို့ကြောင့် ဤဝတ္ထု၌ အနောက်အိန္ဒိယဒေသသစ်ရှိ ကြီးမားကျယ်ပြန့်သော စိုက်ခင်းကြီးကို ပိုင်စိုးသည့် လူဖြူသခင်များ၏ စိတ်နေစိတ်ထားနှင့် အမူအကျင့် ဓလေ့စရိုက်များသည် လည်းကောင်း၊ ထိုစိုက်ခင်းကြီး၌ တပင်ပန်းပန်း တစ်နေကုန် အလုပ်လုပ်ကြရသော နီဂရိုးကျွန်များ၏ ဆင်းရဲဒုက္ခ၊ ဘဝအခြေအနေ၊ ကိုးကွယ်ယုံကြည်မှုနှင့် စိတ်နေသဘောထားများသည် လည်းကောင်း၊ အနောက်အိန္ဒိယဒေသသစ်၌ ထွန်းကားတည်ရှိနေသော ကျွန်ရောင်းကျွန်ဝယ် ကျွန်ကုန်ကူးသည့်စနစ်၏ ဆိုးဝါးရက်စက်ယုတ်မာမှုတို့သည် လည်းကောင်း ပေါ်ထင်နေပါတော့သည်။

အနာဂတ်မျက်လုံးရှင် စကော့တလန်ပြည်သူ ဆရာမလေး ဖီဩနာ၏ အတွေ့အကြုံများကို ဇာတ်လမ်းဆင် ရေးဖွဲ့ရာ၌ ဝတ္ထုဆရာမကြီး 'ကက်သရင်း ဂက်စကင်' မှာ လိမ္မာကျွမ်းကျင်လှပါသည်။ စိတ်ဝင်စားဖွယ်ကောင်းအောင် ရေးဖွဲ့နိုင်စွမ်း ရှိပါသည်။ ထို့ပြင် ဆရာမလေး ဖီဩနာ တွေ့ကြုံဆက်ဆံရသော လူအမျိုးမျိုးတို့၏ စရိုက်အထွေထွေကို သရုပ်ဖော်ရာ၌လည်း ပီပြင်ထင်ရှားလှပါသည်။

ဝတ္ထုဆရာမကြီး 'ကက်သရင်း ဂက်စကင်၏ ကျော်စောထင်ရှားလှသော Fiona ဝတ္ထုကြီးကို မြန်မာပြန်ရာ၌ မူရင်းဝတ္ထုဆရာမကြီး၏ စာဟန်နှင့် လိုက်လျောညီထွေအောင် အထူးကြိုးစားအားထုတ်ပါသည်။ ဤဝတ္ထုကြီးကို မြန်မာပြန်ရာ၌ အပြည့်အစုံ မြန်မာပြန်ခြင်း မဟုတ်ပါ။ ၁၉၇၀ ပြည့်နှစ်ထုတ် Reader's Digest Condenced Books စာအုပ်ပါ အကျဉ်းချုံးစာမူကို အဓိကလက်ရင်းထားပြီး မြန်မာပြန်ခြင်း ဖြစ်ပါသည်။ သို့သော် မူရင်းဝတ္ထုဆရာမကြီး၏ 'အာဘော်' ပေါ်လွင်အောင်အား အတတ်နိုင်ဆုံး ထိန်းသိမ်းပါသည်။ ကြိုးစားအားထုတ်ပါသည်။

ဤဝတ္ထုဆရာမကြီး ကက်သရင်း ဂက်စကင်၏ ကျော်စောထင်ရှားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည့် A Falcon for a Queen ဝတ္ထုကိုလည်း ဆက်လက်မြန်မာပြန်ရန် စီမံအားထုတ်လျက်ရှိပါသည်။

အောင်ခန့်

၁၉၇၅ ခု၊ ဇူလိုင်လ ၃၀ ရက်။

*(ဒုတိယအကြိမ်အဖြစ် **Quality** မှ ထုတ်ဝေပါသည်။)*

# အနာဂတ်မျက်လုံးရှင်၏ စကားပလ္လင်

အနာဂတ်ကာလတွင် ဖြစ်ပျက်ကြုံတွေ့ရအံ့သော အကြောင်းချင်းတို့ကို ကြို တင်သိမြင်နိုင်စွမ်းသူကို ကျွန်မတို့ စကော့လူမျိုးများက 'အမြင်ရသူ' ဟု ဆိုကြပါသည်။ 'တတိယ မျက်လုံးရှင်' ဟူ၍လည်းကောင်း၊ 'အနာဂတ် မျက်လုံးရှင်' ဟူ၍လည်းကောင်း ဆိုကြပါသည်။

ဤသို့အမြင်ရခြင်း၊ အနာဂတ်မျက်လုံးကို ပိုင်ဆိုင်ခြင်းတို့ကို 'ဘုရားသခင်' ပေးသနားတော်မူအပ်သော 'ဆုတော် လာဘ်တော် ကရုဏာတော်' ဟု အချို့က ယူဆကြသော်လည်း အချို့ကမူ 'ကျိန်စာသင့်ခြင်းတစ်မျိုး' ဟု ယူဆကြပါသည်။

စကော့တလန်ပြည်နယ် အနောက်တောင် ကမ်းရိုးတန်းဒေသဖြစ်သည့် အာရှားပြည်နယ်၊ စဲကတ်ကျေးတောရပ်နေ ခရစ်ယာန်ဓမ္မဆရာတစ်ဦး၏ သမီးဖြစ်သော ကျွန်မ **ဗီဩနာ** အနေနှင့်မူ 'လူသားတို့အနေနှင့် အနာဂတ် မျက်လုံးကို ပိုင်ဆိုင်ခြင်းဌာ မထိုက်တန်။ ဤသို့ မထိုက်တန်သော အနာဂတ် မျက်လုံးကို ပိုင်ဆိုင်ထားခြင်းသည် ကျိန်စာသင့်ခြင်းတစ်မျိုးပင် ဖြစ်သည်' ဟု မှတ်ထင်ယူဆပါသည်။

လူအသိန်း အသောင်း အရာ အထောင်တွင် တစ်ယောက်ကြုံကြိုက်ဖို့ ခဲယဉ်းလှသည့် အနာဂတ်ကာလတွင် ဖြစ်ပျက်ကြုံတွေ့ရအံ့သော

http://www.cherrythitsar.org



အကြောင်းချင်းတို့ကို ကြိုတင်ပြီး သိမြင်နိုင်စွမ်းသည့် အနာဂတ်မျက်လုံးကို ကျွန်မသည် မွေးရာပါ ကိုယ်တွင်းအမှတ်အသားကဲ့သို့ပင် မွေးကတည်းက အလိုလို ရရှိပိုင်ဆိုင်ထားခဲ့ပါသည်။ ဤသို့ အနာဂတ်မျက်လုံးကို ပိုင်ဆိုင်ထားသည့်အဖြစ်ကို ငယ်စဉ်ကမသိခဲ့ပါ။ အသက်ဆယ့်ကိုးနှစ်အရွယ်ကျမှ စတင်သိရှိခဲ့ပါသည်။ ထိုသို့ စတင်သိရှိပြီးသည့်အချိန်မှစ၍ ကျွန်မ၏လက်ရှိ အသက်နှစ်ဆယ့်သုံးနှစ်ကာလအထိ လေးနှစ်ကာလပတ်လုံး စိတ်နှလုံးငြိမ်းချမ်း ပျော်ရွှင်ခြင်းကို မခံစားရတော့ပါ။ ထို့ပြင် ကျွန်မ အသက်မွေးဝမ်းကျောင်းပြုသော ကလေးငယ်များကို စာပြရသည့် ဆရာမအလုပ်ကိုပင် သုံးကြိမ်တိတိ စွန့်လွှတ်ခဲ့ရပါသည်။

ဤအကြောင်းများကြောင့် ၁၈၃၃ ခုနှစ် ဆောင်းဦးရာသီဖြစ်သော ဤအချိန်ဤအခါတွင် စဲကတ်ကျေးတောဝန်းကျင်ရှိ တောင်ကုန်းများကြားတွင် ကျွန်မတစ်ကိုယ်တည်း စိတ်ပျက်လက်ပျက် လမ်းလျှောက်ရင်း 'ကျွန်မ မပိုင်လို၊ မဆိုင်လိုသည့် အနာဂတ်မျက်လုံးကို ပိုင်ဆိုင်ရသည့်အတွက်ကြောင့် ရှေ့ဘဝ ခရီးတစ်လျှောက်တွင် မည်သို့သော ဘဝကံကြမ္မာကို ရင်ဆိုင်ကြုံတွေ့ရလေမည်နည်း' ဟု တွေးတော ရင်မောမိပါသည်။

*

အနာဂတ်မျက်လုံးကို ကျွန်မပိုင်ဆိုင်ကြောင်း စတင်သိရှိသည့် ပထမဆုံးအကြိမ်က ကျွန်မ၏ အသက်မှာ ဆယ့်ကိုးနှစ်သားရှိပါသေးသည်။

ထိုစဉ်က ကျွန်မသည် လူချမ်းသာတစ်ဦး၏ တစ်ဦးတည်းသော သားငယ်ကို စာပြပေးရသည့် ဆရာမလေးအဖြစ် ထိုလူချမ်းသာမိသားစုနှင့်အတူ နေထိုင်ရာမှ ထိုလူချမ်းသာ မိသားစုနှင့်အတူ ရထားလုံးလုံးကြီးနှင့် ခရီးဝေးမှ ပြန်လာခိုက်ဖြစ်ပါသည်။

ထိုအချိန်မှာ ညအခါဖြစ်၍ မိုးသည်းထန်စွာ ရွာနေပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပါသည်။ ကျွန်မတို့ စီးလာသော ရထားလုံး၌ ချိတ်ထားသည့် လက်ဆွဲမီးအိမ်တစ်လုံးမှာလည်း မီးငြိမ်းနေပါသည်။ အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းကြီးကို ဖြတ်ဆောက်ထားအပ်သည့် တံတားအပါးသို့အရောက်တွင် ကျွန်မ၏ အာရုံသည် နိုးကြားလာပါသည်။ ကျွန်မ၏ စိတ်မျက်စိတွင်း၌လည်း ဖြစ်ပျက်နေသော မြင်ကွင်းတစ်ရပ်သည် လျှပ်ပြက်ဘိသကဲ့သို့ ထင်းထင်းကြီး ပေါ်လာပါသည်။ ထို့ကြောင့် ကျွန်မလည်း ရထားလုံးနံရံကို လက်ဖြင့် စုံထုရင်း –

http://www.cherrythitsar.org



"ရထားကို ရပ်လိုက်။ ရထားကို ရပ်လိုက်။ ရှေ့မတိုးနဲ့။ ရှေ့မတိုးနဲ့" ဟု ကြောက်လန့်တကြား ဟစ်အော်ပြောကြားမိပါသည်။ သို့သော် မိုးထဲလေထဲဖြစ်နေ၍လား မသိ။ ရထားမောင်းသမားမှာ ရထားကို မရပ်သေးပါ။

ကျွန်မလည်း ပြတင်းပေါက်ကို ကပျာကယာ မတင်ကာ၊ ကိုယ်တစ်ပိုင်းကို ထုတ်ပြီး ရထားမောင်းသမား၏ ကုတ်အင်္ကျီစကို ဆောင့်ဆွဲပြီး ရထားကို အတင်းရပ်ခိုင်းလိုက်ပါသည်။ ထိုအခါမှ ညစာဆာနေသည့် ရထားမောင်းသမားလည်း အိမ်ကို အမြန်ပြန်ရောက်လိုဇောဖြင့် ရထားကို အပြင်းမောင်းနေရာမှ ရုတ်တရက် ရပ်လိုက်ပါသည်။

ထို့နောက် ကျွန်မတို့လည်း ရထားလုံးထက်မှဆင်းပြီး ကြည့်ကြရာ၊ ကျွန်မတို့ရထားမှာ တံတားထိပ်၌ ရောက်ရှိနေပြီး ကျွန်မတို့ ဖြတ်ကူးမည့် တံတားမှာ ရေတိုက်စားသွားသည့်အတွက် ကျိုးပျက်နေသည်ကို တွေ့မြင်ရပါသည်။ ကျွန်မသာ အချိန်မီ သတိမပေးပါက ကျွန်မတို့အားလုံးပင် အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းကြီးထဲသို့ ဇောက်ထိုးမိုးမျှော် ကျရောက်ပြီး အားလုံးအသက်ဆုံးရှုံးကြမည် ဖြစ်ပါသည်။

ကျွန်မ၏ အလုပ်ရှင်ဖြစ်သော သူဌေးကြီး ဇနီးမောင်နှံသည် ရထားလုံးအတွင်း၌ သူတို့နှင့်အတူ ထိုင်နေသော ကျွန်မက ဤချောင်းကူး တံတားကျိုးပျက်နေသည့် အကြောင်းကို ကြိုတင်သိရှိနေခြင်းအတွက် အလွန်အမင်းအံ့အားသင့်နေကြသည်။ 'ကျွန်မ၏ သတိပေးစကားကြောင့် လူအားလုံးအသက်ချမ်းသာရာရပါပေသည်' ဟု ချီးကျူးစကား လိုက်လိုက်လှဲလှဲ ပြောကြပါသည်။ သို့သော် ထိုအခါမှစ၍ ကျွန်မနှင့် ဆက်ဆံပြောဆိုတိုင်း အထူးသတိထားကာ ရွံ့တွန့်တွန့်ဖြစ်သွားကြသည်ကို ကျွန်မ သတိပြုမိပါသည်။

မကြာမီ သူဌေးကြီး ဇနီးမောင်နှံသည် သူတို့၏သားလေးကို မူလတန်းကြိုကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ထားရန် စီမံပါသည်။ ထို့ကြောင့် ကျွန်မလည်း လစာအပြည့်နှင့် အလုပ်မှ ထွက်လာခဲ့ပါသည်။

သူဌေးကြီး ဇနီးမောင်နှံက "ကျွန်မကို စာအသင်အပြ ကောင်းသော ဆရာမတစ်ဦးဖြစ်ကြောင်း၊ ကလေးငယ်များနှင့် ဆက်ဆံရာ၌ အထူးစိတ်ရှည်၍ သဘောပြည့်သူဖြစ်ကြောင်း' ထောက်ခံစာကောင်းကောင်း ရေးပေးလိုက်သည်ကား မှန်ပါ၏၊ သို့သော် ကျွန်မ အလုပ်ထွက်သွားသည့်အတွက် စိတ်ထိခိုက်ခြင်းကား ဖြစ်ကြဟန်မတူပါ။ စိတ်နှလုံးသက်သာရာ ရသွားသည့် အရိပ်အယောင်ကိုပင် ကျွန်မ မြင်လိုက်ရသည်ဟု ထင်ပါသည်။

http://www.cherrythitsar.org



ထိုသို့အလုပ်မှ ထုတ်ရပြီးနောက် စကော့တလန်ပြည်၏ မြို့တော်ဖြစ်သော **အီဒင်ဘာရာ**မြို့က သူဌေးကြီး၏ သမီးငယ်လေး **ချားလော့တီး** အား စာပြပေးရသော ဆရာမအလုပ်ကို ကျွန်မ ဆက်လက်လုပ်ကိုင်ရပါသည်။

ကလေးမ ချားလော့တီးကား မိဘများ အလိုလိုက်ကာ 'ဖူးဖူးမှုတ်' ထားသည့်အတွက် နွဲ့ဆိုး ဆိုးတတ်၊ ဖွတ်တရွတ် လုပ်တတ်သော အကျင့်ရှိလင့်ကစား အလွန်ချစ်စရာ ခင်စရာကောင်းပါသည်။ နွေရာသီရောက်တိုင်း ကလေးမ ချားလော့တီးတို့ မိသားစုသည် စကော့တလန် ကုန်းမြင့်ဒေသရှိ မိမိတို့ပိုင် အိမ်ကြီးသို့ သွားရောက်နေထိုင် အပန်းဖြေလေ့ရှိပြီး၊ ကျွန်မလည်း အမြဲလိုက်ပါရပါသည်။

နွေရာသီတစ်နေ့တွင် ကလေးမချားလော့တီးသည် တစ်ဆယ့်ခုနစ်နှစ် အရွယ်ရှိ အစ်ကိုဝမ်းကွဲ **ဘရု**နှင့်အတူ ပင်လယ်ကမ်းကွေ့တွင် ရွက်လှေတစ်စင်းဖြင့် ရွက်လွှင့်ရန် ပြင်ဆင်ကြပါသည်။ ရာသီဥတုမှာ သာယာပြီး နေရောင်ခြည် တောက်ပဝင်းထိန်နေရာ၊ ကလေးမချားလော့တီးလည်း ရွက်လှေစီးရမည့်အတွက် အပျော်ကြီး ပျော်နေပါသည်။ ထိုအခိုက်တွင် ကျွန်မ၏ အာရုံသည် နိုးကြားလာပါသည်။ ထို့ကြောင့် ကျွန်မလည်း စိုးထိတ်သော အမူအရာဖြင့် –

"မသွားကြနဲ့။ ရွက်လှေစီးမထွက်ကြနဲ့ ဒုက္ခတွေ့လိမ့်မယ်" ဟု ရုတ်တရက် ဟစ်အော်ပြောကြား လိုက်မိပါသည်။

ထိုအခါ ကျွန်မအပါး၌ရှိနေသော ချားလော့တီး၏ မိခင်က

"ဆရာမရယ်၊ စိုးရိမ်စရာ မရှိတာကို စိုးရိမ်မနေပါနဲ့၊ ရာသီဥတုက သာယာနေတာပဲ။ ဒီလိုရာသီဥတုမျိုးမှာ ဘယ်လိုဒုက္ခမှ မဖြစ်နိုင်ပါဘူး။ စိတ်အေးအေးထားစမ်းပါ" ဟု ပြောကြားလိုက်ပါသည်။

သို့သော် ကျွန်မကား စိတ်အေးအေးမထားနိုင်ပါ။ ထို့ကြောင့် ရွက်လှေကို အမြန်ပြင်နေကြသော ကလေးမ ချားလော့တီးနှင့် ဘရုတို့ရှိရာ ပင်လယ်ကမ်းစပ်သို့ ဆူးငြောင့်ခလုတ်တံသင်းတို့ကို လုံးဝ အမှုမထားဘဲ စိုးရိမ်တကြီး ပြေးဆင်းသွားမိပါသည်။

"မသွားကြနဲ့။ မသွားကြနဲ့။ ဒုက္ခတွေ့လိမ့်မယ်"

ဟုလည်း တတွတ်တွတ် ဟစ်အော်ပြောကြား လိုက်မိပါသည်။

သို့သော် ကလေးမ ချားလော့တီးနှင့် ဘရုတို့ကား ကျွန်မ၏ သတိပေးချက်ကို မမှုကြပါ။ ပင်လယ်ကမ်းစပ်သို့ ကျွန်မရောက်သောအခါ၌

http://www.cherrythitsar.org



ရွက်လှေကို ရွက်လွှင့်ထွက်ခွာသွားကြပါပြီ။ ကလေးမ ချားလော့တီးက ပြုံးရွှင်သောမျက်နှာထားလေးဖြင့် ရွက်လှေထက်မှနေပြီး ကျွန်မကိုပင် ဝှေ့ယမ်းလက်ပြသွားပါသေးသည်။

ကျွန်မကား စိုးရိမ်မကင်းသောအမူအရာဖြင့် ပင်လယ်ကမ်းစပ်၌ အလှုပ်မယှက် ငြိမ်သက်စွာ ရပ်ရင်း တရွေ့ရွေ့ ထွက်ခွာသွားသော ရွက်လှေကို တစ်နာရီခန့်မျှ ငေးမောကြည့်ရှုနေမိပါသည်။

တစ်နာရီခန့် ကြာသောအခါ တောက်ပဝင်းထိန်သော နေရောင်ခြည် ကွယ်ပျောက်ကာ မိုးကောင်းကင်တစ်ခွင်လုံး အုံ့ဆိုင်းရီမှောင်လာပါတော့သည်။ ထို့နောက် စကော့တလန် ကုန်းမြင့်ဒေသတို့တွင် ဖြစ်ပေါ်ကြုံတွေ့ခဲလှသော လေပြင်းမုန်တိုင်းကြီး ရုတ်တရက် စတင်တိုက်ခိုက်ပါတော့သည်။

လေပြင်းမုန်တိုင်း စဲသောအခါ၌ ပင်လယ်ကမ်းကွေ့၌ မျောနေသော ရွက်လှေလေးကို တွေ့ရပါသည်။ ရွက်လှေစီးသွားကြသော ကလေးမ ချားလော့တီးနှင့် ဘရုတို့ကိုကား မတွေ့ရတော့ပါ။ ရက်သတ္တတစ်ပတ် ကြာသောအခါမှ ပုပ်ပွနေသော ကလေးမ ချားလော့တီးနှင့် ဘရုတို့၏ အလောင်းများကို ရှာတွေ့ကြရပါသည်။ ကျွန်မလည်း စာသင်ပြရသော ဆရာမအလုပ်မှ ဒုတိယအကြိမ် ပြုတ်ခဲ့ရပြန်ပါတော့သည်။

ကလေးမ ချားလော့တီး၏ မိခင်သည် ကျွန်မနှင့် ပတ်သက်၍ ထောက်ခံစာကို အကောင်းဆုံးရေးပေးလိုက်ပါသည်။ သို့ရာတွင် ကျွန်မ ပြန်ခါနီး နှုတ်ဆက်စကားဆိုသောအခါ၌မူ လိုက်လိုက်လှဲလှဲ ဟက်ဟက်ပက်ပက် မရှိလှပါ။ ကလေးမ ချားလော့တီးနှင့် ဘရုတို့ သေဆုံးရခြင်းမှာ 'အနာဂတ်မျက်လုံး' ကြောင့် ဖြစ်သည်ဟုပင် မှတ်ထင်နေဟန် တူပါသည်။ သူတို့မိသားစုအတွက် ကျွန်မသည် ဂြိုဟ်ဆိုးကြမ္မာဆိုးဖြစ်သည်ဟုလည်း ယူဆနေပုံရပါသည်။

*

ကလေးငယ်များကို စာပြရသည့်ဆရာမအဖြစ် ကျွန်မ တတိယအကြိမ် တာဝန်ကျေကျေ ကြိုးကြိုးစားစား ဆောင်ရွက်နေစဉ်တွင် ဆရာမအဖြစ်မှ အထုတ်ခံရပါသည်။ ကျွန်မကို ထောက်ခံစာလေးပင် ရေးမပေးကြပါ။ ဤအကြောင်းကို ကျွန်မ မကြာခင် ထုတ်ဖော်ပြောကြားပါမည်။

အလုပ်ပြုတ်ပြီးနောက် ကျွန်မလည်း ဖေဖေရှိရာ စဲကတ်ကျေးတောရပ်သို့ ပြန်လာခဲ့ပြီးနောက် သတင်းစာကြော်ငြာတို့၌ တွေ့ရသော ကလေးငယ်

http://www.cherrythitsar.org



များကို စာပြရသည့် ဆရာမအလုပ်ကို လျှောက်လွှာတစ်ခုပြီးတစ်ခု တင်ရင်း ပြန်စာကို ငံ့လင့်စောင့်ဆိုင်းနေရပါသည်။ ကျွန်မ နောက်ဆုံး စာပြပေးရသော ကလေးငယ်များ၏ မိဘတို့ထံမှ ထောက်ခံစာကို ပူးတွဲမတင်ပြနိုင်သည့် အတွက် ပြန်စာတစ်စောင်တလေမှ မလာပါ။ အလုပ်ခန့်ရန် ခေါ်သည့်စာ တစ်စောင်တလေမှပင် မလာပါ။

ထိုအခိုက်တွင် ဖေဖေက –

"သမီးလေးရယ် ... စိတ်ရှည်ရှည်ထားပါ။ မကြာမီ သမီးလေး အလုပ်ရမှာပါ" ဟု ကျွန်ကို ပြောကြားဖြေသိမ့်ပါသည်။ သို့သော် ကျွန်မကား ဖေဖေကဲ့သို့ စိတ်ရှည်ရှည် မထားနိုင်ပါ။ မကြာမီ အလုပ်ရလိမ့်မည်ဟုလည်း မမျှော်လင့်တော့ပါ။

ထို့ကြောင့် ကျွန်မလည်း စဲကတ်ကျေးတော ဝန်းကျင်ရှိ တောင်တန်းများကြားတွင် စိတ်ပျက်လက်ပျက် လမ်းလျှောက်ရင်း 'ကျွန်မ မပိုင်မဆိုင်လိုသည့် အနာဂတ်မျက်လုံးကို ပိုင်ဆိုင်ရသည့် အတွက်ကြောင့် ရှေ့ဘဝ ခရီးတစ်လျှောက်တွင် မည်သို့သော ဘဝကံကြမ္မာကို ရင်ဆိုင်ကြုံတွေ့ရလေမည်နည်း' ဟု တွေးတော ရင်မောခြင်းဖြစ်ပါသည်။

[ ၁ ]

# အခြေအနေ အရပ်ရပ်က တွန်းပို့ခြင်း

ကျွန်မ လမ်းလျှောက်ထွက်လာစဉ်ကာလက ဆီးနှင်းတို့ အထုအထပ် ကျနေလင့်ကစား မိုးလုံးဝမရွာသေးပါ။ နေမွန်းတိမ်းလာသော ယခုအခါ၌မူ မိုးသည် ရုတ်တရက် သည်းသည်းထန်ထန် ရွာချလာပါတော့သည်။

ကျွန်မ တစ်ကိုယ်လုံး မိုးရေတို့ဖြင့် ရွှဲရွှဲစိုသွားပါတော့သည်။ ကျွန်မလည်း မိုးရေထဲတွင်ပင် ခပ်သွက်သွက် လျှောက်လာခဲ့ရာ အတန်ကြာသော အခါ၌ ယာစောင့်တဲလေးတစ်လုံးကို လှမ်းမြင်ရပါသည်။ ယာစောင့်တဲလေးမှာ တဲမည်ကာ မတ္တသာဖြစ်ပြီး၊ တဲတစ်ဝက်မှာ ယိုယွင်းပျက်စီးနေပေပြီ။

ကျွန်မလည်း ယာစောင့်တဲလေးရှိရာသို့ ခပ်သွက်သွက် လျှောက်သွားပြီး တဲတံခါးကို ခပ်ဆတ်ဆတ် ခေါက်လိုက်ပါသည်။ ယာစောင့်တဲလေးမှာ ပြတင်းပေါက် သေးသေးလေး တစ်ပေါက်ရှိနေပြီး၊ ပြတင်းပေါက်အနီး၌ အဒေါ်ကြီးတစ်ယောက် ထိုင်နေပါသည်။ ထိုအဒေါ်ကြီးသည် ကျွန်မလာနေသည်ကို ခပ်စောစောကပင် လှမ်းမြင်ထားသည်ဟု ကျွန်မ ထင်ပါသည်။ သို့သော် တဲတံခါးကို ကျွန်မ ခေါက်သောအခါ၌မူ ရုတ်တရက် ထပြီး တံခါးကို မဖွင့်ပေးပါ။ အတန်ကြာအောင် တံခါးခေါက်သောအခါမှ တံခါးကို မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်ပေးပါသည်။

http://www.cherrythitsar.org


ကျွန်မတို့ဒေသက လယ်သမား ယာသမားများမှာ အလွန်အမင်း ဆင်းရဲတွင်းနက်ကြသော်လည်း၊ စိတ်နှလုံးသဘောထား အလွန်ကောင်းကြပါသည်။ ထို့ပြင် ဤယာစောင့်တဲက အဒေါ်ကြီးနှင့် ကျွန်မမှာလည်း မျက်နှာတန်းမိလောက်အောင် တွေ့ဖူးကြုံဖူးသူများ ဖြစ်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ခေါ်ပြော ဆက်ဆံဖူးခြင်း မရှိသော်လည်း မျက်နှာချင်းဆိုင်သည့်အခါများ၌ တစ်ဦးကိုတစ်ဦး ပြုံးပြီး ခေါင်းညိတ်နှုတ်ဆက်ပြဖူးပါသည်။ ထို့ကြောင့် တဲတံခါး ပွင့်လျှင်ပွင့်ချင်း ကျွန်မက ပြုံးပြီး–

"ဒေါ်ဒေါ်ရေ ... မိုးကလဲ သိပ်သည်းတာပဲနော်။ ကျွန်မ အိမ်ရောက်ဖို့ နှစ်မိုင်နီးပါးလောက် လိုနေသေးတယ်။ တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုပြီး မသွားရလေအောင် ဒေါ်ဒေါ့်တဲမှာ ခဏလောက် မိုးခိုမယ်နော်"

ဟု ရင်းရင်းနှီးနှီး ပြောလိုက်ပါသည်။

သို့သော် အဒေါ်ကြီးက စကားတစ်ခွန်းမျှ ပြန်မပြောပါ။ တဲထောင့်တစ်နေရာ၌ရှိသော မီးဖိုလေး၏အနီးက ခွေးခြေလေးပေါ်၌ ထိုင်ရန်သာ ကျွန်မကို ခေါင်းဆတ်ပြီး အမူအရာဖြင့် ညွှန်ပြပါသည်။ ထို့နောက် ပြတင်းပေါက်အနီးသွားပြီး ချည်ငင်မြဲ ချည်ငင်နေပါသည်။

ထိုအခိုက်တွင် ကျွန်မလည်း ဤအဒေါ်ကြီး၏ သားငယ်လေးအကြောင်းကို တွေးမိပါသည်။

လွန်ခဲ့သော သုံးလေးနှစ်က ဤတဲလေးအနီး၌ ဤအဒေါ်ကြီး၏ သားငယ်လေး သိုးကျောင်းကျောင်းနေလေ့ရှိပြီး ဤအဒေါ်ကြီးက တဲပြတင်းပေါက်အနီး၌ အမြဲထိုင်ကာ ချည်ငင်နေလေ့ရှိပါသည်။ ယခုအခါ ဤအဒေါ်ကြီး၏သား သိုးကျောင်းသားလေးကို မတွေ့ရတော့ပါ။ သိုးကျောင်းသားလေး အရွယ်ရောက်လာပြီးဖြစ်၍ မြို့ကြီးပြကြီးသို့ သွားရောက်ကာ အလုပ်လုပ်နေခြင်း ဖြစ်ပါလိမ့်မည်။

ဤသို့ ကျွန်မ တွေးတောနေခိုက်တွင် ချည်ငင်နေသော အဒေါ်ကြီးလည်း ထိုင်ရာမှ ထကာ မီးဖိုလေးပေါ်က ရေနွေးအိုးကိုယူပြီး ကော်ဖီတစ်ခွက်ဖျော်ပါသည်။ ထို့နောက် ကျွန်မကို ကမ်းပေးရာ ကျွန်မက –

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ဟု ပြောကာ ကော်ဖီခွက်ကို လှမ်းယူလိုက်ပါသည်။

အဒေါ်ကြီးလည်း စကားတစ်ခွန်းမျှ မပြောဘဲ 'ရစ်' ရှိရာသို့ သွားပြီး ချည်ငင်မြဲချည်ငင်နေရာ ကျွန်မလည်း ကော်ဖီကို တစ်ငုံ ငုံ့ပြီးသောက်လိုက်ပါ

http://www.cherrythitsar.org



သည်။ ကော်ဖီမှာ နို့ဆီမပါသော ကော်ဖီကြမ်းသာဖြစ်၍ အရသာ မရှိလှပါ။ သို့သော် အိမ်ရှင်၏စေတနာကို လေးစားသောအားဖြင့် ကော်ဖီကိုဆက်ပြီး တဖြည်းဖြည်း သောက်နေမိပါသည်။

*

ထိုအခိုက်တွင် ကျွန်မ၏လက်ရှိဘဝ အခြေအနေအကြောင်းကို ပြန်ပြောင်းတွေးတောနေမိပါသည်။

လက်ရှိအခြေအနေအရ ကျွန်မမှာ အလုပ်လက်မဲ့ ဖြစ်နေပြီး ဖေဖေ့ကို မှီခိုနေရပါသည်။ ကျွန်မဖေဖေမှာ မေမေဆုံးပြီးနောက် ချစ်စရာ သမီးပျိုသုံးယောက်ရှိသော မုဆိုးမ ဒေါ်ရသီနှင့် ထပ်မံလက်ဆက်ရာ နောက်အိမ်ထောင်နှင့် သားလေးတစ်ယောက် ထပ်မံထွန်းကားပါသည်။ ဖေဖေ့မှာ ချောင်ချောင်လည်လည် ရှိသောသူ မဟုတ်ပါ။ ကျွန်မ၏လက်ရှိ အသက်အရွယ်မှာလည်း နှစ်ဆယ့်သုံးနှစ်ရှိနေပြီဖြစ်ရာ ဤအသက်အရွယ်ကြီးကျမှ ဖေဖေကို ဒုက္ခပေးဖို့ မသင့်တော့ပါ။ ထို့ပြင် ဖေဖေ့အိမ်တွင် ဆက်လက်ပြီး ကျွန်မ မနေသင့်သော အကြောင်းတစ်ရပ်လည်း ရှိနေပါသေးသည်။ ထိုအကြောင်းမှာ ဤသို့ဖြစ်ပါသည်။

ဖေဖေ၏ နောက်အိမ်ထောင်တွင်ပါသော ချစ်စရာ သမီးပျိုလေးသုံးယောက်အနက် သမီးအကြီးဆုံးမှာ မေရီဖြစ်ပြီး ကျွန်မနှင့် သက်တူရွယ်တူဖြစ်ပါသည်။ မေရီမှာ ရုပ်အဆင်းချောမောတင့်တယ်ပြီး အရုပ်လေးလို လှပသူဖြစ်ပါသည်။ ထို့ကြောင့်လည်း အာရှာမြို့တော်ကြီးမှ မြို့ကြီးသား ဂျိမ်းဆိုသူ ကိုလူချောတစ်ဦးက ဖေဖေ့ အိမ်သို့ စနေနေ့တိုင်းလာရောက်လည်ပတ်လေ့ရှိပါသည်။

မေရီက ကိုလူချောဂျိမ်းကို နှစ်သက်သဘောကျကာ 'မဆွတ်ခင်က ညွတ်ချင်ချင်' ဖြစ်နေရုံမက ကျွန်မ မိထွေး ဒေါ်ရသီနှင့် ဖေဖေတို့ကလည်း သဘောတူနေကြပါသည်။ သို့သော် ကိုလူချောဂျိမ်းက မေရီ၏မေတ္တာကို အတိအလင်းဖွင့်ဟပြီး မတောင်းခံသေးပါ။ သို့သော် မကြာမီ ရက်အတောအတွင်း အတိအလင်းဖွင့်ဟပြီး တောင်းခံတော့မည် ဟု အားလုံး မျှော်လင့်ယုံကြည်ထားကြပါသည်။

ထိုအခိုက်တွင် ကျွန်မသည် ကလေးငယ်များကို စာပြရသော ဆရာမအလုပ်မှ တတိယအကြိမ်မြောက် အလုပ်ပြုတ်သွားခဲ့ပြီး ဖေဖေရှိရာ စဲကတ်ကျေးတောသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ထိုသို့ ကျွန်မ ရောက်ရှိလာသည်

http://www.cherrythitsar.org



နှင့်တစ်ပြိုင်နက် ကိုလူချော ဂျိမ်းသည် ကျွန်မကို အထူးအရေးပေး အရောဝင် လာပါသည်။ အရုပ်လေးလိုလှသော မေရီကိုလည်း ခပ်တန်းတန်း ခပ်မှန်မှန် ဆက်ဆံလာပါသည်။

ကျွန်မမှာ မေရီကဲ့သို့ အရုပ်လေးလို လှသူတစ်ယောက် မဟုတ်ပါ။ ကိုယ်ခန္ဓာတုတ်ခိုင်ထွားကျိုင်းပြီး ဆံပင်မှာလည်း ရဲရဲနီနေပါသည်။ ထို့ပြင် မိန်းမသားပီပီ နုနုနယ်နယ် သိမ်သိမ်မွေ့မွေ့ နေထိုင်ပြောဆိုလေ့မရှိဘဲ သွက် သွက် လက်လက် ရဲရဲတင်းတင်း ဟောဟောဒိုင်းဒိုင်း နေထိုင်ပြောဆိုလေ့ရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် အရုပ်လေးလိုလှသော မေရီထက် ကျွန်မကို ကိုလူချော ဂျိမ်းက ပိုပြီး စိတ်ဝင်စားသည့်အတွက် ကျွန်မမှာ အလွန်အမင်း အံ့အားသင့် နေမိပါသည်။ ထို့ပြင် မေရီအတွက်လည်း စိတ်မကောင်းဖြစ်မိပါသည်။ ကျွန်မ ကြောင့် မေရီနှင့် ဂျိမ်းတို့ အဆင်မပြေ မဖြစ်စေချင်ပါ။ ထို့ကြောင့် အိမ်သို့ ကိုလူချော ဂျိမ်း အလည်အပတ်လာရောက်လေ့ရှိသော စနေနေ့တိုင်း ကျွန်မ သည် အိမ်မှ ရှောင်ရှောင်ပြီး ထွက်ထွက်လာခဲ့ပါသည်။ ဂျိမ်းမရောက်ခင် အိမ်မှ ထွက်သွားပြီး ဂျိမ်းပြန်သွားသောအခါမှ အိမ်သို့ ကျွန်မ ပြန်လာလေ့ရှိပါသည်။

ယနေ့မှာ အိမ်သို့ ဂျိမ်းအလည်အပတ် လာရောက်မည့်နေ့ ဖြစ်ပါ သည်။ ထို့ကြောင့် အိမ်မှ ခပ်စောစော ထွက်လာပြီး စဲကတ်ကျေးတောဝန်းကျင် ရှိ တောင်ကုန်းများကြားတွင် စိတ်ပျက်လက်ပျက်နှင့် လမ်းလျှောက်နေခဲ့ခြင်း ဖြစ်သည်။ ထိုသို့ လမ်းလျှောက်နေရာမှ သဲသဲမဲမဲ ရွာသွန်းသော မိုးကြီးကြောင့် ဤယာစောင့်တဲလေးသို့ မိုးခိုရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

*

ကျွန်မလည်း ကျွန်မ၏လက်ရှိဘဝ အခြေအနေအကြောင်းကို ပြန် ပြောင်းတွေးတောနေမိရာမှ ကလေးငယ်တို့ကို စာပြရသော ဆရာမအလုပ်ကို လွမ်းဆွတ်တမ်းတ နေမိပါသည်။ ထို့ပြင် ကလေးငယ်တို့ကို စာပြရသော ဆရာမအလုပ်မှ တတိယအကြိမ်မြောက် အလုပ်ပြုတ်သွားရသည့် အကြောင်း ကိုလည်း ပြန်ပြောင်းတွေးတောနေမိပြန်ပါသည်။

ကလေးတို့ကို စာပြရသော ဆရာမအလုပ်ကို တတိယအကြိမ် မြောက် ကျွန်မလုပ်သောနေရာမှာ **ဂလက်ကို** မြို့တော်ကြီးတွင် ဖြစ်ပါသည်။ ထိုမြို့တော်ကြီးမှ ထင်ရှားသော ကုန်သည်ကြီးတစ်ဦး၏ သားလေးသုံးယောက် ကို စာပြပေးရပါသည်။ ကလေးငယ်များမှာ တရားလွန်ဆော့ကြသော်လည်း ကျွန်မစကားကိုမူ နားထောင်ပါသည်။

http://www.cherrythitsar.org



ထိုသို့ ကလေးငယ်များကို စာပြသော ဆရာမအလုပ်ကို လုပ်ကိုင်နေခိုက် နွေဦးရာသီ တနင်္ဂနွေနေ့ နေ့လယ်ခင်းတွင် မြို့လယ်ဥယျာဉ်ကြီးဆီသို့ ထွက်လာခဲ့ပါသည်။ မြို့လယ်ဥယျာဉ်ကြီးအတွင်း၌ တစ်မြို့လုံးရှိလူများ လာရောက်၍ စုဝေးနေဘိသကဲ့သို့ စည်ကားလှပါသည်။ ဥယျာဉ်တွင်းတစ်နေရာရှိ စကားပြောစင်မြင့်လေးထက်၌ လူတစ်ယောက်သည် စိတ်အားထက်သန်သော အမူအရာဖြင့် တရားဟောနေပြီး ဘေးပတ်ပတ်လည်၌လည်း လူအုပ်ကြီး ဝိုင်းဝိုင်းလည်နေပါသည်။

ကျွန်မလည်း လူအုပ်ကြီးတွင် တိုးဝှေ့ရပ်ရင်း ထိုလူဟောပြောသမျှကို နားထောင်နေမိပါသည်။ ထိုလူက စိတ်အားထက်သန်တက်ကြွသော အမူအရာဖြင့် –

"ညီအစ်ကိုတော်များခင်ဗျာ။ ယခုအခါမှာ ယောကျ်ားတွေ မိန်းမတွေကို ကျွဲတွေနွားတွေ ရောင်းချသလို ကျွန်အဖြစ်နဲ့ရောင်းချနေပါတယ်။ ဒီလိုဆိုးဝါးတဲ့ ကျွန်ကုန်ကူးမှု ပြိုပျက်ပျောက်ကွယ်သွားအောင် ခင်ဗျားတို့တစ်တွေ မတားဆီးကြတော့ဘူးလား။ ကျွန်အဖြစ် အရောင်းချခံရတဲ့ လူသားတွေ ခံစားရတဲ့ ဆင်းရဲဒုက္ခအပေါင်းတို့ ရပ်ဆိုင်းကွယ်ပျောက်သွားအောင် ခင်ဗျားတို့တစ်တွေ မဆောင်ရွက်ကြတော့ဘူးလား"

ဟု ပြောကြားနေရာ လူအုပ်ကြားက လူတစ်ယောက်က –

"မိတ်ဆွေ။ ကျွန်ကုန်ကူးတာတွေ ပပျောက်သွားတာဟာ နှစ်ပေါင်းအတော်ကြာနေပါပြီ။ အခုမှ မိတ်ဆွေက ကယောင်ကတမ်းနဲ့ထပြီး တရားဟောမနေပါနဲ့" ဟု လှမ်းပြောလိုက်ပါသည်။

ထိုအခါ စင်မြင့်ထက်ရှိလူက –

"ကျွန်ကုန်ကူးတာတွေ ပပျောက်သွားပြီဆိုတာ တကယ်လား မိတ်ဆွေ။ တကယ့်လက်တွေ့မှာ ကျွန်ကုန်ကူးတာဟာ လုံးဝပပျောက်မသွားခဲ့ပါဘူး။ အခုအခါမှာလည်း ယောကျ်ား မိန်းမတွေကို အတင်းအဓမ္မဖမ်းဆီးပြီး အာဖရိကတိုက်ကနေပြီး အနောက်အိန္ဒိယကျွန်းစုတွေကို သင်္ဘောကြီးတွေနဲ့ သွားသွားပြီး ရောင်းချနေဆဲဖြစ်ပါတယ်။ ဒီလိုကျွန်အဖြစ် အရောင်းချခံရတဲ့လူတွေရဲ့ ဆင်းရဲဒုက္ခကို မိတ်ဆွေတို့ သနားကရုဏာ မသက်ဘူးလား ခင်ဗျား"

ဟု ပြန်ပြောလိုက်ရာ လူအုပ်ကြားက လူက –

"မေးမှမေးရက်ပလေဗျာ။ ကျုပ်တို့အားလုံးပဲ သနား ကရုဏာသက်ကြပါတယ်။ ဒါကြောင့် ကျုပ်တို့ဟာ လွဲမှားတဲ့ နတ်မိစ္ဆာတွေကို ကိုးကွယ်နေ

http://www.cherrythitsar.org



ကြတဲ့ သူတို့တစ်တွေကို စစ်မှန်တဲ့ ခရစ်ယန်ဘာသာဝင်တွေဖြစ်လာအောင် ဓမ္မအလင်းရောင်ပေးခဲ့ကြတယ် မဟုတ်လား။ ပြီးတော့ စိုက်ခင်းပျိုးခင်းတွေမှာ အလုပ်လုပ်နေကြတဲ့ သူတွေကိုလဲ အလုပ်ရှင်တွေက အစားကောင်းကျွေးပြီး အဝတ်ကောင်းဆင်ပေးတယ် မဟုတ်လား" ဟု ပြန်ပြောပါသည်။

ထိုအခါ စင်မြင့်ထက်ရှိလူက –

"ဒီမှာ မိတ်ဆွေ။ သေသေချာချာ တွေးစမ်းပါ။ ကျုပ်တို့ဟာ သူတို့ကို စစ်မှန်တဲ့ခရစ်ယန်တွေဖြစ်လာအောင် ဓမ္မအလင်းရောင်ပေးခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့က သူတို့ကို ကျာပွတ်စာ တရွှန်းရွှန်း ကျွေးပြီး ကျာပွတ်အောက်မှာပဲ စစ်မှန်တဲ့ ခရစ်ယန်ဘာသာဝင်တွေဖြစ်လာအောင် ဓမ္မအလင်းရောင် ပေးခဲ့ကြတာ မဟုတ်လား။ ကျွန်အဖြစ် ရောင်းချခြင်းခံရတဲ့သူတွေဟာ ကျက်ကျက်တောက်အောင်ပူနေတဲ့ နေရောင်အောက်မှာ ကျာပွတ်နဲ့ တရွှန်းရွှန်း ရိုက်ပြီး အလုပ်လုပ်ခိုင်းတာကို နေထွက်ကနေဝင် တစ်နေကုန် အလုပ်လုပ်နေကြရတာပါ။ ဒီတော့ လူလူချင်း ထောက်ထားညှာတာတဲ့အနေနဲ့ ကျုပ်တို့တစ်တွေဟာ ကျွန်ကုန်ကူးမှု ပပျောက်အောင် ကြိုးစားဆောင်ရွက်ရမယ်။ 'ကျွန်တွေအားလုံးကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးရမယ်' ဆိုတဲ့ ဥပဒေတစ်ရပ်ကို လွှတ်တော်မှာ တင်သွင်းတောင်းဆိုရမယ်" ဟု ထပ်မံ ပြောကြားရာ လူအုပ်ကြားက အခြားလူတစ်ယောက်က –

"ဒီလို ကျွန်တွေကို ကျွန်အဖြစ်က လွတ်လပ်ခွင့်ပေးရမယ်ဆိုရင် အဲဒီအတွက် နစ်နာကြေးကို ဘယ်သူက ပေးမှာလဲ။ ပြီးတော့ စိုက်ခင်းပျိုးခင်းတွေမှာ ဘယ်သူတွေက ဆက်လက်လုပ်ကိုင်မှာလဲ။ ဒီကျွန်တွေအစား ကျုပ်တို့ကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်ရမှာလား"

ဟု ဝင်ရောက်ပြောကြားပါသည်။

ထို့နောက်တွင်ကား လူအုပ်ကြီးသည် တစ်ယောက်တစ်ပေါက် ဆူဆူညံညံ ဟစ်အော်ပြောကြား ငြင်းခုန်နေပါတော့သည်။ ထိုအခိုက်တွင် ကျွန်မ၏ စိတ်အာရုံသည် နိုးကြားလာသည်။

ကျွန်မ၏ အာရုံတွင်း၌ ဆူညံအော်ဟစ်နေသော 'လူအုပ်ကြီးကြားတွင် တရားဟောနေသော လူတစ်ယောက်ကို မြင်ရသည်။ ထိုတရားဟောနေသော သူအား လူအုပ်ကြီးက စင်မြင့်ထက်မှ အတင်းဆွဲချသည်ကိုလည်း မြင်ရသည်။ ထို့ပြင် ... ထို့ပြင်သွေးအိုင်ထဲ၌ သေဆုံးနေသော တရားဟောနေသော သူ၏မျက်နှာကိုလည်း အထင်အရှား မြင်ရသည်။

http://www.cherrythitsar.org



ဤသို့သောအမြင်ကို မြင်လိုက်ရသည့်အတွက် ကျွန်မလည်း စင်မြင့်ထက်ရှိ တရားဟောနေသော သူ၏ အသက်ဘေးအတွက် အလွန်အမင်း စိုးရိမ်ပူပန်သွားပါတော့သည်။ ထို့ကြောင့် ဆူညံအော်ဟစ်နေသော လူအုပ်ကြီးကို အတင်းတိုးဝှေ့ပြီး စင်မြင့်ထက်သို့ လွှားခနဲ ခုန်တက်လိုက်ပါသည်။ ထို့နောက် တရားဟောနေသော သူအား –

"ကျွန်မပြောတာကို နားထောင်ပါ။ ရှင်တရား ဟောနေတာကို ရပ်လိုက်ပါ။ ဒီလိုမှ မရပ်ရင် ရှင့်အဖို့ ဆိုးဝါးတဲ့ ဘေးဒုက္ခကို မကြာခင် ကြုံတွေ့ရပါလိမ့်မယ်" ဟု ပြောကြားလိုက်ပါသည်။

ဤသို့ ကျွန်မ ပြောကြားနေခိုက်တွင် ဆူညံအော်ဟစ်နေသော လူအုပ်ကြီးလည်း စူးစမ်းစိတ်ဝင်စား သွားဟန်ဖြင့် ခေတ္တငြိမ်သက်သွားပါသည်။ ထိုအခိုက်တွင် စင်မြင့်ထက်ရှိ လူက –

"ဒီလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်။ ကျုပ်အတွက် စိုးရိမ်ပူပန် မနေပါနဲ့။ မိန်းကလေးသာ စင်မြင့်ထက်က ဆင်းသွားပါ" ဟု ပြောကြားလိုက်ပါသည်။

ထိုအခိုက်တွင် ကျွန်မလည်း 'ဤသူကား ကျွန်စနစ် ပပျောက်ရေးအတွက် အသက်စတေးပြီး ဆောင်ရွက်မည့်သူပေတည်း။ ဤသူကို ပြောကြားသတိပေး၍ အကျိုးထူးမည် မဟုတ်' ဟု တွေးမိပါသည်။

ထိုအခိုက်တွင် ခေတ္တငြိမ်သက်သွားသော လူအုပ်ကြီးလည်း စင်မြင့်ထက်ရှိ ကျွန်မအား အမျိုးမျိုး ဟစ်အော်ပြောင်လှောင်ပါတော့သည်။ မိန်းမကြီးတစ်ယောက်ကမူ ကျွန်မ၏လက်ကို ဆောင့်ဆွဲပြီး –

"စင်မြင့်ထက်က ဆင်းခဲ့ ကလေးမရေ။ မင်းရဲ့ဆောင်ရွက်ချက်ဟာ ဘာမှ အကျိုးမရှိပါဘူးကွယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"မဟုတ်ဘူး အဒေါ် ဒီလူအဖို့ ဆိုးဝါးတဲ့ဒုက္ခ ကြုံတွေ့ရတော့မှာကို ကျွန်မ သိနေတယ်။ ဒါကြောင့် ဒီလိုသတိပေးနေတာပါ" ဟု ပြောကြားပြီး၊ စင်မြင့်ထက်မှ အသာဆင်းလိုက်ပါသည်။

ထို့နောက် လူအုပ်ကြားမှ တိုးဝှေ့ပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။ ထိုအခိုက်တွင် စင်မြင့်ထက်က တရားဟောဆရာအမည်ကို မေးကြည့်ခဲ့ရာ **သောမတ်စကောဘီ** ဖြစ်ကြောင်း သိရှိရပါသည်။

http://www.cherrythitsar.org



မြို့လယ်ဥယျာဉ်ကြီး အတွင်း၌ ကျွန်မ ပြုဆောင်ခဲ့သော အကြောင်းကို ကြားရသောအခါ ကျွန်မ၏အလုပ်ရှင် ကုန်သည်ကြီးလည်း 'ကျွန်စနစ်ပပျောက်ရေးအတွက် ပါဝင်လှုပ်ရှားဆောင်ရွက်သည်' ဟု မှတ်ထင်ယူဆသွားပါသည်။ ကျွန်မအပေါ်လည်း အကြီးအကျယ် ဒေါသအမျက်ထွက်ကာ သူ၏ကလေးသုံးယောက်ကို စာပြရသော ဆရာမအလုပ်မှ ချက်ချင်းဖြုတ်ပစ်လိုက်ပါသည်။ ကျွန်မလည်း 'အဖြစ်အပျက် အကျိုးအကြောင်းကို အကျယ်အပွားရှင်းပြနေပါကလည်း အကျိုးထူး အရာထင်မည် မဟုတ်' ဟု တွေးတောမိသောကြောင့် မည်သို့မှ ပြန်မပြောတော့ဘဲ အဝတ်အစားတို့ကို ထုပ်ပိုးသိမ်းဆည်းကာ ဖေဖေရှိရာ စဲကတ်ကျေးတောသို့ ပြန်လာခဲ့ပါတော့သည်။

စဲကတ်ကျေးတောသို့ ရောက်ရောက်ချင်း ကျွန်မအလုပ် ပြုတ်လာသည့် အကြောင်းကို ဖွင့်ပြောလိုက်ပါသည်။

ထိုအခါ ဖေဖေက "အနာဂတ်တွင် ဖြစ်ပျက်အံ့သော အကြောင်းချင်းတတို့ကို ဘုရားသခင်က သိမြင်နိုင်စွမ်း ရှိကြောင်း၊ အနာဂတ်တွင် ဖြစ်ပျက်အံ့သော အကြောင်းချင်းတတို့ကို လူသားအနေနှင့် မသိမြင်နိုင်ကြောင်း၊ အနာဂတ်တွင် ဖြစ်ပျက်အံ့သော အကြောင်းချင်းတတို့ကို သိမြင်နိုင်ပါသည်ဟု ယူဆခြင်းမှာ စိတ်မန့်သောကြောင့်သာ ဖြစ်ကြောင်း မကောင်းဆိုးဝါး နတ်မိစ္ဆာများ၏ ဖမ်းစားခြင်းကို ခံရသောကြောင့်လည်း" ဖြစ်နိုင်ကြောင်း ပြောကြားပါသည်။

ကျွန်မ၏ မိထွေးဒေါ်ရသီနှင့် သမီးချောသုံးယောက်ကမူ 'လူပုံကြားတွင် ထင်ရှားထင်ပေါ်လိုသောကြောင့် ဤသို့ ကျွန်မ ပြုဆောင်ခြင်း ဖြစ်ကြောင်း' မှတ်ထင်ယူဆကြပါသည်။ ထို့ကြောင့် 'အလုပ်ပြုတ်လာသော ကျွန်မကို တစ်အိမ်သားလုံးက အကောင်းမမြင်ကြ' ဟု ဆိုချင်ပါသည်။

ဤသို့တစ်အိမ်သားလုံး အကောင်းမမြင်ကြ မကြည်ဖြူကြသည့် အထဲတွင် နောက်အိမ်ထောင်နှင့် ဖေဖေ ထပ်မွေးသော မောင်လေး **ဒန်ကင်**ကား လုံးဝမပါပါ။ မောင်လေး ဒန်ကင်သည် ကျွန်မကို အစ်မရင်းလို ခင်မင်နေပြီး ကျွန်မအပါးတွင် တပူးတွဲတွဲ နေလေ့ရှိပါသည်။ မောင်လေး ဒန်ကင်ကြောင့် ကျွန်မမှာ အတော်အသင့် စိတ်ပျော်ရွှင် ချမ်းမြေ့ခဲ့ရပါသည်။

မောင်လေး ဒန်ကင်နှင့် အတူ တပူးတွဲတွဲ မနေသောအခါများ၌ ကျွန်မသည် စဲကတ်ကျေးတောဝန်းကျင်ရှိ တောင်ကုန်းများကြားတွင် တစ်ယောက်တည်း စိတ်ပျက်လက်ပျက်နှင့် လှည့်ပတ်လျှောက်သွားနေလေ့ရှိပါသည်။

http://www.cherrythitsar.org



ဤသို့ ကျွန်မ စိတ်ဓာတ်ကျနေသည်ကို တွေ့မြင်ရသောအခါ ဖေဖေလည်း စိတ်မချမ်းမသာ ဖြစ်နေပါသည်။ ကျွန်မကိုလည်း အားပေးစကားပြောရှာပါသည်။ ကျွန်မ မိထွေး ဒေါ်ရသီပင် ကျွန်မ၏နောင်ရေးအတွက် ပူပန်စိုးရိမ်နေရှာပါသည်။ သို့သော် ... သို့သော် ကိုလူချော ဂျိမ်းက ကျွန်မကို ဂရုတစိုက် အားပေးစကားများ ပြောကြားလာသောအခါ၌ သမီးဖြစ်သူ မေရီနှင့် ဂျိမ်းတို့ အဆင်ပြေရေးကို အထူးလိုလားနေသော ကျွန်မ မိထွေးဒေါ်ရသီသည် ကျွန်မကို ရန်ရှာလာပါတော့သည်။ ငြူစူစောင်းမြောင်းလာပါတော့သည်။

ဂျိမ်းက ကျွန်မကို တတိယအကြိမ်မြောက် အားပေးစကား ပြောကြားလာသောအခါ၌ ကျွန်မလည်း 'ဂျိမ်းကို ရှောင်မှ ဖြစ်တော့မည်' ဟု ဆုံးဖြတ်ကာ၊ အိမ်သို့ ဂျိမ်းအလည် ရောက်လာလေ့ရှိသော စနေနေ့တိုင်း အိမ်မှ ရှောင်၍ ရှောင်၍ ထွက်ခွာလာခဲ့ပါတော့သည်။

*

ကျွန်မလည်း လက်ရှိဘဝ အခြေအနေ အကြောင်းတို့ကို ပြန်ပြောင်းစဉ်းစားရာမှ စိတ်ပျက်လက်ပျက်နှင့် ဟင်းခနဲ သက်ပြင်းချလိုက်မိပါသည်။

ထိုအခိုက်တွင် ပြတင်းပေါက်နားတွင် ထိုင်ကာ ချည်ငင်နေသော အဒေါ်ကြီးက –

"ကလေးမလေးက ဓမ္မဆရာကြီးရဲ့ သမီး မဟုတ်လား။ ကလေးမလေးရဲ့ အမေလဲ ကလေးမလေးလိုပဲ။ ဟောဒီ တောင်ကုန်းတွေကြားမှာ အမြဲလမ်းလျှောက်လေ့ရှိတယ်" ဟု စတင်ပြောကြားပါသည်။

ထိုစကားကိုကြားလျှင် 'မည်သည့်အကြောင်းကြောင့် ကျွန်မကဲ့သို့ မေမေ လမ်းလျှောက်ထွက်ပါသနည်း။ ကျွန်မကဲ့သို့ပင် စိတ်မချမ်းသာစရာ အကြောင်းများရှိ၍ အိမ်တွင်မနေချင်ဘဲ လမ်းလျှောက်ထွက်နေခြင်းလော' ဟု စသည် စသည်ဖြင့် မေမေ့အကြောင်းကို တွေးတောနေမိပြန်ပါသည်။

မေမေသည် မိန်းမချောတစ်ယောက် ဖြစ်ပြီး၊ အားလုံး၏ ချစ်ခင်လေးစားခြင်းကို ခံရသူတစ်ဦး ဖြစ်ပါသည်။ ဖေဖေကလည်း မေမေ့ကို အလွန်အမင်း ချစ်ခင်မြတ်နိုးပါသည်။ မေမေ့တွင် ကျွန်မအပြင် မောင်လေးတစ်ယောက်လည်း ထွန်းကားပြီး အိမ်ထောင်ရေးမှာ အဆင်ပြေပြီး ချမ်းမြေ့သာယာလှပါသည်။ သို့သော် မေမေနှင့် ကျွန်မမောင်လေးတို့သည် အလွန်ကြောက်စရာ အသေဆိုးနှင့် ရုတ်တရက် သေဆုံးသွားခဲ့ပါသည်။ ဤသို့ မေမေသေဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဖေဖေလည်း အတိုင်းမသိ စိတ်ဓာတ်ကျသွားပါတော့သည်။

ဖေဖေသည် 'တစ်ပင်လဲမှု တစ်ပင်ထူခြင်း' မပြုဘဲ ကျွန်မကို စောင့်ရှောက် ကျွေးမွေးရင်း နှစ်ပေါင်း အတော်ကြာ နေခဲ့ပါသည်။ ထိုသို့ နေထိုင်ခဲ့ရာမှ မေမေ့ ညီမဝမ်းကွဲ မုဆိုးမ ဒေါ်ရသီနှင့် တွေ့ဆုံကာ ထပ်မံလက်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မ မိထွေး ဒေါ်ရသီနှင့်အတူ အရင်အိမ်ထောင်နှင့်ရသော ချစ်စရာသမီးလေး သုံးယောက် ပါလာပါသည်။ ထို့ပြင် ဖေဖေနှင့် လက်ဆက်ပြီးနောက် သားလေးတစ်ယောက် ထပ်မံထွန်းကားပြန်ပါသည်။ ထိုသားလေးမှာ ယခုအခါ ခြောက်နှစ်သား အရွယ်သို့ ရောက်နေပြီဖြစ်သော မောင်လေး ဒန်ကင်ပင် ဖြစ်ပါသည်။ မောင်လေးဒန်ကင်မှာ လူချောလေးတစ်ယောက် ဖြစ်ရုံမက ဉာဏ်လည်း အလွန်ကောင်းပါသည်။

ဤသို့ ကျွန်မ တွေးတောနေခိုက်တွင် ယာတဲရှင် ဒေါ်ကြီးက –

"ကလေးမလေးက အမေတူသမီးလေးပဲ။ အင်း ... စကားစပ်မိလို့ ပြောရဦးမယ်။ ဟောဒီလို မိုးကြီးသည်းထန်စွာရွာတဲ့ တစ်နေ့မှာ ကလေးမလေးရဲ့ အမေဟာလဲ အဒေါ်ရဲ့ တဲကို ဝင်ပြီး မိုးခိုခဲ့ဖူးတယ်ကွယ့်။ အဲဒီတုန်းက အဒေါ် ယောကျ်ားမဆုံးသေးဘူး။ အဒေါ့်သားလေးကလည်း မီးဖိုဘေးမှာ ကစား ပြီးနေတယ်။ ကလေးမလေးရဲ့ အမေမှာလဲ ရွှေရောင်ဆံပင်နဲ့ ကလေးလေးပါလာတယ်။ အဒေါ့်ရဲ့သားလေးကလည်း ရွှေရောင်ဆံပင်လေးနဲ့ပါပဲ။ ကလေးနှစ်ယောက်ဟာ တွေ့တွေ့ချင်း ခင်သွားကြပြီး အတူ ဆော့ကစားကြတယ်။ အဲဒီနေ့ကစပြီး ကလေးမလေးရဲ့ အမေဟာ သားလေးကို ခေါ်ပြီး အဒေါ့်တဲကို လာလာလည်လေ့ရှိတယ်။ လာတဲ့အခါတိုင်းလဲ စားကောင်းသောက်ဖွယ်တွေ ယူလာလေ့ရှိတယ်။ အင်း ... ကလေးမလေးရဲ့ အမေဟာ စိတ်ကောင်းရှိတဲ့ မိန်းမတစ်ယောက်ပါပဲ။ ဒါပေမဲ့ ဘဝကံမကောင်းတဲ့အတွက် ကျိန်စာသင့်သွားရရှာတယ်"

ဟု ပြောကြားပါသည်။

ထိုစကားကိုကြားလျှင် ကျွန်မလည်း အဒေါ်ကြီးကို ဆတ်ခနဲကြည့်ကာ–

"မေမေဟာ ကျိန်စာသင့်တဲ့သူ ဟုတ်လား။ မဟုတ်နိုင်တာ ဒေါ်ဒေါ်ရယ်။ ဒေါ်ဒေါ် မှားနေပါပြီ" ဟု ပြောကြားလိုက်ရာ အဒေါ်ကြီးက –

"အနာဂတ်ကာလမှာ ဖြစ်ပျက်ကြုံတွေ့ရမယ့် အကြောင်းချင်းရာတွေကို ကြိုတင်သိမြင်တာဟာ ကျိန်စာသင့်တာ မဟုတ်ဘူးလားကွယ်။ အင်းလေ ကလေးမလေးကိုတော့ ပြောရဦးမယ်။ အဒေါ့်တဲကို ကလေးမလေးရဲ့အမေ

http://www.cherrythitsar.org



နောက်ဆုံးအကြိမ်အဖြစ် လာရောက်တဲ့နေ့ကို အဒေါ်ကောင်းကောင်းကြီး မှတ်မိနေတယ်။ အဲဒီနေ့က ကလေးမလေးရဲ့ အမေဟာ မီးဖိုအနားမှာ ကလေးနှစ်ယောက်နဲ့ ကစားနေပြီး၊ အဒေါ်ကတော့ ပြတင်းပေါက်နားမှာပဲ ချည်ငင်နေတယ်။ ဒီလိုနေလို့ အတော်ကြာတဲ့အခါမှာ ကလေးမလေးရဲ့ အမေက ရုတ်တရက် အလန့်တကြား ဟစ်အော်လိုက်ပြီး အဒေါ့်သားလေးနဲ့အတူ ကစားနေတဲ့ သူ့သားလေးကို ဆတ်ခနဲ ပွေ့ချီလိုက်တယ်။ ပြီးတော့ တဲထဲက အမြန်ဆုံးထွက်သွားမယ့် ဟန်ပြင်လိုက်တယ်။ အဲဒီအခါမှာ အဒေါ်က ကလေးမလေးရဲ့ အမေ့လက်မောင်းကို ဆတ်ခနဲ လှမ်းကိုင်ရင်း –

'ဘာဖြစ်တာလဲ ဟင်။ ဘာတွေကို မြင်ရလို့ ဒီလောက်တောင် ကြောက်ရွံ့တုန်လှုပ်ရတာလဲ' လို့ မေးလိုက်မိတယ်။ ဒီတော့ ကလေးမလေးရဲ့ အမေက –

'ရွှေရောင်ဆံပင်နဲ့ ကလေးတစ်ယောက် သေဆုံးနေတာကို ကျွန်မမြင်ရတယ်။ အဲဒီကလေးဟာ ရှင့်ရဲ့ကလေးပဲ'လို့ ပြန်ဖြေတယ်။ ပြီးတော့ သူ့သားလေးကို ဆတ်ခနဲ ကောက်ချီပြီး တဲတွင်းက အတင်းထွက်ပြေးသွားတယ်။ အဲဒီအခါမှာ အဒေါ်လဲ အဒေါ့်သားလေး ဘယ်လိုနည်းမျိုးနဲ့ကြုံပြီး သေဆုံးမှာလဲဆိုတာ ပြောခဲ့ဖို့အကြောင်း' တတွတ်တွတ် တောင်းပန်ရင်း ကလေးမလေးရဲ့ အမေ့နောက်ကို အတင်းပြေးလိုက်ခဲ့တယ်။ ဒါပေမဲ့ ကလေးမလေးရဲ့ အမေက ဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပါဘူး။ ပြီးတော့ အဒေါ်ရဲ့တဲဆီကိုလဲ နောက်ထပ် အလည်မလာတော့ပါဘူး" ဟု ပြောကြားပါသည်။

ထိုစကားကိုကြားလျှင် ကျွန်မလည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် အတန်ကြာအောင် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေမိပါသည်။ ထို့နောက် တဲတွင်း၌ ဆက်လက်မနေသင့်တော့ဟု မှတ်ယူကာ ထိုင်ရာမှ အသာထရင်း

"ဒါထက် ဒေါ်ဒေါ်။ မေမေပြောသွားသလိုတော့ ဖြစ်ပျက်ခဲ့သလား" ဟု မေးလိုက်ရာ အဒေါ်ကြီးက ခေါင်းတစ်ချက်ညိတ်ရင်း –

"ကလေးမလေးရဲ့အမေပြောသွားသလို အဒေါ့်သားလေး သေဆုံးသွားလေမလားလို့ အဒေါ်လဲ အစိုးရိမ်ကြီးစိုးရိမ်ခဲ့ရပါတယ်ကွယ်။ ဒါကြောင့် သားလေးကို မျက်စိအောက်က အပျောက်မခံဘဲထားပါတယ်။ တစ်နေ့မှာတော့ အဒေါ်တို့ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံ တစ်ညံညံ ထွက်ပေါ်လာပါတယ်။ အကျိုးအကြောင်း စုံစမ်းကြည့်တဲ့အခါမှာတော့ ကလေးမလေးရဲ့အမေနဲ့ ကလေးမလေးရဲ့ မောင်လေးတို့ အသေဆိုးနဲ့ သေဆုံးသွားရတဲ့အကြောင်းကို

http://www.cherrythitsar.org



ကြားသိရပါတယ်။ ဒီတော့မှ ကလေးမလေးရဲ့ အမေ မြင်ရတဲ့ ရွှေရောင်ဆံပင်နဲ့ ကလေးဟာ အဒေါ့်သားမဟုတ်ဘဲ ကလေးမလေးအမေရဲ့သားပါလားလို့ အဒေါ် သဘောပေါက်သွားပြီး ဟင်းခနဲ သက်ပြင်းချလိုက်ရပါတယ်”

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း တဲတွင်း၌ နေရန်မသင့်ဟု ဆုံးဖြတ်ကာ တဲတွင်းမှ ထွက်လာခဲ့ရာ အဒေါ်ကြီးလည်း ကျွန်မကို လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

အဒေါ်ကြီး ပြောသည့်အတိုင်း ကျွန်မမေမေနှင့် မောင်လေးသည် အသေဆိုးနှင့် သေဆုံးသွားခဲ့သည်မှာ အမှန်ပင်ဖြစ်ပါ၏။ မည်သို့မည်ပုံ သေဆုံးသွားရသည့်အကြောင်းကိုလည်း ကျွန်မ ကောင်းကောင်းသိပါသည်။

ထိုနေ့က မေမေသည် မောင်လေးနှင့်အတူ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် မြင်းလှည်းမောင်းထွက်သွားခဲ့ပါသည်။ ပင်လယ်ကမ်းခြေနှင့် ကျွန်မတို့ရွာကြားတွင်မူ ရေမလျှမ်းမိုးရန် တည်ဆောက်ထားသော ထူထဲသည့် ရေကာတာ အုတ်တံတိုင်းကြီး ရှိပါသည်။ မေမေလည်း မောင်လေးနှင့်အတူ ပင်လယ်ကမ်းခြေတစ်လျှောက် အေးအေးလူလူ မြင်းလှည်းမောင်းနေရာ မြင်းလှည်းတွင် တပ်ထားသော မြင်းသည် မည်သည့်အကြောင်းကြောင့် မသိ၊ ရုတ်တရက် လန့်သွားပြီး တစ်ဟုန်ထိုး စွတ်ပြေးပါတော့သည်။ မေမေလည်း ဇက်ကြိုးဆွဲကာ အတင်းထိန်းသော်လည်း မရပါ။ မြင်းမှာ တစ်ဟုန်ထိုးသာ ထွက်ပြေးနေပါသည်။

ဤတွင် မေမေလည်း မောင်လေး လွင့်ကျမသွားစေရန် မောင်လေးကို ရင်ခွင်တွင်း၌ တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားလိုက်ပါသည်။ ထိုအခိုက်တွင် လက်မှဇက်ကြိုးလည်း လွတ်ထွက်သွားပါတော့သည်။ မြင်းလည်း ဆထက်တိုး၍ တစ်ဟုန်ထိုးစွတ်ပြေးပါသည်။ နောက်ဆုံး၌ မြင်းလှည်းသည် ရေကာတာ တံတိုင်းကြီးနှင့် သုံးကြိမ်တိတိပြင်းစွာဆောင့်ပြီး အစိတ်စိတ်အမြွှာမြွှာ ကျေမွပျက်စီးသွားပါသည်။ မေမေနှင့် မောင်လေးလည်း ရထားထက်မှ လွင့်စင်ထွက်ကျပြီး အသက်ဆုံးရှုံးသွားခဲ့သည်။

ကျွန်မလည်း မေမေနှင့်မောင်လေးအကြောင်းကို ပြန်ပြောင်းအမှတ်ရနေရာက ‘အနာဂတ်ကာလတွင် ဖြစ်ပျက်ကြုံတွေ့အံ့သော အကြောင်းချင်းတတို့ကို ကြိုတင်သိမြင်နိုင်သော အမြင်ကို ကျွန်မ ရရှိခြင်းမှာ ကျွန်မ အမေထံမှ ဆင်းသက်လာသော မျိုးရိုးဗီဇကြောင့်ပေလော’ ဟု တွေးတောလာမိပါသည်။

http://www.cherrythitsar.org



ဤသို့တွေးတောရင်း အိမ်သို့ပြန်လာခဲ့ရာ မိုးမစဲသေးသောကြောင့် အိမ်နောက်ဖေးတံခါးမှ အိမ်တွင်းသို့ လှမ်းဝင်ချိန်၌ ကျွန်မတစ်ကိုယ်လုံး မိုးရွဲရွဲ စိုနေပါတော့သည်။

အိမ်နောက်ဖေးတံခါးမှ အိမ်တွင်းသို့ ကျွန်မ ဝင်ဝင်ချင်း မောင်လေး ဒန်ကင်သည် ပြေးပြီး ဖက်ပါသည်။ ထိုအခိုက်တွင် ကျွန်မ အာရုံသည် နိုးကြွလာပါသည်။

ကျွန်မ၏အာရုံတွင်း၌ မီးဟုန်းဟုန်းလောင်နေသော အိမ်ကြီးထဲ၌ ကျွန်မရှိရာသို့ အတင်းပြေးထွက်လာသော မောင်လေး ဒန်ကင်ကို မြင်ရပါသည်။ မောင်လေး ဒန်ကင်၏ မျက်နှာမှာလည်း အတိုင်းမသိ ကြောက်ရွံ့တုန်လှုပ်နေသည့်အသွင် ပေါ်ထင်နေပါသည်။ ထိုအခိုက်တွင် ကျွန်မအာရုံတွင်း၌ မြင်ရသော အမြင်သည် မှေးမှိန်မှုန်ဝါးပြီး ပျောက်ကွယ်သွားပါသည်။ ထို့ကြောင့် မောင်လေးဒန်ကင် အသက်ဘေးမှ လွတ်သည် မလွတ်သည်ကို ကျွန်မ လုံးဝ သိခွင့်မရပါ။

ကျွန်မလည်း ရင်တဒိတ်ဒိတ်ခုန်ကာ တုန်လှုပ်နေရာမှ ကျွန်မကို ပြေးပြီးဖက်သော မောင်လေးဒန်ကင်ကို ရင်ခွင်တွင်း၌ အတင်းပွေ့ဖက်ရင်း "မောင်လေးရယ် ... မမ မောင်လေးရယ်" ဟု နှုတ်မှ ရေရွတ်နေမိပါသည်။

ထိုအခိုက်တွင် မောင်လေးဒန်ကင်က –

"မမကြီးရေ၊ မမကြီးကို သတင်းကောင်း ပြောစရာရှိလို့ ကျွန်တော် စောင့်နေတာဗျ"

ဟု ပြောကြားရာ ကျွန်မက –

"ဘာသတင်းလဲ မောင်လေးရဲ့။ ဦးဦးဂျိမ်းက မမမေရီကို လက်ထပ်ခွင့်တောင်းပြီလား"

ဟု မေးလိုက်ပါသည်။

ထိုအခါ မောင်လေးဒန်ကင်က –

"မဟုတ်ပါဘူး မမကြီးရဲ့။ မမကြီးအတွက် စာတစ်စောင် ရောက်နေတာကို ပြောတာပါ" ဟု ပြောကြားရာ ကျွန်မလည်း 'ကလေးငယ်များကို စာပြသည့် ဆရာမအဖြစ် လျှောက်ထားသည့် လျှောက်လွှာနှင့် ပတ်သက်၍ ကျွန်မကို အလုပ်ခန့်ရန် ခေါ်ခြင်းဖြစ်မည်' ဟု တွေးပြီး –

"ဘာစာလဲ မောင်လေးရဲ့" ဟု မျှော်လင့်တကြီး မေးလိုက်ပါသည်။

ထိုအခါ မောင်လေး ဒန်ကင်က –

http://www.cherrythitsar.org



"အနောက်အိန္ဒိယက ဆွေမျိုးတစ်ဦးဆီက စာပါ မမကြီးရဲ့။ အဲဒီဆွေမျိုးမှာ စာပြဖို့ကလေးတစ်ယောက်ရှိတယ်တဲ့။ အဲဒီကလေးကို စာပြဖို့ မမမေရီကို ခေါ်တာပါ။ ဒါပေမဲ့ မေမေက ပြောတယ်။ မမမေရီက မကြာမီ ဦးဦးဂျိမ်းနဲ့ လက်ထပ်တော့မှာတဲ့။ ဒါကြောင့် မမမေရီ သွားလို့ မဖြစ်ဘူးတဲ့" ဆက်ပြောပါသည်။

ထိုအခါ ကျွန်မက –

"ဒါဖြင့် မမမေရီကိုယ်စား အဲ့ဒီကလေးငယ်ကို စာပြဖို့ မမကြီးသွားသင့်တယ်လို့ကော မပြောဘူးလား" ဟု မေးလိုက်မိရာ၊ မောင်လေးဒန်ကင်က

"မသွားပါနဲ့ မမကြီးရယ်။ မောင်လေးကို ခွဲပြီး မသွားပါနဲ့နော်"

ဟု ပြောကြားတောင်းပန်ပါသည်။

သို့သော် ကျွန်မအနေနှင့်မူ အနောက်အိန္ဒိယ ဒေသသစ်သို့ မလွှဲသာမရှောင်သာ ထွက်ခွာသွားမှ ဖြစ်တော့မည်ကို အလိုလို သိနေပါသည်။ ကျွန်မသည် မောင်လေးဒန်ကင်ကို အလွန်အကြူး ချစ်ခင်ပါသည်။ ကျွန်မ၏ အာရုံတွင် ပေါ်လာသော အမြင်အရ ဤအရပ်တွင် ကျွန်မရှိနေပါက မောင်လေးဒန်ကင်အပေါ်သို့ မကောင်းသော ဘေးဒုက္ခ အန္တရာယ်ဆိုး ကျရောက်မည်။ ဤအရပ်တွင် ကျွန်မ မရှိပါမူ မောင်လေးဒန်ကင်အပေါ်သို့ မကောင်းသော ဘေးဒုက္ခအန္တရာယ်ဆိုးကျရောက်တော့မည် မဟုတ်' ဟု ကျွန်မ စွဲမြဲယုံကြည်နေပါသည်။ ထို့ကြောင့် 'ကျွန်မ ချစ်သော မောင်လေး၏ ကောင်းကျိုးကို ရှေ့ရှုသောအားဖြင့် ဤအရပ်မှ ဝေးရာ အနောက် အိန္ဒိယသို့ ကျွန်မ ထွက်ခွာသွားတော့မည်' ဟု စိတ်ပိုင်းဖြတ်လိုက်မိပါသည်။

*

ထိုနေ့ညက ညစာစားပွဲအပြီးတွင် ထမင်းစားခန်း၌ ကျွန်မတို့ မိသားစု စုဝေးထိုင်ပြီး ဆွေးနွေးတိုင်ပင်ကြပါသည်။ ထိုအချိန်၌ မောင်လေး ဒန်ကင် မရှိတော့ပါ။ အိပ်ရာဝင်နေပြီ ဖြစ်ပါသည်။

ပထမဦးစွာ ကျွန်မ၏ မိထွေးက –

"ဒီစာအရတော့ မေရီကို လွှတ်ဖို့ပါပဲ။ ဒါပေမဲ့ အခုလောလောဆယ်တော့ မေရီကို လွှတ်ဖို့မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မကြာမီရက်အတွင်းမှာ ဂျိမ်းက မေရီကို လက်ထပ်ခွင့်တောင်းပါတော့မယ်။ ဒီတော့ မေရီကို လွှတ်မယ်ဆိုရင် ဂျိမ်းက ကန့်ကွက်မှာ သေချာနေပါတယ်" ဟု ပြောကြားရာ ဖေဖေက –

"မင်း ပြောတာ ဖြစ်နိုင်ပါတယ်။ မေရီကို လွှတ်ဖို့ မဖြစ်ဘူးဆိုရင် မလွှတ်ဘဲထားပြီး အကျိုးအကြောင်း စာရေးလိုက်တာပေါ့။ မေရီကိုယ်စား ဖီသြနာကို လွှတ်ဖို့ မလိုဘူး ထင်တယ်" ဟု ဝင်ပြောပါသည်။

ကျွန်မသည် ဖေဖေ့ကို စိတ်ဒုက္ခအမျိုးမျိုးပေးခဲ့သော သမီးဆိုးတစ်ယောက်ဖြစ်ပါသည်။ သို့သော် တကယ်တမ်း ခွဲခွာရမည့်အခါ၌ ဖေဖေသည် ကျွန်မကို မခွဲနိုင်ရှာပါ။ ကျွန်မ အပေါ်သံယောဇဉ် တွယ်နေရှာပါသည်။ ထို့အတွက် ကျွန်မသည် မိဘမေတ္တာ၏ ကြီးမားနွေးထွေးမှုကို သိရှိခံစားလိုက်ရပါသည်။ ကျွန်မအပေါ် ချစ်သော ဖေဖေ့အား ကျွန်မ ဒုက္ခ ဆက်မပေးချင်တော့ပါ။ ထို့ကြောင့် ကျွန်မက –

"ညီမလေး မေရီကိုယ်စား အနောက်အိန္ဒိယကို ကျွန်မသွားပါမယ် ဖေဖေ။ အဲဒီဒေသဟာ အလွန်တရာ သာယာလှပပါတယ်။ နေရောင်ခြည်လဲ အမြဲတောက်ပနေပြီး ပန်းမျိုးစုံလဲ ဖူးပွင့်နေပါတယ်။ ပြီးတော့ ငှက်မျိုးစုံလဲ ရှိပါတယ် ဖေဖေ"

ဟု ဝင်ပြီးပြောကြားလိုက်ပါသည်။

အနောက် အိန္ဒိယ၌ ကြောက်စရာကောင်းလှသော ငှက်ဖျားရောဂါရှိကြောင်း၊ ဆိုးဝါးသော ကျွန်စနစ် ရှိကြောင်း၊ ဆန်းကြယ်သော မှော်ပညာရှိကြောင်းတို့ကို ကျွန်မ သိရှိပြီးဖြစ်ပါသည်။ သို့သော် ဖေဖေ စိတ်မကောင်းဖြစ်သွားမည် စိုးသောကြောင့် ဖွင့်ဟမပြောတော့ပါ။

ဤသို့ အနောက်အိန္ဒိယသို့ လိုလိုချင်ချင် သွားပါမည်ဟု ကျွန်မ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်မ မိထွေး၏မျက်နှာလည်း ကြည်သာရွှင်ပျလာပါသည်။

"ဟုတ်တယ်။ အနောက်အိန္ဒိယကို သွားဖို့အတွက် ဖီသြနာဟာ အသင့်တော်ဆုံးပါပဲ။ ဘာကြောင့်လဲဆိုတော့ ဖီသြနာဟာ ကလေးတွေကို စာပြတဲ့ ဆရာမအဖြစ် ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံ ရှိပြီးသား မဟုတ်လား။ ပြီးတော့ အခုလုမ်းပြီး စာရေးတဲ့ **မက်ဝဲ** မျိုးနွယ်တွေဟာလဲ အလွန်တရာ ချမ်းသာကြွယ်ဝတယ်လို့ သိရတယ်။ သူတို့မှာလဲ အခိုင်းအစေတွေ အများကြီး ရှိတယ်တဲ့" ဟုလည်း ဆက်ပြောပါသည်။

ထိုအခါ ဖေဖေက –

"အခိုင်းအစေတွေ မဟုတ်ပါဘူး။ ကျွန်တွေပါ" ဟု ကြားဝင်ပြောရာ၊ ကျွန်မ မိထွေးက –

http://www.cherrythitsar.org



"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ပေးတဲ့ လစာငွေက မက်လောက်စရာပါပဲ။ အတော်များပါတယ်။ ပြီးတော့ အဲဒီမှာ ဖီသြနာလို မိန်းမချောအဖို့ ချမ်းသာကြွယ်ဝတဲ့ အိမ်ထောင်ဖက်ကိုလဲ ရှာတွေ့နိုင်ပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ဖေဖေက –

"မင်းက ဘာကြောင့် ဖီသြနာကို တစ်ရပ်တစ်ရွာမှာ အိုးအိမ်ထောင်ကျစေချင်တာလဲ" ဟု ခပ်ဆတ်ဆတ် မေးလိုက်ရာ၊ ကျွန်မ မိထွေးက –

"သြော် ... ဒါကတော့ ဖီသြနာက ကျွန်ကုန်ကူးမှု ဆန့်ကျင်ရေးမှာ ပါဝင်လှုပ်ရှားခဲ့မိတဲ့အတွက် နာမည်ပျက်သွားတယ် မဟုတ်လား။ အနောက်အိန္ဒိယအထိတော့ ဒီနာမည်ပျက်က မရောက်နိုင်ဘူး။ ဒီတော့ မေရီကိုယ်စားသွားရောက်မယ့် ဖီသြနာကို သူတို့တစ်တွေက လိုလိုချင်ချင် လက်ခံကြမှာပေါ့။ အင်း ... ဖီသြနာကသာ ကျွန်ကုန်ကူးမှု ဆန့်ကျင်ရေးမှာ ဆက်လက်ပြီး မပါဝင်မလှုပ်ရှားဖို့ လိုတယ်"

ဟု ပြောကြားသည်။

ထိုအခါ ဖေဖေက –

"ဒေါ်ရသီ၊ မင်း တော်တော့ကွာ။ အနောက်အိန္ဒိကို သွားဖို့ မသွားဖို့ အရေးကို ဖီသြနာကိုယ်တိုင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပါစေ" ဟု ခပ်ငေါက်ငေါက် ပြောလိုက်ပြီးနောက် –

"အင်း ... မက်ဝဲမျိုးနွယ်တွေ အကြောင်းလဲ ကျုပ်တို့ဘာမှ ရေရေရာရာ သိမထားကြဘူး။ အခုစာသင်ရမယ့် ကလေးငယ်ရဲ့ နာမည်က **အင်ဒရူးမက်ဝဲ** တဲ့။ ကျိုကျိုတက်အောင် ဥစ္စာခြေ ကြွယ်ဝချမ်းသာတယ်။ အသက်တော့ အတော်ကြီးနေပြီတဲ့။ ဒီလောက်ပဲ သိထားရတယ်" ဟု ခပ်ညည်းညည်း ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း ရောက်ရှိလာသော စာလေးကို ကောက်ပြီး ဖတ်လိုက်ပါသည်။ လက်ရေးမှာ မိန်းမသားတစ်ဦး၏ လက်ရေးဖြစ်သော်လည်း လက်ရေးလက်သား ရှင်းလင်းပြတ်သားလှပါသည်။

**ကျွန်မရဲ့ ခင်ပွန်းဟာ အခု အတော်အသက်ကြီးနေပါပြီ။ ဒါကြောင့် စိုက်ခင်းပျိုးခင်းတွေ ကိစ္စမှာ ကျွန်မကိုယ်တိုင် ကိုယ်ကျ ကူညီဆောင်ရွက်ပေးဖို့ လိုလားပါတယ်။ ဒီအတွက် သားသားလေးကို ကျွန်မတို့ ကိုယ်ဖိရင်ဖိ စာသင်ကြားမပေး**

**နိုင်တော့ပါ။ ဒါကြောင့် သားသားလေးကို စာသင်ကြားဖို့ အတွက် ရှင်တို့ သမီးချောလေး မေရီကို စေလွှတ်အကူအညီ ပေးရန် တောင်းပန်ပါတယ်။ လန်ဒန်မှာရှိတဲ့ အမျိုးအဆွေတွေ ဆီက မေရီဟာ အလွန်တရာ စိတ်သဘောထား ပြည့်ဝတယ် လို့ ကြားသိရပါတယ် ....**

စာတစ်စောင်လုံးမှာ ဤသို့လျှင် ပြေပြေပြစ်ပြစ် ချေချောင်ငံ ရေးသား ထားသည်ကို တွေ့ရပါသည်။ စာအဆုံး၌ 'မာရီယာမက်ဝဲ' ဟူသော ခံ့ညား သည့် လက်မှတ်ရှည်ကြီးကို မြင်ရပါသည်။

*

ကျွန်မလည်း လန်ဒန်မြို့ရှိ 'မက်ဝဲနှင့် ဂရင်းမောက်' ကုမ္ပဏီထံသို့ မေရီကိုယ်စား ကျွန်မလာရောက်၍ ဆရာမအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း စာရေးအကြောင်းကြားလိုက်ပါသည်။ မကြာမီ ထိုကုမ္ပဏီက မစ္စတာ **ဂျယ်ရီမီမက်ဝဲ** ထံမှ စာတစ်စောင် ရောက်လာပါသည်။

ထိုစာတွင် 'မိမိတို့အနေနှင့် သဘောတူပါကြောင်း၊ လာမည့် ဆယ် ရက်အတွင်း **ဂလက်ကို** မြို့မှ ထွက်မည် **ကလိုက်ကွင်း** သင်္ဘောကြီးနှင့် အမြန်ဆုံး ခရီးထွက်စေလိုကြောင်း' ပါရှိပါသည်။ ထို့ပြင် လမ်းခရီး၌ သုံးစွဲရန် ခရီးစရိတ်လည်း ပေးပို့ပါသည်။

ထို့ကြောင့် ကျွန်မလည်း အဝတ်အစားများကို အမြန်ဆုံး ပြင်ဆင် သိမ်းဆည်းရပါသည်။ ကျွန်မ၏ အဝတ်အစားမှာ အနောက်အိန္ဒိယ ရာသီ ဥတုနှင့် မကိုက်ညီမှန်းသိပါ၏။ သို့သော် အဝတ်သစ်အစား သစ် ထပ်မံချုပ်ရန် အချိန်လည်းမရ၊ ပိုက်ဆံငွေကြေးလည်း လုံလုံလောက်လောက် မရှိသော ကြောင့် ရှိသည့် အဝတ်အစားများကိုသာ ထုပ်ပိုး သိမ်းဆည်းရခြင်း ဖြစ်ပါ သည်။

ထို့နောက် ကျွန်မလည်း ကလိုက်ကွင်း သင်္ဘောကြီးကို စီးရန် အတွက် စဲကတ်ကျေးတောမှ ဂလက်ကိုမြို့တော်သို့ ဖေဖေနှင့်အတူ ထွက်ခွာ လာခဲ့ပါသည်။

အိမ်မှ ထွက်ခါနီးတွင် မောင်လေး ဒန်ကင်သည် ကျွန်မကို အတင်း ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးရာ၊ ကျွန်မလည်း မျက်ရည်ကို အနိုင်နိုင် သိမ်း ရင်း မောင်လေး ဒန်ကင်ကို ဖြေသိမ့်ဖျောင်းဖျပေးခဲ့ပါသည်။ မေရီကလည်း ကျွန်မကို အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးရှာပါသည်။

http://www.cherrythitsar.org



ဂလက်ကို မြို့တော်သို့ ရောက်သောအခါ ကလိုက်ကွင်းသင်္ဘောကြီးကို အသင့်တွေ့ရပါသည်။ အချိန်ကျ၍ သင်္ဘောထွက်သောအခါ ဖေဖေသည် တစ်ယောက်တည်း တွေတွေကြီး ရပ်ပြီး ကျွန်မကို လက်ပြနှုတ်ဆက်ပါသည်။ ထိုအခိုက်တွင် လေတဟူးဟူးတိုက်နေရာ ဖေဖေ၏ ဆွတ်ဆွတ်ဖြူနေသော ဆံပင်ကို တဖျတ်ဖျတ်လွင့်နေသည်ကို တွေ့ရပါသည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖေဖေနှင့် ခွဲခွာရသည့်အတွက် ကျွန်မစိတ်မကောင်းလှပါ။ သို့သော် အနောက်အိန္ဒိယသို့ သွားရောက်လိုက်ခြင်းအားဖြင့် ကျွန်မချစ်သော မောင်လေး ဒန်ကင်အပေါ်သို့ မကောင်းသော ဘေးဒုက္ခအန္တရာယ်ဆိုးတို့ ကျရောက်တော့မည် မဟုတ်ဟု ကျွန်မ မျှော်လင့်ယုံကြည်ပါသည်။ ထိုမျှော်လင့်ယုံကြည်ချက်ဖြင့် အနောက်အိန္ဒိယရှိ လင်းဖော အမည်ရှိဒေသသစ်သို့ ကျွန်မဦးတည်ထွက်ခွာလာခြင်း ဖြစ်ပါတော့သည်။

***

[ ၂ ]

# လင်းဖောစံအိမ်ကြီး

ကျွန်မသွားရောက်မည့် ဒေသသစ်နှင့် ပတ်သက်သည့် သတင်းစကားများကို ကြားလိုသိလိုလှပါသည်။ ထို့ကြောင့် အလျင်းသင့်တိုင်း တွေ့သမျှ လူတို့ကို ကျွန်မ မေးမြန်း စုံစမ်းခဲ့ပါသည်။

တစ်နေ့တွင် ကျွန်မသည် သင်္ဘောကုန်းပတ် လက်တန်းကို ကိုင်ပြီး ပင်လယ်ပြင်ကို ငေးမောကြည့်ရှုနေပါသည်။ ထိုအခိုက်တွင် သင်္ဘောတတိယ အရာရှိ မစ္စတာမက်ဖာဆန် အပါးသို့ ရောက်လာပြီး စကားစမြည် ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"မစ္စတာ မက်ဖာဆန်။ **ဆန်ခရစ်တိုဘယ်** မှာနေတဲ့ မက်ဝဲမိသားစုကို သိပါသလားရှင်။ သူတို့က ကျွန်မနဲ့ ဆွေနီးမျိုးစပ် တော်ပါတယ်။ အခု သူတို့ဆီကို ကျွန်မသွားမလို့ပါ" ဟု ပြောကြားမေးမြန်းလိုက်ရာ မစ္စတာမက်ဖာဆန်က –

"သိပါတယ်ဗျာ။ အဲဒီ ... မက်ဝဲမိသားစုက မစ္စတာအင်ဒရူးမက်ဝဲဟာ လူချမ်းသာတစ်ဦးပါပဲ။ ငယ်စဉ်ကတည်းက အလုပ်ကို ကြိုးကြိုးစားစား လုပ်ခဲ့တဲ့လူပေါ့။ အင်ဒရူးမက်ဝဲရဲ့ဇနီး မာရီယာမက်ဝဲကတော့ စပိန်သွားအပြည့်

http://www.cherrythitsar.org



ပါတဲ့ မိန်းမချောပါပဲ အင်ဒရူးနဲ့ မာရီယာတို့ဟာ ကြီးမှလက်ထပ်ကြတာပါ။ အခုအခါမှာ အင်ဒရူးအသက်အရွယ် ထောက်လာတဲ့အတွက် စိုက်ခင်းပျိုးခင်းတွေက ကျွန်တွေကို ကွပ်ကဲစေခိုင်းတဲ့နေရာမှာ မာရီယာဟာ အလွန်တော်တယ်လို့ နာမည်ထွက်နေပါတယ်" ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် **ကပ္ပတိန်စတီးဝပ်** အပါးသို့ ရောက်လာ၍ စကားပြတ်သွားပါသည်။ မစ္စတာမက်မာဆန် ထွက်ခွာသွားသောအခါ ကျွန်မလည်း အပါးတွင်ရှိသော ကပ္ပတိန်စတီးဝပ်အား မက်ဝဲအကြောင်းကို ဆက်လက်မေးမြန်းရာ၊ ကပ္ပတိန်စတီးဝပ်က –

"မက်ဝဲမိသားစုပိုင်တဲ့ နယ်မြေဒေသက အတော့ကို ကျယ်ပါတယ်။ ဒါပေမဲ့ ပျော်စရာကောင်းတဲ့ အရပ်တော့ မဟုတ်ဘူး။ ကျိန်စာသင့်နေတဲ့ အရပ်လို့ ပြောကြတယ်" ဟု ပြောကြားပါသည်။ ထို့နောက် ဆက်၍ –

"အင်း ... ဒီအရပ်ဒေသတွေမှာ ကျိန်စာသင့်တာတို့၊ ပြုစားတာတို့နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းအဆန်းအပြားတွေ အမျိုးမျိုးထွက်ထွက်လာတတ်တယ်။ သိပ်တော့ မဆန်းလှပါဘူး"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ကပ္ပတိန်က မစ္စတာအင်ဒရူးမက်ဝဲတို့ အကြောင်းကို စိတ်မဝင်စားဘူး ထင်ပါရဲ့" ဟု ပြောကြားရာ ကပ္ပတိန်စတီးဝပ်က –

"စိတ်ဝင်စားနေလို့ကော ကျုပ်အဖို့ ဘာအကျိုးထူးမှာလဲဗျာ။ ကျုပ်အလုပ်မှ မဟုတ်တာ။ ကျုပ်က မစ္စတာ အင်ဒရူးမက်ဝဲတို့ကို စိတ်မဝင်စားသလို ကျွန်အရောင်းအဝယ် ကိစ္စကိုလဲ စိတ်မဝင်စားပါဘူး။ ဒီအရပ်က စိုက်ခင်းပျိုးခင်းတွေမှာ အလုပ်လုပ်ဖို့ ကျွန်တွေ သိပ်လိုတာဗျ။ ဒါကြောင့် တချို့လူတွေဟာ အမြတ်အစွန်း မြိုးမြိုးမြက်မြက်ရတဲ့ ကျွန်အရောင်းအဝယ်ကိစ္စကို ဆောင်ရွက်ကြတယ်ဗျ။ ကျုပ်ကတော့ ဒီလို ကျွန်အရောင်းအဝယ်အလုပ်ကို တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မလုပ်ခဲ့ပါဘူး။ ကျွန်အရောင်းအဝယ်အလုပ်ဆိုတာက အလုပ်တကာ အလုပ်ထဲမှာ အယုတ်ညံ့ဆုံး အလုပ် မဟုတ်လား"

ဟု ပြောကြားပါသည်။ ထို့နောက် –

"မင်္ဂလာပါ ဖီဩနာ၊ မနက်ဆယ်နာရီ တိတိမှာ ဆန်ခရစ်တိုဘယ်ဆိပ်ကမ်းကို ဆိုက်ပါလိမ့်မယ်" ဟု ပြောကြား နှုတ်ဆက်ပြီး အပါးမှ ထွက်ခွာသွားပါသည်။

http://www.cherrythitsar.org



ကပ္ပတိန်စတီးဝပ် ပြောကြားသည့်အတိုင်း မနက်ဆယ်နာရီတွင် ဆန်ခရစ်တိုဘယ် ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ပါသည်။

ဆန်ခရစ်တိုဘယ် ဆိပ်ကမ်း၌ သင်္ဘောအမြောက်အမြား ဆိုက်ကပ်ထားပြီး ကုန်စည်ဝန်ထုပ် ဝန်ပိုးများကို သယ်နေကြသော နီဂရိုး ကျေးကျွန်များတို့ ပြည့်နှက်နေပါသည်။ နီဂရိုးများမှာ ရောင်စုံဆေးဆိုးပန်းရိုက်ထည်များကို ဝတ်ဆင်ထားကြရာ ကျွန်မအဖို့ အမြင်ဆန်းလှပါသည်။

ကျွန်မ သွားရောက်ရမည့် မစ္စတာ အင်ဒရူး မက်ဝဲတို့အိမ်မှ အိမ်သားတစ်ယောက်မှ ကျွန်မကို လာရောက်မကြိုပါ။ သို့သော် အိမ်သားများကိုယ်စား နီဂရိုးကြီးတစ်ဦးက ခံ့ညားလှပသော မြင်းရထားကြီးနှင့် လာကြိုပါသည်။

နီဂရိုးကြီးသည် မပြုံးမရယ် အလွန်တည်လှသော မျက်နှာထားဖြင့် ကျွန်မအား ရထားထိုင်ခုံထက်၌ ထိုင်ရန် ကူညီပေးပါသည်။ ထို့နောက် ကျွန်မ၏ လက်ဆွဲအိတ်ကို ရထားနောက်ဘက်သို့ တင်ပြီးလျှင် လူစည်ကားလှသော မင်းလမ်းကြီးများကို ဖြတ်ကာ ရထားကို မောင်းနှင်သွားပါသည်။ လှပသော ပန်းဥယျာဉ်များအလယ်၌ ခံ့ထည်စွာ တည်ရှိနေသော အိမ်ကြီး အိမ်ကောင်းများကို ဖြတ်ပြီးလာခဲ့ရာ၊ အတန်ကြာသောအခါ၌ မြို့ဆင်ခြေဖုံးသို့ ရောက်ပါသည်။ မြို့ဆင်ခြေဖုံးကို လွန်သည်နှင့် တစ်ပြိုင်နက် အပြောကျယ်လှသော ကြံခင်းကြီးများကို တမျှော်တခေါ် တွေ့ရပါသည်။

ခရွန်းဘတ်တောင်ခြေရင်းသို့ ရောက်သောအခါ မြင့်မားသော ကျောက်တိုင်းများဖြင့် ဝင်းခတ်ထားသော ခြံဝင်းကြီးကို တွေ့ရပါသည်။ ထိုခြံဝင်းတံခါးပေါက်မှာလည်း ခိုင်ခံ့လှပသော သံတံခါးကြီး ဖြစ်နေပါသည်။

ခြံဝင်းပေါက်သို့ ရောက်သောအခါ မပြုံးမရီ အလွန်တည်သော နီဂရိုးကြီးက –

"လင်းဖောကို ရောက်ပါပြီ" ဟု ဂုဏ်ယူဝင့်ကြွားသော အပြုံးဖြင့် ကျွန်မကို ပြုံးကြည့်ပြီးပြောကြားလိုက်ပါသည်။

*

ထို့နောက် မြင်းရထားကြီးသည် သစ်ပင်တို့ အုပ်ဆိုင်းနေသော လမ်းအတိုင်း ခြံဝင်းကျယ်ကြီးကို ဖြတ်မောင်းလာခဲ့ရာ၊ မကြာမီ ကျောက်ဖြူသားတို့ဖြင့် ဆောက်ထားအပ်သော ခံ့ညားကြီးကျယ်လှသည့် လင်းဖောစ်အိမ်ကြီး အပါးသို့ ရောက်လာပါသည်။

http://www.cherrythitsar.org



ခြံဝင်းကျယ်ကြီးဖြတ်၍ မြင်းရထားမောင်းဝင်လာသည်နှင့် တစ်ပြိုင်နက် ခြံဝင်းကျယ်ကြီးအတွင်းရှိ ခွေးများလည်း တဝုတ်ဝုတ် လှမ်းဟောင်ရင်း မြင်းရထားဘေးမှ အပြေးလိုက်လာကြပါသည်။ အသားမည်းနက်သော နီဂရိုးကလေးများလည်း အလျှိုလျှိုပေါ်လာပြီး မြင်းရထားဘေးမှ အပြေးလိုက်လာကြပါသည်။

နီဂရိုးကြီးလည်း မြင်းရထားကို ရပ်တံ့ပြီးနောက် တဝုတ်ဝုတ် ဟောင်နေသော ခွေးတို့ကို မောင်းနှင်ပစ်ပါသည်။ ထို့နောက် လေသံဖြင့် –

"ဟောဟိုဟာ သခင်ကြီးပါပဲ"

ဟု ပြောကြားပါသည်။

ကျွန်မလည်း လှမ်းကြည့်လိုက်ရာ၊ ကျောက်ဖြူသားဖြင့် ဆောက်ထားသော ခံ့ညားလှသည့် နှစ်ထပ်စံအိမ်ကြီး၏ အောက်ထပ်ဆင်ဝင်ပေါက်မှ အသက်အရွယ်ကြီးလှသော လူကြီးတစ်ယောက် ထွက်လာသည်ကို မြင်ရပါသည်။

ထိုလူကြီးမှာ အရပ်အမောင်းမြင့်မားပြီး ကိုယ်ခန္ဓာ တုတ်ခိုင်ထွားကျိုင်း လှပါသည်။ ကိုယ်တွင် ဆွတ်ဆွတ် ဖြူသော အဝတ်အစားတို့ကို ဝတ်ဆင်ထားသော်လည်း ခါးတွင်မူ ရဲရဲနီနေသော ခါးစည်းကို စည်းထားပါသည်။ ထိုလူကြီးကား ကျွန်မ၏ အလုပ်ရှင် မစ္စတာ အင်ဒရူးမက်ဝဲပင် ဖြစ်သည်တကား။

မစ္စတာအင်ဒရူးလည်း ကျွန်မတို့အပါးသို့ တဖြည်းဖြည်း လျှောက်လာရာမှ –

"ဖားဂတ် ကော၊ ငါ့သားဖားဂတ် ဘယ်မှာလဲ။ သင်္ဘောဆိပ်ကို ကိုယ်တိုင်သွားပြီး မကြိုဘူးလား" ဟု အသံသြကြီးဖြင့် မေးလိုက်ရာ တဝုတ်ဝုတ် ဟောင်နေသော ခွေးများလည်း အမြီးကုပ်ကာ ထွက်သွားကြပါသည်။ အနီး၌ ဝိုင်းအုံနေကြသော နီဂရိုးကလေးများ အလျှိုလျှိုပျောက်သွားကြပါသည်။

ထိုအခိုက်တွင် ရထားမောင်းသမား နီဂရိုးကြီးက –

"သခင်လေး ဖားဂတ် ဒီမှာ မရှိပါဘူး သခင်ကြီး" ဟု ပြောကြားလိုက်ရာ၊ မစ္စတာ အင်ဒရူးလဲ ရထားမောင်းသမား နီဂရိုးကြီးကို ဒေါသတကြီးဖြင့် ရိုက်ရန် လက်ရွယ်လိုက်ပါသည်။ ထို့နောက် ဒေါသကို ချုပ်တီးကာ လက်ကိုပြန်ရုပ်ပြီးလျှင် ကျွန်မကို ရထားထက်မှ ဆင်းရန် ကူညီပါသည်။

ထို့နောက် ဆေးချိုးတို့ဖြင့် ဝါထိန်နေသော သွားကြီးများပေါ်အောင် ပြုံးကာ – "ဆရာမ မေရီမက်ဝဲ ခင်ဗျား။ လင်းဖောက ဆရာမကို ကြိုဆိုပါတယ်" ဟု ပြောကြားပြီးနောက် –

"ဆရာမကို သွားကြိုဖို့ ကျုပ်သားဖားဂတ်ကို အတန်တန် မှာထားခဲ့ပါတယ်။ ဒီလိုမှာထားပါရက်နဲ့ သွားမကြိုဘူးလို့ သိရတဲ့အတွက် ဆရာမရှေ့မှာ ကျုပ် ဒေါသထွက်မိတာကို ခွင့်လွှတ်ပါ" ဟု ပြောကြားပါသည်။

ထိုအခါ အရပ်မြင့်လှသော ကျွန်မကိုပင် မိုးပြီးနေအောင် အရပ်မြင့်လှသည့် လူထွားကြီး မစ္စတာအင်ဒရူးကို မော့ကြည့်ပြီး –

"ကျေးဇူးတင်ပါတယ် ဦးရယ်။ ကျွန်မက ဆရာမမေရီမက်ဝဲ မဟုတ်ပါဘူး။ မေရီမက်ဝဲရဲ့ မိဘပါ အစ်မဖြစ်တဲ့ ဗီဩနာပါ။ မေရီရဲ့ ကိုယ်စား စာသင်ပေးဖို့ ရောက်လာတာပါ။ ကျွန်မကို ဦးလက်ခံကြိုဆိုမယ်လို့ မျှော်လင့်ပါတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မစ္စတာအင်ဒရူးလည်း ကျွန်မအပါးသို့ တိုးလာပြီး မျက်နှာကို အတန်ကြာအောင် စေ့စေ့ကြည့်ပါသည်။ ထို့နောက် –

"အင်း ... ကျုပ်ထင်လိုက်သားပဲ။ ကိုင်း ... လာလာ။ အိမ်ထဲဝင်ရအောင်" ဟု ပြောကာ ကျွန်မ၏ လက်မောင်းကို ဆွဲပြီး စံအိမ်ကြီးရှိရာသို့ လျှောက်သွားပါသည်။

စံအိမ်ကြီး၏ အလယ်ဗဟိုခန်းမကြီးကို ဖြတ်ပြီးလျှောက်လာရာ တစ်ဖက်တွင် ဧည့်ခန်းသို့သွားသော တံခါးပေါက်ကို တွေ့ရပြီး အခြားတစ်ဖက်တွင် ထမင်းစားခန်းသို့သွားသော တံခါးပေါက်ကို တွေ့ရပါသည်။ မစ္စတာအင်ဒရူးလည်း ကျွန်မလက်ကို ဆွဲပြီး ဧည့်ခန်းသို့သွားသော တံခါးပေါက်မှ အတွင်းသို့ ဝင်လိုက်ပါသည်။

လင်းဖောစံအိမ်ကြီး၏ ဧည့်ခန်းကား ခမ်းနားတင့်တယ်လှပါပေသည်။ စားပွဲကုလားထိုင် အားလုံးမှာ မဟော်ဂနီဖြင့် ပြုလုပ်ထားပြီး အရောင်ဖိတ်ဖိတ် တောက်နေရုံမက ကြမ်းပြင်ကိုပင် မဟော်ဂနီ ခင်းထားပါသည်။

မစ္စတာ အင်ဒရူးလည်း ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး –

"အဲဒီမှာ ထိုင်ပါဆရာမ" ဟု ပြောကြားပြီးနောက် မိမိထိုင်နေကျဖြစ်ဟန်တူသော ဆိုဖာနီကြီးပေါ်သို့ သွားထိုင်ပါသည်။ ထို့နောက် လက်ဖျောက်တစ်ချက် တီးလိုက်ရာ နီဂရိုးတစ်ယောက်လည်း ဖန်ခွက်နှစ်လုံးကိုကိုင်ပြီး

ဝင်လာပါသည်။ ဖန်ခွက်တစ်လုံးကို မစ္စတာအင်ဒရူးအပါးတွင် ချပေးပြီး ဖန်တစ်ခွက်တစ်လုံးကို ကျွန်မအပါးတွင် ချပေးပါသည်။

ထိုအခိုက်တွင် မစ္စတာအင်ဒရူးက –

"သူက အိမ်တော်စိုး ဒူဂယ်ပေါ့" ဟု ပြောကြားမိတ်ဆက်ပေးပါသည်။

နီဂရိုးများတွင် ကိုယ်ပိုင်နာမည်များ သီးခြားရှိမည်မှာ သေချာပါသည်။ သို့သော် ကျေးကျွန်အဖြစ် နေရပေါင်း ကြာညောင်း၍ ကိုယ်ပိုင်အမည်များ ပျောက်ကာ ပိုင်ရှင်များ မှည့်ခေါ်သည့်အတိုင်း အမည်များတွင်နေခြင်း ဖြစ်ပါလိမ့်မည်။ ဤသို့ ကျွန်မတွေးတောနေခိုက်တွင် မစ္စတာအင်ဒရူးက –

"ဆရာမရေ။ အမောပြေ သောက်လိုက်ပါဦး" ဟု ပြောကြားသဖြင့် အပါးရှိဖန်ခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်မော့သောက် လိုက်ရာ ကျွန်မလည်ချောင်းတစ်ခုလုံး ပူရှိန်းရှိန်း ရှတတဖြစ်သွားပါသည်။ ကျွန်မလည်း ချက်ချင်းပင် ဖန်ခွက်ကို ပြန်ချလိုက်ပြီး –

"မစ္စတာမက်ဝဲရှင့်။ စကော့တလန်မှာ အမျိုးသမီးများဟာ အရက်သေစာ လုံးဝ မသောက်စားပါဘူး"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးမက်ဝဲက –

"ဒီအရပ်ဒေသမှာတော့ အမျိုးသမီးများလဲ အရက်သေစာ သောက်စား ကြပါတယ်။ ဒါမှ ရာသီဥတုဒဏ်ကို ခံနိုင်တာကိုး" ဟု ပြောကြားချေပရာ ကျွန်မက –

"မှန်ပါလိမ့်မယ် ရှင်။ ကျွန်မကတော့ တောင်ကုန်းတွေကြားမှာ ကြီးပြင်းလာတဲ့ မိန်းမသားပါ။ မိုးလဲ အကြိမ်ကြိမ် မိဖူးပါတယ်။ ဒါပေမဲ့ ကျွန်မအဖို့တော့ အရက်သေစာ သောက်ဖို့မလိုဘဲ ကော်ဖီခါးခါးတစ်ခွက်လောက်သောက်ရုံနဲ့ လုံလောက်သွားတတ်ပါတယ်"

ဟု ပြန်ပြောလိုက်ပါသည်။

ဤသို့ ကျွန်မပြောကြားချေပသည့်အတွက် မစ္စတာအင်ဒရူးမှာ လုံးဝစိတ်မဆိုးပါ။ မည်သည့်အကြောင်းကြောင့်ကား မသိ။ စိတ်မဆိုးရုံမက ကျိတ်ပြီး သဘောကျကျေနပ်သွားသည်ဟုပင် ကျွန်မ ထင်ပါသည်။ ကျွန်မ ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား စေ့စေ့စပ်စပ်ကြည့်နေပါသည်။

ထိုအခိုက်တွင် ကျွန်မက –

http://www.cherrythitsar.org



"မေရီကိုယ်စား ကျွန်မ လာရောက်ရတဲ့အကြောင်းကို ဦး အသေးစိတ် သိလိုပါသလား"

ဟု ပြောလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"မလိုပါဘူးကွယ်၊ ဦးဆီကို ဂျယ်ရီမီ မက်ဝဲက စာရေးပြီး ရှင်းပြပြီးပါပြီ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ကျွန်မဟာ ကလေးငယ်များကို စာပြရတဲ့ ဆရာမအလုပ်ကို အရင်က လုပ်ဖူးပါတယ်။ ကျွန်မရဲ့ အရည်အချင်းနဲ့ အထောက်အထားတွေကိုကော ပြဖို့လိုပါသလား"

ဟု ထပ်မံမေးလိုက်ရာ မစ္စတာ အင်ဒရူးက ရယ်မောပြီး –

"မစ္စက်ဖီသြနာရယ်။ ဆရာမရဲ့ အရည်အချင်းကို ကျုပ်မှန်းဆသိမြင်ပြီးပါပြီ။ ဘာမှ ပြောပြဖို့မလိုပါဘူး။ ကျုပ်ဟာ ဆံပင်နီနီနဲ့ အမျိုးသမီးတွေကို သဘောကျပါတယ်။ အထူးသဖြင့် ကိုယ်ခန္ဓာတောင့်တင်းကြံ့ခိုင်တဲ့သူဆိုရင် ပိုပြီးသဘောကျပါတယ်။ ဟောဒီဒေသမှာ အရင်က အခြေချ နေထိုင်သွားခဲ့တဲ့ အမျိုးသမီးတွေဟာ ဆရာမလို ဆံပင်နီနီနဲ့ စကော့အမျိုးသမီးတွေပါပဲ။ အလွန်သတ္တိကောင်းပြီး ရဲရင့်ကြတယ်။ စိတ်ဓာတ်လဲ အထူးခိုင်ကြံ့ကြတယ်။ အင်း ... မျိုးဆက် တစ်ဆက်နှစ်ဆက်လောက် ပြောင်းလာတယ်ဆိုရင်ပဲ စကော့အရည်အသွေးတွေဟာ ညံ့ညံ့ပြီးလာတယ်" ဟု ပြောကြားသည်။ ထို့နောက်ဆက်၍ –

"စပိန်အမျိုးသမီးတွေကျတော့ ရုပ်လှပြီး ကြော့ကြော့လေးနေသလောက် ကိုယ့်သားသမီးကိုတောင် ကိုယ်မစောင့်ရှောက်နိုင်ကြဘူး။ ဒါတွေကို တွေ့ရမြင်ရတော့ ကျုပ် စိတ်မချမ်းမသာ ဖြစ်ရတယ်"

ဟု ပြောကြားသည်။

မစ္စတာ အင်ဒရူးမှာ ပြောစမှတ်ပြုလောက်အောင် ရုပ်ရည်ချောမောလှပသော စပိန်သူတစ်ဦးကို လက်ထပ်ထားသူဖြစ်လေရာ မစ္စတာအင်ဒရူး၏ နှုတ်ဖျားမှ ထိုစကားများကို ကြားရသောအခါ ကျွန်မလည်း အလွန်အံ့အားသင့်သွားပါသည်။ ထို့နောက် စကားလမ်းကြောင်းပြောင်းသောအားဖြင့် –

"ဂျယ်ရီမီမက်ဝဲဆိုတာ ဘယ်သူများလဲ ဦးရယ်" ဟု မေးလိုက်ရာ မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org



"လန်ဒန်မြို့မှာရှိတဲ့ ကျုပ်ရဲ့ အမျိုးတစ်ဦးပေါ့ကွယ်။ ကျုပ်တို့ လင်းဖောဒေသမှာလဲ သူတို့ရဲ့ အရင်းအနှီးမြှုပ်နှံငွေ အနည်းအကျဉ်းပါနေတယ်။ အခုဆိုရင် ဂျယ်လီရီမီမက်ဝဲရဲ့ အငယ်ဆုံးသားထွေး အယ်လစ်တာမက်ဝဲတောင် ကျုပ်တို့အိမ်ကို ရောက်နေတာ အတော်ကြာသွားပြီကွယ်။ တောပစ်ထွက်ရင်း ခြေထောက်မှာ မတော်တဆ ထိခိုက်မိတာကြောင့် ရက်ကြာသွားတာပါ။ ဒီကောင်ကလဲ သူ့အဖေ ဂျက်ရီမီမက်ဝဲလိုကောင်ပါပဲ။ အရက်သောက်တာမှာရော၊ စကားပြောတာမှာပါ အလွန်ချိန်ဆ သတိထားတယ်။ ပိုပြီးဆိုးတာက ဒီကောင်က ပြုပြင်ပြောင်းလဲရေးကို သိပ်လိုလားတယ်။ အရာရာ ပြုပြင်ပြောင်းလဲ ပစ်ချင်တဲ့ စိတ်ဓာတ်ရှိနေတယ်။ နာတာရှည်လူမမာကို နလံထအောင် အတင်းကြိုးစားကုချင်တဲ့ လူစားမျိုးပဲ။ ဒါနဲ့ပဲ အလုပ်ရှုပ်နေတယ်"

ဟုပြောကြားသည်။

ထိုအခါ ကျွန်မလည်း မနေသာတော့ဘဲ –

"ဦးရယ်။ ဦး ပြောတာတွေ သိပ်များနေပြီ။ သတိထားတော်မူပါ။ ကျွန်မလို သူစိမ်းတစ်ရံဆံတွေ ရှေ့မှာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ၊ အတွင်းရေးတွေကို သိပ်ပြီးထုတ်ဖော်မပြောသင့်ပါဘူး" ဟု ဖွင့်၍ သတိပေးလိုက်ရာ မစ္စတာအင်ဒရူးက အံ့ဩတွေဝေသော အမူအရာဖြင့် –

"သြော် ... ဆရာမက သူစိမ်းတစ်ရံဆံလား၊ အင်းလေ ... သူစိမ်းတစ်ရံဆံလို့ဆိုရင်လဲ ဆိုနိုင်ပါရဲ့။ ဒါပေမဲ့ ဆရာမရဲ့ အမေဟာလဲ မက်ဝဲမျိုးနွယ်ဝင် တစ်ယောက်ပါပဲ။ ဒါကြောင့် ဆရာမကို ကျုပ်အနေနဲ့ သူစိမ်းတစ်ရံဆံလို့ သဘောမထားတာပေါ့" ဟု ပြောကြားသည်။ ထို့နောက် ရမ်အရက်ခွက်ကို ထပ်ပြီးမော့သောက်နေရာ ကျွန်မက –

"ဦးရယ်၊ ကျွန်မနေရမယ့် အခန်းကို မြင်ချင်ပါတယ်။ ပြီးတော့ ကျွန်မ စာသင်ပေးရမယ့်ကလေးကိုလဲ မြင်ချင်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အင်ဒရူးက –

"သြော် ... ဆရာမ စာသင်ပေးတဲ့ ကျုပ်ရဲ့ သားလေးကို ပြောတာလား။ အခု ကျုပ်သားလေး သူ့အမေနဲ့အတူ မြင်းစီးထွက်သွားတယ်။ ကျုပ်မိန်းမကတော့ စိုက်ခင်းပျိုးခင်းတွေကို ဘယ်လိုကွပ်ကဲအုပ်ချုပ်ရတယ်ဆိုတာ အခုတည်းက ကျုပ်သားကို လက်တွေ့သင်ပေးနေတယ်လေ"

ဟု ပြောကြားရာ ကျွန်မက –

"ဦးရဲ့သားက အသက်ဘယ်လောက်ရှိနေပြီလဲ"

http://www.cherrythitsar.org



ဟု ထပ်မေးလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ခုနစ်နှစ်ထဲရှိသေးတယ်ကွယ့်။ ဒါပေမဲ့ သူ့အမေကတော့ စိုက်ခင်းပျိုးခင်းတော့ ကွပ်ကဲအုပ်ချုပ်နည်းကို အခုတည်းက သင်ပေးနေပြီကွယ့်" ဟု ပြောကြားသည်။

ထိုအခိုက်တွင်ပင် ဧည့်ခန်းတွင်းသို့ ချစ်စရာ ကောင်းလှသော ခုနစ်နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် မိန်းမချောတစ်ဦး ရောက်လာသည်။ မိန်းမချောမှာ အသားအရေ ညိုစိမ့်စိမ့်ရှိပြီး မေးရိုးယောင်ယောင်လေး ကားသည်မှ အပအပြစ်ပြောစရာ မရှိလောက်အောင် ချောမောလှပသူဖြစ်သည်။ ဆံပင်မှာ နက်မှောင်ရှန်းလက်နေပေသည်။ ထိုမိန်းမချောသည် မြင်းစီးဝတ်စုံကို ဆင်မြန်းထားပြီး ကြီးမားကျယ်ပြန့်လှသော ဦးထုပ်နက်ကြီးကို ဆောင်းထားသည်။ ထိုမိန်းမချောကား အခြားမဟုတ်၊ မစ္စတာ အင်ဒရူးမက်ဝဲ၏ ဇနီးချော မာရီယာ မက်ဝဲပေတည်း။

မိန်းမချော မာရီယာလည်း ကျွန်မအပါးသို့ လျှောက်လာရာမှ –

"ကျွန်မက မစ္စက် မေရီမက်ဝဲလာလိမ့်မယ်လို့ ထင်နေတာ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်မလည်း လူကဲခတ်မည့်သော မာရီယာကို စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးနေမိရာက မေရီကိုယ်စား ကျွန်မ လာရောက်ရသည့် အကြောင်းကို ရှင်းပြလိုက်သည်။ ကျွန်မ စကားဆုံးသောအခါ မာရီယာလည်း ကျွန်မကို လက်ဆွဲနှုတ်ဆက်ပါသည်။

"မစ္စက် ဗီဩနာ။ ဆရာမလို ကလေးငယ်တွေကို စာပြရတဲ့ ဆရာမအလုပ်ကို လုပ်ဖူးတဲ့ သူကိုယ်တိုင် လာရောက်တဲ့အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ် ရှင်" ဟု ပြောကြားသည်။ ထို့နောက် –

"ဟောဒီ ကလေးငယ်ကတော့ ကျွန်မရဲ့သား ဒန်ကင်ပါပဲ" ဟု ပြောကာ၊ နောက်နားတွင် ရပ်နေသော ကလေးငယ်နှင့် မိတ်ဆက်ပေးသည်။

'ကျွန်မတို့သားလေး' ဟု မသုံးနှုန်းဘဲ၊ 'ကျွန်မရဲ့သား' ဟု သုံးနှုန်းသောစကား အသုံးအနှုန်းကို ကျွန်မ ချက်ချင်း သတိပြုမိပါသည်။ ထိုအခိုက်တွင် ကလေးငယ်လေးလည်း ရဲဝံ့သော အမူအရာဖြင့် ရှေ့သို့ တိုးလာရာ၊ ကျွန်မလည်း မယုံကြည်နိုင်သော အမူအရာဖြင့် ကလေးငယ်အား ငေးကြည့်နေမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ မျက်စိမှောက်၌ တွေ့ရမြင်ရသော

http://www.cherrythitsar.org



ကလေးငယ်သည် ကျွန်မ ချစ်သော မောင်လေး ဒန်ကင်နှင့် ရုပ်ဆင်း တစ်ထေရာတည်း ဆင်နေသောကြောင့်ပေတည်း။

ကျွန်မချစ်သော မောင်လေး ဒန်ကင်နှင့် ရုပ်ချင်း ဆင်လှသော ဤကလေးငယ်မှာလည်း ရွှေရောင်ဆံပင်လေးနှင့် ဖြစ်ပြီး ချစ်စရာကောင်းလှပါသည်။ စေ့စေ့ကြည့်သောအခါ ဤကလေးငယ်က ကျွန်မမောင်လေးထက် မေရိုးယောင်ယောင်ကားပြီး မေးစေ့ မသိမသာ ပိုချွန်းပါသည်။ 'ဤကလေးငယ်နှင့် ကျွန်မမောင်လေး ဒန်ကင်တို့ အမွှာပူးတမျှ ရုပ်ချင်းဆင်တူနေခြင်းမှာ မက်ဝဲမျိုးနွယ်ဝင်များ ဖြစ်သောကြောင့်ပေလော' ဟု တွေးတောနေမိပါသည်။

ထိုအခိုက်တွင် ကျွန်မ၏အာရုံတွင်း၌ တွေ့မြင်ရသော ကျွန်မ မောင်လေး ဒန်ကင်ဟု မှတ်ယူခဲ့သည့် ရွှေရောင်ဆံပင်နှင့် ကလေးငယ်တစ်ဦးသည် မီးတဟုန်းဟုန်း လောင်နေသော အိမ်ကြီးဘက်မှ ကျွန်မရှိရာသို့ ပြေးလာခဲ့သည့် မြင်ကွင်းကို ပြန်ပြီး အမှတ်ရလာသည်။ ယခုအခါ၌ ကျွန်မချစ်သော မောင်လေး ဒန်ကင်နှင့် ကျွန်မသည် သမုဒ္ဒရာခြားအောင် ဝေးကွာနေခဲ့ပေပြီ။ ထို့ကြောင့် ကျွန်မ အာရုံ၌မြင်ရသော ရွှေရောင်ဆံပင်နှင့် ကလေးငယ်မှာ ကျွန်မချစ်သော မောင်လေးဒန်ကင် မဖြစ်နိုင်တော့ပြီ။ ကျွန်မ ရှေ့၌တွေ့မြင်နေရသော ဤကလေးငယ် ဒန်ကင်ပင် ဖြစ်ချေတော့မည်ဟု စဉ်းစားမိပါသည်။

ထိုအခါ 'ကျွန်မ၏ တပည့်ဖြစ်တော့မည့် ဤကလေးငယ်ပေါ်သို့ တစ်နေ့နေ့တစ်ချိန်ချိန်၌ ဘေးရန်အန္တရာယ်ဆိုးတို့ ကျရောက်တော့မည်တကား' ဟု တွေးတောကာ စိတ်မောရင်လေး နေမိပါသည်။

ထိုအခိုက်တွင် ကျွန်မ၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်နေသော မာရီယာမက်ဝဲက –

"ဆရာမမှာ စိတ်ဒုက္ခအနှောင့်အယှက်များ ဖြစ်နေပါသလား"

ဟု မေးလိုက်ရာ ကျွန်မက ကပျာကရာ မျက်နှာပြင်လိုက်ပြီး –

"ဘာမှ မဖြစ်ပါဘူးရှင်။ မမရဲ့သားလေးက ကျွန်မမောင်လေး ဒန်ကင်နဲ့ ရုပ်ချင်းတစ်ထေရာတည်း ဆင်နေလို့ပါ"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာက –

"အင်း ... ဟုတ်မှာပေါ့။ မက်ဝဲမျိုးနွယ်တွေက ရုပ်ချင်းဆင်တတ်တာကိုး။ ဒါပေမဲ့ ရုပ်ချင်းသာဆင်တာပါ။ စိတ်ချင်းအတွေးအခေါ်ချင်းကတော့ ခြားနားတတ်ပါတယ်" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် ကျွန်မလည်း ချစ်စရာကလေးငယ် ဒန်ကင်၏ လက်ကို တရင်းတနှီး လက်ဆွဲဆုပ်ကိုင်လိုက်ရာ ကလေးငယ် ဒန်ကင်ကလည်း တရင်းတနှီးပြန်ပြီး လက်ဆွဲဆုပ်ကိုင်ရုံမက ကျွန်မကို မော့ပြီးပြုံးပြပါသည်။ အို ... ဤကလေးငယ်ဒန်ကင်၏ ပြုံးပုံကလည်း ကျွန်မမောင်လေး ဒန်ကင်၏ ပြုံးပုံနှင့် တစ်ထေရာတည်းပါကလား၊ ချစ်စရာ ကောင်းလိုက်တာ။

ကလေးငယ်ဒန်ကင်လည်း ကျွန်မကို ပြုံးပြပြီးနောက် –

"ဆရာမလာတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်။ ဆရာမက ကျွန်တော်တို့နဲ့အတူနေပြီး ကျွန်တော့်ကို စာတွေ အများကြီး သင်ပေးမှာလား" ဟု မေးလိုက်ရာ၊ ကျွန်မက –

"သင်ပေးမှာပေါ့ကလေးရယ်။ ကလေးနဲ့အတူနေပြီး စာတွေ အများကြီး သင်ပေးမှာပေါ့" ဟု ဝမ်းသာအားရ ပြောကြားလိုက်ပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးမက်ဝဲက 'ဖားဂတ်' ကို 'ငါ့သား' ဟု ခေါ်သော်လည်း ဤကလေးငယ် ဒန်ကင်အား 'ငါ့သား' ဟု မခေါ်သည့် အဖြစ်ကို အမှတ်မထင် သတိရမိပါသည်။

*

အပေါ်ထပ်ရှိ စာသင်ခန်းအတွင်း၌ ကျွန်မနှင့် ကလေးငယ် ဒန်ကင်တို့ နေ့လယ်စာအတူ စားကြပါသည်။ ကလေးငယ် ဒန်ကင်က သူ့မြင်းလေးဂျင်ဂါ အကြောင်းကိုလည်း ပြောပါသည်။ ပင်လယ်ကမ်းနစ်ဖက်၌ ရှိသော ကျောက်ဂူငယ်လေးများ အကြောင်းကိုလည်း ပြောပါသည်။ လှိုင်းလေ တဝုန်းဝုန်း ထန်နေသော အတ္တလန္တိတ် သမုဒ္ဒရာဘက်က ကမ်းခြေအကြောင်းနှင့်လေကွယ်ပြီး တိတ်ဆိတ်ငြိမ်သက်နေသော ပင်လယ်ကမ်းခြေအကြောင်းကိုလည်း ပြောပါသည်။ ထို့ပြင် သူမြင်ဖူးတွေ့ဖူးသော ပင်လယ်သတ္တဝါများအကြောင်းကိုလည်း ပြောပါသည်။

ထို့ပြင် ကလေးငယ် ဒန်ကင်သည် အစ်ကိုကြီး ဖားဂတ်အကြောင်းကိုလည်း ပြောပါသည်။ ဖားဂတ် အကြောင်းကို ကျွန်မ သိချင်သော်လည်း ကလေးငယ် ဒန်ကင်အား မမေးပါ။ ကလေးငယ်တို့သည် မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့်မေးခွန်းကို မေးကြောင်း အလိုလိုသိတတ်သောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် ကလေးငယ် ဒန်ကင်နှင့် ကျွန်မတို့ စကားလက်ဆုံ ကျခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦးလည်း တိုးပြီး ခင်မင်ရင်းနှီးလာခဲ့ပါသည်။ ထိုသို့

http://www.cherrythitsar.org



စကားလက်ဆုံကနေခိုက်တွင် **ဂျူနီတာ** အမည်ရှိ နီဂရိုးမကြီးလာရောက်၍ ကလေးငယ် ဒန်ကင်ကို လာခေါ်ရာ ကလေးငယ်ဒန်ကင်က –

"အခုအချိန်က နေ့လယ်နေ့ခင်းအိပ်ချိန် ဆရာမရဲ့၊ ဒီအချိန်မှာ လူတိုင်း အနားယူကြရတယ်။ ဆရာမလဲ အနားယူရင်း တမေးလောက် အိပ်လိုက်ဦးနော်"

ဟု ပြောကြားပြီး ထွက်ခွာသွားပါသည်။

ဤတွင် ကျွန်မလည်း ကျွန်မအခန်းရှိရာသို့ လျှောက်လာရာမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ၊ တောက်ပပူပြင်းသော နေရောင်ခြည်အောက်၌ အနားမရဘဲ အလုပ်လုပ်နေကြရသော ဥယျာဉ်အလုပ်သမား နီဂရိုးကျေးကျွန်များကို တွေ့မြင်ရပါသည်။

ကျွန်မအခန်းကို ရောက်သောအခါ အသင့်စောင့်နေသော နီဂရိုးမလေး တစ်ဦးကို တွေ့ရပါသည်။ ထိုနီဂရိုးမလေးမှာ အသက်အရွယ် ပျိုမျစ်နုနယ်ပြီး၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးထွားကျိုင်းပါသည်။ အသားအရေမှာ ကြေးနီရောင်တောက်ပြီး စိုပြည်လှပါသည်။ ထိုနီဂရိုးမလေးက မိမိအမည်မှာ **ချာရီတီ** ဟု ခေါ်ကြောင်းနှင့် ကျွန်မလက်တိုလက်တောင်းခိုင်းသည်ကို ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း ပြောကြားပါသည်။

ထို့နောက် နီဂရိုးမလေး ချာရီတီလည်း ကျွန်မ အဝတ်သေတ္တာကို ဖွင့်ကာ၊ ဗီရိုတွင်းသို့ စနစ်တကျ ထည့်ပေးရာမှ –

"ဆရာမက ဘယ်လိုဒေသက လာခဲ့တာလဲဟင်။ ဆရာမရဲ့ အဝတ်အစားတွေကလည်း ထူလိုက်တာ" ဟု ပြောကြားရာ ကျွန်မက –

"အလွန်အေးတဲ့ အရပ်က လာခဲ့တာပေါ့ကွယ်"

ဟု ဖြေလိုက်ပါသည်။

ထိုအခိုက်တွင် ချာရီတီလည်း ကျွန်မ၏ ကိုယ်ကျပ်အင်္ကျီမှ ကြိုးကို ကျင်ကျင်လည်လည် ဖြုတ်ပေးရာမှ ကျွန်မ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ငေးကြည့်နေပါသည်။ ထို့နောက် –

"ဆရာမရဲ့ ခန္ဓာကိုယ် အချိုးအဆစ်ဟာ အပြစ်ပြောစရာ မရှိအောင် ပြေပြစ်လှပါတယ်။ ဒီလောက် ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်လှပါရက်နဲ့ ဘာကြောင့်များ အဝတ်အစား ထူထူကြီးတွေ ဝတ်ရတာလဲ ဆရာမရယ်" ဟု ပြောကြားပြီး၊ ကျွန်မ၏ ဆံပင်ကို ညင်ညင်သာသာ ဖြီးသင်ပေးပါသည်။ ထိုအခိုက်တွင်လည်း –

http://www.cherrythitsar.org



"ဆံပင်လေးက ပိုးသားလေးလို နူးညံ့နေတာပဲနော်" ဟု ချီးကျူးပါသေးသည်။

ကျွန်မသည် နေ့ခင်းနေ့လယ်၌ အိပ်စက်အနားယူလေ့ရှိသူ မဟုတ်ပါ။ သို့သော် အိပ်ရာခင်းဖြူဖြူလေး ခင်းထားအပ်သော ကျွန်မ၏ ခုတင်ပေါ်သို့ ကျောချမိသောအခါ မျက်လုံးများ စင်းကျလာပါသည်။ ထိုအခိုက်တွင် နီဂရိုးမလေး ချာရီတီလည်း ကျွန်မအပါးတွင် ထိုင်နေပါသည်။ ကျွန်မက အိပ်ချင်မူးတူးဖြစ်နေရာမှ မျက်လုံးကို အားယူဖွင့်ပြီး ကြည့်လိုက်ရာ ချာရီတီက ကျွန်မကို ချစ်ခင်လေးစားသော အသွင်ဖြင့် စိုက်ကြည့်နေသည်ကို တွေ့ရပါသည်။ ထို့ပြင် ကျွန်မကို ပြုံးကြည့်ပြီး –

"လင်းဖောစ်အိမ်ကြီးကို ဆရာမရောက်လာတဲ့အတွက် ဒီစံအိမ်ကြီးမှာ ရှိနေတဲ့ ဘေးဒုက္ခအခက်အခဲတွေ လျော့ပါးသွားပါစေလို့ ကျွန်မ ဆုတောင်းနေပါတယ်" ဟု ခပ်တိုးတိုး ပြောလိုက်သည်ကို ဝိုးတဝါး ကြားလိုက်ရသည်။ ထို့နောက် ကျွန်မလည်း မေ့ခနဲ အိပ်ပျော်သွားပါတော့သည်။

ထိုသို့မေ့ခနဲ အိပ်ပျော်သွားရာမှ ဆူညံဆူညံအသံများကြောင့် အိပ်ရာမှ ဆတ်ခနဲ လန့်နိုးလာပါသည်။ ထိုအခိုက်တွင် မစ္စတာ အင်ဒရူးမက်ဝဲက အသံသြကြီးဖြင့် –

"ဟေ့ကောင် ဖားဂတ်။ မင်းကို အမိန့်ပေးခဲ့တယ် မဟုတ်လား။ ငါ့အမိန့်ကို တစ်သဝေမတိမ်း မင်းနာခံရမှာပေါ့ကွ"

ဟု ဟစ်အော်ကြိမ်းမောင်းနေသည်ကို ကြားလိုက်ရပါသည်။

ဤတွင် ကျွန်မလည်း အိပ်နေရာမှ ဆတ်ခနဲ ထထိုင်ပြီးလျှင် ကျွန်မကို လာကြိုရန် တာဝန်ပျက်ကွက်ခဲ့သော ဖားဂတ်ဆိုသူအား ကြည့်ရှုလိုသော စိတ်ဖြင့် ဝရန်တာဘက်သို့ထွက်လာပြီး အောက်ဘက်သို့ငုံ့ကြည့်လိုက်ပါသည်။ ထိုအခိုက်တွင် ကျွန်မ၏ 'ရင်သိမ်းတော်ပန်းပျော့ကာ လျော့တော့တော့မလုံတလုံ' ဖြစ်နေသည်ကို ကျွန်မ ဂရုမပြုခဲ့မိပါ။

လင်းဖောစ်အိမ်တော် ဆင်ဝင်ပေါက်အနီးတွင် မစ္စတာ အင်ဒရူးမက်ဝဲ မားမားမတ်မတ် ရပ်နေပြီး၊ မလှမ်းမကမ်းတွင်မူ အုန်းခွံရောင် မြင်းကြီးကို အကြော့သား စီးထားသော လူထွားကြီးတစ်ယောက် ရှိနေပါသည်။ ထိုလူထွားကြီးကား မစ္စတာ အင်ဒရူးမက်ဝဲ၏ သား ဖားဂတ် ဖြစ်ပါလိမ့်မည်။ မြက်ဦးထုပ်အကြီးစားကို မျက်နှာအုပ်အောင် ဆောင်းထားသည့်အတွက် မျက်နှာကို ကျွန်မ ကောင်းကောင်း မမြင်ရပါ။

http://www.cherrythitsar.org



ကျွန်မ ငေးကြည့်နေခိုက်တွင် အုန်းခွံရောင်မြင်းညိုကြီးထက်ရှိ လူထွားကြီးက –

“စကော့ကျောင်းဆရာမလေးကို သွားပြီး ကြိုဖို့က ကျွန်တော့်မှာ အချိန်မရဘူး။ ဒါကြောင့် အချိန်အားရတဲ့ လူတစ်ယောက်ယောက်ကို သွားကြို ခိုင်းပါလို့ ဖေဖေ့ကို ကျွန်တော် ကြိုတင်ပြီး ပြောထားပြီးသားပါ ဖေဖေ။ ‘ဝင်တာ ဆိုလို’ မှာ လုပ်စရာ အလုပ်တော့ တောင်ပုံရာပုံ ရှိနေပါတယ် ဖေဖေ။ ဒီအလုပ် တွေကို ကျွန်တော် ပစ်ပြီး မသွားနိုင်ပါဘူး။ ပြီးတော့ ကျွန်တော် မနှစ်သက် မလိုလားတဲ့ကိစ္စကို အတင်းအကြပ် ဘယ်တော့မှ မခိုင်းပါနဲ့ ဖေဖေ။ ဒီလို အတင်းအကြပ်ခိုင်းချင်တဲ့ အတွေးအကြံတွေ ဖေဖေ့မှာ ရှိနေတယ်ဆိုရင်လဲ ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်ပါ ဖေဖေ”

ဟု လေအေးအေးနှင့် ပြောကြားသည်။

ထို့နောက် ဆောင်းထားသော မြက်ဦးထုပ်ကြီးကို ဆက်ခနဲ နောက်သို့ လှန်ချလိုက်ရာ လူထွားကြီး၏မျက်နှာကို အထင်အရှား မြင်ရပါတော့သည်။

လူထွားကြီး ဖားဂတ်ကား မစ္စတာ အင်ဒရူး မက်ဝဲ၏သားပီသပါပေသည်။ မစ္စတာ အင်ဒရူးနှင့်လည်း ရုပ်ချင်း ဆင်၍ ကလေးငယ်ဒန်ကင်နှင့်လည်း ရုပ်ချင်းဆင်နေပါသည်။ ဆံပင်မှာ ရွှေရောင်တောက်နေပြီး၊ မျက်ဝန်းအစုံမှာ ပြာလဲ့နေပါသည်။ ကိုယ်ခန္ဓာအချိုးအဆစ်မှာလည်း တောင့်တင်းပြေပြစ် လှပါသည်။ ကိုလူထွားဖားဂတ်ကို မြင်မြင်ချင်း ကျွန်မ၏ ရွှေရင်အစုံသည် တသိမ့်သိမ့် ခုန်သွားပါတော့သည်။ ကိုလူထွားဖားဂတ်ကိုလည်း တရှိုက်မက်မက် ငေးပြီးကြည့်နေမိပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးလည်း ကျွန်မကိုတွေ့မြင် သတိပြုမိသွားပြီး တဟားဟား အော်ရယ်လိုက်ပါသည်။ ထို့နောက် ရယ်သံကြီးဖြင့်–

“ဟော့ကောင် ဖားဂတ်။ မင်းသွားကြိုရမယ့် စကော့ဆရာမလေးက သူပဲကွ။ ဒီလောက် တပ်မက်စရာကောင်းတဲ့ မိန်းမချောလေးကို သွားကြိုဖို့ အခွင့်အရေးရပါရက်နဲ့ မင်းဟာ အဲဒီအခွင့်အရေးကို လက်လွှတ်ပစ်လိုက်တယ်။ ဒီအတွက် မင်းကို ငါသနားလိုက်ပါရဲ့” ဟု ပြောကြားလိုက်ပါသည်။

ထိုစကားကိုကြားလျှင် ကျွန်မတစ်ကိုယ်လုံး ထူပူသွားပါသည်။ ကျွန်မ၏ အဝတ်အစား မလုံမလဲ အဖြစ်ကိုလည်း ချက်ချင်း အမှတ်ရကာ ရှက်သွေးမွှန်သွားပါသည်။ ထို့ကြောင့် ကျွန်မ အိပ်ခန်းရှိရာသို့ ဒရောသောပါး ပြေးလာခဲ့မိပါသည်။

http://www.cherrythitsar.org



ကျွန်မတို့ အိပ်ခန်း တံခါးပေါက်အားလုံးမှာ အခန်းကူး လမ်းကြား လေးနှင့် ဆက်နေရာ၊ ကျွန်မ အိပ်ခန်းသို့ ဒရောသောပါး ပြေးလာခိုက်တွင် မာရီယာ မက်ဝဲက အိပ်ခန်းတံခါးပေါက်ရှေ့ထွက်ပြီး ရပ်ကြည့်နေသည်ကို တွေ့ရပါသည်။

မာရီယာမက်ဝဲသည် အကောင်းစား ပိတ်ချောတွင် ရဲရဲနီနေသော ဇာပန်းတို့ အနားကွပ်ထားသည့် ဝတ်ရုံကြီးကို ခံ့ခံ့ကြီး ဝတ်ထားပါသည်။ ကျွန်မကို စိမ်းစိမ်းကြည့်ပြီး ပြုံးလိုက်ပါသည်။ သို့သော် စကား တစ်ခွန်းမှ မဟပါ။ စကားပြောဖို့လည်း လိုမည်မထင်ပါ။ မာရီယာမက်ဝဲ၏ အကြည့်နှင့် အပြုံးတွင် အဓိပ္ပာယ်အမျိုးမျိုး ဆောင်နေပါသည်။ ကျွန်မကို 'အဝတ်အစား မသပ်ရပ်သောသူ ကဘောက်ကရေနိုင်သောသူ၊ ပစ်စလက်ခတ်နိုင်သောသူ၊ အကျင့်ပေါ့တန်သောသူ' အဖြစ် စွပ်စွဲနေသည့်အသွင် ပေါ်ထင်နေပါသည်။

ထို့ကြောင့် ကျွန်မလည်း အိပ်ခန်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးကို ဆောင့်ပိတ်ပြီးလျှင် ခုတင်ပေါ် မှောက်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့သည်။

***

[ ၃ ]

# ချစ်ကဲမကောင်းသူ၏ ဇာတ်ကြောင်း

ကလေးငယ်ဒန်ကင်ကို ကျွန်မ စိတ်ပါလက်ပါ မေးမြန်းဆွေးနွေး၍ စာသင်ကြားပေခဲ့ရာ၊ ညစာစားသည့်အချိန်တိုင်အောင်ပင် ဖြစ်ပါသည်။

ဒန်ကင်လေးသည် အချို့သော အကြောင်းကိစ္စများ၌ ထူးထူးခြားခြား စိတ်ပါဝင်စားပြီး အချို့သော အကြောင်းကိစ္စများ၌ လုံးဝ စိတ်ဝင်စားခြင်း မရှိပါ။ ဒန်ကင်လေးသည် စိုက်ခင်းပျိုးခင်းများ အကြောင်း၊ ကျေးကျွန်များ အကြောင်းကို အရွယ်နှင့် မလိုက်အောင် သိနေပါသည်။ ထို့ပြင် ကျွန်မ မောင်လေး လုံးဝသိရှိမည် မဟုတ်သော ငွေရေးကြေးရေးကိစ္စကိုလည်း သိရှိနေပါသည်။ ထို့ပြင် အနောက်အိန္ဒိယဒေသသစ်အကြောင်းကိုလည်းကောင်း၊ လန်ဒန်မြို့၊ ဘရစ်တိုမြို့၊ လစ်ဗာပူမြို့အကြောင်းကိုလည်းကောင်း စေ့စေ့စုံစုံ သိရှိနေပါသည်။

ကျွန်မက ဂဏန်းသင်္ချာနှင့် လက်တင်ဘာသာတို့ကို သင်ကြားပေးသောအခါ၊ လင်းဖောဒေသနှင့် ပတ်သက်၍ အသုံးမဝင်ဟု ယူဆကာ သင်ကြားရန် ငြင်းဆိုပါသည်။ ထို့ကြောင့် ကျွန်မက –

"သားသားတို့မှာ သကြားစည်တွေ ဘယ်နှစ်စည်ရှိသလဲ။ အဲဒီသကြားစည်တွေကို လန်ဒန်မြို့တော်ကြီးကို တင်ပို့ပြီး ရောင်းချရင် ငွေဘယ်

http://www.cherrythitsar.org



လောက်ပိုမြတ်စွန်းမလဲဆိုတာကို သားသားမသိချင်ဘူးလား။ အဲဒါတွေကို သိချင်ရင် ဂဏန်းသင်္ချာကို သားသား သင်ရမှာပေါ့”ဟု ပြောကြားရာ၊ ဒန်ကင်လေးလည်း အတန်ကြာတွေနေပြီးနောက် –

“ကောင်းပါပြီ ဆရာမ။ ဂဏန်းသင်္ချာကို ကျွန်တော် သင်ပါတော့မယ်။ ဒါပေမဲ့ လက်တင်ဘာသာကိုတော့ ကျွန်တော် မသင်ချင်ဘူး။ ကျွန်တော့်အတွက် ဘာမှလဲ အသုံးမဝင်ဘူး”ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက ပြုံးပြီး –

“လက်တင်ဘာသာကို သားသား သင်ရမှာပေါ့ကွယ်။ လက်တင်ဘာသာကို သားသား မသင်ဘဲနေရင် လက်တင်ဘာသာတတ်တဲ့အမျိုးတွေနဲ့ တွေ့တဲ့အခါ အ,အကြီးဖြစ်နေမှာပေါ့။ ပြီးတော့ လန်ဒန်မြို့တော်မှာဆိုရင် အားလုံး လက်တင်ဘာသာတတ်ကြတာချည်းပဲ”ဟု ပြောကြားလိုက်ရာ ဒန်ကင်လေးလည်း မခံချင်စိတ် ဖြစ်ပေါ်သွားပြီး –

“ဒါဖြင့် ဦးဦးအယ်လစ်တာလဲ လက်တင်ဘာသာ တတ်မှာပေါ့နော်။ ပြီးတော့ အခြားဘာသာတွေလဲ တတ်မှာပေါ့။ ဒီလိုဆိုရင် ကျွန်တော်လဲ ဆရာမ သင်ပေးတာတွေကို သင်ပါတော့မယ်”

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက ပြုံးပြီး –

‘ဒါမှပေါ့ကွယ့်။ လင်းဖော်က ဆရာမ မပြန်ခင် အချိန်လေးမှာ သားသားကို ဆရာမ စာတွေ အများကြီး သင်ပေးခဲ့မှာပေါ့”ဟု ပြောလိုက်ရာ၊ ဒန်ကင်လေးလည်း အလွန်အံ့အားသင့်သွားသော အမူအရာဖြင့် –

“ဘာကြောင့် ဆရာမက ပြန်ရမှာလဲ။ ဒီမှာ တစ်သက်လုံးနေမယ်လို့ ကျွန်တော် ထင်နေတာ”

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

“သားသားရယ်။ ဘယ်အရာမဆို အမြဲနိစ္စ ရှိကြတာမှ မဟုတ်တာကွယ်။ မင်းကြီးလာတော့ သိလာမှာပါ”ဟု ပြောကြားလိုက်ပါသည်။ ကျွန်မ အပေါ်ထားအပ်သော မာရီယာမက်ဝဲ၏ သဘောထားကို ကျွန်မ ရိပ်စားမိထားပြီဖြစ်ရာ၊ ‘ဤလင်းဖောစ်အိမ်ကြီး၌ ကျွန်မ ကြာရှည်မည်မဟုတ်ကြောင်း’ ကောင်းကောင်းကြီး သိနေသောကြောင့် ဤကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။

http://www.cherrythitsar.org


ထို့နောက် ကျွန်မလည်း ဒန်ကင်လေးအား စာဆက်သင်ပေးနေရာ၊ ထိုအခိုက်တွင် နီဂရိုးမကြီး ဂျူနီတာ ဝင်ရောက်လာပြီးလျှင် –

"သခင်ကြီးနဲ့ သခင်မလေးတို့နဲ့အတူ ဆရာမ ညစာစားဖို့အကြောင်း ကြားခိုင်း လိုက်ပါတယ်"

ဟု ပြောကြားသည်။

ကျွန်မလည်း ပါလာသော အဝတ်အစားများထဲက အစိမ်းအရောင် ခါသာပိတ်ချော အင်္ကျီကို ရွေးပြီး ဝတ်ဆင်လိုက်ပါသည်။ စဲကတ်ကျေးတော၌ အကောင်းစားထဲက ပါဝင်နိုင်ပါသည်။ သို့သော် ဤလင်းဖောစ်အိမ်ကြီးက ညစာစားပွဲအတွက်မှာ ယခု ကျွန်မ ဝတ်သောအင်္ကျီမှာ အနည်းငယ် ပုံပျက်နေပါ သည်။ ထို့ကြောင့်လည်း ကျွန်မ အဝတ်အစားကို ကြည့်ကာ နီဂရိုးမလေး ချာရီတီသည် အတော် စိတ်ပျက်သွားပုံရပါသည်။

"ဆရာမကလဲနော်။ လည်ပင်းတောင် မမြင်ရနိုင်တဲ့ ပုံပျက်ပန်းပျက် အင်္ကျီပွပွကြီးကို ဘာဖြစ်လို့ ဝတ်တာပါလိမ့်။ ဆရာမရဲ့ အချိုးအဆစ်ပြေပြစ်တဲ့ ခန္ဓာကိုယ်နဲ့ တစ်သားတည်း ချပ်ချပ်ရပ်ရပ် ဖြစ်မယ့် အင်္ကျီမျိုးကို ဝတ်စမ်းပါ" ဟု ရေရွတ်ရင်း ကျွန်မ ခေါင်းကို စိတ်ရှည်လက်ရှည် ဖြီးသင်ပေးပါသည်။ ထို့နောက် ဖယောင်းပန်း တစ်ခက်ကို ပန်ပေးရာ၊ ကျွန်မက –

"ငါ့ညီမရ။ ကလေးတွေကို စာပြရတဲ့ဆရာမဆိုတာ ပန်းမပန်ရဘူး ကွယ့်" ဟုပြောကာ ဖယောင်းပန်းကို ဖြုတ်ပစ်လိုက်ပါသည်။ ဤသို့ ဖယောင်း ပန်းကို မပန်ဘဲ ဖြုတ်ပစ်လိုက်သော်လည်း ကျွန်မ ရင်တွင်း၌မူ ဖယောင်းပန်းကို ပန်ချင်စိတ်ရှိပါသည်။ ထို့ပြင် ရှေးယခင်ကထက်ပိုပြီး လှချင်ပချင်စိတ်လည်း ထူးထူးခြားခြား ဖြစ်ပေါ်နေမိပါသည်။

ဝတ်စားပြင်ဆင်ပြီးသောအခါ အပေါ်ထပ်ရှိ ကျွန်မ အိပ်ခန်းမှ လှေကားအတိုင်း ဆင်းလာခဲ့ပါသည်။ ဖယောင်းတိုင် မီးများထွန်းထားသော အလယ်ဗဟိုခန်းမကြီးသို့ ရောက်သောအခါ ဧည့်ခန်းသို့ သွားသော တံခါးပွင့် နေသည်ကို တွေ့ရပါသည်။ ထိုသို့ ပွင့်နေသော တံခါးမှနေ၍ ဧည့်ခန်းသို့ လှမ်းဝင်သွားခဲ့ပါသည်။ ဧည့်ခန်းထောင့်တစ်နေရာ၌ မီးခိုးတိုင်တစ်ခုရှိ၍ ထို မီးခိုးတိုင်အပါး၌ ခံ့ညားလှပသော မှန်ကြီးတစ်ချပ် ချိတ်ထားပြီး ကျောက်ဖြူစင် ထက်ရှိ ဖယောင်းတိုင် နှစ်တိုင်အနက် တစ်တိုင်ကို မီးထွန်းညှိထားသည်ကို တွေ့ရပါသည်။ ထိုတစ်တိုင်တည်းသော ဖရောင်းတိုင်မီးရောင်ကြောင့် ကျွန်မ၏ စိတ်အာရုံသည် နိုးကြွလာခဲ့ပါသည်။ အသက်ရှူလည်း ပြင်းလာခဲ့ပါသည်။

http://www.cherrythitsar.org



ကျောက်ဖြူစင်အပေါ်ပိုင်း၌ ချိတ်ထားသော မှန်ကြီးထဲတွင် မာရီယာမက်ဝဲ၏ နောက်ကျောကို မြင်နေရပါသည် မာရီယာမက်ဝဲ၏ လည်တိုင်သည် တဖျတ်ဖျတ် တောက်နေသော စိန်ရောင်တို့ဖြင့် ဝင်းဖြိုနေပါသည်။ မာရီယာမက်ဝဲ၏ နက်မှောင်သော ဆံကေသာထက်၌မူ အရောင်တလက်လက် တောက်နေသော မြ ဆံထိုးကြီးကို တွေ့ရပါသည်။ ထို့ပြင် မာရီယာမက်ဝဲ၏ နားနှစ်ဖက်၌လည်း ကြီးမားလှသော မြနားကပ်ကြီး ဆင်ထားသည်ကို တွေ့ရပါသည်။ ကျွန်မ ငေးကြည့်နေခိုက်တွင် မာရီယာမက်ဝဲသည် လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ၊ လက်နှစ်ဖက်၌ ဝတ်ဆင်ထားသော ပတ္တမြား လက်စွပ်ကြီးနှင့် နီလာလက်စွပ်ကြီးတို့မှ အရောင် တဖျတ်ဖျတ် လင်းလက်သွားပါသည်။

ထိုအခိုက်တွင် ဆိုဖာနီကြီးထက်၌ ထိုင်နေသော မစ္စတာ အင်ဒရူးမက်ဝဲ၏ အသံသြကြီး ထွက်ပေါ်လာပါသည်။

"မာရီယာ။ အခန်းထဲမှာ ထပ်မထွန်းတော့ဘူးလား။ ဟောဟိုမှာ ဆရာမလေး လာနေတယ်။ အခန်းထဲမှာ မှောင်နေလို့ စမ်းတဝါးဝါး ဖြစ်နေတာ မတွေ့ဘူးလား" ဟူသော အသံသြကြီးထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကျွန်မ မြင်ရသော မြင်ကွင်းသည် မှေးမှိန်ပျောက်ကွယ်သွားပါသည်။

ထိုအခိုက်တွင် မာရီယာက –

"အို ... ဟုတ်ပါရဲ့။ မှောင်တောင်နေပါပကော။ ခင် မေ့သွားတယ် အစ်ကိုကြီးရေ"

ဟု ပြောပြီး ကျွန်မဘက်သို့ လှည့်လိုက်ပါသည်။

ထိုသို့ ကျွန်မဘက်သို့ လှည့်လိုက်သော မာရီယာမက်ဝဲကို ကျွန်မ စေ့စေ့စပ်စပ် ကြည့်လိုက်ပါသည်။ ယခု ကျွန်မ မြင်ရသော မာရီယာ၌ စိန်နားကပ်၊ စိန်လက်စွပ်တို့ကို မတွေ့ရပါ။ မြဆံထိုး၊ မြနားကွပ်တို့ကို မတွေ့ရပါ။ ကိုယ်နှင့် ချပ်ယပ်နေသော ပိုးစိမ်းအင်္ကျီလေးသာ ဆင်မြန်းထားသည်ကို တွေ့ရပါသည်။ ထိုသို့ ရုတ်ချည်းပြောင်းလဲသွားသော မြင်ကွင်းကြောင့် ကျွန်မလည်း 'ငါ သွေးလေချောက်ချားနေပလား' ဟု တွေးကာ တုန်လှုပ်နေမိပါသည်။

ထို့နောက် ဧည့်ခန်းတွင်းသို့ အိန္ဒြေမပျက် လျှောက်လာခဲ့ပါသည်။ မာရီယာလည်း ကျွန်မ၏ အဝတ်အစားတို့ကို ကြည့်ပြီး မသိမသာ ပြုံးလိုက်ပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးလည်း ဖန်ခွက်ကိုင်ထားသော လက်ဖြင့် မြှောက်လိုက်ပြီး –

"ဆရာမရေ၊ လာ ... လာ။ ဆရာမနဲ့ အယ်လစ်တာမက်ဝဲနဲ့ မိတ်ဆက်ပေးရဦးမယ်။ အယ်လစ်တာက ဦးတို့ ဆရာမတို့လို မက်ဝဲမျိုးနွယ်ဝင်တစ်ယောက်ပဲ"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် အဝတ်အစားကို ခံ့ခံ့ညားညား ဝတ်ဆင်ထားသော အရပ်မြင့်မြင့် သေးသေးသွယ်သွယ် လူတစ်ယောက်သည် ကျွန်မအပါးသို့ လျှောက်လာကာ –

"ကျွန်တော့်အမည်က အယ်လစ်တာမက်ဝဲပါ။ ကျွန်တော် ငယ်ငယ်တုန်းက ဆရာမမေမေကို တွေ့ဖူးပါတယ်။ ဆရာမ မေမေက မိန်းမချောတစ်ယောက်ပါပဲ"

ဟု လေအေးအေးနှင့် ပြုံးပြီး ပြောကြားပါသည်။

အယ်လစ်တာမက်ဝဲကား မက်ဝဲမျိုးနွယ်ဝင်တစ်ယောက်နှင့် မတူလှပါ။ သို့သော် မြင်မြင်ချင်း လေးစားခင်မင်စရာကောင်းသော သူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရပါသည်။ အသားအရေမှာ ညိုစိမ့်စိမ့်ဖြစ်ပြီး မျက်နှာသွယ်ပါသည်။ ထို့ပြင် လိမ္မာထက်မြက်သည့် အသွင်လည်း ပေါ်နေပါသည်။

အယ်လစ်တာက ကုလားထိုင်တစ်လုံးကို ကျွန်မ ထိုင်ဖို့ ဆွဲယူပေးရာ ကျွန်မလည်း အသာထိုင်ချလိုက်ပါသည်။ ထိုအခိုက်တွင် အယ်လစ်တာက စကော့တလန်ပြည်အကြောင်းကို မေးမြန်းရာ ကျွန်မလည်း စကော့တလန်ပြည်တောတောင်ဝန်းကျင်နှင့် ရာသီဥတုအကြောင်းကို အသေးစိပ် စိတ်ပါလက်ပါ ပြောကြားလိုက်ပါသည်။ ထို့နောက် အယ်လစ်တာမက်ဝဲက –

"လွန်ခဲ့တဲ့ နှစ်လောက်က ဆရာမရဲ့ညီမ မေရီကို လန်ဒန်က သူ့အဒေါ်ဆီလာလည်တုန်း ကျွန်တော် တွေ့ခဲ့တယ်။ ဆရာမ ညီမကလဲ မိန်းမချောတစ်ယောက်ပဲ"

ဟု ပြောကြားလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"အင်း ... ဟုတ်မှာပါပဲ။ မောင်တို့အဖို့တော့ မိန်းမချော တစ်ယောက်ဖြစ်မှာပါပဲ။ ဒါပေမဲ့ ကျုပ်သားအဖို့တော့"

ဟု ကြားဝင်ပြောပါသည်။

ထိုအခါ မာရီယာလည်း စကားမဆုံးခင် 'အင်ဒရူး' ဟု ခပ်တိုးတိုး သတိပေးလိုက်ရာ၊ မစ္စတာအင်ဒရူးလည်း စကားစကို ချက်ချင်းရပ်လိုက်ပြီး နှုတ်ဆိတ်နေပါတော့သည်။

http://www.cherrythitsar.org



အတန်ကြာသောအခါ အယ်လစ်တာလည်း ကျွန်မနှင့် စကားလက်ဆုံကျနေရာမှ မာရီယာနှင့် တစ်ဖန် စကားလက်ဆုံကျသွားပါသည်။ ထိုအခိုက်တွင် ကျွန်မလည်း ဧည့်ခန်းဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုရာမှ အမိုးထိလုနီးပါး မြင့်မားလှသော ဗီရိုကြီးတစ်လုံးကို အထူးစိတ်ဝင်စားမိပါသည်။ ဗီရိုကြီး၏အပေါ်ပိုင်း သုံးပုံနှစ်ပုံမှာ မှန်သားထူထူဖြင့် ကာထားရာ အတွင်းရှိ ပစ္စည်းများကို အထင်အရှား တွေ့ရပါသည်။

ဗီရိုတွင်းရှိ အရုပ်လှလှလေးများကို စိတ်ဝင်စားလာသောကြောင့် ကျွန်မလည်း ထိုင်ရာမှထကာ အနီးသို့ကပ်သွားပြီး စေ့စေ့စပ်စပ် သွားကြည့်နေမိပါသည်။ ထိုအခါ ကျွန်မကို မသိမသာ အကဲခတ်နေသော မာရီယာက –

"ဆရာမရေ။ ဗီရိုတံခါးကို သော့ခတ်ထားတယ်။ ဒီဗီရိုထဲက ပစ္စည်းတွေက ရှားပါးတဲ့ ရှေးဟောင်းပစ္စည်းတွေချည်းပဲ။ သားရေဖုံးနဲ့ စာအုပ်တွေဆိုရင် ဒုတိယမြောက် **ဖိလစ်** ဘုရင်မင်းမြတ် (၁၅၂၇ – ၉၈) ရဲ့ စာကြည့်တိုက်တော် က စာအုပ်တွေပေါ့။ ဒါကြောင့် ကျေးကျွန်တွေကိုင်မှာစိုးပြီး သော့ခတ်ထားရ တာ" ဟုပြောကြားပါသည်။

ဤတွင် အယ်လစ်တာက –

"ဟုတ်လား၊ ဒါဖြင့်ရင် တစ်နေ့နေ့မှာ ကျွန်တော်တို့ကို သော့ဖွင့်ပြီးပြပါလား" ဟုပြောလိုက်ရာ၊ မာရီယာက –

"ဟုတ်ကဲ့ ပြတာပေါ့။ ဗီရိုထဲက အရုပ်လှလှလေးတွေ အကြောင်းပြောရဦးမယ်။ ဒီအရုပ်လှလှလေးတွေဟာ ဘုရင့် သမီးတော်ကစားတဲ့ အရုပ်လေးတွေပေါ့။ ကျွန်မတို့ အဘွားရဲ့ အဘွားက နန်းတွင်းအပျိုတော်ကြီးလေ"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် အင်ဒရူးမက်ဝဲထံမှ တဟားဟား ရယ်မောသံကြီး ထွက်ပေါ်လာပါသည်။ ထို့နောက် –

"အဲဒီ ဗီရိုထဲက ပစ္စည်းတွေဟာ ကျုပ်နဲ့ လက်ထပ်စဉ်က ကျုပ်ဇနီး ဘက်ကပါတဲ့ ရှိစုမဲ့စုပါရင်း ပစ္စည်းတွေပေါ့ဗျာ။ အဲဒီအရုပ်လေးတွေနဲ့ ကစားရတာ ငြီးငွေ့တဲ့အတွက် ဘုရင့်သမီးတော်က အဝတ်ဟောင်းလျှော်တဲ့ မိန်းမကြီးကို စွန့်ကြဲလိုက်တယ်လေ" ဟု ပြောကြားလိုက်ရာ မာရီယာလည်း –

"အလကား လူလိမ်ကြီး" ဟု စိတ်ဆိုးမာန်ဆိုးနှင့် အော်လိုက်ပါတော့သည်။

ထိုအခိုက်တွင် အိမ်တော်စိုးဒူဂယ်က လေသံအေးအေးဖြင့် –

http://www.cherrythitsar.org



"ညစာစားဖို့ အသင့်ဖြစ်ပါပြီ သခင်မ" ဟု ပြောကြားလိုက်ပါသည်။ ထို့ကြောင့် အယ်လစ်တာနှင့် မာရီယာတို့လည်း ထိုင်ရာမှ ထကာ ထမင်းစား ခန်းဘက်သို့ လျှောက်သွားပါသည်။ မစ္စတာအင်ဒရူးလည်း တုတ်ကောက်ကြီး ကို အားပြုပြီး ထိုင်ရာမှ ထလိုက်ပါသည်။ ထို့နောက် ကျွန်မကို လှမ်းကြည့်ပြီး

"ဦးကို လာကူစမ်းပါဦးကွယ်။ ဦးက သိပ်မမာလေတော့ လမ်း လျှောက်တဲ့အခါမှာ တွဲဖို့ လူလိုတယ်ကွယ့်" ဟု ပြောကာ၊ ကျွန်မကို တွဲမှီလိုက် ပါသည်။

ညစာစားပွဲကား ပျော်စရာ ကောင်းပါသည်။ မာရီယာလည်း ဝိုင် အရက်ကို သောက်ရင်း အယ်လစ်တာအား လန်ဒန်မြို့တော်က အတင်းအဖျင်း များ၊ ဖက်ရှင်များ၊ ပြဇာတ်များအကြောင်းကို အူရှင်ရှင်နှင့် မေးမြန်းပြောဆိုပါ သည်။ ထို့နောက် –

"အယ်လစ်တာရယ်။ ဟောဒီလင်းဖောမှာ နေရတာ သိပ်ကို ပျင်းဖို့ ကောင်းတာပဲ။ တစ်ခါတလေတော့ ပျော်စရာကောင်းတဲ့ လန်ဒန်ရွှေမြို့တော်ကြီး ကို အလည်အပတ် သွားချင်တဲ့စိတ် ဆန္ဒတွေ တဖွားဖွားပေါ်မိတယ်။ ဒါပေမဲ့ လေ အစ်ကိုကြီးက ခွင့်ပြုမယ် မထင်ပါဘူး" ဟု ပြောကြားလိုက်ရာ၊ မစ္စတာ မက်ဝဲက ကြားဝင်ပြီး –

"မာရီယာရယ်။ အခြေအနေအရပ်ရပ်ကို ခင်သိပြီးသားပါ။ အစ်ကို ကြီးက လန်ဒန်ရွှေမြို့တော်ကို သွားရောက်လည်ပတ်ဖို့ ခွင့်ပေးတာတောင် ခင် မသွားနိုင်ဘူး မဟုတ်လား။ ခင်မရှိရင် ဟောဒီက စိုက်ခင်းပျိုးခင်းတွေကို ဘယ်သူ ကြီးကြပ်ကွပ်ကဲမလဲ။ ကျွန်တွေကို ဘယ်သူ ထိန်းချုပ်စေခိုင်းမလဲ။ အစ်ကိုကြီးဟာ လင်းဖောကို တည်ထောင်ပြုစုခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ခု အသက်အရွယ်မှာတော့ စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး မဟုတ်လား"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မာရီယာက –

"မှန်ပါတယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးကိုယ်စား ခင် ဦးဆောင် ပြီး မလုပ်ရင် လုပ်မယ့်လူမှ မရှိတာဘဲ" ဟု ပြောကြားပြီး အသာသက်ပြင်းချ ကာ –

"လူဆိုတာက ရသမျှနဲ့ ရောင့်ရဲတတ်တာမှ မဟုတ်တာပဲ။ ဒီတော့ ကြီးပွားသထက် ကြီးပွားအောင် ကုန်းရုန်းပြီး လုပ်ကြရတာပေါ့"

ဟု ပြောကြားလိုက်ပါသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် အခန်းကူးလမ်းကြား အမှောင်တွင်းမှလူတစ်ယောက် ဖြတ်လျှောက်လာပြီး ထမင်းစားခန်းတွင်းသို့ ဝင်ရောက်လာပါသည်။ အခန်းတွင်းသို့ ရောက်ရောက်ချင်း ထိုသူက –

"မှန်လိုက်လေ မာရီယာ။ ဒီဒေသတစ်ခုလုံးကို ခင်ဗျား မပိုင်ဆိုင်မချင်း ခင်ဗျား ရောင့်ရဲနိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ ကုန်းရုန်းပြီး လုပ်ရမှာပေါ့" ဟု ပြောကြားလိုက်ပါသည်။

သို့သော် မာရီယာကလည်း ထိုလူ၏စကားကို လုံးဝအမှတ်မထားဟန်ဖြင့် –

"မင်္ဂလာပါ ဖားဂတ်။ ညစာစားပွဲကို ရှင်လာလိမ့်မယ်လို့ မထင်မိခဲ့ပါဘူး။ ဒါပေမဲ့ အခုလို ရှင်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ လာ ... လာ။ ထိုင်ပါ" ဟု ပြောကြားလိုက်သည်။

ထိုလူထွား ဖားဂတ်လည်း မည်သို့မှ ပြန်မပြောဘဲ ထမင်းစားခန်းရှိ အရက်ဗီရိုသို့ လျှောက်သွားကာ၊ ဝိုင်တစ်ခွက်ကို ကိုယ်တိုင် ငှဲ့ယူသည်။ ထို့နောက် ကျွန်မရှိရာသို့ လျှောက်လာကာ ကျွန်မကို ပြုံးကြည့်ပြီး –

"ဆရာမက စကော့တလန်ကလာတဲ့ ဆရာမဖီသြနာ မဟုတ်လား။ ကျွန်တော့်အမည်က ဖားဂတ်မက်ဝဲလို့ ခေါ်ပါတယ်။ ဆရာမနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးဖို့ မေ့နေကြတဲ့အတွက် ကျွန်တော်ကိုယ်တိုင် မိတ်ဆက်ရတာပါ" ဟု ပြောကြားသည်။ ထို့နောက် –

"တကယ်တော့ ကျွန်တော့်ကိုယ်ကျွန်တော် မက်ဝဲတစ်ယောက်အဖြစ် မိတ်ဆက်မပေးသင့်ပါဘူး" ဟု ခပ်ညည်းညည်း ပြောကြားလိုက်ရာ၊ ကျွန်မက –

"မက်ဝဲတစ်ယောက် ဖြစ်ရတဲ့အတွက် ရှင့်မှာ နစ်နာစရာအကြောင်း ရှိမယ် မထင်ပါဘူး။ ကျွန်မအနေနဲ့ကတော့ 'အမေ့သမီး' ဖြစ်ရတဲ့အတွက် ဘာမှနစ်နာတယ်လို့ မထင်ပါဘူး" ဟု ပြောကြားလိုက်ရာ လူထွားကြီးဖားဂတ်က ကျွန်မကို ခပ်တွေတွေ ကြည့်ပြီး –

"ဆရာမအတွက်တော့ ဟုတ်မှာပေါ့လေ" ဟု ပြောကြားသည်။ ထို့နောက် အသာဦးညွှတ်လိုက်ပြီးလျှင် ကျွန်မ အပါးမှ ထွက်ခွာသွားပါသည်။

ထို့နောက်တွင်ကား ညစာစားပွဲကြီးသည် ထုံးစံအတိုင်းပြန်ပြီး စကားသံတို့ညံလာပါသည်။ အယ်လစ်တာနှင့် မာရီယာတို့လည်း လန်ဒန်မြို့တော်အကြောင်းကို ဆက်ပြီးပြောကြားနေပါသည်။ ဖားဂတ်မှာမူ မိမိကုလား

ထိုင်တွင်ထိုင်ကာ ဝိုင်ခွက်ကိုသာ မော့သောက်နေပါသည်။ မည်သူနှင့်မှ စကား မပြောပါ။ သို့သော် ဖားဂတ်၏ မျက်လုံးအစုံမှာမူ မာရီယာအပေါ်သို့ မကြာ မကြာ ကျရောက်နေပါသည်။ ဖားဂတ်၏အကြည့်တွင် တမ်းတအောက်မေ့ခြင်း နှင့် မုန်းတီးနာကျည်းခြင်းတို့ ရောယှက်နေသည်ဟု ကျွန်မ ထင်ပါသည်။ ထို့ကြောင့် ကျွန်မ၏ ရင်မှာ အလိုလို နာနေမိပါသည်။

ညစာစားပွဲကြီး ပြီးသောအခါ ဧည့်ခန်းသို့ ယောကျ်ားများအားလုံး သွားပြီး၊ စကားစမြည် ဆက်ပြောကြားရန် ပြင်ဆင်ကြပါသည်။ ထိုအခါ မာရီယာနှင့် ကျွန်မလည်း နှုတ်ဆက်ကာ ထိုင်ရာမှ အသာထလိုက်ကြပါ သည်။

*

ထမင်းစားခန်း တံခါးပေါက်သို့ မာရီယာ ရောက်ချိန်တွင် လူထွား ကြီး ဖားဂတ်က –

"မာရီယာ။ လင်းဖောစ်အိမ်ကြီးမှာ ကျနော် ဒီညအိပ်လို့ ရပါတယ် နော်။ ဝင်တာဆိုလိုက ကျွန်တော်အိပ်ခန်းက အမိုးပေါက်ပြနေတာ ပြင်လို့ မပြီးသေးလို့ပါ" ဟု လှမ်းပြောလိုက်ရာ မာရီယာက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် –

"အိပ်လို့ရပါတယ်။ ကျွန်မ ခင်ပွန်းရဲ့သားအတွက် လင်းဖောစ်အိမ် ကြီးမှာ အိပ်ခန်းအသင့်ရှိပါတယ်။ မင်္ဂလာညပါ"

ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကျွန်မလည်း မာရီယာနောက်မှ ဆက်လိုက်ခဲ့ရာ၊ အယ်လစ်တာအပါးမှ ဖြတ်အသွားတွင် အယ်လစ်တာက ထိုင်ရာမှ အသာထ လိုက်ပြီး –

"ဆရာမရေ။ ဆရာမအတွက် ဖယောင်းတိုင် ကျွန်တော်ရှာပေးပါရ စေ" ဟု ပြောကြားလိုက်ပါသည်။ ထို့နောက် ဖယောင်းတိုင်ရှာကာ မီးထွန်း ညှိပေးပြီး လှေကားရင်းအထိ လိုက်ပို့ပါသည်။

ထိုအခိုက်တွင် ကျွန်မက –

"ဖားဂတ်မက်ဝဲဆိုတာ ဘယ်သူပါလဲရှင်။ မစ္စတာ အင်ဒရူးမှာ ဒန် ကင်ဆိုတဲ့ သားတစ်ယောက်တည်း ရှိတယ်လို့ ကျွန်မ သိထားတာ။ ဖားဂတ် က အရင်အိမ်ထောင်နဲ့ ရတဲ့သားလား" ဟု ခပ်တိုးတိုးမေးလိုက်ရာ၊ အယ်လစ် တာက –

http://www.cherrythitsar.org



"ဖားဂတ်ဟာ မစ္စတာ အင်ဒရူးရဲ့သားတော့ မှန်ပါတယ်။ ဒါပေမဲ့ ပထမမယားကြီးကရတဲ့သားလို့တော့ မပြောနိုင်ပါဘူး"

ဟု ဖြေလိုက်ပါသည်။

*

အပူပိုင်းဒေသကား ပူအိုက်လွန်းလှပါသည်။ လေလည်း လုံးဝ မတိုက်ပါ။ ထို့ကြောင့် ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပါ။ တလူးလူး တလိမ့်လိမ့်သာ တစ်ညတာ ကုန်လွန်ခဲ့ရပါသည်။ သို့သော် အရုဏ်ကျင်း၍ အလင်းရောင်ပျို့လာသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှထကာ အခန်းကူးလမ်း ကြားအတိုင်း ထွက်လာခဲ့ပါသည်။

ထို့နောက် အသင့်ရှိသော ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်လိုက်ပါသည်။ ခပ်လှမ်းလှမ်းတွင်ရှိသော ပင်လယ်ရေပြင်သည် အရုဏ်ဦးလင်းရောင်အောက်တွင် ပြာလဲ့နေပါသည်။ အရာခပ်သိမ်းပင် အသစ်မွေးဖွားလာသည့်အလား သာယာဆန်းကြယ်နေ သည်။ အလှဂုဏ်၊ အလှသွေးတို့ လျှမ်းလျှမ်းတောက်နေသည်ဟု မှတ်ထင်ရ ပါသည်။

ထိုအခိုက်တွင် ကျွန်မ၏ စိတ်တွင်း၌ 'ဤလင်းဖောစံအိမ်ကြီးကား မကြာမီ လုံးဝပျက်စီးသွားချေတော့မည်တကား' ဟု သိရှိခံစားရပါသည်။ 'သူစိမ်းတရံဆံ သက်သက်သာဖြစ်သော ကျွန်မအနေနှင့်လည်း ဤလင်းဖောစံ အိမ်ကြီး မပျက်စီးသွားရလေအောင်တားဆီးကာကွယ်နိုင်စွမ်းမရှိ' ဟုလည်း အလိုလို သိနေပါသည်။ ထို့ကြောင့် စိတ်ထဲ၌ အလိုလိုလေးနေမိပါသည်။ ထိုအခိုက်တွင် –

"ဩော် ... ဆရာမက စောစောအိပ်ရာကထတတ်တဲ့ အကျင့်ရှိတယ် ထင်ပါရဲ့။ နိုးတောင်နိုးနေပါပကော" ဟူသော မစ္စတာ အင်ဒရူး၏ အသံသြ ကြီး ထွက်လာပါသည်။ ထို့နောက် ကျွန်မရှိရာသို့ တုတ်ကောက်ကြီးကို အား ပြုပြီး လျှောက်လာရာ ကျွန်မက –

"မင်္ဂလာပါ ဦး။ လူတိုင်းလိုလိုပါပဲ အိပ်ရာသစ်ပြောင်းအိပ်တဲ့အခါမှာ အိပ်မပျော်တတ်ကြပါဘူး။ ပြီးတော့ ကျွန်မက အပူပိုင်းဒေသရာသီဥတုနဲ့ နေသားမကျသေးဘူး မဟုတ်လား"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org



"ကျုပ်တို့လဲ ဒီအပူပိုင်းဒေသ ရာသီဥတုနဲ့ အခုထက်ထိ နေသား မကျသေးပါဘူးဗျာ။ ဒီဒေသအဖို့ နေလို့အကောင်းဆုံးအချိန်ကတော့ ဟောဒီလို အရဏ်တက်အချိန်ပါပဲ" ဟု ပြောကြားကာ လှမ်းမြင်ရသော ခရွန်းဘတ်တောင်ကြီးကို ငေးကြည့်နေပါသည်။ ထို့နောက် ကျွန်မအနီးရှိ ကုလားထိုင်တွင် လာထိုင်ပြီး –

"ဆရာမအနေနဲ့ လင်းဖောကို ဘယ်လို ထင်ပါသလဲ"

ဟု မေးရာ ကျွန်မက –

"ကျွန်မ ဘယ်လိုထင်တတ်ရမလဲ ရှင်။ ကျွန်မ အမြင်မှာတော့ လင်းဖောစံအိမ်ကြီးဟာ အလွန်လှပခမ်းနားတာပဲ"

ဟု ဖြေလိုက်ပါသည်။

ထိုအခါ မစ္စတာအင်ဒရူးက –

"ဟုတ်တယ်။ လင်းဖောစံအိမ်ကြီးဟာ လှပဆန်းကြယ်ပါတယ်။ ဒီလို လှပဆန်းကြယ်အောင်လဲ ကျုပ်တို့ ဆောက်ခဲ့တာပါပဲ။ ဒါထက် ကျုပ်တို့ အပေါ်မှာကော ဆရာမ ဘယ်လိုထင်ပါသလဲ" ဟု မေးမြန်းရာ ကျွန်မက –

"ဦးတို့အကြောင်းကို ကျွန်မမှ ဂဃနဏ မသိသေးတာပဲ။ ကျွန်မ ဘယ်ပြောတတ်ပါ့မလဲ" ဟု ဖြေလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဆရာမပြောတာလဲ မှန်ပါတယ်လေ။ ထားလိုက်ပါတော့။ ဒါထက် ကျုပ်သား ဖားဂတ်အပေါ်ကော ဆရာမ ဘယ်လိုထင်ပါသလဲ"

ဟု ထပ်မေးရာ ကျွန်မက –

"ဦးရဲ့သား ဖားဂတ်ဟာ ရုပ်ချောပြီး ယောကျ်ားပီသပါတယ်။ ဒါပေမဲ့ အပြုအမူကတော့ နည်းနည်းရိုင်းချင်ပါတယ်။ ကျွန်မအနေနဲ့ကတော့ အခုမှ တွေ့ဖူးမြင်ဖူးတာမို့ ဒီလောက်ပဲ ပြောနိုင်ပါတယ်။ ဒီကို မရောင်ခင်တုန်းကဆိုရင် ဦးမှာ ဖားဂတ်ဆိုတဲ့သား ရှိမှန်းတောင် ကျွန်မ မသိခဲ့ဘူး"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"အင်း ... ဒါလဲ ဟုတ်တာပါပဲ။ မာရီယာရေးတဲ့ စာထဲမှာ ဖားဂတ်အကြောင်း ပါမသွားဘူး ထင်ပါရဲ့။ တကယ်တော့ ကျုပ်မှာ တရားဝင်သား မဟုတ်တဲ့ သားကြီး တစ်ယောက်ရှိကြောင်းတော့ ထည့်သွင်းဖော်ပြသင့်တာပေါ့" ဟု ပြောကြားလိုက်ရာ ကျွန်မက –

http://www.cherrythitsar.org



"ဟုတ်ကဲ့။ ဒီလိုထည့်သွင်းဖော်ပြရင် ပိုကောင်းတာပေါ့ ဦးရယ်။ အခုတော့ တမင်ထိန်ချန်ထားသလို ဖြစ်တာပေါ့" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မစ္စတာအင်ဒရူးက –

"ဖားဂတ်အကြောင်းကို လန်ဒန်မှာရှိတဲ့ မက်ဝဲမျိုးနွယ်တွေ အားလုံး သိကြပါတယ်။ ဆရာမအနေနဲ့က ချာရီတီက ဖြစ်ဖြစ်၊ အယ်လစ်တာကဖြစ်ဖြစ် မကြာခင် ကြားသိတော့မှာပေါ့။ တစ်ပါးသူတွေဆီက သိရတဲ့အသိက မပြည့် မစုံ မမှန်မကန်တတ်ပါဘူး။ ဒီတော့ ကျုပ်ကပဲ ဖားဂတ်အကြောင်းကို အသေး စိတ် ပြန်ပြောပြပါတော့မယ်" ဟု ပြောကြားကာ အတန်ကြာတွေဝေငေးမောနေ ပြီးနောက် စတင်ပြောကြားပါတော့သည်။

"ဆရာမရေ။ ကျုပ်ရဲ့အမေက ဆရာမလို အမျိုးသမီးမျိုးပဲ။ ရုပ် အဆင်းချောမောလှပတယ်။ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းတယ်။ ပြီးတော့ စိတ် ဓာတ်လဲ ခိုင်မာတည်ကြည်တယ်။ ကျုပ် မိဘနှစ်ဦးနှစ်ယောက်အတူ လာ ရောက်ပြီး ဓားမဦးချ၊ မြေတည်တဲ့အရပ်ကတော့ 'ဝါတာဆိုလို' ပါပဲ။ အဲဒီ အရပ်က အရင်က မြေရိုင်းဖုန်းဆိုးတောကြီးပေါ့။ ကျုပ် မိဘများက အဲဒီ မြေရိုင်းဖုန်းဆိုးတောကြီးကို မြေတည်ပြီး ကြံခင်းတွေ စစိုက်တယ်။ အဲဒီအခါ တုန်း ကျုပ်မိဘများမှာ ငွေကြေး မတောင့်တင်းလေတော့ အလုပ်သမားကြီး ကြပ်ရေးမှူး မထားနိုင်ရှာဘူး။ ကျုပ်အဖေကိုယ်တိုင် နီဂရိုးကျွန်တွေကို ကြီး ကြပ်စေခိုင်းရတယ်။ ဒီလိုကြီးကြပ်စေခိုင်းတဲ့အခါမှာတော့ အလုပ်တွင်ကျယ် အောင်ဆိုပြီး ကျာပွတ်ကို သုံးရတာပေါ့။ ဒီလို ကျာပွတ်တရွှန်းရွှန်း ရိုက်ပြီး ကြီးကြပ်စေခိုင်းနေတုန်း တစ်နေ့မှာတော့ နီဂရိုးကျွန်တစ်ယောက်က မခံမရပ်နိုင် ပြီး လက်ထဲကဓားနဲ့ ထခုတ်လိုက်တာ ပုံခနဲ လဲကျသွားတယ်။ အဖေလဲ ပွဲ ချင်းပြီးသေသွားတာပဲ။ အဖေ့ကို ဓားနဲ့ထခုတ်တဲ့ နီဂရိုးကျွန်ဟာလဲ မရှုမလှ အပြစ်ဒဏ်ပေးပြီး အသတ်ခံရတော့တာပဲ" ဟု ပြောကြားနေရာမှ ကျွန်မ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး –

"ဆရာမရေ။ သိပ်လဲ တုန်လှုပ်ချောက်ချား မနေပါနဲ့။ ယောကျ်ား တွေဆိုတာ ဒီလိုပြင်းထန်တဲ့ အသေဆိုးနဲ့ သေရတတ်တာမျိုးပဲ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဒီလိုဦးရဲ့ အဖေ ရုတ်တရက် ဆုံးသွားတော့ ဦးရဲ့အမေဟာ သား တစ်ယာက်နဲ့ ကျန်ရစ်ခဲ့မှာပေါ့" ဟု မေးလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org



"ဟုတ်တယ်။ အမေဟာ သားတစ်ယောက်နဲ့ ကျန်ရစ်ခဲ့တယ်။ ကျုပ်ကလဲ အရွယ်ရောက်သေးတာမဟုတ်ဘူး။ ဒါပေမဲ့ အမေဟာ ပစ္စတိုကို ကျင်ကျင်လည်လည် ကိုင်တွယ်တတ်တယ်။ ဒီတော့ ပစ္စတိုတစ်လက်ကို ခါးထိုးပြီး ကျွန်တွေကိုကြီးကြပ် အုပ်ချုပ်လာခဲ့တယ်။ အဖေဆုံးသွားကတည်းက ကျုပ်လဲ အမေနဲ့ တပူးတွဲတွဲ နေခဲ့ရတယ်။ အမေကလဲ ကြံခင်းတွေကို သွားတိုင်း ကျုပ်ကို ခေါ်သွားလေတယ်။ စိုက်ခင်းပျိုးခင်းတွေအကြောင်း ကျွန်တွေအကြောင်းကိုလဲ သွန်သင်ဆုံးမလေ့ရှိတယ်။ ဒီလိုနဲ့ ကျုပ်တို့ သားအမိ ကုန်းရုန်းလုပ်ကိုင်လာခဲ့တာ စိုက်ခင်းတွေလဲ တစ်ဇကပြီး တစ်ဇက တိုးတက်ကျယ်ပြန့်လာခဲ့တယ်။ ဒီလိုနဲ့ ဝါတာဆိုလိုမှာ ကြီးကျယ်တဲ့ စိုက်ခင်းကြီး ဖြစ်လာတော့တယ်"

ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကျွန်မက –

"ဦးရဲ့အမေက နောက်အိမ်ထောင်ထပ်မပြုဘူးလား" ဟု မေးလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"မပြုပါဘူး။ စိုက်ခင်းတွေမှာပဲ ကိုယ်ရောစိတ်ပါ လုံးပန်းနေတာကြောင့် နောက်ထပ် အိမ်ထောင်ပြုဖို့ တွေးတောစဉ်းစားချိန် မရဘူးထင်ပါရဲ့"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အဲဒီတော့ ဦးလဲ အရွယ်ရောက်နေရောပေါ့။ ဦးကော အိမ်ထောင်မပြုဘူးလား" ဟု မေးလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"မပြုပါဘူးကွယ်။ ဒီလို အိမ်ထောင်မပြုပေမယ့် မိန်းမနဲ့တော့ မကင်းခဲ့ပါဘူး။ အတွေ့အကြုံတော့ ရှိခဲ့ပါတယ်။ ဦးတို့စိုက်ပျိုးခင်းက နီဂရိုး ကျွန်မတွေနဲ့လဲ တွေ့ကြုံဖူးပါတယ်။ ပြီးတော့ 'စင်တာမာတာ' မြို့က နီဂရိုးကပြားတွေနဲ့လဲ တွေ့ကြုံဖူးပါတယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဖားဂတ်ရဲ့ အမေကတော့ နီဂရိုးမတစ်ယောက် မဟုတ်ပါဘူး။ လူဖြူတစ်ယောက် မဟုတ်လား" ဟု မေးလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"ဟုတ်တယ်။ ဖားဂတ်ရဲ့အမေဟာ လူဖြူတစ်ယောက်ပါပဲ။ **စင်တာမာတာ** မြို့က ကပွဲကြီးတစ်ခုမှာ ဦးနဲ့ စတင် တွေ့ဆုံခဲ့ပါတယ်။ အဲဒီအချိန်မှာ ဦးရဲ့အသက်က သုံးဆယ့်ခြောက်နှစ်ရှိနေပြီ။ သူကတော့ တစ်ဆယ့်ခုနစ်နှစ်ထဲရှိသေးတယ်။ သူ့ကိုတွေ့တော့ အချစ်ဆိုတာ ဘာလဲဆိုတာ ဦးစတင်သိရှိပါ

http://www.cherrythitsar.org



တယ်။ ဦးလဲ တွေ့တွေ့ချင်းပဲ အရူးအမူး စွဲလန်းမြတ်နိုးသွားခဲ့တယ်။ ဒါကြောင့် သူ့ရဲ့ မေတ္တာပန်းကိုရရှိအောင် အစွမ်းကုန် ကြိုးစားခဲ့တယ်။ နောက်ဆုံးတော့ သူ့ရဲ့မေတ္တာပန်းကို ဦး ရရှိခဲ့ပါတယ်။ ဦးနဲ့ သူနဲ့လဲ မကြာ မကြာ ချိန်းတွေ့ခဲ့ကြတယ်" ဟု ပြောကြားပြီးနောက် အသာသက်ပြင်းချလိုက်သည်။ ထို့နောက် ဆက်၍ –

"သူ့ကို လက်ထပ်ပါရစေလို့ ဦးအကြိမ်ကြိမ် အထပ်ထပ်ခွင့်တောင်းခဲ့ပါတယ်။ ဒီလိုခွင့်တောင်းတိုင်း သူက အကြောင်းအမျိုးမျိုးပြပြီး ငြင်းပယ်ခဲ့တာချည်းပဲ။ နောက်ဆုံးကျတော့ သူ့မှာ မိဘများသဘောတူပြီး စေ့စပ်ထားတဲ့ လူ ရှိနေတယ်တဲ့။ အဲဒီလူက အင်္ဂလန်ကတဲ့၊ မျိုးရိုးမြင့်မြတ်ပြီး သိပ်ချမ်းသာတယ်တဲ့။ ဆန်ခရစ်တိုတယ်မှာလဲ စိုက်ပျိုးခင်းကြီးတွေ ရှိတယ်တဲ့။ သူ့ကို တွေ့ဖို့ အင်္ဂလန်ကနေပြီး မကြာမကြာ လာတတ်တယ်တဲ့။ တစ်ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါမှာ အဲဒီလူနဲ့ သူလက်ထပ်ရမယ်တဲ့။ အားလုံး ဖွင့်ပြောရှာတယ်။ ဒီအကြောင်းတွေသိရတော့ အခြေအနေတွေက လွန်ကျွံကုန်ပါပြီ။ ကျုပ်က မမြင်ရမနေနိုင်အောင် သူ့ကို စွဲလန်းတွယ်တာနေသလို၊ သူကလဲ ကျုပ်ကို မမြင်ရမနေနိုင်အောင် စွဲလန်းတွယ်တာနေပါပြီ။ ကျုပ်တို့ဟာလဲ နေ့စဉ်ရက်ဆက်ဆိုသလို ချိန်းတွေ့ကြပါတယ်။

"ဒါပေမဲ့ ဆရာမရယ် … ဒီလို ချိန်းတွေ့နေရာက တစ်နေ့မှာ လာမတွေ့တော့ဘဲ တစ်ခါတည်း အဆက်ဖြတ်ပစ်လိုက်တယ်။ ဒီတော့ ကျုပ်လဲ အရူးအမူးဖြစ်သွားပြီး မိဘအိမ်ကို သွားတွေ့ပါတယ်။ ဒါပေမဲ့ ကျုပ်ကို အိမ်ထဲ အဝင်မခံကြပါဘူး။ ဒီအတောအတွင်းမှာပဲ သူ နေမကောင်း ဖြစ်နေကြောင်း သတင်းသန့်သန့်ထွက်ပါတယ်။ ကျုပ် ချစ်သူကို ကျုပ် ကိုယ်ဖိရင်ဖိ ပြုစုချင်ပါတယ်။ ဒါပေမဲ့ ပြုစုခွင့်မသာတဲ့အတွက် သတင်းစကားပဲ နားစွင့်နေရပါတယ်။ ဒီလို နားစွင့်နေတုန်းမှာပဲ သူနဲ့ စေ့စပ်ထားတဲ့သူဟာ လန်ဒန်က ရောက်လာပါတယ်။ အဲဒီလူကိုလဲ သူ့မိဘများက တွေ့ခွင့်မပေးကြဘူး။ ကူးစက်တတ်တဲ့ အဖျားရောဂါဖြစ်နေတယ်ဆိုပြီး တားထားကြတယ်။ ဒါပေမဲ့ အဲဒီလူက အလွန်ခေါင်းမာတဲ့ လူဆိုတော့ အတင်းအဓမ္မ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဝင်တွေ့တယ်။ ဒီလိုဝင်တွေ့တဲ့အခါမှာ သူ့မှာ ကူးစက်တတ်တဲ့ အဖျားရောဂါ ဖြစ်နေတာမဟုတ်ဘဲ၊ ကိုယ်လေးလက်ဝန်ရှိနေတာဟာ ဖြစ်ကြောင်း တွေ့သွားတယ်တဲ့။ အဲဒီအဖြစ်ကိုလဲ မြင်ရော အကြီးအကျယ် ဒေါသူပုန်ထပြီး ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲဆိုတာ လည်ပင်းညှစ်ပြီး အတင်းအကြပ် မေးတော့တာပဲ။ သူက

ကျုပ်နဲ့ရတဲ့ကိုယ်ဝန်ဖြစ်ကြောင်း သိတဲ့အခါ ကျုပ်ကို ကိုယ်တိုင်သတ်မဲ့အကြောင်း လူအများ ရှေ့မှာ ကြိမ်းဝါးတယ်တဲ့။

"ကိုင်း ... တိုတိုပဲပြောပါရစေ ဆရာမရယ်။ နောက်ဆုံးတော့ အဲဒီလူနဲ့ကျုပ် နှစ်ဦးသဘောတူ သေနတ်ချိန်းပစ်ကြတယ်။ အဲဒီပွဲမှာ ကျုပ် ဘာဒဏ်ရာမှ မရပေမယ့် အဲဒီလူကတော့ ကျုပ်ပစ်လိုက်တဲ့ သေနတ်ကျည်ဆန် နှလုံးသား တည့်တည့်မှန်ပြီး ပွဲချင်းပြီးသေဆုံးသွားတယ်။

မကြာခင်မှာပဲ ကိုယ်လေး လက်ဝန်ရှိနေတဲ့ ကျုပ်ချစ်သူဟာ လမစေ့ဘဲ သားတစ်ယောက်ဖွားလေးဖွားပြီး သေဆုံးသွားခဲ့တယ်။ ဒီသတင်းကို ကျွန်တစ်ယောက်က ပြောပြလို့ သိသိချင်းပဲ ကျုပ်ဟာ သူ့မိဘတွေဆီက သွားပြီးကျုပ်သားကို မရအရ အတင်းတောင်းခဲ့တယ်။ နောက်ဆုံးတော့ ကျုပ်အနိုင်ရခဲ့ပါတယ်။ ဆရာမရယ် ကျုပ်တကယ်လိုချင်တာက ကျုပ်မြတ်နိုး ချစ်ကြင်တဲ့ကျုပ်ချစ်သူပါ။ တကယ်လက်တွေ့မှာတော့ ကျုပ်ချစ်သူကို ကျုပ်မရဘဲ သူ့သားကိုပဲ ကျုပ်ရခဲ့ပါတယ်။ သူ့မိဘတွေကသာ ခပ်စောစောက ကြည်ကြည်သာသာနဲ့ သဘောတူမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲနော်။ ကျုပ်ချစ်သူရဲ့ အသက်ဆုံးရှုံးရမှာ မဟုတ်ဘူး"

ဟု ပြောကြားပါသည်။

ထိုသို့ပြောကြားနေခိုက်တွင် မစ္စတာအင်ဒရူး၏ မျက်နှာသည် ဆွေးမြည့်ကြေကွဲဖွယ်အတိတ်၏ဖြစ်ရပ်များကို ပြန်ပြောင်းတသ သတိရနေဟန်ဖြင့် ညှိုးလျှမှုန်ရီနေသည်။ အတန်ကြာ တွေဝေနေပြီးနောက် မစ္စတာ အင်ဒရူးက–

"ကျုပ်ဟာ လမစေ့ဘဲဖွားတဲ့ ခုနစ်လသား နီတာရဲကို ပိုက်ပြီး ဝါတာဆိုလိုကို ပြန်လာခဲ့တယ်။ ပြီးတော့ လူအများနဲ့ အပေါင်းအသင်း အဆက်အဆံ မပြုတော့ဘဲ တစ်ကိုယ်တည်းနေလာခဲ့တယ်။ ပြီးတော့ စိုက်ခင်းပျိုးခင်းတွေကိုလဲ အချိန်ပြည့် အာရုံစိုက်ပြီး ကြီးပွားတိုးတက်လာအောင် ဆောင်ရွက်ခဲ့တယ်" ဟု ပြောကြားရာ ကျွန်မက –

"လင်းဖောဒေသကို ဦးဘယ်လို ပိုင်ဆိုင်လာခဲ့သလဲ"

ဟု မေးလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဝါတာဆိုလိုက စိုက်ခင်းတွေကို ကြီးပွားတိုးတက်လာအောင် ကျုပ်အချိန်ပြည့် အာရုံစိုက်ပြီး ဆောင်ရွက်နေချိန်မှာ ဝါတာဆိုလိုဒေသထက်မြေသြဇာ ပိုကောင်းတဲ့ဒေသကို သတိပြုခဲ့မိတယ်။ အဲဒီဒေသက လင်းဖောဒေသ

http://www.cherrythitsar.org



ပါပဲ။ လင်းဖောဒေသက ကြံတွေဟာ အကောင်းဆုံးကြံတွေ ဖြစ်နေတယ်။ ဒါပေမဲ့ လင်းဖောကို ပိုင်တဲ့ပိုင်ရှင်ဟာ လင်းဖောမှာ ကိုယ်တိုင် မနေရှံမကဘူး။ သူတို့ယုံကြည်လို့ တာဝန်လွှဲပေးထားတဲ့အလုပ်သမား ကြီးကြပ်ရေးမှူးကလဲ အလုပ်ကို ဟုတ္တိပတ္တိ မလုပ်တဲ့ အမူးသမားတစ်ယောက် ဖြစ်နေတယ်။ ဒါကြောင့် လင်းဖောဒေသက အကျိုးအမြတ် ဘာမှမဖြစ်ထွန်းတော့ဘူးပေါ့။ ဒါနဲ့ပဲ လင်းဖောကို ပိုင်တဲ့ ပိုင်ရှင်ဟာ နှစ်နှစ်အကြာမှာ စိတ်ပျက်လာပြီး လင်းဖောကို ဈေးချိုချိုနဲ့ ရောင်းပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီသတင်းကိုလဲ ကြားရော ဦးဟာ လန်ဒန်မြို့က မက်ဝဲကုမ္ပဏီကို သွားခဲ့တယ်။ ဦးပိုင်တဲ့ ဝါတာဆိုလို ဒေသကို ပေါင်နှံပြီး ငွေကိုအတိုးနဲ့ ချေးငှားခဲ့တယ်။ ပြီးတော့ လင်းဖောဒေသကို ဦးအပိုင်ဝယ်ယူခဲ့တယ်။ ဒီနည်းနဲ့ လင်းဖောကို ဦးပိုင်ဆိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဦးမှာ လန်ဒန်က မက်ဝဲကုမ္ပဏီကို ဆပ်စရာ အကြွေးတွေတော့ ရှိနေခဲ့တယ်”

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

“လင်းဖောကို ဦးပိုင်ဆိုင်ရရှိပြီးတဲ့အခါ အလုပ်ကို ရုန်းကန်ပြီး လုပ်ကိုင်ခဲ့တယ်။ ဒါကြောင့် လင်းဖောဒေသမှာ ကြီးမားကျယ်ပြန့်တဲ့ ကြံခင်းတွေ ဖြစ်ထွန်းလာတယ်။ ပြီးတော့ ကျုပ်ဟာ လင်းဖောမှာပဲ လင်းဖောစံအိမ်ကြီးကို တခမ်းတနား တည်ဆောက်ခဲ့တယ်။ လှပကျယ်ဝန်းတဲ့ ပန်းခြံကြီးဖြစ်အောင်လဲ မွန်းမံပြင်ဆင်ခဲ့တယ်။ အဲဒီလို ပြုပြင်တည်ဆောက်ခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျုပ်ချစ်သူကို တင့်တောင့်တင့်တယ် ထားချင်လို့ပါပဲ။ လင်းဖောစံအိမ်ကြီးကို ပြုပြင်တည်ဆောက်လို့ အပြီးသတ်ခါနီးမှာ ကျုပ်မိခင်ကြီး ကွယ်လွန်သွားခဲ့တယ်။ အဲဒီအချိန်က စပြီး ကျုပ်တို့သားအဖ နှစ်ယောက်ဟာ လင်းဖောမှာပဲ နေခဲ့ကြတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ရှစ်နှစ်မှာတော့ ကျုပ်ဟာ စပိန်သူ မိန်းမချောလေးမာရီယာနဲ့ တွေ့ဆုံပြီးနောက် အိမ်ထောင်ထပ်ပြုလိုက်ကတည်းက ကျုပ်သား ဖားဂတ်ဟာ လင်းဖောမှာ မနေတော့ဘဲ ဝါတာဆိုလိုကို ပြောင်းရွှေ့သွားခဲ့တယ်” ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

“ဒါဖြင့်ရင် ဝါတာဆိုလိုကို အခုဘယ်သူ ပိုင်ဆိုင်နေပါသလဲ”

ဟု မေးလိုက်ရာ မစ္စတာ အင်ဒရူးက –

“ဝါတာဆိုလိုကို ကျုပ်သား ဖားဂတ်ပိုင်ဆိုင်ပါတယ်။ ဝါတာဆိုလိုဟာ လင်းဖောလောက် မြေသြဇာ မကောင်းပေမယ့် လူတစ်ယောက် တင့်တောင့်တင့်တယ် နေနိုင်လောက်တဲ့ အထိ ဝင်ငွေကောင်းပါသေးတယ်”

ဟု ပြောကြားသည်။ ထို့နောက် –

"အခုအခါဆိုရင် လင်းဖောဒေသအတွက် အမွေခံဆိုရင် တစ်ယောက်ပဲ ရှိပါတော့တယ်။ အဲဒီအမွေခံကတော့ ဒန်ကင်ပါပဲ"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် ခေါင်းလောင်းခေါက်သံ တညံညံထွက်ပေါ်လာရာ၊ မစ္စတာ အင်ဒရူးလည်း ထိုင်ရာမှ အားယူထရင်း –

"ဒီခေါင်းလောင်းသံက စိုက်ခင်းတောထဲကို အလုပ်ဆင်းဖို့ အချိန်ရောက်ကြောင်း ကျွန်တွေကို သတိပေးနိုးဆော်တဲ့ ခေါင်းလောင်းသံပေါ့။ ဒီအရပ်က နေအလွန်ပူပြင်းလေတော့ မနက်စောစောထပြီး အလုပ်လုပ်ကြရတယ်" ဟု ပြောကြားပါသည်။ နောက်

"ဆရာမရယ်။ ဒန်ကင်လေးကို လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးပါ။ စကော့လူမျိုးတွေရဲ့ ကောင်းမြတ်တဲ့ အရည်အသွေးတွေ စိမ့်ဝင်သွားအောင် သင်ပေးပါ။ ကျုပ်တို့ အနောက်အိန္ဒိယဒေသသစ်မှာ မကြာခင် ဘေးဒုက္ခအန္တရာယ်ဆိုးတွေ ကျရောက်လိမ့်မယ်လို့ ကျုပ် ထင်နေမိတယ်" ဟု ပြောကြားကာ တုတ်ကောက်ကြီးကို အားပြုပြီး တရွေ့ရွေ့ ထွက်ခွာသွားပါတော့သည်။

*

ကျွန်မလည်း တစ်ယောက်တည်းထိုင်ကာ မစ္စတာ အင်ဒရူး ပြောကြားသမျှကို အတန်ကြာအောင်ပြန်ပြောင်းစဉ်းစားနေမိပါသည်။ ထို့နောက် ကျွန်မ အိမ်ခန်းသို့ပြန်ရန် ခေါင်းကို ဆတ်ခနဲ လှည့်လိုက်ရာ မှုန်ရီနေသော အခန်းကူးလမ်းကြားထောင့်ရှိ ကျောက်တိုင်ကြီးမှီရပ်နေသော ဖားဂတ်မက်ဝဲကို တွေ့မြင်လိုက်ရပါသည်။

ဖားဂတ်လည်း ကျွန်မ၏ရှေ့တူရူသို့ ခပ်မှန်မှန်လျှောက်လာပြီး နောက် –

"မင်္ဂလာပါ ဆရာမ၊ ကျွန်တော်တို့အကြောင်းကို ဆရာမ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ကြားသိသွားတဲ့အတွက် ကျွန်တော် ဝမ်းသာမိပါတယ်။ ဖေဖေလို အရက်ခွက်နဲ့ မျက်နှာ အမြဲကပ်နေတဲ့လူမှာ ချစ်တတ်ခင်တတ်တဲ့ အသည်းနှလုံး ရှိနေတာဟာ ယုံနိုင်စရာတောင် မရှိပါဘူး။ ကျွန်တော့် မေမေ သေဆုံးသွားခဲ့ပေမယ့် ဖေဖေ့ အဖို့မှာတော့ ထာဝရ အသက်ရှင်နေတုန်းပါပဲ။ ဒါကြောင့်လဲ လင်းဖောစံအိမ်ကြီးကို မေမေ့အတွက် ဆိုပြီး ဖေဖေက တခမ်း

http://www.cherrythitsar.org



တနား ပြုပြင်တည်ဆောက်ခဲ့တာပါ။ ဖေဖေဟာ မေမေ့ကို အလွန်အမင်း စွဲလန်းမြတ်နိုးပြီး ပိုင်ဆိုင်ချင်ရှာပါတယ်။ ဒါပေမဲ့ မေမေ့ကို မပိုင်ဆိုင်ရဘဲ မေမေ့ကိုယ်စား ကျွန်တော့်ကိုပဲ ရရှိလာခဲ့ပါတယ်။ ပြီးတော့ မေမေသေရတာဟာလဲ ကျွန်တော့်ကြောင့်လို့ မသိမသာ မှတ်ထင်စွဲလန်းနေတယ်နဲ့ တူပါတယ်။ ဒါကြောင့် မေမေ့ကို စွဲလန်းမြတ်နိုးတဲ့ ဖေဖေဟာ ကျွန်တော့်ကို မုန်းတီးနေပါတယ် ဆရာမရယ်။ ဒီလိုနဲ့ ကျွန်တော်တို့ သားအဖကြားမှာ အမုန်းဆိုတဲ့ အရိပ်မည်းကြီး ပိတ်ဆီးကာသန်းနေခဲ့ပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အမုန်းဆိုတဲ့ အရိပ်မည်းကြီးဟာ ဒီနေရာမှာ ရှင်တို့အရင်ကတည်းက တည်ရှိနေခဲ့တာပါ။ ဒီအရိပ်မည်းကြီးဟာလဲ ဆက်လက်ပြီး ပိတ်ဆီးကာသန်းနေဦးမယ်လို့ ကျွန်မ ထင်ပါတယ်" ဟု ပြောလိုက်ရာ ဖားဂတ်က –

"မှန်ပါတယ် ဆရာမ။ ဖေဖေပြောခဲ့တဲ့စကားထဲမှာ ဒန်ကင်လေးကို လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့ အချက်ပါတာကို ဆရာမ သတိပြုမိပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုပြုစုပျိုးထောင်ပေးဖို့ မတတ်နိုင်ပေမယ့် ဆရာမကတော့ တတ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်ကလဲ ထပ်ပြီး တောင်းပန်ပါရစေ။ ဒန်ကင်လေးကို လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးပါ ဆရာမရယ်"

ဟု ပြောကြားလိုက်သည်။ ထို့နောက်

"ဝါတာဆိုလိုက်ကို ကျွန်တော် ပြန်ရပါတော့မယ်။ ဒါကြောင့် ဆရာမကို နှုတ်ဆက်လိုက်ပါတယ်" ဟု ပြောကြားကာ ချာခနဲ လှည့်ထွက်သွားသည်။ သို့သော် အခန်းကူးလမ်းကြားထောင့်သို့ ရောက်သောအခါ ဦးခေါင်းကို အသာစောင်းငဲ့ပြီး –

"ဆရာမရဲ့ ကိုယ်ခန္ဓာအချိုးအဆစ်ကတော့ တပ်မက်စွဲလန်းလောက်အောင် ပြေပြစ်တင့်တယ်လှပါတယ်"

ဟု ပြောကြားသွားပါသည်။

***

[ ၄ ]

# လူမှားပေးသော စာတစ်စောင်

လင်းဖောစံအိမ်ကြီးသို့ ရောက်ရှိပြီးနောက် မကြာမီ နေသားကျလာခဲ့ပါသည်။ အရဏ်ကျင်း၍ အလင်းရောင်လာချိန်တွင် ကျွန်မလည်း လင်းကြက်တွန်သံနှင့် အတူ အိပ်ရာမှ ထလေ့ရှိပါသည်။

ထိုအချိန်တွင် လင်းဖောစံအိမ်ကြီးရှိ နီဂရိုးကျွန်တန်းလျားမှ ကျွန်များလည်း အိပ်ရာမှ ထနေကြပြီးဖြစ်ပါသည်။ အလုပ်ခွင်သို့ ဝင်ရန် သတိပေး ခေါင်းလောင်း ခေါက်သည်နှင့် တစ်ပြိုင်နက် စိုက်ခင်းကြီးများရှိရာသို့ အလျှိုလျှို ထွက်ခွာသွားလေ့ရှိပါသည်။ ထိုအခိုက်တွင်ပင် နီဂရိုးမလေး ချာရီတီသည် ကျွန်မ မျက်နှာသစ်ရန် ရေနွေးကို ယူလာလေ့ရှိပါသည်။

ထိုသို့ ကျွန်မအိပ်ရာမှ နိုးတိုင်း မစ္စတာ အင်ဒရူး၏ ခြေသံကို ကြားရပါသည်။ ထို့အတူ မစ္စတာ အင်ဒရူး၏ ဆေးလိပ်နံ့ကိုလည်း ခံစားရပါသည်။ သို့သော် မစ္စတာ အင်ဒရူးနှင့် ကျွန်မ ထပ်မံတွေ့ဆုံပြီး အရဏ်ဦးအလှကို ခံစားခြင်း၊ စကားစမြည်ပြောခြင်း မပြုတော့ပါ။

ကျွန်မလည်း ကလေးငယ်ဒန်ကင်ကို မနက်ခင်း စားပြရင်း မနက်စာကို ဒန်ကင်းလေးနှင့် အတူစားပါသည်။ ကျွန်မတို့ စားကြသော မနက်စာမှာ

http://www.cherrythitsar.org



ငှက်ပျောသီး၊ သရက်သီး၊ လိမ္မော်သီးစသော ခြံထွက်သီးနှံတို့သာ များပါသည်။ ထိုသို့ မနက်စာစားတိုင်း ဒန်ကင်လေးက 'သကြားခိုးငှက်' ဟု အမည်ပေးထားသော ငှက်စိမ်းလေးများသည် ကျွန်မတို့အနီးသို့ ရဲရဲတင်းတင်း ရောက်လာပြီး သစ်သီးများကို လုစားတတ်ကြပါသည်။ ထိုငှက်စိမ်းလေးများမှာ အလွန်လှပပြီး ချစ်စရာကောင်းလှပေရာ ကျွန်မတို့၏ မနက်စာဝိုင်းမှာ ထိုငှက်စိမ်းလေးများကြောင့် စိုပြည်နေပါတော့သည်။

ကျွန်မလည်း မနက်စာစားပြီးနောက် ဒန်ကင်လေးကို စာဆက်သင်ပေးပါသည်။ ထိုသို့စာသင်ပေးခိုက်တွင် မာရီယာ မက်ဝဲသည် တစ်ခါတစ်ရံ ရောက်လာပြီး ဒန်ကင်လေးကို မိမိနှင့်အတူ မြင်းစီးခေါ်သွားလေ့ရှိပါသည်။ ထိုအခါ ကျွန်မလည်း အုန်းခွံရောင် မြင်းပုလေး ဂျင်ဂါကို အကြော့သားစီးသွားသော ဒန်ကင်လေးကို ငေးကြည့်ရင်း တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ပါတော့သည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးမက်ဝဲလည်း ကျွန်မရှိရာသို့ ရောက်လာလေ့ရှိပါသည်။ ကျွန်မကို ခေါ်ကာ လင်းဖောစံအိမ်ကြီးရှိ ပန်းဥယျာဉ်များကြား၌ လမ်းလျှောက်လေ့ရှိပါသည်။ ထိုသို့ လမ်းလျှောက်ရင်း တွေ့ရမြင်ရသမျှသော ပန်းပင်သီးပင်များအကြောင်းကို ရှင်းပြလေ့ရှိပါသည်။ တစ်ခါတစ်ရံ၌မူ ကျွန်မကို သကြားစက်ရုံသို့ ခေါ်သွားပြီး၊ ကြံချောင်းမှ သကြားဖြစ်သည်အထိ အဆင့်ဆင့်ပြုဆောင်ပုံတို့ကို ပြသလေ့ရှိပါသည်။ တစ်ခါတစ်ရံ၌မူ လမ်းလျှောက်နေရာမှ လေကွယ်ရာ ပင်လယ်ဆိပ်ကမ်းဘက်နှင့် မြွေနဂါးကျောက်ဆောင်ကြီး ရှိရာဘက်သို့ သွားသောလမ်းကို ညွှန်ပြရင်း –

"ကျုပ် ငယ်ငယ်တုန်းကတော့ မြွေနဂါး ကျောက်ဆောင်ကြီးဘက်ကို နေ့တိုင်းသွားပြီး အမြဲရေကူးတာပေါ့။ အခုတော့ အဲ့ဒီဘက်ကို မသွားနိုင်တော့ဘူး။ အင်း … အသက်အရွယ်က စကားပြောလာတာကိုး"

ဟု ပြောကြားလေ့ရှိသည်။

*

ထိုရက်များအတွင်း၌ ကိုလူထွား ဖားဂတ်ကို အရိပ်အယောင်မျှပင် ကျွန်မ မမြင်ရပါ။ ထိုသို့ မမြင်ရသည့်အတွက် ကျွန်မ ဝမ်းသာနေပါသည်။ သို့သော် ဒန်ကင်လေးမှာမူ မြင်းခွာသံတဖြောင်းဖြောင်း ကြားတိုင်း 'ဖားဂတ်၏ မြင်းခွာသံလော' ဟု ထွက်ထွက်ပြီး ကြည့်လေ့ရှိပါသည်။ ထို့ပြင် ဖားဂတ်အကြောင်းကိုလည်း မကြာမကြာ ပြောကြားလေ့ရှိသည်။ ဖားဂတ်မှာ ဒန်ကင်လေး၏ အစ်ကိုတစ်ဝမ်းကွဲသာ ဖြစ်ပါသည်။ သို့သော် အစ်ကိုအရင်းထက်ပင်

http://www.cherrythitsar.org



ပို၍ ဒန်ကင်လေးက ဖားဂတ်ကို ချစ်ခင်တွယ်တာနေသည်မှာ ထင်ရှားပေါ်ထင်လှပါသည်။

ထိုရက်များအတွင်း၌ အယ်လစ်တာမက်ဝဲမှာ ကျွန်မ အားကိုးအားထားပြုရသော မိတ်ဆွေကောင်းကြီးဖြစ်ပါသည်။ အယ်လစ်တာသာ မရှိပါက အေးစက်မာကျောသော နှလုံးသားပိုင်ရှင် အလှသခင်မလေး မာရီယာမက်ဝဲနှင့်အတူ ညစာစားရန် ကျွန်မအဖို့ မတွေးဝံ့သောအရာ ဖြစ်ပါလိမ့်မည်။ သို့သော် အယ်လစ်တာ ရှိနေသည့်အတွက် ကျွန်မမှာ စကားပြောဖော်ရရုံမက စိတ်နှလုံး သက်သာရာလည်း ရပါသည်။

အယ်လစ်တာသည် ကျွန်မကို ဒန်ကင်လေးကို စာလာသင်ပေးသော ကျောင်းဆရာမအဖြစ် ဆက်ဆံပြောဆိုခြင်း မပြုဘဲ မိတ်ရင်းဆွေရင်းပမာသာ အမြဲဆက်ဆံပြောဆိုပါသည်။ ထို့ပြင် မာရီယာနှင့် ကျွန်မတို့ ခပ်တန်းတန်းဖြစ်နေမှု ပြေပျောက်သွားအောင်လည်း ကြိုးစားဆောင်ရွက်ပေးပါသည်။ မာရီယာနှင့် စကားစမြည် ပြောစရာအကြောင်းရှိတိုင်း ကျွန်မစကား ပြောဖြစ်အောင် တိုက်တွန်းလေ့ရှိပါသည်။ ထို့ကြောင့် မာရီယာနှင့် ကျွန်မလည်း မေးထူးခေါ်ပြော အဆင့်ကို ကျော်လွှန်လာခဲ့ပါသည်။

ဝမ်းထဲသို့ ဝိုင်အရက်ခွက် အတော်အသင့် ဝင်သွားသောအခါမျိုးတွင် မာရီယာလည်း မိမိတို့ မျိုးရိုးမြင့်မား ကြီးကျယ်မှုကို ဂုဏ်ယူဝင့်ကြွားလေ့ ရှိပါသည်။ မိမိခင်ပွန်း မစ္စတာ အင်ဒရူးမက်ဝဲ၏ မျိုးရိုးနိမ့်ကျသိမ်ငယ်မှုကိုလည်း ရှုံ့ချသရော်လေ့ရှိပါသည်။

တစ်နေ့ ညစာစားနေခိုက် မာရီယာက –

"ဆန်ဖရန်စစ္စကို ဒေသဟာ စပိန်ဘုရင်ဖာဒီနန် (၁၄၅၂ – ၁၅၁၆) နဲ့ မိဖုရားကြီး အစ္စဘဲလာ (၁၄၅၁–၁၅၀၄) တို့ ကိုယ်တော်တိုင်က ကျွန်မတို့ မျိုးနွယ်တွေကို ပေးသနားတော်မူခဲ့တဲ့ နယ်မြေပေါ့" ဟု ပြောကြားရာ၊ မစ္စတာ အင်ဒရူးက သရော်ပြုံးပြုံးရင်း –

"အဲဒီ ဆန်ဖရန် စစ္စကိုရဲ့ နယ်မြေ အကျယ်အဝန်းကတော့ ကြက်တပြေးစာ၊ သုံးဧကလောက်ပဲ ရှိတယ် မဟုတ်လား" ဟု ဝင်ပြောလိုက်ပါသည်။

ထိုအခါ မာရီယာက မစ္စတာအင်ဒရူးကို စိမ်းစိမ်းကြီး စိုက်ကြည့်ပြီးနောက် –

"ဆန်ဖရန်စစ္စကိုရဲ့ နယ်မြေ အကျယ်အဝန်းဟာ ဟောဒီ ဆန်ခရစ်တိုဘယ် ဒေသရဲ့ တစ်ဝက်ကျော်ကျော် ရှိပါတယ်။ အင်္ဂလိပ်တွေ အတင်းခိုးယူကြ

တဲ့အတွက် နယ်မြေတွေ ဆုံးပါးသွားတာပါ” ဟု ပြောကြားပြန်ရာ၊ မစ္စတာ အင်ဒရူးက –

“ဒါကတော့ ကိုယ့်နယ်မြေ မဆုံးရှုံးရအောင် စပိန်တွေက မစောင့်ရှောက် မကာကွယ်နိုင်ကြလို့ ဖြစ်မှာပေါ့” ဟု ပြန်လည်ချေပလိုက်ပါသည်။

ထိုရက်များအတွင်း၌ အယ်လစ်တာကို ညစာစားသည့်အချိန်၌သာ ကျွန်မ တွေ့ဆုံရပါသည်။ ကျန်အချိန်များ၌မူ လုံးဝမတွေ့မဆုံရပါ။ အယ်လစ်တာသည် အလုပ်ကိစ္စကို အကြောင်းပြပြီး မြင်းတစ်စီးနှင့် အမြဲပင် ခရီးထွက်နေတတ်ပါသည်။ ထိုသို့ ခရီးထွက်သွားတိုင်း မာရီယာ ဂနာမငြိမ်တတ်ကြောင်းကို ကျွန်မ သိသိသာသာ သတိပြုမိပါသည်။

တစ်နေ့တွင် မာရီယာက “မြင်းတစ်စီးနှင့် မည်သည့် အရပ်သို့ ခရီးထွက်ထွက်နေပါသနည်း” ဟု အယ်လစ်တာအား ဖြောင်ဖွင့်မေးရာ၊ အယ်လစ်တာက

“ဩော် … ဒီအနီးဝန်းကျင်က ဒေသတွေကိုပါ။ အပျင်းပြေ ခြေခင်းလက်ခင်း ဆန့်တယ်ဆိုပါတော့” ဟု ဖြေကြားသည်။ ထို့နောက် ဆက်၍ –

“တစ်ခါတစ်ရံမှာတော့ ဆန်ခရစ်တိုဘယ်မြို့ကြီးဘက်ကို ရောက်တယ်။ ဆန်ခရစ်တိုဘယ်က အမျိုးသမီးလေးတွေက သိပ်ဖော်ရွေတယ်။ သူတို့လေးတွေနဲ့ စကားစမြည် ပြောရတာလဲ စိတ်ကြည်နူး ချမ်းမြေ့စရာကောင်းတယ်” ဟု ပြောကြားရာ၊ မာရီယာက –

“ဆန်ခရစ်တိုဘယ်က ကောင်မတွေက သိပ်စပ်စုတဲ့ ဟာမတွေပဲ။ အတင်းအဖျင်း သတင်းစကားတွေ ပြောရတာကို သိပ်ဝါသနာထုံကြတယ်။ ကျွန်မတို့ လင်းဖောက သတင်းစကားတွေ ကြားချင်လို့ ရှင့်ကို ဖိတ်ခေါ်တာပါ။ သိပ်ဖော်ရွေတယ်လို့ ထင်မနေပါနဲ့”

ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်လစ်တာက ပြုံးပြီး –

“ဆန်ခရစ်တိုဘယ်က အမျိုးသမီးတွေ ဖော်ရွေသလောက် ခင်ဗျား အမေ ဒိုနာ အစ္စဘဲလာကတော့ ဆိုးလှသဗျာ။ တစ်နေ့မှာ ဆန်ခရစ်တို ဘယ်က နေပြီး ခင်ဗျားတို့အမေနေတဲ့ ဆန်ဖရန်စစ္စကို ဘက်ကို ကျွန်တော် ရောက်သွားခဲ့တယ်။ အဲဒီအခါ ခင်ဗျား အမေကြီးက ကျွန်တော့်ကို သေနတ်နဲ့ လှမ်းပြီး ကြိမ်းဆိုလိုက်တယ်ဗျ” ဟု ပြောကြားလိုက်ရာ၊ မာရီယာလည်း ကွက်ခနဲ မျက်နှာပျက်သွားပြီးနောက် –

http://www.cherrythitsar.org



"ဆန်ဖရန်စစ္စကိုမှာ ကျွန်မအမေနဲ့ ညီမလေး နှစ်ယောက်ပဲ ရှိတယ်။ သူတို့က ကျွန်အချို့နဲ့ နေကြရပါတယ်။ အဲဒီမှာ အဖိုးတန် ပစ္စည်းတော့ ဘာမှ မရှိပါဘူးရှင်။ ကျွန်မ အမေက စိတ်ကောင်းကောင်း မမှန်လေတော့ ရှင့်ကို သေနတ်နဲ့လှမ်းပြီး ပစ်လိုက်တာဖြစ်မှာပါ။ အဲဒီအတွက် ရှင့်ကို တောင်းပန်ပါတယ် ရှင်"

ဟု ပြောကြားတောင်းပန်သည်။

ထိုအခါ အယ်လစ်တာက –

"အရေးမကြီးပါဘူးဗျာ။ ခင်ဗျားအမေ ပစ်လိုက်တဲ့ ကျည်ဆန်ကလဲ မှန်မှမမှန်တာ။ ပြီးတော့ ကျွန်တော့် အနေနဲ့လဲ အဲဒီအရပ်ကို နယ်ကျော်ပြီး ရောက်သွားခဲ့တယ် မဟုတ်လား။ အဲဒီအတွက် ကျွန်တော်ကတောင် တောင်းပန်ရမှာပါ"

ဟု ပြောကြားသည်။

နောက်နေ့တွင်မူ အယ်လစ်တာ မြင်းစီးပြီး ထွက်သွားတော့သည်ကို မတွေ့ရတော့ပါ။ အလုပ်ခန်း စားပွဲတွင် ထိုင်ပြီး စာရင်းဇယားများကို စစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရပါသည်။ ထိုသို့ စာရင်းဇယား စစ်ဆေးနေသော အယ်လစ်တာ၏ အပါးတွင် တစ်ခါတစ်ရံ၌ မာရီယာကို တွေ့ရမြင်ရပါသည်။ ထိုအခါများ၌ မာရီယာ၏လေသံမှာ ခါတိုင်းနှင့်မတူဘဲ သာယာညင်းပျောင်းပြီး ချိုသာသည်ကို ကျွန်မ သတိထားမိပါသည်။

*

ကလေးငယ်များကို စာပြရသော ဆရာမအလုပ်ကို လုပ်သူတိုင်း လိုက်နာရမည့် စည်းကမ်းတို့ ရှိပါသည်။ ထိုစည်းကမ်းများအနက် နှုတ်စောင့်စည်းရခြင်းနှင့် သည်းညည်းခံခြင်းတို့ ပါပါသည်။ ထိုစည်းကမ်းတို့ကို လင်းဖောစံအိမ်ကြီးသို့ ရောက်နေခိုက်တွင် ကျွန်မ ချိုးဖောက်ခဲ့မိပါသည်။ ဤသို့ ချိုးဖောက်ခဲ့ရခြင်းမှာလည်း အတိုင်းမသိ ဆိုးဝါးသော ပူပြင်းလှသည့် 'ရာသီဥတု' ကြောင့် ဖြစ်ပါသည်။

ထိုနေ့ညက ညစာစားပွဲသို့ ကျွန်မလည်း စကော့တလန်က ပါလာသည့် သားမွေးအင်္ကျီ ကြပ်ကြပ်လေးကို ဝတ်ပြီး တက်ခဲ့ရပါသည်။ ညစာစားရင်းလည်း ဝိုင်အရက် အတော်များများ သောက်ခဲ့ပါသည်။ ရာသီဥတုမှာလည်း အထူး ပူပြင်းဆိုးဝါးလှသည့် 'လေမှန်တိုင်း' ရာသီဥတု ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်မမှာ မခံမရပ်နိုင်အောင် ပူအိုက်နေရာမှ ညစာစားအပြီး မာရီယာ

http://www.cherrythitsar.org



မက်ဝဲ ထလိုက်ချိန်တွင် ကျွန်မလည်း ကမန်းကတန်း ရပ်လိုက်ပါသည်။ ထို့နောက် –

"မစ္စတာ အင်ဒရူးကိုရော၊ မမမာရီယာတို့ပါ ကျွန်မ တစ်ခုလောက် ပန်ကြားပါရစေ" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးနှင့် မာရီယာတို့လည်း ကျွန်မဘက်သို့ ချာခနဲ လှည့်ပြီး နားစွင့်နေကြရာ၊ ကျွန်မက –

"ကျွန်မ ပန်ကြားမယ့် စကားကတော့ အထွေအထူး မဟုတ်ပါဘူး။ ကျွန်မလခထဲက လေးပုံတစ်ပုံလောက်ကြိုတင်ပြီး ထုတ်ပေးပါဆိုတဲ့ စကားပါပဲ" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မာရီမာက မျက်ခုံးကို ဟန်ပါပါ ပင့်လိုက်ပြီး –

"ဆရာမ အသုံးလိုရင် ထုတ်ပေးပါတယ်။ မမတို့က ဆရာမ အသုံးမလိုဘူး ထင်နေလို့ပါ" ဟု ပြောကြားရာ၊ ကျွန်မက ရယ်မောလိုက်ပြီး –

"ကျွန်မဟာ စကော့တလန်ကနေပြီး ဒီအရပ်ကို အမြန်ထွက်လာခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မမှာ ဒီရာသီဥတုနဲ့ ကိုက်ညီတဲ့ အဝတ်အစားတွေကို မချုပ်ခဲ့ရပါဘူး။ ပြီးတော့ အဝတ်အစားချုပ်ဖို့ ငွေလဲ မပြည့်စုံခဲ့ပါဘူး။ စကော့တလန်က ပါလာတဲ့ အင်္ကျီတွေဟာ ဒီရာသီဥတုနဲ့ လုံးဝ မကိုက်ပါဘူး။ ဒါပေမဲ့ ကျွန်မမှာ ပါလာတဲ့ အင်္ကျီတွေကိုသာ ဝတ်နေရတဲ့အတွက် ငရဲခံရသလို ပူအိုက်မွန်းကြပ်နေပါတယ်။ ဒါကြောင့် ဒီရာသီဥတုနဲ့ ကိုက်ညီမဲ့ အဝတ်အစားတွေ ထပ်ချုပ်ချင်တာပါ" ဟု ပြောကြားရင်း ဝတ်ထားသော သားမွေးအင်္ကျီကြပ်ကြပ်လေးကို ကိုင်ပြလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဆရာမရယ်။ ဒီအကြောင်းကို အခုမှ ပြောရသလား။ စောစောကတည်းက ဖွင့်ပြောရောပေါ့။ ကျုပ်လဲ ဒီအချက်ကို သတိပြုဖို့ မေ့သွားတယ်" ဟု ပြောကြားပြီးနောက် မာရီယာဘက်သို့ လှည့်ကာ –

"မာရီယာ။ မင်းကလဲ ဒီအချက်ကို သတိမပြုမိပဲကိုးကွယ့်။ ဆရာမဖို့ ပိုးအင်္ကျီတွေရော၊ ချည်အင်္ကျီတွေကော လိုတယ်ကွယ့်" ဟု အော်ပြောသည်။

ထို့နောက် အရက်အတော်မူးနေသော မစ္စတာ အင်ဒရူးလည်း ထိုင်ရာမှ ဝုန်းခနဲ ထကာ –

"ဆရာမ။ ကျုပ်နောက်ကို လိုက်ခဲ့" ဟု ပြောပြီး၊ အပေါ်ထပ် လှေကားပေါ်သို့ တုတ်ကောက်ကြီးကို အားပြုပြီး တက်သွားပါသည်။

အပေါ်ထပ်သို့ ရောက်သောအခါ အဝတ်အစား ဗီရိုကြီးများရှိရာသို့ လျှောက်သွားပြီး၊ ဗီရိုတံခါးကို ဆွဲဖွင့်ကာ အတွင်းရှိ ပိုးအုပ်၊ ချည်အုပ်၊ ပိတ်အုပ်တို့ကို တစ်အုပ်ပြီးတစ်အုပ် ဆွဲထုတ်ပါသည်။ ထိုပစ္စည်းများကား မာရီယာဝယ်ယူ စုဆောင်းထားသော ပစ္စည်းများ ဖြစ်ပေလိမ့်မည်။ သို့သော် မစ္စတာ အင်ဒရူးက –

"ဆရာမ။ ကြိုက်တာသာရွေးပြီး ကြိုက်သလောက် ယူပါ"

ဟု မူးမူးရူးရူးနှင့် အော်ပြောပါသည်။

ထိုအခါ ကျွန်မလည်း မစ္စတာ အင်ဒရူး ဆွဲထုတ်ထားသမျှကို ဗီရိုများထဲသို့ စနစ်တကျ ပြန်သွင်းရင်း –

"ဒီပစ္စည်းတွေက ဦးဇနီး ဝယ်ယူစုဆောင်းထားတဲ့ ပစ္စည်းတွေပါ။ ကျွန်မနဲ့ မဆိုင်ပါဘူး။ ကျွန်မလဲ လုံးဝ မလိုချင်ပါဘူး" ဟု ခပ်ဆတ်ဆတ်ပြောကြားကာ၊ လှေကားအတိုင်း ပြေးဆင်းလာခဲ့ပါသည်။ လှေကားခြေရင်း၌ ကြောင်ငေးပြီး ရပ်ကြည့်နေကြသော အယ်လစ်တာနှင့် မာရီယာတို့ကို ကျွန်မ ပက်ပင်းတွေ့ပါသည်။ သို့သော် ကျွန်မလည်း စကားတစ်ခွန်းမှ မပြောဘဲ အိမ်အပြင်ဘက်သို့ အပြေးထွက်လာခဲ့ပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးက –

"ဆရာမ ပြန်လာပါ။ ကျုပ် စိတ်မကောင်းပါဘူး။ ကျုပ် အပြုအမူရိုင်းတယ် ထင်ရင် တောင်းပန်ပါတယ်" ဟု လှမ်းအော်ပြောလိုက်သံကို ကျွန်မ ကြားလိုက်ရပါသည်။

*

သို့သော် ကျွန်မလည်း နောက်ကြောင်း ပြန်မလှည့်ဘဲ စွတ်ပြေးလာခဲ့ရာ၊ နောက်ဆုံး၌ မြွေနဂါး ကျောက်ဆောင်ကြီး အပါးရှိ ကျောက်ကမူလေးသို့ ရောက်လာခဲ့ပါသည်။ ထိုအခါမှ လင်းဖောစ်အိမ်ကြီးနှင့် အတော်ဝေးဝေးသို့ ရောက်သည်အထိ ခရီး ဆက်လာခဲ့ကြောင်း သဘောပေါက်လာပါတော့သည်။

ကျွန်မလည်း ကျောက်ကမူလေးထက်၌ ခြေပစ်လက်ပစ် ထိုင်ချပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေမိပါသည်။ စိတ်တွင်း၌ လင်းဖောရှိ လူအားလုံးကို ခါးခါးသီးသီး မုန်းတီးနေပြီး 'မနက်ဖြန်နံနက်မိုးသောက်သည်နှင့် တစ်ပြိုင်နက် လင်းဖောစ်အိမ်ကြီးမှ ထွက်ခွာသွားရန်' ဆုံးဖြတ်နေမိပါသည်။

ဤသို့ ကျွန်မရှိုက်ကြီးတငင် ငိုကြွေးနေခိုက်တွင် –

http://www.cherrythitsar.org



"ဆရာမရေ ... ဆရာမ" ဟူသော ခေါ်သံသဲ့သဲ့ကို လှိုင်းပုတ်သံများ ကြားမှ ကြားနေရပါသည်။

ထို့နောက် အတန်ကြာသောအခါ –

"ဆရာမကို ကျွန်တော်လိုက်ရှာနေတာ။ ဆရာမက ဒီမှာကိုး" ဟူသော အသံနှင့်အတူ ကျွန်မအပါးရှိ ကျောက်စွန်းသို့ တက်လာသော အယ်လစ်တာကို တွေ့ရပါသည်။

"ကျွန်မ သိပ်ရှက်တာပဲ။ ကျွန်မ ဒီလို တစ်ခါမှ မကြုံဖူးဘူး"

ဟု ဗလုံးဗထွေး ပြောကြားလိုက်မိပါသည်။

ထိုအခါ အယ်လစ်တာလည်း စိတ်မချမ်း မမြေ့ ဖြစ်နေသော အသွင်ဖြင့် ကျွန်မကို ငေးကြည့်ရင်း –

"စိတ်မကောင်း ဖြစ်မနေပါနဲ့ ဆရာမရယ်။ မစ္စတာ အင်ဒရူးဟာ အရက်အမူးလွန်ရင် ဒီလိုပဲ သတိလက်လွတ် ပြုမူတတ်ပါတယ်။ တစ်ခါတစ်ခါများဆိုရင် စိတ်မှန့်ရဲ့လားလို့တောင် ကျွန်တော် တွေးမိပါတယ်။ အခုကိစ္စမှာ အချိန်မီကြားဝင်ပြီး ကျွန်တော် ဟန့်တားသင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အချိန်မီ ကြားဝင်ပြီး မဟန့်တား နိုင်ခဲ့ပါဘူး။ ဒီအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်နေမိပါတယ်"

ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

"တကယ်တော့ ကျွန်မရဲ့ အပြစ်လဲ ပါသင့်သလောက် ပါပါတယ်။ ကျွန်မကိစ္စကို မမမာရီယာနဲ့ နှစ်ကိုယ်ချင်း တွေ့ပြီး အေးအေးဆေးဆေး ပြောလဲ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က ကျုပ်လဲ မခံမရပ်နိုင်အောင် ပူအိုက်နေတာကြောင့် စိတ်လွတ် ကိုယ်လွတ် မဆင်မခြင်ပြောလိုက်မိတာပါ" ဟု စကားပြန်ပြောလိုက်ရာ၊ အယ်လစ်တာက –

"လင်းဖောစံအိမ်ကြီးကို ဆရာမ ရောက်ကတည်းက မာရီယာဟာ ဆရာမရဲ့ လိုအပ်ချက်အားလုံးကို မေးမြန်းစုံစမ်းပြီး ဖြည့်တင်းပေးဖို့ တာဝန်ရှိပါတယ်။ ပြီးတော့ အစုဝင်ဖြစ်တဲ့ ကျွန်တော်တို့အနေနဲ့လဲ ဆရာမကို ကြိုတင်ငွေကြေး အလုံအလောက် ပေးလိုက်ဖို့ တာဝန်ရှိပါတယ်။ အခုလို ဆရာမကိုယ်တိုင် ဖွင့်ပြီးပြောရတော့ မကောင်းလှဘူးပေါ့။ ကျွန်တော့်အနေနဲ့ကတော့ ခပ်စောစောတည်းက သတိပြုမိခဲ့ပါတယ်။ ဒါပေမဲ့ 'အမျိုးသမီးကိစ္စမှာ အမျိုးသား ဝင်မစွက်သင့်ဘူး' ဆိုတဲ့အသိနဲ့ ကြားဝင်မစွက်ဘဲ ဆိုင်းငံ့မိပါတယ်။

ဒါကြောင့် ကျွန်တော် တာဝန်လဲ မကင်းဘူးလို့ ဝန်ခံပါတယ်”ဟု ပြောကြားပါသည်။ ထို့နောက်ဆက်၍ –

“ဆရာမလဲ ဒီမှာနေရတာ စိတ်ပျက်သွားပလား” ဟု မေးလိုက်ရာ၊ ကျွန်မက –

“ဟုတ်တယ်။ လင်းဖောက မနက်ဖြန်မှာပဲ ကျွန်မ ထွက်ခွာသွားဖို့ ဆုံးဖြတ်ပြီးပြီ။ စကော့တလန်ကို ပြန်ဖို့ သင်္ဘောကြုံကိုတော့ စင်တာမာတကပဲ ကျွန်မ စောင့်တော့မယ်”

ဟု ဖြေကြားလိုက်ပါသည်။

ထိုအခါ အယ်လစ်တာလည်း ကျွန်မ၏ လက်နှစ်ဘက်ကို အသာဆုပ်ကိုင်ရင်း –

“လင်းဖောက ထွက်ခွာမသွားပါနဲ့ ဆရာမရယ်။ လင်းဖောမှာ ဆရာမရှိနေဖို့ အထူးလိုအပ်ပါတယ်” ဟု ပန်ကြားရာ ကျွန်မက –

“မဖြစ်နိုင်တာရှင်။ လင်းဖောမှာ ကျွန်မကို ဘယ်သူမှ အလို မရှိကြပါဘူး” ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ အယ်လစ်တာက –

“ဒန်ကင်လေးအဖို့တော့ ဆရာမရှိနေဖို့ လိုအပ်ပါတယ်”

ဟု ပြောကြားလိုက်ပါသည်။

‘ဒန်ကင်လေး’ ဟူသော စကားကို ကြားရသောအခါ ကျွန်မ ချစ်သော မောင်လေး ဒန်ကင်ကို ဖျတ်ခနဲ အမှတ်ရလာပါသည်။ ထို့ပြင် ကျွန်မ ချစ်သော မောင်လေး ဒန်ကင်နှင့် ပတ်သက်သည့် ကျွန် အာရုံတွင်း၌ မြင်ရသော မြင်ကွင်းကိုလည်း မြင်ယောင်လာပါသည်။ ကျွန်မ ချစ်သော မောင်လေး ဒန်ကင်အပေါ်သို့ ဘေးဒုက္ခအန္တရာယ်ဆိုး မကျရောက်ရန်အတွက် ဇာတိချက်ကြွေ မွေးရပ်မြေနှင့် ပင်လယ်သမုဒ္ဒရာ ခြားဆီးနေသော ဤအရပ်ဒေသသို့ ကျွန်မ အနစ်နာခံပြီး စွန့်စွန့်စားစား ထွက်ခွာလာခဲ့သည့် အဖြစ်ကိုလည်း ပြန်ပြောင်း တွေးတောမိပါသည်။

ထိုသို့ ကျွန်မ တွေးတော ငေးငိုင်နေခိုက်တွင် ‘လင်းဖောစံအိမ်ကြီး၌ မည်သည့်အကြောင်းကြောင့် ကျွန်မ သည်းညည်းခံပြီး နေနေသည်’ကို လုံးဝ မတွေးတောမိရှာသော အယ်လစ်တာလည်း ကျွန်မ၏ လက်ကို အသာဆွဲကာ ထူလိုက်ရင်း – “လာပါ ဆရာမရယ်။ ကျွန်တော်တို့ ပြန်ကြပါစို့” ဟု ပြောကြားလိုက်ပါသည်။

http://www.cherrythitsar.org



ထို့နောက် အယ်လစ်တာနှင့် ကျွန်မလည်း လင်းဖောစ်အိမ်ကြီးရှိရာသို့ တိတ်ဆိတ်ငြိမ်သက်စွာ ပြန်လျှောက်လာခဲ့ကြပါသည်။

အောက်ထပ်ရှိ ဗဟိုခန်းမကြီးသို့ ရောက်သောအခါ အယ်လစ်တာလည်း ဖယောင်းတိုင်တစ်တိုင်ထွန်းပြီးနောက် အပေါ်ထပ်ရှိ ကျွန်မ အိပ်ခန်းအဝသို့ ရောက်သည်အထိ လိုက်ပို့ပါသည်။

ကျွန်မ အိပ်ခန်းတံခါးဝမှာ ပွင့်နေပြီး နီဂရိုးမိန်းချောလေး ချာရီတီသည် တံခါးဝတွင် ရပ်နေရာမှ –

"ဆရာမ လာပါ။ ဆရာမ အပန်းဖြေဖို့ လိုနေပါပြီ" ဟု ပြောရင်း ကျွန်မကို လှမ်းဖက်ပြီး အိပ်ရာပေါ်သို့ တယုတယ ပို့ပေးပါသည်။

*

ကျွန်မလည်း စိတ်မောလူမောနှင့် ခြေပစ်လက်ပစ် အိပ်လိုက်ရာ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်၌ နိုးနေကျအတိုင်း မနိုးတော့ပါ။ မစ္စတာအင်ဒရူးက ကျွန်မ အိပ်ခန်းတံခါးကို တဝုန်းဝုန်းထုပြီး –

"ဆရာမ ထတော့။ စင်တာမာတာကို နေမမြင့်ခင် စောစော ထွက်ရမယ်"

ဟု အော်ပြောတော့မှ အိပ်ရာမှ နိုးပါတော့သည်။

ထိုအခိုက်တွင် ချာရီတီက –

"ဆရာမ နိုးနေပါပြီ။ သခင်ကြီးသာ အသင့်ဖြစ်အောင် ပြင်စမ်းပါ"

ဟု ပြန်အော်လိုက်ပါသည်။

ထိုနေ့နံနက်က ကျွန်မလည်း ဒန်ကင်လေးကို စာမပြရတော့ပါ။ ဒန်ကင်လေးနှင့်အတူ မနက်စာကို တပျော်တပါး စားကြပါသည်။ ထိုအခိုက်တွင် စင်တာမတာသို့သွားမည့် မြင်းရထားတစ်စီး မောင်းဝင်လာသည်ကို မြင်ရပါသည်။ ထို့ပြင် ကျွန်မတို့ ရှိရာသို့ မစ္စတာ အင်ဒရူး ဝင်ရောက်လာပြီး ကျွန်မ ဝတ်ထားသော သက္ကလပ်အင်္ကျီကို ကြည့်ကာ –

"ဆရာမကလဲ စင်တာမာတာကို သွားဖို့ အသင့်ပြင်ထားပါလို့ ကြိုတင်ပြောထားပါရက်နဲ့ ဘာလို့ သက္ကလပ်အင်္ကျီကို ဝတ်ထားတာလဲ။ စင်တာမာတာမှာက သိပ်ပူတယ်။ ဒီအင်္ကျီမျိုးနဲ့ မဖြစ်ပါဘူး"

ဟု ပြောကြားပါသည်။ ထို့နောက် ချာရီတီဘက်သို့လှည့်ကာ –

"ချာရီတီ။ ဆရာမကို သေသေချာချာ ပြင်ပေးလိုက်စမ်း"

ဟု ပြောကြားလိုက်ရာ၊ ချာရီတီက –

"ကောင်းပါပြီ သခင်ကြီး" ဟု ပြောကြားပြီး ပိုးအင်္ကျီ လှလှပါးပါး လေးကို ထုတ်ယူကာ ကျွန်မကို ဝတ်ဆင်ပေးပါသည်။

ထိုအခိုက်တွင် ဒန်ကင်လေးက –

"ဖေဖေ။ စင်တာမာတာကို သားသားလဲလိုက်မယ်နော်"

ဟု ပူဆာရာ မစ္စတာ အင်ဒရူးက အတန်ကြာ တွေဝေပြီးနောက် –

"အေး ... လိုက်ခဲ့ လိုက်ခဲ့" ဟု ပြောကြားခွင့်ပြုလိုက်ပါသည်။

*

စင်တာမာတာမြို့သို့ ကျွန်မတို့ သွားကြသော ထိုနေ့ကို ကျွန်မ မမေ့နိုင်တော့ပါ။ ကျွန်မတို့ မြင်းရထားဆောင်းတွင် အယ်လစ်တာသည် မြင်းစီးပြီး လိုက်ပါလာခဲ့ပါသည်။ စင်တာမာတာမှာ အလွန်ပူပြင်းသော ရာသီဥတုရှိသည့် မြို့တစ်မြို့ဖြစ်သော်လည်း လူဦးရေ ထူထပ်ကာ အလွန်စည်ကားလှပါသည်။

စင်တာမာတာသို့ ရောက်သောအခါ ကျွန်မတို့လည်း အကျော်ကြား ဆုံးသော ကုန်ပဒေသာတိုက်ဖြစ်သည့် **ရှော့ဒရီဗွေး** သို့ မြင်းရထားကို ဦးတည် မောင်းနှင်လာခဲ့ပါသည်။ ထိုအခိုက်တွင် အယ်လစ်တာကလည်း **"တော်ပင်** ဟိုတယ်ကြီး၌ နေ့လည်စာ အတူစားသည့်အခါ၌ တွေ့ဆုံတော့မည် ဖြစ် ကြောင်း" ပြောကြားကာ လမ်းခွဲထွက်သွားပါသည်။

ရှော့ဒရီးဗွေး ကုန်ပဒေသာတိုက်ကြီးသို့ ကျွန်မတို့ ရောက်သောအခါ ဆိုင်မန်နေဂျာရော၊ အရောင်းစာရေးပါ ကျွန်မတို့ကို ပျာပျာသလဲ ကြိုဆိုကြ ပါသည်။ မန်နေဂျာက "မစ္စတာ အင်ဒရူးကိုယ်တိုင် ကြွရောက်ချီးမြှင့်လာသည့် အတွက် အတိုင်းမသိ ဝမ်းသာကြောင်း" ပြောကြားရာ၊ မစ္စတာ အင်ဒရူးက–

"အယ်ဗာရေး ရေ။ ယောဒီ အမျိုးသမီးကတော့ ကျုပ်နဲ့ ဆွေမျိုးတော် တဲ့ ဆရာမ ဖီသြနာပါပဲ။ ဆရာမ အတွက် ဒီရာသီဥတုနဲ့ ကိုက်ညီတဲ့ အဝတ် အစား အသုံးအဆောင်တွေ လိုနေပါတယ်။ အဲဒါ လိုလေးသေးမရှိ ပြည့်စုံ အောင် ခင်ဗျားတို့ ကူညီဆောင်ရွက်ပေးပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မန်နေဂျာ အယ်ဗာရေးသည် အရောင်းစာရေးများကို ခေါ်ပြီး ပိုးအုပ်၊ ပိတ်အုပ် အမျိုးမျိုးကို ပြခိုင်းပါသည်။ မစ္စတာ အင်ဒရူးလည်း ပိုးအုပ်၊ ပိတ်အုပ်တို့ကို စိတ်တိုင်းကျကိုယ်တိုင် ဝင်ရွေးပါသည်။

ထိုအခိုက်တွင် အသက်ကြီးကြီး ပိန်ပိန်ပါးပါး လူတစ်ယောက် ဝင် လာပါသည်။ ထိုလူကြီးကား ရှော့ဒရီးဗွေး ကုန်ပဒေသာတိုက်ပိုင်ရှင် သူဌေးကြီး ရှော့ဒရီဗွေးဖြစ်ရာ မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org


"သူဌေးကြီးရေ။ ကျုပ်က ဒီထက်ကောင်းတဲ့ ပထမတန်း ပိုးအုပ်၊ ပိတ်အုပ်တွေကို ကြည့်ချင်တာဗျ။ ရှိရင် ထုတ်ပြပါဦး"

ဟု ပြောကြားလိုက်ပြန်သည်။

ထိုအခါ သူဌေးကြီး ရှော့ဒရီဝွေးက –

"အခု ထုတ်ပြတဲ့ ပိုးအုပ်၊ ပိတ်အုပ် တွေဟာလဲ အကောင်းစားပါပဲ။ မစ္စတာ အင်ဒရူး၊ စိတ်တိုင်းမကျသေးဘူး ဆိုရင်လဲ ထပ်ပြီးထုတ်ပြခိုင်းပါ့မယ်" ဟုပြောကြားပြီး ပိုးအုပ်၊ ပိတ်အုပ်တို့ကို ထပ်ပြီး ထုတ်ပြခိုင်းပါသည်။

မစ္စတာအင်ဒရူးလည်း ထိုသို့ထုတ်ပြသော ပိုးအုပ်ပိတ်အုပ်တို့မှ အကောင်းဆုံး ပိုးများ၊ ပိတ်များကို ရွေးပြီး ဝယ်ပါသည်။ ထိုအခိုက်တွင် အရောင်းစားရေးမ ချောချောတစ်ဦးသည် ဇာပန်းတို့ဖြင့် ဝေနေသော ကိုယ်ကြပ် ဝတ်စုံလှလှတို့ကို ထုတ်ပြရာ ပစ္စတာ အင်ဒရူးက –

"ဒီဝတ်စုံတွေက ဆရာမနဲ့ တော်ပါ့မလား" ဟု မေးလိုက်ရာ အရောင်းစာရေးမက –

"ကိုယ်နဲ့တော်မတော် သင့် မသင့်ကတော့ အလှပြင်ခန်းကို သွားပြီး ဆရာမကိုယ်တိုင် ဝတ်ကြည့်တာပေါ့" ဟု ပြောကြားသည်။

ထို့နောက် အရောင်းစာရေးမလည်း အပေါ်ထပ်ရှိ အလှပြင်ခန်းသို့ ကျွန်မကို ခေါ်သွားပြီး၊ ကိုယ်ကြပ်ဝတ်စုံတို့ကို တစ်ထည်ပြီး တစ်ထည်ဝတ် ကြည့်စေပါသည်။ ထိုသို့ဝတ်ခိုင်းရင်း အရောင်းစာရေးမက –

"မမက သိပ်ကံကောင်းတာပဲနော်။ မစ္စတာ အင်ဒရူးဟာ အရင်က ဒီလောက်တောင် ဒီလိုတစ်ခါမှ ရက်ရက်ရောရော မဝယ်ခြမ်းဖူးဘူး" ဟု ပြောကြားပါသည်။ ထို့နောက် –

"ဟောဒီ ဝတ်စုံလေးက မမနဲ့ သိပ်လိုက်တာပဲ" ဟု ပြောကြားပြီး ဝတ်စုံလေးကို ဝတ်ပေးပါသည်။ ထို့နောက် –

"မမ ခဏလေးစောင့်နော်" ဟု ပြောပြီး အလှပြင်ခန်းတွင်းမှ အောက်သို့ ဖျတ်ဖျတ် ဖျတ်ဖျတ်နှင့် ဆင်းသွားပါသည်။

အတန်ကြာသောအခါ အလှပြင်ခန်းတွင်းသို့ သံပုရာရည်ဗန်းကို မပြီး နီဂရိုး မိန်းမပျိုတစ်ဦး ဝင်လာပါသည်။ ထိုမိန်းမပျိုက သံပုရာရည်ခွက်ကို ကမ်းပေးရင်း –

"မမကို ဝတ်စုံပြင်ပေးတဲ့ အရောင်းစာရေး မမက ပို့ခိုင်းလိုက်ပါ တယ်" ဟုပြောကြားပါသည်။ ထို့နောက် စာခေါက်လေးတစ်ခုကို ကမ်းပေးရင်း

"အောက်ထပ်က လူကြီးမင်းတစ်ယောက်က မမကို ဒီစာပေးခိုင်းပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"မစ္စတာမက်ဝဲကို။ ပြောတာလား"

ဟု မေးလိုက်ရာ၊ နီဂရိုးမလေးက –

"နာမည်တော့ ကျွန်မ မသိပါဘူး။ မမဆီကို သံပုရာရည် လာအပို့မှာ လေ့ခါးရင်းကနေပြီး ပေးလိုက်တာပါ" ဟု ပြန်ဖြေပါသည်။

ဤတွင် ကျွန်မလည်း စာခေါက်လေးကို ဖြည်ပြီး ဖတ်လိုက်ရာ၊ အောက်ပါ စာတိုလေးကို တွေ့လိုက်ပါသည်။

**မနက်ဖြန်ညတွင် 'အက်စ်၊ အက်ဖ်သို့' 'ဆာဗင်နတ်ထရေ ဒါ' ဆိုက်ကပ်လိမ့်မည်။**

ထိုစာအရ စာခေါက်ကလေးမှာ ကျွန်မကို ပေးလိုက်သော စာမဟုတ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် စာလေးကို ပြန်ခေါက်ပြီး လင်ဗန်းပေါ်သို့ အမြန် ပြန်တင်ထားလိုက်ပါသည်။

ထိုအခိုက်တွင် ကျွန်မတို့ အခန်းတွင်းသို့ သူဌေးကြီး ရော့ဒရီဂွေးကိုယ်တိုင် ကမန်းကတန်း ဝင်လာပါသည်။ ထို့နောက် ကျွန်မကို ပြုံးပြရင်း–

"ကျုပ်ကို ခွင့်လွှတ်ပါ ဆရာမရယ်။ ဟောဒီ မိန်းမည့်ကြောင့် ဆရာမမှာ စိတ်အနှောင့်အယှက် ဖြစ်ရင်လဲ တောင်းပန်ပါတယ်" ဟု ပြောကြားပြီး အနီးရှိ နီဂရိုးမလေး၏ မျက်နှာကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်ချလိုက်ရာ၊ နီဂရိုးမလေးမှာ တစ်ဘက်သို့ ယိုင်းဆင်းသွားပါတော့သည်။

ထိုအခိုက်တွင် ကျွန်မက –

"သူက ကျွန်မသောက်ဖို့အတွက် သံပုရာရည် ယူလာပေးတာပါ။ သူ့ကြောင့် ကျွန်မမှာ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး" ဟု ဝင်ပြီးပြောလိုက်ရာ၊ သူဌေးကြီး ရော့ဒရီဂွေးက လင်ဗန်းပေါ်ကစာကို ဆတ်ခနဲ ကောက်ယူရင်း –

"ဟောဒီစာကိုကော ဆရာမကို သူလာမပေးဘူးလား။ ဆရာမကော ဒီစာကို ဖတ်မကြည့်ဘူးလား"ဟု မေးလိုက်ပါသည်။ ထိုအခါ ကျွန်မက ပြုံးပြီး

"ဟင့်အင်း၊ ဒီစာကို ကျွန်မလက်နဲ့တောင် မထိရသေးဘူး။ သူလာပေးတဲ့ သံပုရာရည်ကိုသာ ယူဆောင်တာပါ။ ဒီစာက ကျွန်မကို မှားပေးတာ

http://www.cherrythitsar.org



ဆိုရင် သူဌေးမင်း ပြန်ယူသွားပါ” ဟုပြောကြားလိုက်ရာ၊ သူဌေးမင်း ရှော့ဒရီ ဝွေးလည်း စိတ်သက်သာရာ ရသွားသည့်အသွင်ပြင် အသာ သက်ပြင်းချလိုက်သည်။ ထို့နောက် –

“ဟုတ်တယ်။ ဒီစာက ဆရာမကို မှားပေးတဲ့စာပါ။ ဆရာမကို ဒီလို အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်” ဟု ပြောကြားပြီး ချာခနဲ လှည့်ထွက်သွားသည်။

ထိုအခါ ပါးအရိုက်ခံလိုက်ရသော နီဂရိုးမလေးက ပါးကို ပွတ်ရင်း–

“မှားပေးတာ မဟုတ်ပါဘူး မမရယ်။ ကျွန်မကို စာပေးခိုင်းတဲ့ သူက ‘အပေါ်ထပ်မှာ သူဌေးကတော်ရှိသလား’ လို့ စာမပေးခင် မေးပါတယ်။ ကျွန်မက ‘မမချောချောတစ်ယောက် ရှိပါတယ်’ လို့ ပြောတော့မှ ‘ဒါဖြင့်ရင် ဒီစာကို ပေးပေးပါ’ လို့ အသေအချာ မှာပြီး ပေးတာပါ”

ဟု ပြောကြားပါသည်။ ထို့နောက် –

“ကျွန်မကို ကူညီတဲ့အနေနဲ့ ကျွန်မပေးတဲ့စာကို မဖတ်ရသေးကြောင်း မစ္စတာ ရှော့ဒရီဝွေးကို ပြောလိုက်တဲ့အတွက် မမကို ကျေးဇူး အထူးတင်ပါတယ်”

ဟု ပြောကြားပြီး အခန်းတွင်းမှ ထွက်သွားပါသည်။

ထိုအခိုက်တွင် အရောင်းစာရေးမလေးလည်း ကိုယ်ကြပ်ဝတ်စုံ လှလှလေးများကို ပွေ့ကာ အလှပြင်ခန်းတွင်းသို့ ဝင်လာရင်း –

“မမရေ။ ကျွန်မ နည်းနည်းကြာသွားတာကို ခွင့်လွှတ်ပါနော်”

ဟု ပြောကြားပါသည်။

ထို့နောက် ကျွန်မလည်း ဝတ်စုံများကိုရွေးယူပြီး အောက်ထပ်သို့ ဆင်းလာခဲ့ပါသည်။ ထိုအခါ မစ္စတာ အင်ဒရူးက ဒန်ကင်လေးအတွက် ကလေးကစားစရာ သင်္ဘောလေးတစ်စင်းနှင့် ဒန်ကင်လေး၏ အချစ်တော် မြင်းလေးဂျင်ဂါအတွက် မြင်းကုန်းနှီးလှလှလေး ဝယ်ပေးထားသည်ကို တွေ့ရပါသည်။

ကျွန်မကို တွေ့သောအခါ မစ္စတာ အင်ဒရူးက ကျွန်မအတွက် ရိုးရိုးဖိနပ်နှင့် မြင်းစီးဖိနပ်တို့ကို ပြသခိုင်းပြီး စိတ်တိုင်းကျရွေးချယ်ဝယ်စေပါသည်။

ထို့နောက် မစ္စတာ အင်ဒရူးက –

“မိတ်ဆွေကြီး အယ်ဗာရေး ရေ။ နေ့လယ်စာကို တော်ဝင်ဟိုတယ်မှာ ကျုပ်တို့စားကြမယ်။ အဲဒီ ဟိုတယ်က အပြန်မှာ ကျုပ်တို့ဝယ်ထားတဲ့ ပစ္စည်း

http://www.cherrythitsar.org



တွေကို ဝင်ယူမယ်။ အသင့်ဖြစ်နေအောင် ထုပ်ပိုးခိုင်းထားပါဗျာ”ဟု မန်နေဂျာ အယ်ဗာရေးကို မှာကြားပြီး တော်ဝင်ဟိုတယ်ကြီးရှိရာသို့ ထွက်ခွာလာခဲ့ကြပါသည်။

*

တော်ဝင်ဟိုတယ်ကြီးသို့ရောက်သောအခါ အယ်လစ်တာကို အသင့်တွေ့ရပါသည်။ ထိုနေ့လယ်စာစားပွဲတွင် မစ္စတာ အင်ဒရူးသည် မိမိမိတ်ဆွေဟောင်းကြီးဖြစ်သော အငြိမ်းစား သင်္ဘောကပ္ပတိန် မယ်ကွန်ဂေါ်ဒွန် တစ်ယောက်မှအပ အခြားမည်သူ့ကိုမျှ မဖိတ်ခေါ်ပါ။ မစ္စတာ ဂေါ်ဒွန်ကိုမူ လေးလေးစားစား ဖိတ်ခေါ်ပြီး ကျွန်မတို့နှင့် မိတ်ဆက်ပေးပါသည်။ နေ့လယ်စာစားခိုက်တွင်လည်း မစ္စတာ ဂေါ်ဒွန်နှင့် ရှေးဟောင်းနှောင်းဖြစ်များကို တရင်းတနှီး ပြောကြားပါသည်။

“မိတ်ဆွေကြီး ဂေါ်ဒွန်ရေ။ စင်တာမာတာ ဆိပ်ကမ်းမှာ ဘယ်သင်္ဘောတွေ ဆိုက်ကပ်ထားသလဲဗျ။ ပြီးတော့ အရင်ကလိုပဲ ငွေမြိုးမြိုး မြတ်မြက်ရမယ့် အလုပ်ကို လုပ်တဲ့လူတွေ ရှိသေးသလားဗျ”ဟု မစ္စတာ အင်ဒရူးက မေးလိုက်ရာ အငြိမ်းစား သင်္ဘောကပ္ပတိန်ဟောင်း မစ္စတာဂေါ်ဒွန်က –

“ငွေမြိုးမြိုးမြက်မြက် ရမယ့် အလုပ်ကို လုပ်တဲ့လူတွေလား၊ အခုထက်ထိရှိသေးတယ်ဗျ။ ကျွန်ကုန်ကူးတဲ့အလုပ်က နာမည်သာဆိုးတာ။ တကယ်တော့ ငွေမြိုးမြိုးမြက်မြက် ရတာတော့ အမှန်ပဲဗျာ။ အခုတော့ ဖြောင့်လုပ်တဲ့လူတွေ မရှိတော့ပါဘူး။ ခိုးကြောင်ခိုးဝှက် လုပ်တဲ့လူတွေပဲ ရှိတော့တယ်”ဟု ပြောကြားပြီးနောက် –

“စင်တာမာတာဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့သင်္ဘောကတော့ နှစ်စင်းတည်းပဲ ရှိပါတယ်။ တစ်စင်းက ‘လေဒီဘိထရစ်’ပါ။ တစ်စင်းကတော့ ‘ဆာဗင်နတ်ထရေဒါ’ပါ။ ဒီနှစ်စင်းစလုံး ကုန်အပြည့်တင်ပြီးပြီဗျ။ ရေကြောင်းသင့်ရင် မနက်စောစော ထွက်ကြပါလိမ့်မယ်”ဟု ပြောကြားပါသည်။

ထိုစကားကို ကြားလျှင် ကျွန်မလည်း နီဂရိုးလည်း မှားပေးသော စာခေါက်လေးကို ဖျတ်ခနဲ အမှတ်ရလာပါသည်။ ‘ကျွန်မကို မစ္စတာ အင်ဒရူး၏ ဇနီးချော မာရီယာမှတ်ထင်ပြီး ဤစာခေါက်လေးကို ပေးခြင်း ဖြစ်လိမ့်မည်’ ဟု ကျွန်မ မှတ်ထင်ယူဆခဲ့ပါသည်။

စာခေါက်ထဲ၌ ညွှန်းဆိုသော ‘အက်စ်၊ အက်ဖ်’မှာ မာရီယာ၏မိခင်ကြီးနေသော ‘ဆန်ဖရန်စစ္စကို’ကို ရည်ညွှန်းခြင်း ဖြစ်ပေလိမ့်မည်။ ဤသို့ဆို

http://www.cherrythitsar.org



ပါက ဆာဗင်နတ်ထရေဒါ သင်္ဘောသည် မနက်ဖြန်ညတွင် မည်သည့်အကြောင်း၊ မည်သည့်ရည်ရွယ်ချက်နှင့် ဆန်ဖရန်စစ္စကိုသို့ ဆိုက်ကပ်ပါလေမည်နည်း။

ဤအကြောင်းကို မစ္စတာ အင်ဒရူး လုံးဝသိရှိနားလည်မည် မဟုတ်ဟု ကျွန်မ ယုံကြည်ပါသည်။ သို့သော် သူဌေးကြီး ရော့ဒရီဂွေးမှာမူ ဤအကြောင်းကို သိရှိပေလိမ့်မည်။ ဤသို့ဆိုပါက သူဌေးကြီး ရော့ဒရီဂွေးနှင့် စပိန်သူမိန်းမချော မာရီယာတို့သည် လျှို့ဝှက်လုပ်ငန်း၊ လျှို့ဝှက်ကိစ္စတစ်ရပ်ရပ်ကို ပူးပေါင်းဆောင်ရွက်နေကြခြင်း ဖြစ်ပေလိမ့်မည်။ ထိုလျှို့ဝှက်လုပ်ငန်း လျှို့ဝှက်ကိစ္စကား ကျွန်ကုန်ကူးခြင်း ဖြစ်နိုင်ပေသည်။

နေ့လယ်စာကို အတူစားနေရာမှ ဤသို့လျှင် ကျွန်မလည်း တစ်ယောက်တည်း တွေးတောနေမိပါသည်။

နေ့လယ်စာ စားပြီးသောအခါ ရော့ဒရီဂွေးကုန်ပဒေသာ တိုက်ကြီးမှ ဝယ်ခြမ်းထားသော ပစ္စည်းအထုပ်အပိုးထုပ်များကို ဝင်ယူပြီး လင်းဖောစ်အိမ်ကြီးသို့ ပြန်လာခဲ့ကြပါသည်။ ထိုသို့ ပြန်လာခဲ့ကြရာ ဝင်တာဆိုလို၊ ဆန်ဖရန်စစ္စကိုနှင့် လင်းဖောတို့သို့ သွားသော လမ်းသုံးခွဆုံသို့ ရောက်သောအခါ တစ်ကိုယ်တော် မြင်းစီးသမားတစ်ဦးကို တွေ့မြင်ရပါသည်။ ထိုမြင်းစီးသမားသည် မျက်နှာဖုံးနေသော ဦးထုပ်ကြီးကို ဆောင်းထားပြီး ကျွန်မတို့ကို မြင်သောအခါ ဦးထုပ်ကြီးကို ရှေ့သို့ ငိုက်ကျသွားအောင် ဆွဲချလိုက်ပါသည်။

ဤလမ်းခရီးမှာ လူသွားလူလာနည်းသောလမ်း ဖြစ်ပါသည်။ ထို့ကြောင့် 'ထိုတစ်ကိုယ်တော်မြင်းစီးသမားမှာ မာရီယာမက်ဝဲထံသို့ သွားရောက်ပြီး စာခေါက်လေးပို့ပေးသော ခြေမြန်တော်ဖြစ်လေသလော' ဟု တွေးတောနေမိပါသည်။ မစ္စတာ အင်ဒရူးမှာမူ ထိုတစ်ကိုယ်တော် မြင်းစီးသမားကို လုံးဝအမှုထားဟန် မရှိပါ။ အမှုမဲ့ အမှတ်မဲ့ နေသည်ကိုသာ ကျွန်မ တွေ့ရပါသည်။

*

လင်းဖောစ်အိမ်ကြီးသို့ နေမွန်းတည့်ချိန်တွင်မှ ကျွန်မတို့ပြန်ရောက်ပါသည်။ ထိုအခါ မစ္စတာအင်ဒရူးက နားနေအပန်းဖြေရန် ပြောကြားသည့်အတွက် ကျွန်မလည်း အိပ်ရာထက်၌ ကျောဆန့်လိုက်ရာ ညစာစားခါနီးတွင်မှ အိပ်ရာမှနိုးပါသည်။

ထိုအခါ နီဂရိုးမလေး ချာရီတီက –

http://www.cherrythitsar.org


"ဆရာမ အိပ်ပျော်တာ တော်တော်ကြာသွားတယ်။ ညစာစားချိန် တောင် နီးနေပြီ။ ရေအမြန်ဆုံးချိုးပေတော့" ဟု ပြောကြားရာ၊ ကျွန်မလည်း ရေ အမြန်ဆုံးချိုးလိုက်ပါသည်။

ရေချိုးပြီးသောအခါ ချာရီတီလည်း စင်တာမာတာမြို့က ဝယ်လာခဲ့ သော ကိုယ်ကြပ်ဝတ်စုံများထဲက အစိမ်းရောင်ဝတ်စုံလှလှလေးကို ထုတ်ယူပြီး ကျွန်မကို ဝတ်ဆင်ပေးပါသည်။ ထိုသို့ဝတ်ဆင်ပေးရာမှ –

"ကြည့်စမ်း။ ဒီဝတ်စုံလေးကို ဝတ်လိုက်တော့ ဆရာမရဲ့ ကိုယ်ခန္ဓာ အလှဟာ ထင်းထင်းကြီး ပေါ်လာတော့တယ်။ တကယ်တော့ ဆရာမဟာ သခင်မလေးထက်တောင် ပိုလှပါကလား" ဟု ချီးကျူးပြောကြားပါသည်။ သို့သော် ကျွန်မအနေနှင့်မူ ရင်ညွန့်ပေါ်သည်အထိ ရင်ဟိုက်လွန်းသော ဝတ်စုံ ကြောင့် မနေတတ် မထိုင်တတ် ဖြစ်နေမိပါသည်။

"ချာရီတီ။ ဒီဝတ်စုံကို ဆရာမ မဝတ်ချင်ဘူးကွယ်။ သိပ်ကျွန်နေမဲ့တာ ပဲ။ ဆရာမ ရှက်တယ်" ဟု ပြောကြားကာ၊ ဝတ်စုံကို ဆွဲချွတ်ပစ်ဖို့ ကြိုးစားမိပါ သည်။ ထိုအခါ ချာရီတီက –

"ဆရာမရယ်။ ရှက်မနေပါနဲ့။ဒီဝတ်စုံက ဆရာမနဲ့ သိပ်လိုက်ပါ တယ်။ ပြီးတော့ အလွန်ပူပြင်းတဲ့ ဒီလိုရာသီဥတုနဲ့လဲ သိပ်ပြီး ကိုက်ပါတယ်" ဟု ပြောကြားကာ၊ ဝတ်စုံကို အတင်းဝတ်ခိုင်းပါသည်။ ထို့ပြင် ကျွန်မ ဆံပင်ကို လည်း ကော့နေအောင်ထုံးပေးပါသည်။

ညစာစားချိန်သို့ ရောက်သောအခါ၊ ကျွန်မလည်း လှေခါးမှ ခြေသံ မကြားအောင် ဆင်းလာခဲ့ပြီးနောက်၊ ထမင်းစားခန်းသို့ ညင်ညင်သာသာ ဝင် ကာ အလင်းရောင်နှင့် အဝေးဆုံးနေရာသို့ သွားရောက်ရန် ဟန်ပြင်လိုက်ပါ သည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးက –

"ဆရာမရေ၊ ဒီနေ့ညစာစားပွဲကို ကျုပ်သား ဖားဂတ်လဲ တက်လိမ့် မယ်။ မကြာခင် ဖားဂတ်ရောက်လာပါလိမ့်မယ်"

ဟု ပြောကြားလိုက်ပါသည်။

***

[ ၅ ]

## ချုပ်ငြိမ်းတော့မည့် ကျွန်စနစ်

နောက်တစ်နေ့နံနက်ခင်း စာသင်အပြီးတွင် မာရီယာမက်ဝဲသည် ဒန်ကင်လေးကို ခေါ်ပြီး ထုံးစံအတိုင်း မြင်းစီးထွက်သွားပါသည်။ ထိုအခါ ကျွန်မလည်း လင်းဖောစ်အိမ်ကြီးမှ မြွေနဂါးကျောက်ဆောင်ကြီးရှိရာသို့ ချက်ချင်း ထွက်လာခဲ့ပါသည်။

မြွေနဂါး ကျောက်ဆောင်ကြီးသို့ ရောက်သောအခါ လေငြိမ်သော ပင်လယ်ကမ်းကွေ့ဘက်သို့ဆက်ပြီး လျှောက်လာခဲ့ပါသည်။ ဤကဲ့သို့ လျှောက်လာခြင်းမှာ ဆန်ဖရန်စစ္စကို စိုက်ပျိုးခင်းများရှိရာ ပင်လယ်ကမ်းတွင် သင်္ဘောတစ်စင်း ဆိုက်ကပ်နိုင်လောက်သော ပင်လယ်ကမ်းကွေ့ ရှိမရှိ သိလိုသောကြောင့် ဖြစ်ပါသည်။

ဆန်ဖရန်စစ္စကို စိုက်ပျိုးခင်းရှိ မာရီယာ မက်ဝဲ၏ မိခင်ဒိုနာ အစ္စဘယ်လာနှင့် ညီမငယ်နှစ်ဦးတို့ နေသည့် အိမ်ကြီးအပေါ်သို့ကား ကျွန်မ ချဉ်းကပ် မသွားဝံ့ပါ။ အယ်လစ်တာ၏ အတွေ့အကြုံအရ အဘွားကြီး ဒိုနာ အစ္စဘယ်လာသည် သေနတ်တစ်လက်ရှိနေပြီး၊ လူစိမ်းမြင်ပါက သေနတ်နှင့် လှမ်းပြီး ပစ်သတ်သောကြောင့် ဖြစ်ပါသည်။

http://www.cherrythitsar.org



မြွေနဂါးကျောက်ဆောင်ကြီးကိုလွန်၍ အတန်လျှောက် မိသောအခါ၊ ပင်လယ်စပျစ်ပင်များ၊ ဗာဒံပင်များတို့ အစီအစီ ပေါက်နေသော ပင်လယ်ကမ်းစပ်သို့ ရောက်လာခဲ့ပါသည်။ သဲပွင့်တို့မှာ ဖွေးဖွေးဖြူနေပြီး၊ ပြာလဲ့သော လှိုင်းဂယက်တို့လည်း ကမ်းစပ်ကို တဖျတ်ဖျတ် ရိုက်ခတ်နေပါသည်။ ထို့ပြင် လှပသော ငှက်ကလေးများလည်း ကျည်ကျည်ကျာကျာ မြည်ကြွေးပြီးမြူးတူး ပျံသန်းနေပါသည်။ ဤမျှသာယာ ဆန်းကြယ်သော ရှုခင်းကို မြင်ရသောအခါ ကျွန်မ၏ ရင်တွင်း၌ ကြည်နူးချမ်းမြေ့သွားပါသည်။ အဝတ်အစားများကို ချွတ်ကာ ရေတဝကြီး ချိုးပစ်လိုစိတ်များပင် တဖွားဖွား ပေါ်လာခဲ့ပါသည်။

ကျွန်မလည်း သာယာသောပင်လယ်ကမ်းစပ်အတိုင်း ဆက်လျှောက်လာရာ၊ နောက်ဆုံး၌ ကျောက်ကမူအပါးသို့ ရောက်လာခဲ့ပါသည်။ ထိုကျောက်ကမူလေးပေါ်သို့ ကုတ်ကပ်တက်ပြီး လှမ်းမျှော်ကြည့်လိုက်သောအခါ ကျယ်ပြန့်သော ကွဲခင်းကြီးများ၏ အလယ်၊ တောင်ကုန်းစောင်း၌ ဆောက်ထားသော အိမ်ကြီးတစ်လုံးကို မြင်ရပါသည်။ ထိုအိမ်ကြီးကား အဘွားအို ဒိုနာအစ္စဘယ်လာတို့နေသော ဆန်ဖရန်စစ္စကို အိမ်ကြီးပင် ဖြစ်ပေလိမ့်မည်။ ထိုအိမ်ကြီး၏နောက်ဘက် ပင်လယ်ကမ်းကွေ့တစ်ကွေ့ရှိ ဝေးလံသော အရပ်ဒေသတွင်လည်း ကွဲခင်းအလယ်၌ အိမ်ကြီးတစ်လုံးကို မှုန်ပျပျ မြင်နေရပြန်ပါသည်။ ထိုအိမ်ကြီးကား ဖားဂတ်နေသည့် ဝင်တာဆိုလို အိမ်ကြီးပင် ဖြစ်ပေလိမ့်မည်။

ကျွန်မလည်း ကျောက်ကမူလေးထက်တွင် ရပ်ပြီးလှမ်းမျှော်ကြည့်ရာမှ အားမရသေးသောကြောင့် အနီးရှိ ကျောက်ဆောင်ကြီးပေါ်သို့ ကုတ်ကပ်တွယ်တက်လိုက်ပါသည်။ ကျောက်ဆောင်ကြီးပေါ်သို့ ရောက်သောအခါ၊ ပတ်ဝန်းကျင်တစ်ခွင်လုံးကို ပီပီပြင်ပြင် ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။ ပင်လယ်ကမ်းကွေ့တစ်နေရာ၌ ခံတပ်ကြီးနှင့်တူသော အဆောက်အဦပျက်ကြီးကိုလည်း တွေ့မြင်ရပါသည်။

ထိုအဆောက်အဦကြီးမှာ အပေါ်ပိုင်း ယိုယွင်းပြိုပျက် နေပါသည်။ တံခါးပေါက်များ၊ ပြတင်းပေါက်များ၊ ပျက်စီးနေပါသည်။ ထိုအဆောက်အဦပျက်ကြီးအနီးရှိ သဲမြေပြင်ထက်၌လည်း ကြီးမားလှသော အမြောက်ကြီး တစ်လက် လဲကျနစ်မြုပ်နေပါသည်။ ထိုအဆောက်အဦပျက်ကြီးကား အခြားမဟုတ်။ ဤဒေသသို့ စပိန်များကြီးစိုးစဉ်ကာလက စင်တာမာတာ ဆိပ်ကမ်းကို ကြိုတင်ကာကွယ်သောအားဖြင့် ဤဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ စပိန်တို့ တည်ဆောက်ထားအပ်သော ခံတပ်ကြီးပင် ဖြစ်ပါလိမ့်မည်။

http://www.cherrythitsar.org



ကျွန်မလည်း အဆောက်အဦပျက်ကြီးကြီးကို စိတ်ဝင်စား လာသော ကြောင့် အဆောက်ဦပျက်ကြီးရှိရာသို့ ခဲရာခဲဆစ် မရောက်ရောက်အောင် သွား ခဲ့ပါသည်။ ပြိုပျက်နေသော အုတ်တံတိုင်းကြီးကို ကျော်ပြီးလာခဲ့ရာ နောက်ဆုံး ၌ အဆောက်အဦပျက်ကြီးအပါးသို့ ရောက်သွားပါတော့သည်။

ထိုအခါ ကျွန်မလည်း အဆောက်အဦပျက်ကြီးကို လိုက်လံပြီး စေ့စေ့စပ်စပ်ကြည့်ရှုရာ ရှေးယခင်က မြေအောက်တိုက်ခန်းများအဖြစ် အသုံးပြု ခဲ့သော အခန်းများကို တွေ့ရပါသည်။ ထို့ပြင် ပင်လယ်စပျစ်ပင်များ ဖုံးအုပ် ယှက်နွယ်နေသော အခန်းကြီးတစ်ခန်းကိုလည်း တွေ့ရပါသည်။ အခြားအခန်း များ၌ တံခါးများ လုံးဝမရှိဘဲ ပြိုပျက်နေသော်လည်း ထိုအခန်းကြီးမှာမူ ခိုင်ခံ့ သော သစ်သား တံခါးသစ်ကြီးအသစ်စက်စက် တပ်ထားပြီး သော့ခလောက် ကြီးကြီးနှင့် သော့ခတ်ထားသည်ကို တွေ့ရပါသည်။ ထိုအခန်းကြီးတွင် ထို တံခါးကြီးမှအပ အခြားဝင်ပေါက်ဟူ၍ လုံးဝမရှိပါ။ မြင့်မားလှသော အုတ်နံရံ အမြင့်တွင်မူ လေဝင်ပေါက်သေးသေးလေးတစ်ပေါက်ရှိပြီး ထိုလေဝင်ပေါက် သေးသေး၌ပင် သံတိုင်အသစ်စက်စက်များ စိုက်ထားသည်ကို တွေ့ရပါသည်။

ထိုအခန်းကြီးကို တွေ့ရသောအခါ 'ကျွန်မ တွေးတောမှန်းဆချက် မှန်ကန်လေပြီ' ဟူသော အသိဖြင့် ကျွန်မရင် တဒိတ်ဒိတ်ခုန်နေမိပါသည်။ အခန်းတံခါးဝတွင် ပါးကပ်ပြီး နားစွင့်ထောင်ကြည့်မိပါသည်။ သို့သော် အခန်း တွင်း၌ မည်သည့်အသံကိုမှ မကြားရပါ။ သို့သော် အခန်းဝန်းကျင်ရှိ သဲမြေပြင် ထက်၌မူ ဘွတ်ဖိနပ်ရာများနှင့် လူ့ခြေရာတို့ ရှုပ်ထွေးရောယှက်နေသည်ကို မြင်ရပါသည်။

ကျွန်မလည်း ငြိမ်သက်တိတ်ဆိတ်နေသော ပင်လယ်ပြင်ကြီးကို လှမ်းမျှော်ကြည့်ပြီးနောက် 'ဆာဇင်နတ်ထရေဒါသင်္ဘောကြီးသာ ဆိုက်ကပ်မည် ဆိုပါက ဤပင်လယ်ကွေ့၌သာ ဆိုက်ကပ်မည်ဖြစ်ကြောင်း' မှန်းဆတွေးတော နေမိပါသည်။

ထိုခဏ၌ပင် ဤအရပ် ဤနေရာ၌ ကျွန်မကို တွေ့ရှိသွားပါက အသက်ဘေးရန် စိုးရိမ်မကင်းသည့်အဖြစ်ကို ဖျတ်ခနဲ တွေးတောမိပါသည်။ ထို့ကြောင့် ကျွန်မလည်း အုတ်တံတိုင်းပျက်ကြီးကို ဖြတ်ကျော်ပြီး အဆောက် အဦပျက်ကြီးအပါးမှ ကမန်းကတန်း ပြေးထွက်လာခဲ့ပါသည်။

ထို့နောက် လင်းဖော့စ်အိမ်ကြီးသို့ ဦးတည်ပြီး ကြံခင်းကြီးများကို ဖြတ်ကာ ပြန်လာခဲ့ပါသည်။ ထိုသို့ ကြံခင်းကြီးများကို ဖြတ်လာခိုက်တွင်

ကြံခင်းကြီးများကြား၌ အလုပ်လုပ်နေကြသော နီဂရိုးကျွန်များကို လုံးဝ မတွေ့ ရပါ။ ကျွန်မလည်း ကြောက်လန့်အားနှင့် ခြေကုန်သုတ်လာခဲ့ရာ နောက်ဆုံး၌ လင်းဖောစံအိမ်ကြီးအပါးသို့ ရောက်လာခဲ့ပါသည်။

ကျွန်မလည်း မြင်းဇောင်းများရှိရာဘက်မှ ခပ်သုတ်သုတ် လျှောက်လာရာ စာသင်ခန်းအနီးသို့ အရောက်တွင် ဒန်ကင်လေးနှင့် ရုတ်တရက် ပက်ပင်းတိုးပါသည်။

ထိုအခါ ကျွန်မက –

"ဆရာမ လမ်းလျှောက်ထွက်သွားတာ၊ လမ်းမှားသွားတယ်ကွယ်"

ဟု ပြောကြားလိုက်ရာ ဒန်ကင်လေးက –

"ဆရာမက မြွေနဂါးကျောက်ဆောင်ကြီးရဲ့အလွန် ပင်လယ်ကမ်းကွေ့ဘက်ကို ရောက်ခဲ့တယ်နော်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"သားသားက ဘယ်လိုလုပ် သိသလဲ" ဟု မေးလိုက်ရာ ဒန်ကင်လေးက –

"မြွေနဂါး ကျောက်ဆောင်ကြီးနားက ပင်လယ်ကွေ့က သဲမရှိဘူး ဆရာမရဲ့။ အဲဒီကို အတော်လွန်ပြီးသွားတော့မှ သဲတွေရှိတာ။ ဆရာမရဲ့ အဝတ်အစားတွေမှာ သဲတွေပေနေတယ် မဟုတ်လား။ ဒါကြောင့် မြွေနဂါး ကျောက်ဆောင်ကြီး အလွန် ပင်လယ်ကွေ့ဘက်ကို ဆရာမ ရောက်ခဲ့တယ်လို့ ပြောတာပါ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း 'မြွေနဂါးကျောက်ဆောင်ကြီးအလွန် ပင်လယ်ကမ်းကွေ့ဘက်သို့ ကျွန်မ ရောက်ရှိသွားခဲ့ကြောင်းကို မာရီယာရော လင်းဖောစံအိမ်ကြီးရှိ နီဂရိုးကျွန်များပါ ရိပ်စားသိရှိသွားခဲ့ပေပြီ' ဟု တွေးတောကာ စိတ်မောလူမောနှင့် ဟင်းခနဲ သက်ပြင်းချလိုက်မိပါသည်။

*

ထိုနေ့ ညစာစားပွဲသို့ ရောက်သောအခါ မစ္စတာ အင်ဒရူးက –

"မြွေနဂါး ကျောက်ဆောင်ကြီးကို လွန်ပြီး လေငြိမ်တဲ့ ပင်လယ်ကမ်းကွေ့ဘက်ကို ဆရာမ လျှောက်သွားတယ်ဆို။ အဲဒီပင်လယ်ကမ်းကွေ့ကို ဆရာမ ဘယ်လိုသဘောရသလဲ"

ဟု မေးရာ၊ ကျွန်မက –

"အဲဒီ ပင်လယ်ကမ်းကွေ့က မယုံကြည်နိုင်လောက်အောင် သိပ်ပြီး သာယာတာပဲ ဦးရယ်။ ဒါကြောင့် ကျွန်မလဲ အဲဒီပင်လယ်ကမ်းကွေ့က သစ်ပင်တွေအောက်မှာ ထိုင်ပြီး ငှက်ကလေးတွေကို အကြာကြီး ကြည့်နေမိတယ်" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မာရီယာက –

"ဆရာမ အဲဒီရောက်အောင် အတော်လမ်းလျှောက်ရမှာပေါ့နော်" ကြားဖြတ်ပြီးမေးရာ ကျွန်မက –

"စကော့တလန်မှာတုန်းက ကျွန်မဟာ တစ်နေ့ကို အနည်းဆုံးနှစ်နာရီလောက် လမ်းလျှောက်ထွက်လေ့ရှိပါတယ်။ ဒါကြောင့် ကျွန်မအဖို့ ဒီလောက် ခရီးဟာ ဘာမှ မပြောပလောက်ပါဘူး"

ဟု ဖြေလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"နောက်တစ်ခေါက် သွားမယ်ဆိုရင် ဆရာမ မြင်းစီးပြီးသွားပါ။ ပြီးတော့ ဒီလို မြင်းစီးတဲ့အခါမှာလဲ တစ်ယောက်တည်း မစီးပါနဲ့။ အဖော်ခေါ်သွားပါ။ ဆရာမရဲ့ အဖော်အဖြစ် ဖားဂတ်ကို ထည့်ပေးပါ့မယ်" ဟု ပြောကြားရာ မာရီယာက –

"ဖားဂတ်က သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ အခုအချိန်မျိုးမှာ ဝင်တာဆိုလိုမှာ ဖားဂတ်ရှိနေဖို့ လိုအပ်ပါတယ်"

ဟု ဝင်ပြောပါသည်။

ထိုအခါ အယ်လစ်တာက –

"ဆရာမမှာ အဖော်လိုရင် အဖော်အဖြစ် ကျွန်တော် လိုက်ပေးပါ့မယ်" ဟု ပြောကြားပြီး မာရီယာ၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်ရင်း –

"ဒီလိုကျနော်တို့ မြင်းစီးထွက်တဲ့အခါမှာ ဒိုနာအစ္စဘယ်လာရဲ့ စိတ်အနှောင့်အယှက် မဖြစ်ရလေအောင် ဆန်ဖရန်စစ္စကိုဘက် မြင်းစီးမထွက်မိဖို့ အထူးလိုအပ်တယ် ဆရာမရေ့" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မာရီယာက –

"အယ်လစ်တာရယ်၊ ဆန်ဖရန်စစ္စကိုဘက်ကို ရှင်တို့ မြင်းစီးထွက်နိုင်ပါတယ်။ ဆန်ဖရန်စစ္စကိုက ရှင်တို့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုဖို့ ကျွန်မ စီမံပေးပါ့မယ်" ဟု ပျာပျာသလဲ ပြောကြားရာ မစ္စတာ အင်ဒရူးက –

"ဆန်ဖရန်စစ္စကိုက လည်ဖို့ပတ်ဖို့ ကောင်းတဲ့နေရာ မဟုတ်ပါဘူး။ အဘွားအိုကြီးတစ်ယောက်နဲ့ စာချောက်ရုပ်နဲ့တူတဲ့ သမီးနှစ်ယောက်ထဲရှိတဲ့ နေရာပါ"

ဟု ဝင်ပြောပါသည်။

ထိုနေ့ညက ညစာစားပွဲ၌ ဤမျှသာ ထူးခြားပါသည်။ ခါတိုင်း ညစာစားပွဲများထက် ပိုထူးခြားသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် အသာ သက်ပြင်းချလိုက်ပါသည်။

သို့သော် ထိုနေ့ညက ကျွန်မ ရတ်တရက် အိပ်မပျော်ပါ။ အိပ်ရာထက်၌ လဲလျောင်းနေသော်လည်း ဆန်ဖရန်စစ္စကို ဆိပ်ကမ်းသို့ 'ဆာဗင်နတ်ထရေဒါ' သင်္ဘောကြီး ဆိုက်ကပ်နေသည့် အသံတို့ကို ကြားယောင်နေပါသည်။ ထို့ပြင် အဆောက်အဦးပျက်ကြီးရှိ သော့ခလောက်ကြီးကြီးနှင့် သော့ခတ်ထားသော အခန်းတံခါးဝတွင် ရပ်ပြီး သော့ဖွင့်နေသည့် မာရီယာ၏ရုပ်သွင်ကိုလည်း မြင်ယောင်နေပါသည်။

*

နောက်တစ်နေ့ နံနက်အရုဏ် မတက်မီတွင် ကျွန်မလည်း အိပ်ရာထက်မှ ခြေသံမကြားအောင် ထပြီးလျှင် တခေါ်ခေါ် ဟောက်နေသော မစ္စတာအင်ဒရူး၏ အိပ်ခန်းကို ကျော်ကာ နောက်ဖေးဆောင်ဘက်သို့ ထွက်လာခဲ့ပါသည်။ ထို့နောက် ကျောက်တိုင်ကြီးတစ်တိုင်ကို ကွယ်ပြီး လေငြိမ်သော ပင်လယ်ကမ်းဘက်သို့ လှမ်းမျှော်ကြည့်နေမိပါသည်။

ထိုသို့ လှမ်းမျှော်ကြည့်ခိုက် ညကအိပ်ရေးပျက်ထားသည့် အရှိန်ကြောင့် ခေတ္တမျှ မျက်လုံးစင်းကျသွားပါသည်။ သို့သော် ချွတ်ခနဲ မြည်သံကြောင့် ချက်ချင်း မျက်စိကို အားယူဖွင့်ပြီးလှမ်းကြည့်ပါသည်။ ထိုအခါ ထူထပ်အုပ်ဆိုင်းနေသော သစ်ပင်ကြီးများအောက်မှ လင်းဖောစံအိမ်ကြီးရှိရာသို့ ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်ခြင်းဖြင့် ခပ်သုတ်သုတ် လျှောက်လာသော မာရီယာမက်ဝဲကို တွေ့လိုက်ရပါသည်။

မာရီယာ မက်ဝဲသည် ကိုယ်နှင့်တသားတည်း ကပ်နေသော အင်္ကျီအနက်နှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားပြီး၊ ကြီးမားလှသော ဦးထုပ်နက်ကြီးကို ဆောင်းထားရာ၊ ရုတ်တရက်ကြည့်လိုက်ပါက ယောကျ်ားလေးတစ်ယောက်နှင့်ပင် တူနေပါတော့သည်။

ကျွန်မငေးကြည့်နေခိုက်တွင် မာရီယာသည် လှေကားကို ခြေဖော့နင်း

http://www.cherrythitsar.org



တက်လာပြီး မိမိ၏ အိပ်ခန်းအတွင်းသို့ လှစ်ခနဲ ဝင်သွားပါသည်။ ကျွန်မ ချောင်းပြီး စောင့်ကြည့်နေသည်ကို မာရီယာ လုံးဝ ရိပ်စားမိဟန် မတူပါ။

*

စင်တာမာတာမြို့မှ ဈေးဝယ်ပြန်လာကြပြီးသည့် နောက်ပိုင်းတွင် လင်းဖောစ်အိမ်ကြီးမှာ ရှေးယခင်အတိုင်း ထူးခြားပြောင်းလဲမှုမရှိဘဲ ပုံမှန်ငြိမ်သက်နေပါသည်။ သို့သော် ကျွန်မ၏စိတ်ကား ငြိမ်သက်ခြင်း မရှိဘဲ လှုပ်ရှားနေပါသည်။

အယ်လစ်တာသည် တစ်ချိန်လုံး ရုံးခန်းတွင် ထိုင်ကာ စာရင်းအင်းများကို စစ်ဆေးကြည့်ရှုနေပါသည်။ တစ်ခါတစ်ရံ၌ အယ်လစ်တာ၏ အပါးတွင် မာရီယာ ရှိနေတတ်သော်လည်း များသောအားဖြင့် အယ်လစ်တာ တစ်ကိုယ်တည်း ရှိတတ်ပါသည်။ ညစာစားတိုင်း ကျွန်မနှင့် အယ်လစ်တာတို့ ဆုံကြပါသည်။ ထိုအခါများ၌ အယ်လစ်တာသည် ကျွန်မကို အထူးဂရုစိုက် အရေးပေးပါသည်။ ကျွန်မ၏ရင်တွင်း၌မူ ဖားဂတ်ကိုသာ တမ်းတနေမိပါသည်။ ဖားဂတ်နှင့်အတူ နှစ်ကိုယ်တည်း စကားတွက်ထိုးချင်နေမိပါသည်။ သို့သော် ဖားဂတ်ကား လင်းဖောစ်အိမ်ကြီးသို့ ထပ်မံရောက်လာခြင်း မရှိတော့ပါ။ မစ္စတာ အင်ဒရူးကလည်း ဖားဂတ်အကြောင်းကို ထပ်မံမပြောတော့ပါ။

မစ္စတာအင်ဒရူးနှင့်ကျွန်မ တွေ့ဆုံရသည့် အကြိမ်လည်း တဖြည်းဖြည်း နည်းလာပါသည်။ မစ္စတာ အင်ဒရူးကား ယခင်က ကဲ့သို့ နံနက်စောစောထပြီး အရဏ်ဦး၏အလှကို မခံစားမကြည်နူးတော့ပါ။ အမြဲပင် အခန်းအောင်း နေတတ်ပါသည်။ ထို့ကြောင့် မစ္စတာ အင်ဒရူး၏သတင်းကို သိလိုသောကြောင့် ချာရီတီအား မေးမြန်းကြည့်ရာ၊ ချာရီတီက –

"သခင်ကြီး နေမကောင်းဘူးတဲ့" ဟုသာပြန်ဖြေပါသည်။ မစ္စတာ အင်ဒရူး၏သတင်းကို ချာရီတီအား မေးမြန်းခြင်းထက် ဇနီးဖြစ်သူ မာရီယာအား မေးမြန်းခြင်းက ပို၍လျော်ကန်သင့်မြတ်ကြောင်း ကျွန်မသိပါသည်။ သို့သော် မာရီယာကိုကား သတင်းမမေးခဲ့ပါ။ မာရီယာနှင့် ကျွန်မတို့နှစ်ဦးကြားတွင် ထိုသို့ မေးမြန်းပြောဆိုခြင်း မပြုသော အကြောင်းအရာတို့ အမြောက်အမြားပင် ရှိနေပါသည်။

ထိုရက်များအတောအတွင်း၌ မာရီယာက ဒန်ကင်လေးကို မြင်းစီးခေါ်သွားတိုင်း ကျွန်မလည်း တစ်ယောက်တည်း လမ်းလျှောက်ထွက်လေ့ရှိပါသည်။ ထိုသို့လမ်းလျှောက်ထွက်စဉ် တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် အကြိမ်ကြိမ်

ပင် မိုးမိပါသည်။ သို့သော် ကျွန်မကား လုံးဝမမှုပါ။ တဝေါဝေါ ရွာနေသော မိုးထဲရေထဲ၌ တစ်နေကုန် အလုပ်လုပ်နေကြရသော နီဂရိုးကျွန်များ၏ ဘဝ ဆိုးကိုကြည့်ပြီး ရင်ထုမနာ သနားကရုဏာ သက်နေမိပါသည်။

မိုးထဲရေထဲ၌ တစ်နေကုန် အလုပ်လုပ်နေကြသော နီဂရိုး ကျွန်များမှာ အလုပ်လုပ်ရင်း တေးသီချင်းကို သံပြိုင်ညည်းလေ့ရှိပါသည်။ ထိုသို့ နီဂရိုးကျွန် များ ညည်းသော တေးသီချင်းကို နားထောင်ရသည်မှာ အလွန်တရာ ဆွေးမြည့် ကြေကွဲဖွယ် ကောင်းလှပါသည်။ ကျွန်မကြားဖူးသမျှသော တေးသီချင်းများ အနက် သနားကြေကွဲဖွယ် အကောင်းဆုံးတေးသီချင်းများ ဖြစ်သည်ဟု ရဲရဲ ကြီးဆိုချင်ပါသည်။

*

ထိုနီဂရိုးကျွန်များအကြောင်းနှင့် ပတ်သက်၍ တစ်နေ့တွင် အယ်လစ် တာအား ကျွန်မပြောကြားလိုက်ရာ၊ အယ်လစ်တာက –

"ဒီဒေသက ကျွန်တွေရဲ့ ဘဝအခြေအနေဟာ မစ္စတာအင်ဒရူး ကွပ် ကဲအုပ်ချုပ်စဉ်အခါနဲ့ နှိုင်းစာရင်တော့ အခုမာရီယာရဲ့ လက်ထက်မှာ အခြေ အနေ နည်းနည်းပိုပြီး ကောင်းလာတယ်။ ဘာကြောင့်လဲဆိုတော့ မာရီယာဟာ ကျွန်တွေရဲ့တန်ဖိုးကို ကောင်းကောင်းကြီး သိလာလို့ပဲ။ မစ္စတာ အင်ဒရူး ကွပ်ကဲအုပ်ချုပ်စဉ်အခါက ကျွန်တွေက အာဖရိကတိုက်က တိုက်ရိုက်မှာပြီး ဝယ်ရတယ်။ အခုအခါမှာတော့ ကျွန်တွေကို ကျွန်ရောင်းကျွန်ဝယ်ပြုနေကြတဲ့ ကုန်သည်တွေဆီက အလွယ်တကူ ဝယ်ယူလို့ရပါပြီ။ ပြီးတော့ ကျွန်တွေ တိုး ပွားလာအောင်လို့ မြင်းတွေနွားတွေလို ဒီမှာ သားစပ်ပြီး မွေးမြူခိုင်းတဲ့ အလုပ်လဲ လုပ်ကြတယ်။ မာရီယာဟာ ကိုယ်ဝန်ရှိတဲ့ ကျွန်မတွေကို အထူးသက်ညှာ တယ်။ မွေးဖွားခါနီးတစ်လနဲ့ မွေးဖွားပြီးတစ်လကို လုံးဝ အလုပ်ကြမ်းမခိုင်းဘဲ အနားပေးတယ်။ ဒါကြောင့် တစ်နေ့မပြတ် အလုပ်ကြမ်းလုပ်ရတဲ့ ကျွန်မတွေ အဖို့မှာ သားဖွားရတဲ့အလုပ်ဟာ ဆုကြီးလာဘ်ကြီးလို ဖြစ်နေတယ်။ အင်း ... အဲဒီ ကျွန်တွေမှာတော့ လင်မှတ်မှတ်မယားမှတ်မှတ် မရှိပါဘူး။ နှစ်ဦး သဘောတူ ကျေနပ်မှုပဲ လိုတယ်ဆိုပါတော့"

ဟု ပြောကြားပါသည်။

အယ်လစ်တာ ပြောကြားသော အကြောင်းအရာမှာ အိမ်ထောင်မပြု ရသေးသော မိန်းမပျိုတို့အား မပြောကြားသင့်သော အကြောင်းအရာသာ ဖြစ်ပါသည်။ သို့သော် အယ်လစ်တာကား ကျွန်မကို မိတ်ဆွေရင်းချာကဲ့သို့

http://www.cherrythitsar.org



သဘောထားပြီး ရဲရဲရင့်ရင့် ပွင့်ပွင့်လင်းလင်း ပြောကြားခြင်းဖြစ်ပါသည်။ ကျွန်မလည်း ရှက်ရွံ့မနေတော့ဘဲ ဣန္ဒြေမပျက်နားထောင်လိုက်ပါသည်။

"အဲဒီ ကျွန်မတွေက မွေးတဲ့ ကလေးတွေကော၊ သူတို့တစ်တွေ လင်းဖောမှာပဲ ဆက်နေကြသလား" ဟုလည်း သိလိုဇောဖြင့် မေးခွန်းထုတ်လိုက်ပါသေးသည်။

ထိုအခါ အယ်လစ်တာက –

"အဲ့ဒီ ကလေးတွေအားလုံးကို မာရီယာက ပိုင်တယ်လေ။ သူတို့လေးတွေက တရားဥပဒေရှုထောင့်ကပြောရရင် မာရီယာရဲ့ 'မွေးရာပါကျွန်' လေးတွေပေါ့။ သူတို့လေးတွေကို မာရီယာက ရောင်းပိုင်ခွင့်လဲ ရှိတယ်။ မရောင်းဘဲခိုင်းမယ်ဆိုရင်လဲ ခိုင်းပိုင်ခွင့်ရှိတယ်။ မာရီယာရဲ့ သဘောဆန္ဒအတိုင်းပဲဆိုပါတော့"

ဟု ရှင်းပြပါသည်။

ထိုအခါ ကျွန်မက –

"ဒါဟာ အလွန်ဆိုးဝါး မှားယွင်းတဲ့ အလုပ်ပဲ။ ဒီကျွန်စနစ်ကို ရှင်ယုံကြည်သလား"

ဟု ဒေါသတကြီးပြောကြားလိုက်ရာ၊ အယ်လစ်တာက –

"ကျွန်စနစ်ကို ကျွန်တော် ယုံတယ်လို့ မပြောရပါလားဆရာမရယ်။ ကျွန်တော်က လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေမှန်ကိုသာ တင်ပြနေတာပါ။ ကျွန်တော့် စိတ်ထင်ပြောရရင် ဒီကျွန်စနစ်ဟာလဲ မကြာခင် ပျက်စီးချုပ်ငြိမ်းသွားတော့မှာပါ။ ဒီနှစ်အတွင်းမှာပဲ 'ကျွန်တွေအားလုံးကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးရမယ်' ဆိုတဲ့ ဥပဒေတစ်ရပ်ကို လွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပေးပါတော့မယ်။ ဒီဥပဒေ အတည်ပြုပြီးတာနဲ့တစ်ပြိုင်နက် ကျွန်စနစ်ဟာ လုံးဝပျက်စီး ချုပ်ငြိမ်းသွားလိမ့်မယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဒီလိုဆိုရင် လင်းဖောကော" ဟု မေးလိုက်ရာ အယ်လစ်တာက ပြုံးပြီး –

"လင်းဖောလဲ ပျက်စီးချုပ်ငြိမ်းသွားမှာပေါ့။ ဘယ်စိုက်ခင်းပျိုးခင်းရှင်မှ လုပ်ခပေးပြီး ခိုင်းနိုင်တော့မယ် မထင်ဘူး။ ပြီးတော့ ဗြိတိသျှတွေရဲ့ လက်ဝါးကြီးအုပ်စနစ် ကျဆုံးဖို့အချိန်အခါကလဲ ကျရောက်နေပြီ မဟုတ်လား။

http://www.cherrythitsar.org



စိုက်ခင်းပိုင်ခင်းရှင်တွေအနေနဲ့လဲ ကျွန်တွေမရှိတော့တဲ့အတွက် အလုပ်သမားတွေကို ထိုက်တန်တဲ့လုပ်ခပေးပြီး ခိုင်းရတော့မယ်။ ဒီတော့ အရင်ကလို ကမ္ဘာ့ဈေးကွက်မှာ သကြားတွေကို ဈေးပေါပေါနဲ့ပြိုင်ရောင်းနိုင်တော့မှာ မဟုတ်ဘူး။ အို ... ဆရာမရယ်။ ဘာပဲဖြစ်ဖြစ်၊ လင်းဖောရော၊ အခြားစိုက်ခင်းပိုင်ခင်းတွေရော မကြာမီ ပျက်စီးချုပ်ငြိမ်းမှာတော့ သေချာပါတယ်”

ဟု ပြောကြားပါသည်။

ထိုသို့ပြောကြားနေစဉ်က ကျွန်မနှင့် အယ်လစ်တာမှာ လင်းဖောစံအိမ်ကြီး၏ ရှေ့ဘက် လဲဝါပင်ကြီးအောက်တွင် ထိုင်နေခိုက်ဖြစ်ပါသည်။ ကျွန်မလည်း ကြားရသော စကားကို မယုံကြည်နိုင်ဘဲ ခံ့ညားထည်ဝါလှသော လင်းဖော စံအိမ်ကြီးကိုသာ ငေးပြီး ကြည့်နေမိပါသည်။

ထိုအခိုက်တွင် အယ်လစ်တာက –

“သူတို့တစ်တွေအနေနဲ့ကလဲ ကျွန်စနစ်ပပျောက်ရေး ဥပဒေကို လွှတ်တော်မှာတင်သွင်းအတည်ပြုမှာကို လုံးဝမလိုလားကြဘူး။ ယုံလဲ မယုံနိုင်ကြဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်စနစ်ပပျောက်သွားတာကိုပဲ လိုလားယုံကြည်တယ်။ ကျွန်စနစ်ပျက်စီးချုပ်ငြိမ်းမယ့်အတွက် ဝမ်းမနည်းတဲ့အပြင် ဝမ်းတောင် သာနေမိပါတယ်” ဟု ပြောကြားပါသည်။ ထို့နောက် မည်သို့မှ မပြောတော့ဘဲ ဆတ်ခနဲထကာ ကျွန်မအပါးမှ ထွက်ခွာသွားပါတော့သည်။

ကျွန်မလည်း လဲဝါပင်ကြီးအောက်တွင် တစ်ယောက်တည်း ထိုင်ကျန်ရစ်ရာမှ လင်းဖောစံအိမ်ကြီးကို ငေးကြည့်ရင်း ‘မကြာမီ ကြုံတွေ့ရအံ့သော အခြေအနေကို လက်ခံရင်ဆိုင်နိုင်ရေးအတွက် ကျွန်မ တပည့်ဖြစ်သော ဒန်ကင်လေးအား ယခုထဲက ကြိုတင်ပြင်ဆင်ပေးရတော့မှာပါကလား” ဟု တွေးတောနေမိပါသည်။

*

နောက်ရက်များတွင် ကျွန်မသည် အချိန်အားရတိုင်း မြွေနဂါးကျောက်ဆောင်ကြီးဆီသို့ လျှောက်သွားလေ့ရှိပြီး မြွေနဂါးကျောက်ဆောင်ကြီးနှင့် မလှမ်းမကမ်းရှိ ပင်လယ်ကွေ့လေးတွင် တစ်ကိုယ်တည်း ထိုင်ကာ ပြာလဲ့ကြည်စင်နေသော ပင်လယ်ရေပြင်ကို ငေးပြီး ကြည့်နေလေ့ရှိပါသည်။ တစ်ခါတစ်ရံ၌မူ ပင်လယ်သောင်စပ် သဲတောတွင် တစ်ကိုယ်တည်း လမ်းလျှောက်နေလေ့ရှိပါသည်။

http://www.cherrythitsar.org



တစ်နေ့တွင် ပင်လယ်ကွေ့လေးရှိရာသို့ လမ်းလျှောက်ထွက်ရန် အလာ အခန်းကူးလမ်းကြားရှိ ကုလားထိုင်တွင် သုန်မှုန်သော မျက်နှာကြီးနှင့် ငေးငေးငိုင်ငိုင်ထိုင်နေသော အယ်လစ်တာကို တွေ့ရပါသည်။ အယ်လစ်တာ၏ လက်ထဲ၌လည်း စာတစ်စောင် ကိုင်ထားပါသည်။

ထိုအခါ ကျွန်မလည်း အယ်လစ်တာ၏အပါးသို့ လျှောက်သွားပြီး

"အယ်လစ်တာ၊ ရှင့်မှာ စိတ်အနှောင့်အယှက် ဖြစ်စရာများ ကြုံနေသလားဟင်" ဟု မေးလိုက်ရာ၊ အယ်လစ်တာက –

"ဆရာမရယ်၊ ကျွန်တော့်မှာ အလွန်ချစ်တဲ့မိတ်ဆွေ **ပီတာဂျင်ကင်း** ဆိုတာ ရှိပါတယ်။ အဲဒီမိတ်ဆွေက **ဘရက်စတို** နယ်ကနေပြီး လွှတ်တော်အမတ် ဝင်အရွေးခံပါတယ်။ ဘရက်စတိုဆိုတာက (အင်္ဂလန်ပြည်) ဂလောက်စတာ ရှိုင်းယားနယ်က မြို့တော်ဖြစ်ပြီး ကျွန်ကုန်ကူးတာနဲ့ ကြီးပွားချမ်းသာလာတဲ့မြို့ပေါ့။ အဲဒီမြို့တော်က ကုန်သည်ကြီးတွေဟာ ကိုယ်ပိုင်သင်္ဘောကြီးတွေနဲ့ အခုထက်တိုင် ကျွန်အရောင်းအဝယ် ပြုနေကြပါတယ်။ အဲဒီမြို့နယ်မှာ ပါလီမန်အမတ် ဝင်ပြီး အရွေးခံတဲ့ ကျွန်တော့် မိတ်ဆွေ ပီတာဂျင်ကင်းဟာ ကျွန်စနစ် ဖျက်သိမ်းရေးအတွက် လှုံ့ဆော်ကြွေးကြော်ပြီး တိုက်ပွဲဝင်တဲ့သူ ဖြစ်လေတော့ လွှတ်တော်အမတ် ရွေးကောက်ပွဲမှာ အရွေးမခံရဘဲ ရှုံးနိမ့်သွားလိမ့်မယ်ဆိုတာ ကျွန်တော်တို့ မျှော်လင့်ထားပြီးဖြစ်တဲ့အတွက် သိပ်စိတ်မထိခိုက်ပါဘူး ဆရာမရယ်"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"ကျွန်တော် စိတ်ထိခိုက်သွားတာက ကျွန်တော့် မိတ်ဆွေ ပီတာဂျင်ကင်း အတွက် ကူညီပြီး မဲဆွယ်တရားဟောတဲ့ လူတစ်ယောက်ကို ဘရက်စတိုမြို့နယ်က ရွာတစ်ရွာမှာ ရွာသားတွေက ဝိုင်းပြီး ခဲနဲ့ပေါက်ကြ၊ ထိုးကြကြိတ်ကြတဲ့အတွက် အဲဒီလူသေဆုံးသွားတယ်ဆိုတဲ့ သတင်းပါပဲ။ အဲဒီလူက စကော့လူမျိုးတစ်ယောက်ပါ။ သူ့အမည်က **သောမတ်စကောဘီ** တဲ့"

ဟု ပြောကြားပါသည်။

ထိုစကားကို ကြားလျှင် ကျွန်မ၏ တစ်ကိုယ်လုံး အေးစက်ထုံကျင်သွားပါသည်။ ထိုကျွန်စနစ်ဖျက်သိမ်းရေး တရားဟောဆရာ သောမတ်စကောဘီကို ကျွန်မ ကောင်းကောင်းသိကြောင်းနှင့် ကျွန်မ ကြိုတင်ပြီး သတိပေးဖူးသည့်အကြောင်းကို ထုတ်ဖော်ပြောကြားချင်စိတ် တဖွားဖွားပေါ်လာမိပါသည်။ သို့သော် တကယ့်လက်တွေ့၌မူ ထုတ်ဖော်မပြောကြားဖြစ်ပါ။

http://www.cherrythitsar.org



"အဲဒီသောမတ်စကောဘီရဲ့ တရားပွဲကို ကျွန်မ တက်ရောက်နားထောင်ဖူးတယ်။ အဲဒီလူက ကိုယ့်ယုံကြည်ချက်အတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့လူ့အာဇာနည်တစ်ယောက်ပဲ"

ဟုသာ ပြောကြားလိုက်ပါသည်။

ထိုအခိုက်တွင် အယ်လစ်တာက စိတ်မချမ်းမြေ့သော အသွင်ဖြင့်—

"ဆရာမရေ၊ နောက် တစ်လလောက်ရှိရင် လင်းဖောကို ကျွန်တော်ခွဲခွာပြီး အင်္ဂလန်ကို ပြန်ရပါတော့မယ်။ မာရီယာ စာရင်းလိမ်ထားတာတွေကို ကျွန်တော် အကြာအရှည် ထပ်ပြီး မစစ်ဆေးချင်တော့ပါဘူး။ အင်္ဂလန်မှာ ကျွန်တော့် ဆက်ပြီး ဆောင်ရွက်စရာအလုပ်တွေ အမြောက်အမြား ရှိနေပါတယ်"

ဟု ပြောကြားရာ၊ ကျွန်မက –

"ရှင့်မိသားစုလုပ်ငန်းကိစ္စတွေမှာ ဝင်ရောက်ဆောင်ရွက်ရမယ်ဆိုပါတော့"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ အယ်လစ်တာက အသာသက်ပြင်းချလိုက်ပြီး –

"ဟုတ်တယ်၊ လန်ဒန်က မက်ဝဲကုမ္ပဏီမှာ ဝင်ရောက် ဆောင်ရွက်ရဦးမယ်။ ကျွန်တော်နဲ့ ယုံကြည်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် တိုက်ပွဲဝင်ရမယ် ဆရာမရေ့။ ဒီလိုတိုက်ပွဲဝင်တဲ့အခါမှာ ငွေကြေးခနေတောင့်တင်းဖို့လဲလိုတယ်။ သြဇာတိက္ကမကြီးဖို့လဲ လိုတယ် မဟုတ်လား"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက ပြုံးပြီး –

"ပြီးတော့ ရှင်ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်လဲ ရှိသေးတယ်နော်။ ရှင်က တစ်သက်လုံး လူပျိုကြီးလုပ်နေမှာလား" ဟု ပြောကြားလိုက်ရာ၊ အယ်လစ်တာက –

"ကျွန်တော်က ရိုးရိုးအေးအေး နေတတ်တဲ့သူပါ ဆရာမရယ်။ ရှက်လဲ ရှက်တတ်ပါတယ်။ ပြီးတော့ ကိုယ့်ယုံကြည်ချက်အတွက် တိုက်ပွဲဝင်ဖို့လဲ ဆုံးဖြတ်ထားပါတယ်။ ဒီတော့ ကျွန်တော်နဲ့ သင့်တော်မဲ့ အိမ်ထောင်ဖက်ကို အရွေးရခက်လှပါတယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ကြားစမ်းပါရစေရှင်" ဟု ပြောလိုက်ရာ၊ အယ်လစ်တာက –

http://www.cherrythitsar.org



"ဒီလို ဆရာမရေ၊ ကျွန်တော်က အင်္ဂလန်ကို ပြန်ရောက်ရောက်ချင်း နိုင်ငံရေးထဲကို ခြေစုံပစ်ပြီးဝင်ဖို့ ဆုံးဖြတ်ထားတယ်။ လွှတ်တော်အမတ် တစ်နေရာ ဝင်ရွေးပြီး ပြုပြင်ပြောင်းလဲရေးတွေအတွက် အားသွန်ခွန်းစိုက် ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။ အထူးသဖြင့်ကတော့ ကျွန်စနစ်ပပျောက်ရေးနဲ့ ကျွန်စနစ် ဖျက်သိမ်းရေးအတွက် တိုက်ပွဲဝင်ရမယ်။ အခြား ပြုပြင်ပြောင်းလဲစရာ ကိစ္စတွေလဲ တစ်ပုံကြီးပါပဲ။ ဒီလိုဆောင်ရွက်မယ့် ကျွန်တော့်လို လူအဖို့ လူအင်အား စိတ်ဓာတ်အင်အားနဲ့ အပြည့်အဝထောက်ခံအားပေးနိုင်မယ့် အိမ်ထောင်ဖက်ရဖို့ဆိုတာ မလွယ်လှပါဘူးဗျာ" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက အသာခေါင်းငုံ့ပြီး –

"ကျွန်မဟာ ခရစ်ယာန်ဓမ္မဆရာတစ်ဦးရဲ့သမီးပါ အယ်လစ်တာ။ ဒါပေမဲ့ ရှင်ပြောတဲ့ ကိစ္စတွေအတွက် ဆောင်ရွက်ဖို့ တစ်ခါမှ မတွေးမိခဲ့ပါဘူး။ ဒီအတွက် ကျွန်မကိုယ်ကျွန်မ ရှက်တောင်နေမိပါတယ်" ဟု ပြောကြားလိုက်ရာ၊ အယ်လစ်တာက –

"အမျိုးသမီးဆိုတာက အမျိုးသားတွေလို ရှေ့တန်းက တိုက်ပွဲမဝင်နိုင်ကြပါဘူး။ ဒါပေမဲ့ ရှေ့တန်းက တိုက်ပွဲဝင်တဲ့ အမျိုးသားတွေကိုတော့ လူအင်အား စိတ်ဓာတ်အင်အားနဲ့ အကူအညီပေးနိုင်ပါတယ်" ဟု ပြောကြားပါသည်။ ထို့နောက် ကျွန်မကို အတန်ကြာစိုက်ကြည့်ပြီး –

"ဆရာမက စိတ်ဓာတ်ကြံ့ခိုင်မြင့်မြတ်ပါတယ်။ ပြီးတော့ ချစ်စရာလဲ ကောင်းပါတယ်"

ဟု ပြောကြားကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီးလျှင် –

"ဆရာမရေ မနက်ဖြန် နံနက်မှာ စင်တာမာတာကနေပြီး လန်ဒန်ကို ထွက်မဲ့သင်္ဘောရှိနေတယ်။ အဲဒီသင်္ဘောအမီ စာထည့်ဖို့ စာရေးလိုက်ပါဦးမယ်" ဟု ပြောကြားကာ ကျွန်မ အပါးမှာ ခပ်သုတ်သုတ်ထွက်သွားပါသည်။

ထိုအခါ ကျွန်မလည်း အသင့်ကိုင်ထားသော ဦးထုပ်ကို ဆောင်းလိုက်ပြီး ပင်လယ်ကမ်းကွေ့ရှိရာသို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့ပါသည်။ ထိုအခိုက်တွင် သောမတ်စကောဘီအကြောင်းကို ပြန်ပြောင်းအမှတ်ရပြီး စိတ်မကောင်း ဖြစ်နေမိပါသည်။

ပင်လယ်ကမ်းကွေ့သို့ ရောက်သောအခါ ကျောက်ကမူတစ်ခုပေါ်သို့ တွယ်တက်ပြီး ပါလာသော ဘီစကွတ်မုန့်ကို ဝါးစားရင်း ပြာလဲ့ကြည်စင်သော ပင်လယ်ရေပြင်ကို ငေးငိုင်ကြည့်နေမိပါသည်။

http://www.cherrythitsar.org



ထိုသို့ငေးငိုင်နေခိုက်တွင် ပင်လယ်ကမ်းကွေ့အတိုင်း လျှောက်လာသော ဖားဂတ်ကို တွေ့ရပါသည်။ ဖားဂတ်လည်း ကျွန်မကို မော့ကြည့်ပြီး–

"ဆရာမဆီကို ကျွန်တော် လာခဲ့မယ်နော်" ဟု ပြောကြားပြီး ကျွန်မထိုင်နေသော ကျောက်ကမူထက်သို့ တွယ်တက်လာပါသည်။ ထို့နောက် ကျွန်မအပါးတွင် ကပ်ထိုင်လိုက်ပါသည်။

ထိုအခိုက်တွင် ကျွန်မက –

"ရှင့်ကို ဒီလို ယဉ်ကျေးသိမ်မွေ့အောင် ဘယ်သူကများ သင်ပေးထားသလဲ။ ကျွန်မက ရှင့်ကို ရှင့်အဖေလိုပဲ လူကြမ်းကြီးလို့ ထင်နေတာ" ဟု ပြောကြားလိုက်ရာ ဖားဂတ်က ရယ်မောပြီး –

"ဆရာမက ကျွန်တော့်ကို ဖေဖေ့လို လူကြမ်းကြီးလို့ ထင်နေတာကိုး။ အေးလေ … ဆရာမထင်တာ မှန်ပါတယ်။ ကျွန်တော်ဟာ လူကြမ်းတစ်ယောက်ပါပဲ။ ဖေဖေ့ကို လူယဉ်ကျေးဖြစ်အောင် နည်းပေးသွန်သင်တဲ့သူလေးကပဲ ကျွန်တော့်ကို လူယဉ်ကျေးဖြစ်အောင် နည်းပေးသွန်သင်တယ်ဆိုပါတော့"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"ဆရာမရေ … ကျွန်တော်ရဲ့ အဖွားက ဆရာမလို စကော့အမျိုးသမီးတစ်ဦးပါပဲ။ ဆရာမနဲ့လဲ ရုပ်ချင်းနည်းနည်းဆင်ပါတယ်။ စိတ်ဓာတ်ခိုင်ကြံ့ပုံချင်းရော၊ စိတ်သဘောထား မွန်မြတ်တာချင်းရော တူပါတယ်။ ဒါကြောင့် ဆရာမဟာ ဒန်ကင်လေးကို ကောင်းမြတ်တဲ့ အရည်အသွေးတွေနဲ့ ပြည့်စုံလာအောင် ဆုံးမသွန်သင်နိုင်လိမ့်မယ်လို့ မျှော်လင့်ယုံကြည်နေပါတယ်"

ဟုပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ကျွန်မအနေနဲ့ အစွမ်းကုန် ဆုံးမသွန်သင်သွားပါ့မယ်ရှင်။ ဒါပေမဲ့ ကျွန်မက စာပြပေးရတဲ့ ဆရာမတစ်ယောက်ပါ။ ဒန်ကင်လေးကို ကျွန်မ ပုံသွင်းချင်သလို သွင်းလို့ မရပါဘူး။ ဒန်ကင်လေးအဖို့ တကယ်အရေးပါတဲ့ သူက သူ့အမေပါ"

ဟု ပြောကြားလိုက်ရာ ဖားဂတ်က –

"ဆရာမ ပြောတာလဲ ဟုတ်ပါတယ်လေ။ စကော့တွေရဲ့ ရိုးသားဖြောင့်မတ်တဲ့ အရည်အသွေးဟာ စပိန်တွေရဲ့ ကြီးမားတဲ့ လောဘရမ္မက်ကိုတော့ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိမယ် မထင်ပါဘူး။ မာရီယာဟာ အချိန်ရှိသရွေ့ စပိန်တွေ ရွှေထီးဆောင်းခဲ့တဲ့ ဘုန်းမီးနေလတောက်ပခဲ့တဲ့ အကြောင်းတွေကို

http://www.cherrythitsar.org



ဒန်ကင်လေးကို ပြန်ပြောင်းပြောပြလေ့ရှိတယ်။ ပြီးတော့ အရင်တုန်းကလို ဥစ္စာ ဓနကြွယ်ဝချမ်းသာလာအောင်၊ ရာထူးဂုဏ်သိမ်ကြီးမြင့်လာအောင် ကြိုးစားဖို့လိုတဲ့အကြောင်းလဲ အမြဲပြောကြားလေ့ရှိတယ်။ ဒီနည်းနဲ့ ဒန်ကင်လေးရဲ့ သွေးထဲမှာ စပိန်တွေရဲ့ ကြီးမားတဲ့ လောဘရမ္မက်တွေ စိမ့်ဝင်အောင် ပြုဆောင်နေတယ်”

ဟု စိတ်မချမ်းမြေ့သော အသွင်ဖြင့် ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

“ဒန်ကင်လေးဟာ ရှင့်ကို လေးစားချစ်ခင်ရုံမကဘူး။ အထင်လဲကြီးတယ်။ ရှင့်အကြောင်းကိုလဲ အမြဲလိုလိုပြောလေ့ရှိတယ်။ ဒီတော့ ဒန်ကင်လေးကို လူတော်လူကောင်းဖြစ်အောင် ပြုပြင်ချင်ရင် ရှင်လဲ တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်သင့်ပါတယ်”

ဟု ပြောကြားလိုက်ရာ ဖားဂတ်က –

“ကျွန်တော် အစွမ်းကုန် ကူညီဆောင်ရွက်ပေးချင်ပါတယ် ဆရာမရယ်။ ဒါပေမဲ့ မာရီယာက ဒန်ကင်လေးနဲ့ ကျွန်တော် မရင်းနှီးအောင် အမြဲကာဆီးကာဆီး လုပ်နေပါတယ်” ဟု ပြောကြားပြီးနောက် –

“ဆရာမဟာ လင်းဖောအကြောင်းကို မသိသေးပါဘူး။ လင်းဖောမှာ လျှို့ဝှက်နက်နဲတဲ့ အကြောင်းဖြစ်ရပ်တွေ ရှိနေပါတယ်”

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း အတန်ကြာ တွေဝေငေးမောနေပြီးနောက် ဖားဂတ်ကို စိုက်ကြည့်ကာ –

“လင်းဖောအကြောင်းကို ရှင်ဆက်ပြီး ပြောစမ်းပါဦး။ ရှင် ငယ်ငယ်တုန်းက လင်းဖောအခြေအနေက ဘယ်လိုရှိသလဲ”

ဟု မေးလိုက်ရာ ဖားဂတ်က –

“ကျွန်တော် ငယ်ငယ်တုန်းက ဝင်တာဆိုလိုမှာ နေကြပါတယ်။ အဲဒီတုန်းက ကျွန်တော့် အဘွားရှိသေးတယ်။ အဘွားဟာ စိတ်ဓာတ်ခိုင်ကြံ့ပြီး စိတ်သဘောလဲ မြင့်မြတ်ပါတယ်။ ဘုရား တရားလဲ ရိုသေကိုင်းရှိုင်းပါတယ်။ တစ်ဦးတည်းသော သားဖြစ်တဲ့ ကျွန်တော့်အဖေကိုလဲ သိပ်ချစ်တယ်။ ဂရုလဲ စိုက်တယ်။ အဘွားရှိနေတုန်းမှာပဲ ဖေဖေဟာ လင်းဖောဒေသကို ဝယ်ယူပြီး လင်းဖောစံအိမ်ကြီးကို ပြုပြင်တည်ဆောက်လာခဲ့တယ်။ လင်းဖော စံအိမ်ကြီး အပြီးသတ်ခါနီးမှာ အဘွား ကွယ်လွန်သွားခဲ့ပါတယ်။ အဘွား ကွယ်လွန်သွား

http://www.cherrythitsar.org



တာဟာ ကျွန်တော်ရဲ့ ချမ်းမြေ့တဲ့ဘဝမှာ လေပြင်းမုန်တိုင်း အကျခံရသလိုပါပဲ။ အခု မာရီယာက ဒန်ကင်လေးကို စိုက်ခင်းတွေဆီကို ခေါ်သွားပြီး စိုက်ခင်းပျိုးခင်းတွေအကြောင်းနဲ့ နီဂရိုးကျွန်တွေအကြောင်း ပြောကြားသွန်သင်သလိုပါပဲ။ ဖေဖေကလဲ ကျွန်တော့်ကို စိုက်ခင်းတွေဆီ ခေါ်သွားပြီး စိုက်ခင်း၊ ပျိုးခင်းတွေအကြောင်းနဲ့ နီဂရိုးကျွန်တွေ အကြောင်းကို ပြောကြားသွန်သင်လေ့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်ဘဝဟာ စိုက်ခင်းတွေနဲ့ ကျွန်တွေအကြားမှာ ကြီးပြင်းလာတဲ့ဘဝလို့ ပြောနိုင်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ စိတ်ကြမ်း လူကြမ်းတဲ့ လူကြမ်းကြီးတစ်ယောက် ဖြစ်လာခဲ့ပါတယ်"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"ဖေဖေဟာ စိုက်ခင်းတွေမှာ တစ်နေကုန်အလုပ်လုပ်ရုံမကဘူး။ အိမ်ပြန်ရောက်တဲ့အခါမှာလဲ ညဥ့်နက်သန်းကောင်အထိ စာဖတ်လေ့ရှိတယ်။ အလုပ်ကိုလဲ အထူးကြိုးစားလုပ်ကိုင်ပါတယ်။ ကျွန်တွေကို ကွပ်ကဲ အုပ်ချုပ်တဲ့နေရာမှာအလွန်တော်ပါ။ ဒါကြောင့် လင်းဖောဒေသဟာ ဖေဖေရဲ့ ကြိုးစားလုံ့လကြောင့် စီးပွားဖြစ်ထွန်းလာပါတယ်။ ကြီးကျယ်ထင်ရှားလာပါတယ်။ အဲဒီလို စီးပွားတက်နေတုန်းမှာပဲ ဖေဖေဟာ မာရီယာနဲ့ လက်ဆက်ထိမ်းမြားလိုက်ပါတယ်။ ကျွန်တော့်ကိုလဲ အမွေခွဲပေးတဲ့အနေနဲ့ ဝင်တာဆိုလိုဒေသကို အပိုင်စားပေးလိုက်ပါတယ်။ ဝင်တာဆိုလိုက လင်းဖောလောက် မြေဩဇာမကောင်းပေမယ့် ကြိုးစားလုပ်ကိုင်တဲ့သူအဖို့တော့ အတော်အသင့် အကျိုးစီးပွား ရှိပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

"ရှင်ရဲ့ ဝင်တာဆိုလိုကို ကျွန်မလာပြီး လေ့လာချင်ပါတယ်" ဟု ပြောလိုက်ရာ၊ ဖားဂတ်က ကျွန်မကို စိုက်ကြည့်ပြီး –

"ဒီလိုဆိုရင် ဝင်တာဆိုလိုကို မနက်ဖြန်ပဲ လာလည်ပါလား။ ဆရာမက မြင်းစီးတတ်ပါတယ်နော်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"မြင်းစီးတတ်ပါတယ်။ ဒါပေမဲ့ ယဉ်တဲ့မြင်းမှ စီးချင်ပါတယ်"

ဟု ပြောကြားလိုက်ရာ ဖားဂတ်က –

"ကောင်းပြီလေ၊ မနက်ဖြန်မနက် ဆရာမကို အလည်ခေါ်ဖို့ မာရီယာနဲ့ ဒန်ကင်လေးတို့ မြင်းစီးထွက်သွားတဲ့ အချိန်လောက် လင်းဖောကိုရောက်

http://www.cherrythitsar.org



အောင် ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်။ မြင်းဇောင်းကနေပြီး ဆရာမ အသင့်စောင့်နေပါ"

ဟု ဝမ်းသာအားရ ပြောကြားပါသည်။

*

နောက်တစ်နေ့နံနက် စာသင်အပြီးတွင် ဒန်ကင်လေးနှင့် မာရီယာ တို့လည်း ထုံးစံအတိုင်း မြင်းစီးထွက်သွားကြပါသည်။ ထိုအခါ ကျွန်မလည်း မြင်းဇောင်းသို့ ထွက်ခွာလာခဲ့ရာ ကျွန်မကို အသင့်စောင့်နေသော ဖားဂတ်ကို တွေ့ရပါသည်။ ဖားဂတ်နှင့်အတူ မာရီယာ၏ မြင်းထိန်းနီဂရိုးကြီး **ဆမ်မြူရယ်** ကိုလည်း တွေ့ရပါသည်။

နီဂရိုးကြီး ဆမ်မြူရယ်မှာ မာရီယာ၏ လက်စွဲတော်ကြီးတစ်ယောက် ဖြစ်ရုံမက မာရီယာအပေါ်၌လည်း အလွန်သစ္စာရှိသည်ဟု သတင်းကြီးနေသူ ဖြစ်သည်။ မာရီယာနှင့် ဒန်ကင်လေးတို့ မနက်တိုင်း မြင်းစီးထွက်ရာ၌ မြင်းကို အသင့်ပြင်ပေးရရုံမက တစ်ခါတစ်ရံ၌ အဖော်အဖြစ် မြင်းစီးပြီး လိုက်ရပေသည်။ အလွန်နှုတ်နည်းကာ ဣန္ဒြေလည်း ကြီးလှပေသည်။

နီဂရိုးကြီး ဆမ်မြူရယ်လည်း ကျွန်မစီးဖို့အတွက် မြင်းမလေးတစ် ကောင်ကို ကုံးနှီးအသင့်တင်ပြီး စောင့်နေရာ၊ ကျွန်မက –

"ဒီမြင်းမလေးက သဘောကောင်းပုံတော့ ရပါတယ်"ဟု ပြောလိုက် ရာ ဆမ်မြူရယ်က –

"ဟုတ်ပါတယ်။ ဒီမြင်းမလေး **ရီစာ** က အလွန်သဘောကောင်းပါ တယ်။ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ ဆရာမ ရဲရဲသာစီးပါ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက ကျေးဇူးတင်သည့်အနေဖြင့် ပြုံးပြလိုက်ရာ အလွန်နှုတ်နည်း၍ ဣန္ဒြေကြီးသော ဆမ်မြူရယ်က တုံ့ပြန်ပြုံးပြပါသည်။

ကျွန်မလည်း မြင်းမလေး ရီစာကို တက်စီးလိုက်ရာ ဖားဂတ်လည်း သူ၏အနန်းခွံရောင် မြင်းကြီးထက်သို့ လွှားခနဲ ခုန်တက်လိုက်ပါသည်။ ထို့ နောက် လင်းဖောစံအိမ်ကြီးမှ နှစ်ယောက်သား အတူ မြင်းစီးထွက်လာခဲ့ပါတော့ သည်။

ကျွန်မတို့လည်း သစ်ပင်တို့ အုပ်ဆိုင်း ယှက်နွယ်နေသော တောအုပ် တွင်းကို ဖြတ်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ ခရီးဆက်လာခဲ့ကြရာ ခရီးအတော် ပေါက်လာပါသည်။ ထိုအခါ ကျွန်မက –

http://www.cherrythitsar.org



"ဒီလမ်းကို ကျွန်မတစ်ခါမှ မရောက်ဖူးဘူး" ဟု ပြောလိုက်ရာ ဖားဂတ်က –

"ဝင်တာဆိုလိုကို ရောက်ဖို့အတွက် ဒီလမ်းဟာ အတိုဆုံး ဖြတ်လမ်းပါပဲ။ အခုတော့ ကျွန်တော်တို့ အုပ်ဆိုင်းနေတဲ့ တောအုပ်ထဲက ဖြတ်ပြီး ခရီးဆက်နေကြရတယ်။ အကြာခင် သစ်ပင်ချုံနွယ်တွေ လုံးဝမရှိဘဲ သဲကန္တာရလို ဒေသကို ဖြတ်ပြီး ခရီးဆက်ရလိမ့်မယ်"

ဟု ပြောကြားပါသည်။

ဖားဂတ်ပြောသည့်အတိုင်းပင် အတန်ကြာ ခရီးဆက်လာမိသည့် အခါ သစ်ပင်တို့ တဖြည်းဖြည်း ကျဲလာပါသည်။ ချုံနွယ်တို့ကိုသာ တွေ့ရပါတော့သည်။ ထို့ပြင် လေငြိမ်သော ပင်လယ်ကမ်းတွေကို လှမ်းမြင်ရပါသည်။ ထို့ပြင် ကြံခင်းကြီးအလယ်၌ ထီးထီးကြီးတည်နေသော အိမ်ဖြူဖြူကြီးတစ်လုံးကိုလည်း လှမ်းမြင်ရပါသည်။ ထိုအိမ်ဖြူဖြူကြီးကား ဖားဂတ်၏ 'ဝင်တာဆိုလို' အိမ်ကြီးပင် ဖြစ်ပါသည်တကား။

ကျွန်မတို့လည်း ကြံခင်းများကို ဖြတ်ပြီး လာခဲ့ကြရာ ဝင်တာဆိုလိုက ကြံပင်များမှာ လင်းဖောက ကြံပင်များလောက် မကြီးထွား၊ မသန်စွမ်းဘဲ ကြုံလှီသေးငယ်လှသည်ကို တွေ့ရပါသည်။ ထိုသို့ ကြံခင်းများကို ဖြတ်လာခိုက်တွင် ဖားဂတ်က –

"ကျွန်တော့်မှာ ကျွန်အလုံအလောက် မရှိပါဘူး။ ရှိသမျှ ကျွန်တွေနဲ့ပဲ အစွမ်းကုန်ကြိုးစားလုပ်နေပါတယ်။ နှစ်စဉ်နှစ်တိုင်း ကြံခင်းတွေကို ကျွန်တော်တိုးချဲ့ပြီး စိုက်ပါတယ်။ ဒါပေမဲ့ သိပ်ပြီး အကျိုးမဖြစ်ထွန်းလှပါဘူး။ ကျွန်တော့်အဘွားလဲ ကွယ်လွန်သွားရော ဖေဖေဟာ ဟောဒီဝင်တာဆိုလိုကို လုံးဝ လျစ်လျူရှုထားလိုက်ပြီး လင်းဖောကိုသာ ဖိပြီး ဓောင်းပေးပါတော့တယ်။ ဝင်တာဆိုလိုက ကြိုးစားသလောက် အကျိုးမဖြစ်ထွန်းပေမဲ့ လင်းဖောကတော့ ကြိုးစားသလောက် အကျိုးဖြစ်ထွန်းတယ် မဟုတ်လား။ ဒါကြောင့်လဲ လင်းဖောကို ဖေဖေဖိပြီး ဓောင်းပေး လုပ်ကိုင်တာဖြစ်ပါလိမ့်မယ်။ ကျွန်တော့် လက်ထက်မှာတော့ ဝင်တာဆိုလိုကို အထူးဂရုစိုက်ပါတယ်။ အစွမ်းကုန်လဲ ကြိုးစားဆောင်ရွက်ပါတယ်။ ဒါပေမဲ့ ဆရာမ မြင်တဲ့အတိုင်းပါပဲ ကြိုးစား သလောက် အကျိုးမဖြစ်ထွန်းလှပါဘူး" ဟု ပြောကြားပါသည်။

ထိုအခိုက်တွင်ပင် နေ့လယ်ခင်း နေကျဲကျဲတောက်အောင် ပူပြင်းနေသည့်ကြားမှ ကျွန်မတစ်ကိုယ်လုံး ရုတ်တရက် အေးခနဲ စိမ့်ကျင်သွားပါသည်။

http://www.cherrythitsar.org



ထိုသို့သော ထူးထူးခြားခြား အာရုံခံစားရမှုကြောင့် ကျွန်မလည်း မြင်းမလေးရိုစာ၏ဇက်ကြိုးကို တုန့်ခနဲ ဆောင့်ဆွဲလိုက်မိပါသည်။ ထိုအခါ ဖားဂတ်က ကျွန်မကို တအံ့တသြ လှမ်းကြည့်ရင်း –

"ဆရာမ ဘာဖြစ်သွားလို့လဲဟင်။ ဘာဖြစ်သွားလို့လဲ" ဟု ပျာပျာသလဲ လှမ်းမေးပါသည်။

ဤတွင် ကျွန်မက ကြိုးစားပြုံးပြီး –

"ဘာမှ မဖြစ်ပါဘူး။ ကျွန်မတစ်ကိုယ်လုံး အေးခနဲ စိမ့်ကျင်သွားပြီး စိတ်အာရုံထဲမှာ ထူးထူးခြားခြား ခံစားလိုက်ရလို့ပါ" ဟု ပြောကြားလိုက်ရာ၊ ဖားဂတ်လည်း သူ့အုန်းခွံရောင်မြင်းကြီးကို ကျွန်မအပါးသို့ တိုးကပ်လာပါသည်။ ထို့နောက် ကျွန်မကို တအံ့တသြငေးကြည့်ရင်း –

"ဆရာမမှာ ထူးခြားထက်မြက်တဲ့ အာရုံခံစားချက်ရှိပါကလား။ ဆရာမ ဒီနေရာအကြောင်းကိုကော ကြားဖူးထားသလား"

ဟု မေးပါသည်။

ထို့အခါ ကျွန်မက –

"ဟင့်အင်း။ ဘာမှ မကြားဖူးပါဘူး။ ဘာလဲ ဒီနေရာမှာ ထူးခြားတဲ့ အဖြစ်အပျက် ဖြစ်ပျက်ဖူးလို့လား"

ဟု မေးလိုက်ရာ ဖားဂတ်က –

"ဟုတ်တယ်။ ဒီနေရာမှာပေါ့ ကျွန်တော့်ရဲ့အဘိုး အသတ်ခံရတာ။ ဖေဖေက ကျွန်တော့်ကို စိုက်ခင်းတွေပဲ ခေါ်ခေါ်လာတုန်းက ပြထားလို့ ကျွန်တော် သိနေတာပါ။ ဖေဖေက ကျွန်တော့်အဘိုးအကြောင်းကို ပြောပြရင်း ဘယ်ကျွန်ကိုမှ စိတ်မချရတဲ့အကြောင်းကို ဆုံးမသြဝါဒပေးခဲ့တယ်လေ" ဟု ပြောကြားပါသည်။ ထို့နောက် ဆက်၍ –

"ကျွန်တော်တို့ဟာ ကျွန်တွေကို ကြီးကြပ်ကွပ်ကဲပြီး စေခိုင်းအုပ်ချုပ်နေခဲ့ပေမယ့် ကျွန်တွေကို တစ်ခါမှ စိတ်မချခဲ့ဖူးဘူး။ ကိုယ့်ကျွန်တွေက ကိုယ့်ကို ဘယ်တော့ ပြန်ပြီး အာခံမလဲ။ တော်လှန်မလဲဆိုတာကို အမြဲစိုးရိမ်ကြောင့်ကြနေတယ်။ ဒါပေမဲ့ အဲဒီစိုးရိမ်ကြောင့်ကြစိတ်ကို မေ့ပစ်နိုင်အောင်လဲ အမြဲကြိုးစားထားတယ်။ ဒီလိုမေ့မထားနိုင်ဘူးဆိုရင်တော့ စိုးရိမ်ကြောင့်ကြစိတ် နှိပ်စက်တာနဲ့ပဲ ကျွန်တော်တို့ ရူးသွပ်သွားနိုင်ကြတယ်။ များသောအားဖြင့် ကျွန်တော်တို့ဟာ ပစ္စတိုကို အိပ်ရာဘေးမှာ ထားပြီး အမြဲသတိဝီရိယနဲ့ အိပ်ကြရပါတယ်"

ဟု ပြောကြားပါသည်။

ထိုသို့ စကားပြောရင်း ခရီးဆက်လာရာ 'ဝင်တာဆိုလို' အိမ်ကြီး အပါးသို့ အရောက်တွင် ဖားဂတ်က –

"ဟောဒါ ဝင်တာဆိုလိုပဲ ဆရာမ ခင်ဗျား"

ဟု ပြောကြားလိုက်ပါသည်။

*

'ဝင်တာဆိုလို' အိမ်ကြီးကား လင်းဖောစံအိမ်ကြီးလောက် မကြီး ကျယ် မခမ်းနားလှပါ။ သို့သော် အချိုးအစားပြေပြစ်ကျနပါသည်။ ကျွန်မတို့ စကော့တလန်က လယ်သမား လူချမ်းသာများ ဆောက်တတ်သည့် အိမ်ပုံစံမျိုး ဖြစ်ပါသည်။ လင်းဖောစံအိမ်ကြီးကဲ့သို့ ပန်းဥယျာဉ်မရှိပါ။ အိမ်ရှေ့တွင် ပန်းပင်၊ သစ်ပင်တို့မရှိဘဲ ချုံနွယ်ပိတ်ပေါင်းတို့သာ ရှိပါသည်။ မြေမှာကွဲအက်ခြောက် သွေ့နေပြီး ပတ်ကြားအက်များ ကြားတွင် ကြက်မတစ်အုပ် အစာယက်နေ သည်ကို တွေ့ရပါသည်။

ဝင်တာဆိုလို အိမ်ရှေ့သို့ ရောက်၍ ဖားဂတ်အော်ခေါ်လိုက်သော အခါမှ ကျွန်မတို့အပါးသို့ ကျွန်တစ်ယောက် ကြောက်ရွံ့ကြောက်ရွံ့နှင့် ရောက် ပါသည်။ ဖားဂတ်သည် ကျာပွတ်ကို သုံးလေ့မရှိသော်လည်း ကျွန်များကမူ ဖားဂတ်ကို အတော်ကြောက်ရပုံပေါ်ပါသည်။

"ဟေ့ကောင် ဒင်နီရယ်။ ငါခေါ်တာကို မင်းမကြားဘူးလား။ နားပင်းနေသလား"

ဟု ဖားဂတ်က ဟောက်လိုက်ရာ နီဂရိုးကျွန်းကြီးက –

"မကြားလို့ပါ သခင်။ ခွင့်လွှတ်ပါ"

ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် တောင်းပန်ပါသည်။

ကျွန်မတို့လည်း မြင်းပေါ်မှ အသီးသီး ဆင်းလိုက်ကြပြီးနောက် အိမ်ကြီးအတွင်းသို့ လှမ်းဝင်လာခဲ့ကြပါသည်။ ဝင်တာဆိုလို အိမ်ကြီးကား ရှင်းလင်းသုတ်သင် ပြုပြင်မည့်သူ မရှိသောကြောင့် တစ်အိမ်လုံးဖုံတသောသော ထနေပါသည်။ အသုံးအဆောင် ပရိဘောဂများမှာလည်း အခန်းထောင့်ရှိ မဟော်ဂနီစားပွဲကြီးမှအပ အားလုံးကြိမ်များသာ ဖြစ်ပါသည်။

ဧည့်ခန်းတွင်းသို့ ကျွန်မတို့လှမ်းဝင်ခိုက်တွင် ဖားဂတ်က –

"ကျွန်တော့်နေရာက ဆရာမမြင်တဲ့ အတိုင်းပါပဲ" ဟု ခပ်ပြုံးပြုံးပြော ကြားပြီး လက်ခုပ်တီးလိုက်ပါသည်။ ထို့နောက် –

"ဟန်နတ်။ ဟန်နတ်။ လာပါဦး၊ ခင်ဗျားကြီး ဘယ်ရောက်နေသလဲ"

http://www.cherrythitsar.org



ဟု ကုန်းအော်လိုက်ရာ နီဂရိုးမကြီးတစ်ဦးလည်း –

"လာပါပြီ သခင်" ဟု ပြောကြားရင်း နောက်ဖေးဘက်မှ ပြေးထွက်လာပါသည်။

ထိုအခါ ဖားဂတ်က –

"ခင်ဗျားကြီး ဘယ်သွားနေသလဲ။ ငါတို့အတွက် သံပရာရည် ဖျော်လာခဲ့စမ်း။ ငါ့ဖန်ခွက်ထဲမှာတော့ ရမ်ပါရော ထည့်ခဲ့"

ဟု ခပ်ငေါက်ငေါက် ပြောလိုက်ပါသည်။

နီဂရိုးမကြီး ဟန်နတ်က အသာခေါင်းယမ်းရင်း –

"သံပရာသီး အသင့်မရှိဘူး သခင်"

ဟု ပြောကြားလိုက်ရာ ဖားဂတ်က စိတ်မရှည်သည့် အသွင်ဖြင့် –

"သံပရာသီးမရှိလဲ ရှာကြံပြီးမြန်မြန် ဖျော်ယူလာခဲ့" ဟု အမိန့်ပေးပြီးနောက် ကျွန်မဘက်သို့ လှည့်ကာ –

"ဟောဒါဟာ ဝင်ဟာဆိုလိုပါပဲ ဆရာမရေ ထိုင်ပါ"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ကျွန်မက –

"မထိုင်တော့ပါဘူးရှင်။ ကျွန်မမှာ အချိန်သိပ်မရပါဘူး။ ဒါကြောင့် အချိန်ရတုန်း အပေါ်ထပ်ကို တက်ပြီး ကြည့်ကြရအောင်လား"

ဟု ပြောကြားလိုက်ရာ ဖားဂတ်လည်း –

"ကောင်းပါပြီး ဆရာမ။ ကျွန်တော်တို့ အပေါ်ထပ် တက်ကြည့်နေတုန်း ဟန်နတ်က သောက်စရာတစ်ခုခု စီစဉ်ထားပြီး ဖြစ်ပါလိမ့်မယ်"

ဟု ပြောကြားပါသည်။

ထို့နောက် ကျဉ်းမြောင်းသော လှေကားမှ အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားပြီး အခန်းတစ်ခန်းပြီးတစ်ခန်း ဖွင့်ပြပါသည်။ အပေါ်ထပ်တွင် အခန်းပေါင်း ခြောက်ခန်းတိတိ ရှိပါသည်။ ဖားဂတ်က ထိုအခန်းများကို ဖွင့်ပြရင်း–

"ကျွန်တော့်အဘိုးက သားသမီးမြေးမြစ်တွေ အများကြီး ထွန်းကားမယ်လို့ မှတ်ထင်ထားပုံ ရပါတယ်" ဟု ပြောကြားပါသည်။ ထို့နောက် ပြတင်းပေါက်ကြီး နှစ်ပေါက်ရှိသော ထောင့်ခန်းသို့ အရောက်တွင် ဖားဂတ်က –

"ဟောဒါက ကျွန်တော့် အိပ်ခန်းပါပဲ" ဟု ပြောကြားလိုက်ပါသည်။

ဖားဂတ်၏ အိပ်ခန်းတွင် ခုတင်တစ်လုံးနှင့် စားပွဲတစ်လုံးသာ ရှိပြီး အခြားပရိဘောဂ အသုံးအဆောင်ပစ္စည်းများ မရှိပါ။ ပြုပြင်ရှင်းလင်းပေးမည့်

http://www.cherrythitsar.org



သူ မရှိသဖြင့်လည်း ရှုပ်ပွနေပါသည်။ ကျွန်မလည်း ပြတင်းပေါက်တစ်ပေါက်ကို တွန်းဖွင့်ပြီး ပြာလဲ့ကြည်စင်နေသော ပင်လယ်ရေပြင်ကြီးကို လှမ်းကြည့်နေမိပါသည်။

ထိုအခိုက်တွင် ဖားဂတ်က –

"ဆရာမရေ။ ပြတင်းပေါက်ကို သိပ်ပြီး မမှီလိုက်ပါနဲ့နော်။ တစ်အိမ်လုံးက ပိုးစားပြီး ဆွေးနေပြီ။ မကြာခင် ဗုန်းဗုန်း လဲကျတော့မယ့် အခြေအနေဆိုးမှာ ရှိနေတယ်" ဟု ပြောကြားပြီးနောက် –

"တစ်နေ့မှာ ကျွန်တွေ တော်လှန်ပုန်ကုန်ပြီး ဒီအိမ်ကြီးကို မီးတင်ရှို့ကြမှာပဲ။ ပြင်နေလို့ ထူးမှာမှ မဟုတ်တာ" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း ဖားဂတ်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်ကာ

"တစ်နေ့မှာ ကျွန်တွေ တော်လှန်ပုန်ကန်လိမ့်မယ်လို့ ရှင်ထင်သလား"

ဟု မေးလိုက်ရာ၊ ဖားဂတ်က –

"မပြောတတ်ပါဘူး ဆရာမရယ်။ ဒီအရပ်မှာ လေမုန်တိုင်း ရုတ်တရက် ကျရောက်လာတတ်သလိုပါပဲ။ ကျွန်တွေလဲ တစ်နေ့နေ့မှာ ဗြုန်းခနဲ တော်လှန်ပုန်ကန်ချင် ပုန်ကန်ကြမှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့က ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့အတွက် ပစ္စတိုကို အိပ်ရာဘေးမှာ အမြဲဆောင်ထားတာပဲ"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် ဖားဂတ်၏ ခုတင်ဘေးရှိ စားပွဲကို ဖျတ်ခနဲ လှမ်းကြည့်ရာ၊ စားပွဲမှာ သော့ခတ်ထားသည်ကို တွေ့ရသည်။ ထိုစားပွဲကား ဖားဂတ်၏ ပစ္စတိုကို သော့ခတ်သိမ်းထားသည့် စားပွဲဖြစ်ဟန်တူပါသည်။ ကျွန်မ လှမ်းကြည့်စဉ် ဖားဂတ်က အသာခေါင်းညိတ်ပြပြီးနောက် –

"ဒီအိမ်ထဲမှာဆိုရင် ကျွန်တစ်ယောက်မှ ဝင်ပြီး မအိပ်ရဘူး"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အယ်လစ်တာက ပြောတယ်" ဟု စကားစလိုက်စဉ်၊ ဖားဂတ်က ကြားဖြတ်ပြီး –

"အယ်လစ်တာက အထင်နဲ့ ရမ်းပြောနေတာပါ။ တကယ်လက်တွေ့ဖြစ်ရပ်အမှန်ကို မသိပါဘူး။ တကယ်တော့ ကျွန်တွေရဲ့ဘဝဟာ သိပ်မဆိုးပါ

ဘူး။ အာဖရိကမှာ သူတို့နေရထိုင်ရတာထက် နှိုင်းစာရင် အများကြီး တိုးတက်ကောင်းမွန်ပါတယ်။ အာဖရိကမှာတုန်းကလဲ သူတို့ဟာ ကျွန်– ကျွန်ပါပဲ။ အားကြီးတဲ့ လူမျိုးစုက အားနည်းတဲ့ လူမျိုးစုကို ကျွန်ပြုတာပါပဲ။ ပြီးတော့ အချင်းချင်းလဲ သတ်ပြီး ဇာတ်တူသား စားတတ်ကြပါတယ်"

ဟု ပြောကြားပါသည်။ ထို့နောက် ဆက်၍ –

"ကျွန်တော်တို့အဖို့ လုပ်ငန်းတွင်ကျယ်အောင် လုပ်ငန်းတိုးချဲ့စိုက်ပျိုးနိုင်အောင် ကျွန်တွေအများကြီး လိုနေပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် ကျွန်မလည်း ရုတ်တရက် အမှတ်ရလာပြီး ဖားဂတ်၏ ပြတင်းပေါက်မှ နေ၍ ပြာလဲ့ကြည်စင်သော ပင်လယ်ပြင်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။ ဖားဂတ်၏ ဝါတာဆိုလိုအိမ်ကြီးနှင့် ပင်လယ်ပြင်ကြားတွင် တောင်တန်းတစ်ခု ခံနေပါသည်။ ပင်လယ်ပြင်တွင်း၌ သင်္ဘောတစ်စင်း ရွက်လွှင့်သွားပါက ရုတ်တရက် မြင်ဖို့ ခဲယဉ်းလှပါသည်။ ဆန်ဖရန်စစ္စကိုကဲ့သို့ ပင်လယ်ကွေ့ကောင်းကောင်း မရှိပါ။

ထို့နောက် ကျွန်မတို့လည်း အပေါ်ထပ်မှ ဆင်းလာခဲ့ရာ၊ နီဂရိုးမကြီး ဟန်နတ်က ဖျော်ရည်နှစ်ခွက် အသင့်ဖျော်ထားသည်ကို တွေ့ရပါသည်။ သို့သော် ဖျော်ရည်နှစ်ခွက်လုံး၌ ရမ်ရောထားပါသည်။

ဖားဂတ်လည်း ဖျော်ရည်ကို တစ်ကျိုက်မော့သောက်ရာမှ –

"ဟန်နတ်ကို ဘယ်လိုပြောထားပြောထား အချိုးကျအောင် မလုပ်တတ်ဘူး။ ဒါကြောင့် ကျွန်တော်က ခင်ဗျားကြီးနဲ့တော့ နေလို့မဖြစ်ပါဘူး။ ကျုပ်အိမ်ထောင် ပြုမှာဘဲလို့ ပြောမိတယ်။ ဒီတော့ ဟန်နတ်က ရယ်ပြီး ဝါတာဆိုလိုမှာ လိုက်နေမယ့် မိန်းမ မရှိနိုင်ပါဘူးလို့ ပြန်ပြောတယ်ခင်ဗျ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း မည်သို့ ပြန်ပြောရမှန်းမသိဘဲ၊ အိမ်အပြင်သို့သာ ငေးကြည့်နေရာမှ ရမ်ရောထားသော ဖျော်ရည်ကို တစ်ကျိုက်ပြီး တစ်ကျိုက် သောက်နေမိပါသည်။ ထိုအခိုက်တွင် ဖားဂတ်သည် အပြင်ပန်းအားဖြင့် လူကြမ်းစိတ်ကြမ်းကြီးဟု မှတ်ထင်ရသော်လည်း ထင်သလောက် စိတ်သဘောထား မဆိုးလှပဟု တွေးနေမိပါသည်။ မစ္စတာ အင်ဒရူးသည် ဒန်ကင်လေးကြောင့် ဖားဂတ်ကို ဝင်တာဆိုလို အိမ်အိုကြီးမှအပ အမွေဖြတ်ထားလိုက်ပြီး ပစ္စည်းဥစ္စာ အမွေအနှစ် မှန်သမျှကို ဒန်ကင်လေးအား ပေးအပ်ရန် စီမံလျာ

http://www.cherrythitsar.org



ထားခဲ့သည်။ သို့သော် ဖားဂတ်သည် ဒန်ကင်လေးအပေါ် စိတ်မကွက်ရုံမက ဒန်ကင်လေး လူတော်လူကောင်းဖြစ်ရေးကို ပြင်းပြထက်သန်စွာ လိုလားနေသည်။ ဤကား ဖားဂတ်၏ မြင့်မြတ်ကောင်းမွန်သော စိတ်နေသဘောထားကို ထွန်းပြခြင်းဖြစ်သည်ဟုလည်း တွေးနေမိပါသည်။

ထိုအခိုက်တွင်ပင် ကျွန်မ၏ အသည်းနှလုံးတွင်း၌ ဖားဂတ်ကို ချစ်ခင်တပ်မက်စိတ်တို့ တဖွားဖွား ပေါ်လာပါသည်။ ဖားဂတ်၏အပွေ့အဖက်၊ အနမ်းအရှုပ်၊ အယုအယ ခံချင်စိတ် ပေါ်ပေါက်လာပါသည်။ ထို့အတူ 'ပုထုဇဉ်လူသားတို့ကား မိမိ၏စိတ်အလို ဆန္ဒကို မထိန်းသိမ်းကြသည့်အတွက် ပျက်စီးနစ်မွန်းပေါင်း များလှချေပြီ' ဟူသော အသိတရားလည်း ဖျတ်ခနဲ ပေါ်လာမိပါသည်။ ထို့ကြောင့် ကျွန်မလည်း ကိုယ့်စိတ်ကိုယ် ထိန်းချုပ်တားဆီးသောအားဖြင့် ကိုင်ထားသော ဖျော်ရည်ခွက်ကို စားပွဲပေါ် တင်လိုက်ပြီး –

"ကျွန်မ ပြန်တော့မယ်" ဟု ရုတ်တရက် ပြောကြားလိုက်ရာ၊ ဖားဂတ်က ကျွန်မ မျက်နှာကို တရှိုက်မတ်မတ် မော့ကြည့်ရင်း –

"ဆရာမ တကယ်ပဲ ပြန်ချင်နေပြီလား" ဟု မေးလိုက်ပါသည်။

ထိုအခါ ကျွန်မက –

"အိုး ... ပြန်ချင်တာပေါ့။ လင်းဖောကို ပြန်ဖို့တာဝန်လဲ ရှိတယ်မဟုတ်လား" ဟု ပြောကြားပြီး ကြိမ်ကုလားထိုင်ကို တွန်းပြီး အသာထလိုက်ရာ၊ ဖားဂတ်လည်း ထိုင်ရာမှ ထလိုက်ပါသည်။

*

ထို့နောက် ဖားဂတ်နှင့် ကျွန်မတို့လည်း လင်းဖောစံအိမ်ကြီးကို ဦးတည်ကာ ခရီးဆက်လာခဲ့ကြပါသည်။ အလာတုန်းက ကျွန်မတို့ ခေတ္တရပ်နားခဲ့သော ကြံခင်းကြီးအလယ်သို့ အရောက်တွင် ဖားဂတ်သည် မြင်းဇက်ကြိုးကို တုန့်ခနဲ ဆွဲလိုက်ပြီး –

"ဆရာမ။ ဒီနေရာအကြောင်းကို ဘယ်လိုနည်းနဲ့ သိထားလဲ"

ဟု ပြန်မေးရာ ကျွန်မက –

"စိတ်အာရုံထဲမှာ ထူးထူးခြားခြား ခံစားလိုက်ရလို့ပါပဲ"

ဟု ဖြေလိုက်ပါသည်။

ထိုအခါ ဖားဂတ်လည်း မည်သို့မျှ ပြန်မပြောတော့ဘဲ ဆက်ပြီး ခရီးနှင်လာရာ 'ဝင်တာဆိုလို၊ ဆန်ဖရန်စစ္စကို၊ လင်းဖော' လမ်းသုံးခွဆုံသို့ ရောက်လာခဲ့ပါသည်။ ဤတွင် ကျွန်မက –

http://www.cherrythitsar.org



"လင်းဖောကို ကျွန်မ ပြန်တတ်သွားပါပြီ။ ရှင်နေရစ်ခဲ့ပါ" ဟု ပြောကြားလိုက်ရာ၊ ဖားဂတ်က အသာခေါင်းညိတ်ပြပါသည်။ ထို့နောက် ကျွန်မ မျက်နှာကို စေ့စေ့ကြည့်ကာ –

"ဒီနေရာကနေပြီး လင်းဖောကို ဆရာမ ပြန်တတ်ရင် ဒီနေရာကနေပြီး ဝင်တာဆိုလိုကိုလဲ ဆရာမလာတတ်မှာပါပဲ။ ဝင်တာဆိုလို ဆရာမ အလည်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ဒီလိုဆရာမလာမယ်ဆိုရင် ဆမ်မြူရယ်က ဆရာမအတွက် မြင်းအသင့်ပြင်ထားပါလိမ့်မယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အမျိုးသမီးဆိုတာ တစ်ယောက်တည်း အိမ်လည်သွားလေ့ မရှိပါဘူး" ဟု ပြောကြားလိုက်ရာ ဖားဂတ်က –

"ဆရာမက အစဉ်အလာထုံးတမ်းကို လိုက်နာရှိသေတဲ့ လူစားမျိုးလား" ဟု ပြောကြားပါသည်။ ထို့နောက် ကျွန်မကို တရှိုက်မက်မက်ငေးကြည့်ရင်း –

"ဆရာမရယ် ဆရာမဟာ အခြားအမျိုးသမီးတွေနဲ့ တူတဲ့သူ မဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဝင်တာဆိုလိုကို ဆရာမ အလည်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဟု ပြောကြားပြီး မြင်းဇက်ကြိုးကို တုန့်ခနဲဆွဲပြီး ဝင်တာဆိုလိုဘက်သို့ ထွက်ခွာသွားပါတော့သည်။

ကျွန်မလည်း ဖားဂတ်၏နောက်ကျောကို ငေးမောကြည့်ပြီးနောက် လင်းဖောသို့ ဦးတည်ထွက်ခွာလာခဲ့ပါသည်။ ထိုအခိုက်တွင် ကျွန်မ၏ ရင်တွင်း၌ အတိုင်းမသိ ဆွတ်ပျံ့ကြည်နူးခြင်းနှင့် နောင်ရေးကိုတွေးပြီး စိုးရိမ်ပူပန်ခြင်းတို့ ရောထွေးယှက်တင်လှိုင်းဆောင်ဘင် ဝေနေပါတော့သည်။

***

[ ၆ ]

# ရှုပ်ထွေးနက်ရှိုင်းသော ချစ်ပြဿနာ

ဝင်တာဆိုလိုသို့ လာလည်ပါရန် ဖားဂတ်က ဖိတ်ခေါ်ထားသော်လည်း 'တိမ်း လွယ်ညွတ်လွယ်သောသူ' ဟု မမှတ်ထင် မယူဆရလေအောင် ဝင်တာဆိုလိုသို့ ရတ်တရက် သွားမလည်ဘဲ လေးငါးရက်ခန့် ဆိုင်းငံ့ထားဦးမည်ဟု ဆုံးဖြတ်ပြီး လင်းဖောစံအိမ်ကြီး၌သာ ဣန္ဒြေရရ နေလိုက်ပါသည်။

ထိုအခိုက်တွင် 'ယောက်ျားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက် တော့ မျှော်လိုက်တာ' ဟူသော စကားအတိုင်း ဖားဂတ်အလာကို ကျွန်မ မျှော်နေမိပါသည်။ ထိုသို့ မျှော်နေဆဲမှာပင် လင်းဖောစံအိမ်ကြီးသို့ ဖားဂတ် 'စိုက်စိုက်လာ' ပါတော့သည်။

ဤသို့ စိုက်စိုက်လာရာ၌ ဖားဂတ်သည် မစ္စတာ အင်ဒရူးထံ ကြို တင်ပြီး စာတစ်စောင်ပို့ခဲ့ပါသည်။ ထိုစာတွင် 'မိမိ ညစာစားရန် လာမည့် အကြောင်းနှင့် ညစာစားပွဲ၌ ဒန်ကင်လေးကို ပါတွေ့လိုကြောင်း' ပါရှိလေ သည်။ ထိုစာ ရောက်လာသောအခါ မာရီယာက မည်သို့ပြောကြားသည်ကို မကြားမသိရသော်လည်း မစ္စတာ အင်ဒရူး၏ အသံသြကြီးနှင့် –

"ဖားဂတ်ဟာ အမွေဖြတ်ထားပေမယ့် ကျူပ်သားပါပဲ ခင်။ ပြီးတော့ ဒန်ကင်လေးကလဲ သူနဲ့ အမျိုးအရင်းကြီး တော်တာပါ" ဟု ဟစ်အော်ပြော ကြားသံကို ကျွန်မ အခန်းမှ အတိုင်းသားကြားရပါသည်။

http://www.cherrythitsar.org



ဒန်ကင်လေးနှင့် နေ့လယ်စာစားခိုက်တွင်လည်း ဒန်ကင်လေးက ရွှင်မြူးဝမ်းသာသော အမူအရာဖြင့် –

"ဆရာမရေ၊ ဒီနေ့ညမှာ ကျွန်တော်လဲ ညစာအတူဆင်းစားရမတဲ့"

ဟု ပြောကြားရာ၊ ချာရီတီက –

"ဒါဖြင့် သခင်လေးရဲ့ဆရာမကို သခင်လေး ကျေးဇူးတင်ပါ"

ဟု ဝင်ပြီး ပြောကြားလိုက်ပါသည်။

ဤသို့ ဖားဂတ်အလည်ရောက်မည့်အကြောင်းကို ကြားသိရသော နေ့လယ် အိပ်စက်နားနေအပန်းဖြေချိန်၌ ရှေးယခင်ကကဲ့သို့ အိပ်၍မရနိုင်အောင် စိတ်လှုပ်ရှားနေမိပါသည်။ ထိုနေ့ညစာစားပွဲသို့ သွားခါနီး၌ ကျွန်မလည်း နောက်ဆုံးပေါ် ခေတ်အမီဆုံး ဝတ်စုံလှလှဆန်းဆန်းလို ဂရုတစိုက်ရွေးပြီး ဝတ်ဆင်လိုက်ပါသည်။ ထို့ပြင် ကိုယ်ကိုလည်း ကြော့နေအောင် ပြင်ဆင်ခြယ်သလိုက်ပါသည်။

ထို့နောက် လှေကားမှ ခပ်ဖွဖွဆင်းလာပြီး အတွင်းဘက် အခန်းကူးလမ်းကြားရှိ မှောင်ရိပ်ကျသော ကုလားထိုင်တွင် အသာထိုင်လိုက်ပါသည်။ ထိုအခိုက်တွင် ခပ်စောစော ကြိုရောက်နှင့်သော ဖားဂတ်လည်း ကျွန်မအပါးသို့ လျှောက်လာပြီး –

"ဆရာမရယ်၊ ဝင်တာဆိုလိုကို ဘာကြောင့်မလာရတာလဲဗျာ" ဟု မချင့်မရဲသံကြီးနှင့် ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အို ... ကျွန်မက ဝင်တာဆိုလိုကို အမြဲပဲ လာလည်နေရမှာလား" ဟု ပြောကြားလိုက်ရာ ဖားဂတ်က ကျွန်မ၏ ကုလားထိုင်လက်တန်းပေါ်သို့ လက်ထောက်ကာ ကျွန်မမျက်နှာနှင့် ထိလုနီးပါးငုံ့လိုက်ပြီးနောက် –

"ဆရာမရယ်၊ ကျွန်တော်ကတော့ ဝင်တာဆိုလိုကို ဆရာမ အမြဲလာလည်စေချင်ပါတယ်ဗျာ" ဟု ပြောကြားပါသည်။

ထို့နောက် ကျွန်မတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်ပြီး နောက်သို့ ဆတ်ခနဲ ပြန်ဆုတ်လိုက်ကာ အလွန်အံ့သြသည့်အသွင်ဖြင့် –

"ဆရာမက အပြောင်းလဲကြီး ပြောင်းလဲနေပါကလား။ ဘာကြောင့် ဒီလိုခေတ်ဆံဆံပြင်ထားတာလဲ။ အယ်လစ်တာက ဒီလိုပြင်ခိုင်းလို့လား၊ ကျွန်တော့်အနေနဲ့ကတော့ ဆရာမ ရိုးရိုးယဉ်ယဉ်လေး ဝတ်စားဆင်ယင်တာပဲ မြင်ချင်ပါတယ်ဗျာ" ဟု ပြောကြားပါသည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်မလည်း ထောင်းခနဲ အမျက်ထွက်လာသောကြောင့်–

"ကျွန်မ ပြင်ချင်သလို ပြင်မှာပေါ့။ ဝတ်ချင်သလို ဝတ်မှာပေါ့။ ရှင်နဲ့ ဘာဆိုင်လို့တုန်း" ဟု ခပ်ငေါက်ငေါက် ပြောလိုက်ရာ ဖားဂတ်က –

"ဟုတ်ပါတယ်။ ကျွန်တော်နဲ့ဘာမှ မဆိုင်ပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်" ဟု ပြောကြားပြီးနောက် –

"အေးလေ၊ ဝင်တာဆိုလိုကို ဘာကြောင့် ဆရာမ လာမလည်ဘူးဆိုတာ ကျွန်တော် သိလောက်ပါပြီ"

ဟု ခပ်စိမ်းစိမ်း ပြောကြားပါသည်။

ထို့နောက် ဖားဂတ်လည်း အတွင်းဘက် အခန်းကူး လမ်းကြားမှ ဧည့်ခန်းဘက် လျှောက်သွားပါသည်။ သို့သော် ကျွန်မကား အမှောင်ရိပ်ကျသော အခန်းကူးလမ်းကြားရှိ ထိုင်ခုံ၌သာ ဆက်ပြီး ထိုင်နေမိပါသည်။ ထိုအခိုက်တွင် ဧည့်ခန်းဘက်ရှိ မစ္စတာ အင်ဒရူး၏ ဗလုံးဗထွေး အော်ပြောသံ၊ မာရီယာ၏ ရယ်မောသံနှင့် ဒန်ကင်လေ၏ စိတ်လှုပ်ရှားနေသော စူးစူးရှရှ အသံတို့ ထွက်ပေါ်လာပါသည်။ ထို့ကြောင့် ကျွန်မလည်း ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့ရာ မစ္စတာ အင်ဒရူးက ကျွန်မကို မြင်မြင်ချင်းဝမ်းသာသော အမူအရာဖြင့် –

"ဆရာမရေ ... ဒီနေ့ညစာစားပွဲကို ကျုပ်သား ဖားဂတ်လဲ တက်ရောက်သဗျ" ဟု ပြောကြားပါသည်။

ကျွန်မလည်း 'မင်္ဂလာပါဦး' ဟု နှုတ်ဆက်ပြီး ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။ ထိုအခါ အယ်လစ်တာက ဝိုင်ခွက်ကို မြှောက်ပြပြီး လှမ်းနှုတ်ဆက်ပါသည်။ ဖားဂတ်ကမူ ဆတ်ခနဲ ကျောပေးလိုက်ပြီး မာရီယာနှင့် စကား လှမ်းပြောလိုက်ပါသည်။

*

ထိုနေ့ ညစားစားပွဲကား အသက်ဝင် လှုပ်ရှားနေပါသည်။ ဖားဂတ်က အယ်လစ်တာဘက်သို့ လှည့်ပြီး –

"ဒီမှာ အစ်ကို ... ကျွန်စနစ် ဆက်ပြီး တည်မြဲမလား၊ ဒါမှမဟုတ် ကျွန်စနစ်ပေါ် မှီခိုနေတဲ့ အနောက်အိန္ဒိယ ဒေသသစ်ချုပ်ငြိမ်းမလား"

ဟု မေးလိုက်ရာ အယ်လစ်တာက –

"အနောက်အိန္ဒိယဒေသသစ် ချုပ်ငြိမ်းမှာပေါ့ ငါ့ညီရယ်"

ဟု ဖြေပါသည်။

ထိုအခါ ဖားဂတ်က –

"မဖြစ်နိုင်တာဗျာ အနောက်အိန္ဒိယဒေသစ် ဘယ်တော့မှ မချုပ်ငြိမ်းပါဘူး။ ဒါထက် အမေရိကကော။ အစ်ကို ဘယ်လိုထင်သလဲ"

ဟု ဆက်မေး ပြန်ရာ အယ်လစ်တာက –

"ကျွန်စနစ်ပေါ် မှီခိုနေတဲ့ အမေရိက က ပြည်နယ်အချို့ဟာလဲ အနောက်အိန္ဒိယဒေသသစ်လိုပဲ ချုပ်ငြိမ်းသွားမှာ သေချာပါတယ်။ ဒီမှာ ငါ့ညီ၊ ဒီဒေသတွေ ကြီးပွားထွန်းကားလာတာက ဒီဒေသကထွက်တဲ့ သကြား၊ ဝါဂွမ်းနဲ့ ဆေးရွက်တို့ကြောင့်ပါ။ ဒီထွက်ကုန်တွေက အရင်ကလို အကျိုးအမြတ်သိပ်မထွန်းကားတဲ့အခါမှာ ဒီဒေသမှာ ထွန်းကားကြီးထွားနေတဲ့ ကျွန်စနစ်ဟာလဲ အလိုလို ကျဆုံးသွားပါလိမ့်မယ်။ 'လူလူချင်း ထောက်ထား ညှာတာကရုဏာထားရမယ်" ဆိုတဲ့ ကိုယ်ကျင့်တရားလဲ ထွန်းကားလာလိမ့်မယ်"

ဟု ပြောကြားပါသည်။

ထိုအခါ မာရီယာက ပခုံးတစ်ချက်တွန့်ရင်း –

"ရှင့်စကားတွေကို ကျွန်မ လုံးဝ မယုံဘူး။ ရှင်ပြောသလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး" ဟု ဝင်ပြောရာ အယ်လစ်တာက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် –

"မယုံမရှိနဲ့ မာရီယာ။ ကျွန်တော်ပြောတဲ့အတိုင်း ဖြစ်ပျက်မှာ သေချာပါတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာက –

"ကျွန်မတော့ မယုံရေးချ မယုံဘဲ။ ဘာကြောင့်လဲဆိုတော့ ဟောဒီ အနောက်အိန္ဒိယဒေသသစ်ဟာ ရှေးဦးမဆွတည်းက ကျွန်စနစ်ပေါ်မှာ တည်ထောင်အခြေစိုက်ပြီး ကြီးပွားထွန်းကားလာခဲ့တာပါ။ ပြီးတော့ ကျွန်မတို့ မျိုးရိုးတွေကလဲ ဒီဒေသသစ် စတင်တည်ထောင်ကတည်းက တည်ရှိခဲ့တာပါ"

ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကျွန်မတို့ကို စားပွဲထိုးရင်း ရပ်စောင့်နေကြသော နီဂရိုးကြီးများကို အမှတ်ရလာသောကြောင့် ကျွန်မလည်း လှမ်းကြည့်လိုက်မိပါသည်။ နီဂရိုးကြီးများ၏ မျက်နှာတွင် မည်သည့်ခံစားချက် အရိပ်အယောင်ကိုမှ မတွေ့ရဘဲ တည်ငြိမ်နေသည်ကို တွေ့ရပါသည်။ ထိုအခါ ဤနီဂရိုးကြီးများကို အသက်ရှိသည်ဟု မမှတ်ထင်ဘဲ နီဂရိုးကြီးများ၏ ရှေ့မှောက်၌ပင်

http://www.cherrythitsar.org



ကျွန်စနစ်အကြောင်းကို အချေအတင် ပြောနေကြသည့်အဖြစ်ကို အလွန်တရာ အံ့သြနေမိပါသည်။

ထိုသို့ ကျွန်မ အံ့သြငေးငိုင်နေခိုက်တွင် ဖားဂတ်က မာရီယာဘက်သို့ လှည့်ကာ –

မာရီယာ ... ခင်ဗျားတို့ မျိုးရိုးက ဒီဒေသ တည်ထောင်ကတည်းက ရှိတယ်ဆိုတော့ ဒီဒေသမှာ စတင် အခြေစိုက်ကြတဲ့ တိုင်းရင်းသား လူမျိုးစုတွေ ပြုတ်ပြုတ်ပြုန်းအောင် အလုပ်ကြမ်းကို ရက်ရက်စက်စက် လုပ်ခိုင်းကြတဲ့ စပိန်တွေ အထဲမှာ ခင်ဗျားတို့ အမျိုးတွေလဲ ပါမှာပေါ့"

ဟု ပြောကြားလိုက်ရာ မာရီယာက –

"အို ... ရှင် ဒီလို မဟုတ်တမ်းတရမ်း မပြောပါနဲ့။ ဒီဒေသက တိုင်းရင်းသား လူမျိုးစုတွေ တိမ်ကော ပပျောက်သွားတာ သူ့အလိုအလျောက်ပါ။ သူတို့ အင်အားနဲ့ မလုံလောက်တဲ့အတွက် အာဖရိက နီဂရိုးကျွန်တွေကို ကျွန်မတို့ ဝယ်ယူပြီး စေခိုင်းရပါသေးတယ်"

ဟု ပြောကြားသည်။

ထိုအခိုက်တွင် ဖားဂတ်က မျက်လုံး အဝိုင်းသားနှင့် နားထောင်နေရှာသော ဒန်ကင်လေးဘက်သို့ လှည့်ပြီး –

"ညီလေးရေ ... ဒီဒေသကို စပိန်တွေ လာရောက်ကြတာက သကြားအတွက်ကြောင့်လဲ မဟုတ်ဘူး။ ရမ်အတွက်ကြောင့်လဲ မဟုတ်ဘူး။ ဒီဒေသက ထွက်တဲ့ ရွှေအတွက်ကြောင့်ကွ။ စပိန်တွေဟာ အလွန်ဆိုးဝါးတဲ့ ကိုလိုနီနယ်ချဲ့သမားတွေပဲ။ သူတို့ဟာ ဒီဒေသက အဖိုးတန်ပစ္စည်းမှန်သမျှကို အင်အားသုံးပြီး အတင်းအဓမ္မ လုယက်ယူသွားကြတယ်ကွယ့်။ ဒီမှာ ညီလေး စပိန်ကောင်တွေလို ရွှေ၊ ငွေအပေါ်မှာ ဘယ်တော့မှ လောဘရမ္မက် မထားပါနဲ့ကွာ"

ဟု ပြောကြားလိုက်သည်။

ဖားဂတ်၏စကားမဆုံးခင်ပင် မာရီယာက အချက်ပြလိုက်ရာ ဒန်ကင် လေးလည်း ထိုင်နေရာမှ အသာထလိုက်ရှာသည်။ ထိုအခါ မာရီယာက

"သားသားရေ ... အိပ်ချိန်တောင် ကျော်လာပြီကွယ့်။ သွားအိပ်တော့" ဟု ပြောကြားရာ ဒန်ကင်လေးလည်း ဘာမှမပြောတော့ဘဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ မာရီယာက အိပ်ခါနီး နှုတ်ဆက်အနမ်းကို နမ်းရန် ဒန်ကင်လေး အပါးသို့ ကပ်သွားရာ ဒန်ကင်လေးက အနမ်းမခံဘဲ ချာခနဲ မျက်နှာလှည့်ပြီး ထွက်သွားပါတော့သည်။

http://www.cherrythitsar.org



ထိုအခါ မာရီယာလည်း

"ဒန်ကင်" ဟု ဒေါသတကြီး အော်လိုက်ပါသည်။ ထိုအခိုက်တွင် ကျွန်မလည်း ဒန်ကင်လေး၏ အပြုအမူကို ကြိတ်ပြီး ဝမ်းသာနေရာမှ 'ကျွန် စနစ်အကြောင်း အချေအတင် ဆွေးနွေးပွဲကို ကြားနာသွားခဲ့သော ဒန်ကင်လေး က ကျွန်စနစ်နှင့် ပတ်သက်၍ ရက်အတန်ကြာသည့်အထိ ကျွန်မကို အမျိုးမျိုး မေးမြန်းပေတော့မည်' ဟု တွေးတောနေမိပါသည်။

ညစာစားပွဲမှ ဒန်ကင်လေးထွက်ခွာသွားပြီးနောက် ညစာစားပွဲကြီး လည်း အလိုလို ပြီးဆုံးသွားပါသည်။ အယ်လစ်တာလည်း ရုံးခန်းသို့ သွား ရောက်ပြီး စာရွက်စာတမ်းကို စစ်ဆေးနေပါသည်။ မကြာမီ အယ်လစ်တာ နောက်သို့ မာရီယာ လိုက်သွားပြီး လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ နှစ်ယောက် သား ဆွေးနွေးငြင်းခုန်နေကြသံကို ကြားရပါသည်။

*

ကျွန်မလည်း စိတ်ဂနာမငြိမ်ဖြစ်နေမိသည့်အတွက် အပေါ်ထပ် အိပ်ခန်းသို့ မပြန်သေးဘဲ ပန်းဥယျာဉ်တွင်းသို့ ထွက်လာခဲ့ပါသည်။ ထို့နောက် အိမ်နောက်ဘက်သို့ လျှောက်လာရာ နီဂရိုးကျွန်းတန်းလျား ဘက်မှ မီးရောင် လက်လက် ထွက်နေသည်ကို မြင်ရပါသည်။

နီဂရိုးကျွန်းများ အချင်းချင်း တိုးတိုး တိုးတိုး ပြောနေသံကိုလည်း သဲ့သဲ့ကြားရပါသည်။

အိမ်နောက်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ကျွန်မရောက်ပြီး ခေတ္တရပ်နေခိုက်တွင် မြင်းဇောင်းဘက်မှ လျှောက်လာသော ဖားဂတ်ကို တွေ့ လိုက်ရပါသည်။ ဖားဂတ်က လေသံတိုးတိုးဖြင့် "ဗီသြနာ" ဟု ခေါ်လိုက်ရာ၊ ကျွန်မက –

"ဖားဂတ်ပါလား ကျွန်မက ရှင်ပြန်ပြီလို့ ထင်နေတာ" ဟု ပြောလိုက် ပါသည်။ ထိုအခါ ဖားဂတ်က –

"ဆရာမရယ်။ ဝင်တာဆိုလိုက်ကို ကျွန်တော် ပြန်တော့မလို့ပါပဲ။ ဆရာမကို တွေ့ရလို့ ပြန်လှည့်လာတာပါ" ဟုပြောကြားပြီး ကျွန်မ၏ လက် နှစ်ဘက်ကို အသာဆုပ်ကိုင်ပါသည်။ ထို့နောက် –

"ဆရာမရယ်။ ဆရာမကို ကျွန်တော် ပြောခဲ့မိတဲ့ စကားတွေအတွက် တောင်းပန်ပါတယ်ဗျာ။ ဒီစကားတွေကို ကျွန်တော် ပြောဖို့ မရည်ရွယ်ခဲ့ပါဘူး။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိပါဘူး။ ကျွန်တော် ပြောခဲ့မိပါတယ်။ တကယ်

http://www.cherrythitsar.org



တော့ ဆရာမရယ်။ ကျွန်တော်လေ ... ကျွန်တော် မနာလိုဝန်တို စိတ်တွေ ဖြစ်နေမိတယ် ထင်ပါရဲ့။ ဟုတ်ပါတယ်လေ ... ကျွန်တော် မနာလိုဝန်တိုစိတ် တွေ ဖြစ်နေမိပါတယ်" ဟု ပြောကြားပြီးနောက် –

"ဆရာမရယ်။ ဝင်တာဆိုလိုကို ဘာကြောင့် လာမလည်တာလဲဗျာ။ ကျွန်တော်ကတော့ 'ဆရာမ' လာမလား – လာမလား' နဲ့ နေ့တိုင်းမျှော်နေခဲ့ပါ တယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဝင်တာဆိုလိုကို လာလည်ပါ့မယ်လို့ ကျွန်မ ကတိပေးခဲ့လို့လား" ဟု ပြောကြားရာ၊ ကျွန်မ၏ စကားမဆုံးခင်ပင် ဖားဂတ်က ကျွန်မ၏ တစ် ကိုယ်လုံးကို သန်မာထွားကျိုင်းလှသော လက်မောင်းကြီးဖြင့် ရစ်ပတ်ထွေးပွေ့ လိုက်ပါသည်။ ထို့နောက် ကျွန်မ၏နီထွေးပြည့်တင်းနေသော နှုတ်ခမ်းအစုံကို တပ်တပ်မက်မက် နမ်းစုပ်ပါတော့သည်။

ကျွန်မသည် 'မဆွတ်ခင်က ညွတ်ချင်နေသူ' ဖြစ်ရုံမက ဝင်တာဆိုလို မှာတည်းက ဖားဂတ်၏ အပွေ့အဖက် အနမ်း အရှုပ် အယုအယကို ခံချင်စိတ် ရှိခဲ့ဖူးသည်ဖြစ်ရာ ဖားဂတ်က ကျွန်မကို ပွေ့ဖက်ပြီး 'နဖူးတွေ့ ဒူးတွေ့' နမ်းလာ သောအခါ၌ ဟန်ဆောင်၍ပင် မရုန်းနိုင်ခဲ့ပါ။ ဖားဂတ်၏ ချိုမြိန်သော အနမ်း တွင် သာယာမိန်းမော နေမိပါသည်။

ဖားဂတ်လည်း ကျွန်မကို အားပါးတရ ပွေ့ဖက် နမ်းစုပ်ပြီးမှ ကိုယ် ကို လျော့ဖြေပေးပြီး ချစ်ရည်ရွှန်းသော မျက်လုံး အစုံဖြင့် ကျွန်မကို စိုက်ကြည့် ရင်း –

"အချစ်ရေ မနက်ဖြန်မှာ အချစ်နဲ့တွေ့ရအောင် မောင်လာဦးမယ်။ အချစ်ကို မောင်ဖွင့်ပြောစရာအကြောင်းတွေ အများကြီးရှိတယ်ကွယ်။ ဒီ အကြောင်းတွေကို သိထားမှ လင်းဖောမှာ အချစ်သည်းသည်းခံပြီး ဆက်နေနိုင် လိမ့်မယ်။ မောင့်ကို ဆက်ဆက် စောင့်နေပါနော်" ဟု ပြောကြားပြီး ချာခနဲ လှည့်ထွက်သွားပါသည်။

ကျွန်မလည်း မှောင်ထဲတွင် ပျောက်သွားသော ဖားဂတ်၏ နောက် ကျောကို ငေးကြည့်ပြီး ကျေနပ်နှစ်သိမ့် ပီတိ စိမ့်ကာ ရွှေရင်ချမ်းမြ ကြည်နူး နေရာမှ ကျွန်မတို့ ဆုံတွေ့သော သစ်ပင်ကြီးအောက်တွင် တမေ့တမော ဆက် ရပ်နေမိပါသည်။ ဤသို့ တမေ့တမော ရပ်နေရာမှ သတိရ၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ၊ နီဂရိုး ကျွန်တန်းလျားမှ မီးရောင်ကိုလည်း မမြင်ရ။

http://www.cherrythitsar.org



လင်းဖောစံအိမ်ကြီးမှ မီးရောင်ကိုလည်း မမြင်ရတော့ပါ။ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းနေသည်ကို တွေ့ရပါတော့သည်။ ထို့ကြောင့် ကျွန်မလည်း မှောင်ထဲမှ စမ်းတဝါးဝါးဖြင့် ပြန်လာခဲ့ရပါသည်။

ထိုအခိုက်တွင် ရုံးခန်းတွင်းမှ အယ်လစ်တာ ထွက်လာပြီး –

"ဆရာမလား။ ကျွန်တော် ဘာကူညီရမလဲ" ဟု လှမ်းမေးလိုက်ရာ၊ ကျွန်မလည်း လန့်ဖျပ်ကာ တစ်ကိုယ်လုံး ဖိန်းရှိန်းသွားရာမှ –

"ဘာအကူအညီမှ မလိုပါဘူးရှင်။ ကျေးဇူးတင်ပါတယ်။ မင်္ဂလာညပါ"

ဟု ကမန်းကတန်း ပြန်ပြောလိုက်ပါသည်။

ထို့နောက် အိမ်အပေါ်ထပ်သို့ ခပ်သုတ်သုတ် လျှောက်လာရာ၊ အပေါ် လှေကားသို့ တက်ခါနီးတွင် မာရီယာက –

"ဖားဂတ်ကော ဆရာမ။ ပြန်သွားပြီလား"

ဟု ခပ်ထေ့ထေ့ လှမ်းမေးလိုက်ပါသည်။

ထိုအခါ ကျွန်မလည်း နောက်သို့ ပြန်မကြည့်ဘဲ အပေါ်လှေကားသို့ တက်နေရာမှ –

"ဟုတ်ကဲ့။ ပြန်သွားပြီထင်တာပဲ" ဟု ပြောကြားပြီး ကျွန်မ အိပ်ခန်းရှိရာသို့ ဒရောသောပါး တက်လာခဲ့မိပါသည်။

*

နောက်တစ်နေ့၌ ချိန်ထားသည့်အတိုင်း မြင်းဇောင်းသို့ ကျွန်မ သွားသောအခါ၊ ဖားဂတ် အသင့်စောင့်နေသည်ကို တွေ့ရပါသည်။ ဖားဂတ်သည် ကျွန်မ စီးဖူးသော မြင်းမလေးရိုစာမဟုတ်ဘဲ ကြော့မော့နေသော မြင်းလေးတစ်ကောင်ကို ကုန်းနှီးတင်ပြီး အသင့်ပြင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျွန်မက စူးစမ်းသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်ရာ၊ ဖားဂတ်က –

"ဒီမြင်းအမည်က **ဖီးယ်လီတို** တဲ့။ ရိုစာထက် အပြေးမြန်တယ်။ ပြီးတော့ ယဉ်လဲ ယဉ်ပါတယ်"

ဟု ပြောပါသည်။

အပါးရှိ နီဂရိုးကြီး ဆမ်မြူရယ်ကလည်း –

"ဟုတ်ပါတယ် ဆရာမ။ ဖီဒယ်လီတိုက အလွန်သဘောကောင်းပါတယ်။ ဆရာမကို လိုရာခရီး ပို့ပေးဖို့ ကျွန်တော်မှာထားပြီးပါပြီ" ဟု ပြုံးပြီး ပြောပါသည်။ ကျွန်မကိုလည်း မြင်းထက်သို့ ကူတင်ပေးပါသည်။

http://www.cherrythitsar.org


ဆမ်မြူရယ်၏ စကားကို ကြားသောအခါ ကျွန်မ စီးရမည့် မြင်းလေးအပေါ်သို့ ပို၍ စိတ်ချသွားမိပါသည်။ ထို့ကြောင့်လည်း ဖီဒယ်လီတိုကို ရဲရဲကြီး စီးပြီး အတိုဆုံး ဖြတ်လမ်းမှ ဝင်တာဆိုလိုသို့ ဦးတည် ထွက်ခွာလာခဲ့ပါသည်။

ထိုသို့ ထွက်ခွာလာခိုက်တွင် –

"အချစ်ရေ၊ မြင်းကို အတတ်နိုင်ဆုံး ကဆုန်စိုင်းစီးပေတော့။ လမ်းမှာ မာရီယာတို့နဲ့ မောင်တို့ မဆုံမိဖို့ အရေးကြီးတယ်" ဟု ဖားဂတ်က ကျွန်မအား လှမ်းပြီး ပြောကြားရာ၊ ကျွန်မက –

"မာရီယာနဲ့ တွေ့မှာကို ဘာကြောင့် စိုးရိမ်ရတာလဲ မောင်"

ဟု ပြန်မေးလိုက်ပါသည်။

ထိုအခါ ဖားဂတ်က –

"မောင်တို့ ဘယ်ကို သွားမလဲဆိုတာကို မေးနေစမ်းနေမှာ စိုးလို့ပါ အချစ်ရဲ့" ဟု ဖြေလိုက်ရာ၊ ကျွန်မက –

"ဒါဖြင့် ကျွန်မတို့ ဘယ်ကို သွားကြမှာလဲ မောင်" ဟု ပြန်မေးလိုက်ပါသည်။

ထိုအခါ ဖားဂတ်က –

"မောင်တို့ အခုသွားမှာက ဒန်ကင်လေးရဲ့ အဘွားဆီကိုလေ။ မာရီယာရဲ့ အမေဆိုပါတော့"

ဟု ပြောကြားလိုက်ပါသည်။

ကျွန်မတို့လည်း ကြံခင်းကြီးများကို ဖြတ်ပြီး မြင်းကို ကဆုန်စိုင်းဆီးလာကြရာ၊ နောက်ဆုံး၌ ဆန်ဖရန်စစ္စကို အပါးသို့ ရောက်လာခဲ့ပါသည်။ ထိုအခါ ဖားဂတ်က –

"အချစ်ရေ။ ဟို ... ရှေးအခါတုန်းက ဝင်တာဆိုလိုနဲ့ လင်းဖော်ဟာ ဆန်ဖရန်စစ္စကို ဒေသကြီးရဲ့ အစိတ်အပိုင်းဒေသတွေပေါ့။ ဆန်ဖရန်စစ္စကို ဒေသဟာ ဘယ်လောက်ကျယ်သလဲဆိုရင် မြင်းကို ကဆုန်စိုင်းစီးပြီး လှည့်ပတ်ကြည့်တာတောင် နေ့ဝက်ကျော်ကျော် စီးရတယ်။ ဒီလိုကျယ်ဝန်းတဲ့ ဆန်ဖရန်စစ္စကို ဒေသကြီးကို မာရီယာရဲ့ ဘိုးဘေးတွေ ပိုင်ခဲ့တာပေါ့။ ဒါပေမဲ့ ဒီလောက်ကျယ်ဝန်းတဲ့ ဒေသကြီးဟာ သူတစ်ပါး လက်ထဲကို တဖြည်းဖြည်း ရောက်သွားခဲ့တာ မာရီယာတို့ မိသားစုလက်ထက်ကျတော့ ပင်လယ်ကမ်းစပ်နားက လယ်မြေဧက အနည်းငယ်ပဲ ကျန်တော့တယ်။ ကျွန်ဆိုလဲ နည်းနည်းပဲ ရှိတော့တယ်။

http://www.cherrythitsar.org



အခုဆိုရင် မာရီယာရဲ့ အမေ ဒိုနာအစ္စဘယ်လာဟာ ဘယ်တော့မှ မစွံမယ့် သမီးနှစ်ယောက်နဲ့ အထီးကျန် နေနေရရှာတယ်" ဟု ပြောကြားပါသည်။

ထို့နောက် ကျွန်မတို့လည်း ဆက်ပြီးလာခဲ့ရာ၊ 'ဆန်ဖရန်စစ္စကို' အိမ်ကြီးအပါးသို့ပင် ရောက်လာခဲ့ပါတော့သည်။

ဆန်ဖရန်စစ္စကို အိမ်ကြီးကား လင်းဖောစ်အိမ်ကြီးထက် ကြီးမားပါသည်။ ရှေးယခင်ကမူ လင်းဖောစ်အိမ်ကြီးထက် ခံ့ညားထည်ဝါမည် ဖြစ်သော်လည်း ယခုအခါ၌မူ ပြုပြင်ထိန်းသိမ်းခြင်း ကင်းနေသည့်အတွက် ပျက်စီးယိုယွင်းကာ အိမ်အိုအိမ်ဆွေးကြီး ဖြစ်နေပါတော့သည်။ ခံ့ထည်သော ကျောက်ဖြူတိုင်ကြီး ကျိုးပဲ့မြေခနေပြီး၊ စပျစ်နွယ်နှင့် ခြုံနွယ်တို့ လိမ်နွယ်တက်နေပါသည်။

ဆန်ဖရန်စစ္စကို အိမ်ကြီးအပါးသို့ အရောက်တွင် အိမ်အပေါ်ထပ်အခန်းကူးလမ်းကြား တစ်နေရာ၌ ထိုင်ပြီး ကျွန်မတို့ကို စိုက်ကြည့်နေသော အဘွားကြီးတစ်ဦးကို တွေ့ရပါသည်။ ထိုအဘွားကြီးကား ဒန်ကင်လေး၏ အဘွား၊ မာရီယာ၏ မိခင် ဒိုနာအစ္စဘယ်လာပေတည်း။

ခြံဝင်းအတွင်းသို့ ကျွန်မတို့ ဝင်ရောက်မိသောအခါ၊ ကျွန်တစ်ယောက် ထွက်လာပြီး ကျွန်မတို့စီးလာသော မြင်းများကို အရိပ်ထဲသို့ ဆွဲယူသွားပါသည်။ ထိုအခိုက်တွင် ဖားဂတ်သည် ကျွန်မ၏ လက်ကို ဆွဲကာ အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ ထို့နောက် ကုလားထိုင်ကြီးတွင် ခံ့ခံ့ကြီး ထိုင်နေသော အဘွားအို ဒိုနာအစ္စဘယ်လာအပါးသို့ လျှောက်သွားပြီး –

"ဒိုနာအစ္စဘယ်လာ။ ဖီဩနာနဲ့ မိတ်ဆက်ပေးပါရစေ။ ဖီဩနာက ဒန်ကင်လေးကို လာပြီးစာပြပေးတဲ့ ဆရာမပါပဲ" ဟု ပြောကြားလိုက်ရာ၊ အဘွားအို ဒိုနာအစ္စဘယ်လာက –

"ဒီအကြောင်းကို ငါသိပါတယ်ကွယ်။ စပိန်ဖြစ်ပြီး စပိန်စကားမပြောတတ်တဲ့ ငါ့မြေးအတွက် မက်ဝဲမျိုးနွယ်ဝင် ဆရာမ တစ်ယောက်ရောက်လာတယ်ဆိုတာ ငါကြားပြီးပါပြီ" ဟု ပြောကြားပါသည်။ ထို့နောက် –

"ထိုင်ပါ ဆရာမ" ဟု ပြောကြားလိုက်ရာ၊ ကျွန်မလည်း အနီးရှိ ကုလားထိုင်ဟောင်းတစ်လုံးပေါ်တွင် အသာလေး ထိုင်ချလိုက်ပါသည်။

ထိုအခိုက်တွင် အဘွားအိုက –

'ဟော့ **ကာတာရီနာ** နဲ့ ဂျူနာ ဒီမှာဧည့်သည်တွေ ရောက်နေတယ်" ဟု အော်ပြောလိုက်ရာ၊ အဘွားအို၏ ပါးစပ်မှ အရက်နံ့သည် အပါးရှိ ကျွန်မ၏ နှာခေါင်းထဲသို့ ထောင်းခနဲ ဝင်လာပါတော့သည်။

http://www.cherrythitsar.org



အဘွားအို ဒိုနာအစ္စဘယ်လာ ဟစ်အော်ပြီး မကြာမီအတွင်းမှာပင် မိန်းမပျိုနှစ်ဦး ထွက်လာခဲ့ကြပါသည်။ ထိုမိန်းမပျိုများမှာ ယေဘုယျအားဖြင့် မာရီယာနှင့် ရုပ်ချင်းဆင်သော်လည်း မာရီယာထက် နှာခေါင်းပိုကောက်ပြီး မေးစေ့ ပိုချွန်းပါသည်။ မျက်ခုံးမွေးလည်း ပိုထူပိုမည်းပါသည်။ ထို့ပြင် ပိန်လည်း ပို၍ ပိန်ကြပါသည်။

မိန်းမပျိုကာတာရီနှင့် ဂျူနာတို့လည်း ယဉ်ကျေးသိမ်မွေ့သည့် အမူအရာဖြင့် 'ဆန်ဖရန်စစ္စကိုသို့ အလည်လာသည်ကို ဝမ်းသာပါကြောင်း' ပြောကြားပါသည်။ ထို့ပြင် 'ဤအရပ်ဒေသ၏ ရာသီဥတုကို နှစ်သက်ပါသလော၊ စပိန်ပြည်သို့ အလည်ရောက်ဖူးပါသလော၊ စပိန်စကားကို တတ်ပါသလော' စသည့် မေးခွန်းများကိုလည်း မေးကြပါသည်။

ထိုမေးခွန်းများအနက် နောက်ဆုံးမေးခွန်းကို ဖြေရာ၌ စပိန်စကားမတတ်ကြောင်း ဖြေလိုက်ရာ အဘွားအို ဒိုနာအစ္စဘယ်လာက –

"အိုး ... ဆရာမက စပိန်စကား တတ်သင့်တာပေါ့။ မစ္စတာ အင်ဒရူးကွယ်လွန်သွားတဲ့အခါ၊ ကျုပ်မြေးလေးဟာ စပိန်ယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ စစ်မှန်တဲ့ ဘာသာတရားကို သွားပြီးလေ့လာဆည်းပူးဖို့အတွက် စပိန်ကို သွားရဦးမယ်ကွယ့်။ ဆရာမသာ စပိန်စကားတတ်တယ်ဆိုရင် အခုထဲက ကျုပ် မြေးလေးကို သင်ပေးထားနိုင်တာပေါ့" ဟု ပြောကြားပါသည်။

ထိုစကားကို ကြားလျှင် ယိုယွင်းစပြုနေသော မစ္စတာ အင်ဒရူး၏ ကျန်းမာရေးအခြေအနေကို ဖျတ်ခနဲ အမှတ်ရလာပါသည်။ ထို့ပြင် နေ့မအားညမအား အလုပ်ကို ကြိုးစားလုပ်နေသော မာရီယာ၏ ဇာတိမာန ဂုဏ်မာနနှင့် ရည်ရွယ်ချက်တို့ကိုလည်း မှန်းဆသိမြင်လာခဲ့ပါသည်။ ဒန်ကင်လေး ကြုံတွေ့ရင်ဆိုင်ရမည့် ပတ်ဝန်းကျင်နှင့် အခက်အခဲလည်း ရိပ်စားမိလာပါသည်။

ထိုအခိုက်တွင် ကျွန်တစ်ယောက်က ဖျော်ရည်လေးခွက်ယူလာရာ အဘွားအို ဒိုနာအစ္စဘယ်ကလာလွဲ၍ ကျွန်မတို့ အားလုံးဖျော်ရည်သောက်ကြပါသည်။ အဘွားအိုဒိုနာအစ္စဘယ်လာကမူ အပါးရှိ ဖန်ချိုင့်ထဲက ရမ်အရက်ကိုသာ ငုံ့သောက်ပါသည်။ ထိုသို့ငုံ့သောက်ရင်း ဖားဂတ်အား စင်တာမာတာမြို့က အတင်းအဖျင်း သတင်းစကားများ မေးပါသည်။ ဖားဂတ်က 'မိမိ စင်တာမာတာသို့ မရောက်သည်မှာ ကြာနေပါကြောင်း' ဖြေကြားရာ အဘွားအိုဒိုနာ အစ္စဘယ်လာက –

http://www.cherrythitsar.org



"အောင်မယ်၊ မင်းက စင်တာမာတာကို မသွားတော့ဘူး ဟုတ်လား။ အရင်တုန်းကဖြင့် စင်တာမာတာက ခွာတာမဟုတ်ဘူး။ အရက်သောက်လိုက်၊ လောင်းကစားလိုက်၊ ရန်ဖြစ်လိုက်နဲ့ ရှုပ်ချင်တိုင်းရှုပ်၊ ပွေချင်တိုင်းပွေနေတာပဲ" ဟု ပြောကြားပါတော့သည်။

ထိုအခါ ဖားဂတ်က သက်ပြင်းချရင်း

"ဒိုနာအစ္စဘယ်လာရယ်။ အရင်တုန်းကတော့ ငယ်ငယ်ရွယ်ရွယ်ဆိုတော့ မိုက်မိဆိုးမိတာပေါ့။ အခုတော့ အသက်လဲ ကြီးလာပြီ မဟုတ်လား။ ပြီးတော့ ဝင်တာဆိုလိုကို အပိုင်ရထားပြီလေ။ ဝင်တာဆိုလိုကို ပစ်ထားလို့ မတော်ဘူး မဟုတ်လား" ဟု ပြောလိုက်ရာ အဘွားအိုဒိုနာအစ္စဘယ်လာက–

"အင်း ... ကျုပ်ဖြင့် ကြားသာကြားရ၊ ယုံကို မယုံနိုင်ပေါင်တော်။ အခုမှ တကယ့်သူတော်စင် ဂိုက်ဖမ်းနေလိုက်တယ်" ဟု ပြောကြားသည်။ ထို့နောက် အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ –

"သြော် ... မင်းက စင်တာမာတာကို ဘယ်သွားတော့မလဲ။ အိမ်မှာပဲ ကုပ်နေမှာပေါ့။ အိမ်က မခွာနိုင်တဲ့အကြောင်း ရှိနေတာကိုး။ အေးလေ ... မင်းအဖေ အင်ဒရူးက ဒီလိုတော့လဲ လာဘ်မြင်သားပဲ။ မင်းကို ခြေချုပ်မိနေအောင်လို့ မက်ဝဲမျိုးနွယ်ဝင် မိန်းမချောတစ်ယောက်ကို စကော့တလန်ကနေပြီး ရှာခေါ်ပေးထားတယ် မဟုတ်လား" ဟု ပြောကြားပါသည်။

ထိုအခါ ဖားဂတ်လည်း ကျွန်မလက်ကို အသာဆွဲယူလိုက်ပြီး –

"လာ လာ အချစ်၊ ထတော့။ ဒီကို မောင်ခေါ်လာတာမှာ ရည်ရွယ်ချက်တစ်ရပ်ရှိတယ်။ အခု အဲဒီရည်ရွယ်ချက် ပြည့်မြောက်သွားပါပြီ။ ဒေါင်ချာစိုင်းအောင် အရက်မူးနေတဲ့ အဘွားအိုကြီးရဲ့ ပေါက်တတ်ကရ စကားတွေကို ဆက်နားထောင် နေလို့ ဘာမှအကျိုးမရှိဘူး။ မောင်တို့ ပြန်တာပဲ ကောင်းတယ်" ဟု ပြောကြားပြီး အပေါ်ထပ်မှ ဆွဲခေါ်လာခဲ့ပါသည်။

အိမ်အောက်သို့ ရောက်သောအခါ အရိပ်တွင် ချည်ထားသော မြင်းတို့ကိုယူကာ တက်စီးပြီး ပြန်ရန်ဟန်ပြင်ကြပါသည်။ ထိုအခိုက်တွင် အဘွားအိုဒိုနာအစ္စဘယ်လာလည်း အိမ်အပေါ်ထပ် ဝရန်တာလက်တန်းသို့ ဒယိမ်းဒယိုင်လျှောက်လာပြီး –

"ဒီမှာ စကော့တလန်က ဆရာမလေးရဲ့၊ အင်ဒရူးဆိုတဲ့ သေခါနီးကြီးက ဆရာမကို စကော့တလန်ကနေပြီး ဘာကြောင့် တကူးတကန့် ခေါ်သလဲ သိလား၊ ဆရာမနဲ့ သူ့သား ဖားဂတ်တို့ နီးစပ်ပြီး ချစ်ကြိုက်သွားအောင်လို့ပေါ့။

http://www.cherrythitsar.org



ဆရာမနဲ့ လက်ထပ်ထိမ်းမြားရင် ငွေအမြောက်အမြား လက်ဖွဲ့ပါ့မယ်လို့လဲ အဲဒီသေနာနီးကြီးက သူ့သားကို ကြိတ်ပြီး ကတိပေးထားတယ်တဲ့။ ဘာကြောင့် အင်ဒရူးဆိုတဲ့ သေခါနီးကြီးက ဒါတွေကို ဆောင်ရွက်သလဲ သိရဲ့လား။ မသိသေးရင် နားထောင် ဆရာမရေ နားထောင်" ဟု အော်ပြောပါသည်။ ထို့နောက် ဆက်၍ –

"ကျုပ်သမီး မာရီယာနဲ့ အဲဒီ အင်ဒရူးသေခါနီးကြီး လက်မထပ်ခင်တုန်းက မာရီယာနဲ့ ဖားဂတ်တို့ ချစ်ကြိုက်ခဲ့ဖူးတယ် ဆရာမရေ။ အခုထက်ထိလဲ ဖားဂတ်ဟာ ကျုပ်သမီး မာရီယာကို အရူးအမူးစွဲလန်းတုန်းပါပဲ။ ဒါကို လူတိုင်းသိကြပါတယ်။ အဲဒီ အင်ဒရူး သေခါနီးကြီးလဲ သိတာပါပဲ။ ဒါကြောင့် မာရီယာနဲ့ ဖားဂတ်ကို ဝေးသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါတွေကို စီမံကိန်းချပြီး ဆောင်ရွက်နေတာပဲ ဆရာမရေ။ သိပြီးလား"

ဟုလည်း အော်ပြောပါသည်။

ထိုအခါ ဖားဂတ်က –

"အဘွားကြီး တိတ်စမ်း။ တွေ့ကရာ ပေါက်တတ်ကရ စကားတွေ လျှောက်ပြောမနေနဲ့" ဟု ဒေါသတကြီး ပြန်အော်ပြီး ကျွန်မဘက်သို့ လှည့်ကာ

"အချစ်ရေ၊ အဖွားကြီးစကားကို မယုံနဲ့နော်။ မောင်တို့ သွားကြပါစို့"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် ကျွန်မလည်း ဗီဒယ်လီတိုကို ဇက်ကြိုးပုံလေးလိုက်ပြီး၊ အတင်းတရကြမ်း ကဆုန်စိုင်း စီးထွက်လာခဲ့ပါသည်။ မြင်းပေါ်မှ လိမ့်ကျမည်ကို လည်းကောင်း၊ သေမည်ကို လည်းကောင်း၊ ကျွန်မ လုံးဝ မတွေးတော့ပါ။ အဘွားအိုဒိုနာ အစ္စဘယ်လာ ထံမှ ကြားရသော သတင်းစကားကြောင့် ကျွန်မ၏ အသည်းနှလုံးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ လည်နေပါသည်။ 'ရှုပ်ထွေးပွေလီလှသော ဤလူ့လောက လူ့ဘောင်ကြီးမှ ချက်ချင်းပျောက်ကွယ်သေဆုံးသွားရသော် ကောင်းလေစွ' ဟုလည်း အောက်မေ့နေမိပါသည်။

ဖားဂတ်လည်း ခေတ္တကြောင်ငေးနေပြီးမှ ကျွန်မ နောက်သို့ ကဆုန်စိုင်းပြီး လိုက်လာပါသည်။ သို့သော် ဗီဒယ်လီတိုမှာ အလွန်အပြေးမြန်သော မြင်းလေးတစ်ကောင် ဖြစ်ရကား ဖားဂတ်၏ အနန်းခွဲရောင်မြင်းညိုကြီးပင် ရက်တရက် အမီမလိုက်နိုင်ပါ။ အုပ်ဆိုင်းမှိုင်းညို့နေသော တောအုပ်တွင်းသို့ ရောက်သောအခါမှ ကျွန်မကို မီပါသည်။

http://www.cherrythitsar.org



ဖားဂတ်လည်း မြင်းချင်းယှဉ်မိသောအခါ မြင်းဇက်ကြိုးကို လှမ်းဆွဲပြီး –

"အချစ်ရယ်၊ ဘာကြောင့် ဒီလိုတရကြမ်းစီးရတာလဲ။ မြင်းပေါ်က လွင့်စင်ကျပြီး သေနေပါဦးမယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"မြင်းပေါ်က လွင့်စင်ကျပြီး သေသွားရင်လဲ အေးတာပဲရှင်။ ဒီလိုသေသွားရင် ရှင်နဲ့လဲ လက်မထပ်ရတော့ဘူး။ ကျွန်မနဲ့ လက်ထပ်တဲ့အတွက် ရှင့်အဖေဆီက ရမယ့်ငွေတွေလဲ ရှင်မရတော့ဘူး။ ဒါပေမဲ့ မာရီယာနဲ့တော့ ရှင်ဆက်ပြီး ရှုပ်နိုင်ပါသေးတယ်" ဟု ဒေါသတကြီး ပြောကြားလိုက်ပြီးနောက် လက်တွင်းရှိ မြင်းနှင်တံဖြင့် ဖားဂတ်၏မျက်နှာကို ဖြတ်ရိုက်ချလိုက်ပါသည်။

ထိုအခါ ဖားဂတ်လည်း ကျွန်မကို မည်သို့မှလည်း လက်တုံ့မပြန်၊ မည်သို့မှလည်း ပြန်မပြောဘဲ တွေတွေကြီး ငေးကြည့်နေပါသည်။ ထိုသို့ငေးကြည့်နေသော ဖားဂတ်၏ မျက်နှာတွင် ကန့်လန့်ဖြတ် အစင်းကြီး တဖြည်းဖြည်းထင်လာရာ၊ ကျွန်မလည်း မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ရင်း –

"မောင်ရယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်။ ခွင့်လွှတ်ပါ"

ဟု ဗလုံးဗထွေး ပြောလိုက်မိပါသည်။

ထိုအခါ ဖားဂတ်က မချိပြုံးပြုံးပြီး –

"ခွင့်လွှတ်ပါတယ် အချစ်ရယ်၊ မောင့်ကို အပြစ်ဒဏ်ပေးလိုက်ရလို့ ကျေနပ်သွားပြီလား။ အချစ်ငိုတာကို မောင်မြင်ရတာထက်စာရင် အခုလို မောင်အရိုက်ခံရတာက မောင့်အဖို့ ခံသာပါသေးတယ်" ဟု ပြောကြားရာ၊ ကျွန်မက–

"မောင်ရယ်။ ကျွန်မရဲ့ရင်ထဲမှာ မျက်ရည်ချောင်းစီးအောင် ရှိုက်ကြီးတငင် ငိုကြွေးနေပါတယ်။ မောင် မမြင်လို့သာပါ" ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ဖားဂတ်က –

"မောင် ယုံပါတယ် အချစ်ရယ်။ အဘွားကြီး ဒိုနာအစဘယ်လာ ပြောတဲ့စကားတွေထဲမှာ မှန်တာ တချို့တလေ ပါပါတယ်။ ဒါပေမဲ့ ပြောသမျှအားလုံး မမှန်ပါဘူး။ အချစ်ကို မောင်ခေါ်လာတဲ့ အဓိက ရည်ရွယ်ချက်က အချစ်ရဲ့ တပည့်ကျော် ဒန်ကင်လေး ကြီးပြင်းရမယ့် ပတ်ဝန်းကျင်အခြေအနေနဲ့ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို အချစ်နားလည် သိရှိထားရအောင်လို့ပါ။ ဒီလို သိရှိထားမှလည်း ဒန်ကင်လေးရဲ့ဘဝ နောင်ရေး ချမ်းမြေ့သာယာအောင် ဘယ်လို ပြုစုပျိုးထောင်ပေးမယ်။ ဆုံးမသွန်သင်ပြီး လေ့ကျင့်ပေးမယ်ဆိုတာ

http://www.cherrythitsar.org



အချစ်စဉ်းစားဆုံးဖြတ်နိုင်မှာ မဟုတ်လား။ ဒါပေမဲ့ အချစ်ရယ်။ အခုတော့ အချစ်စိတ်မချမ်းသာအောင် ပြုလိုက်သလို ဖြစ်သွားရတယ်။ တကယ်တော့ အဘွားကြီး ဒိုနာအစ္စဘယ်လာဟာ အသက်ကလဲ ကြီးလာလေတော့ စိတ်ကောင်းကောင်း မမှန်တော့ပါဘူးကွယ်။ ဒါကြောင့်လဲ ပြောမိပြောရာတွေ စွတ်ပြောတာပေါ့" ဟု ပြောကြားရာ ကျွန်မက –

"ဒီလို စိတ်ကောင်းကောင်း မမှန်တဲ့ အဘွားကြီးရဲ့ စကားမှာလဲ အမှန်တရား တချို့တစ်ဝက်ပါတယ်ဆို မောင်ရဲ့။ အဲဒီ အမှန်တရား အချို့တစ်ဝက် ဘာများပါလိမ့်" ဟု မေးလိုက်ပါသည်။

ထိုအခါ ဖားဂတ်က –

"အချစ်သိရအောင် မောင် ဇာတ်စုံခင်းပြပါ့မယ် အချစ်ရယ်" ဟု ပြောကြားပြီး မြင်းပေါ်မှ လွှားခနဲ ဆင်းလိုက်ရာ ကျွန်မလည်း ဖားဂတ်၏ အကူအညီဖြင့် မြင်းပေါ်မှ ဆင်းလိုက်ပါသည်။

ထို့နောက် ဖားဂတ်နှင့် ကျွန်မတို့လည်း သစ်ပင်ကြီးတစ်ပင် အောက်ရှိ မြက်ခင်းလဲ့လဲ့ မြေညီညီသို့ အတူသွားရောက်ထိုင်ကြပါသည်။ ထိုအခါ ဖားဂတ်က ကျွန်မ၏ပခုံးကို တယုတယ ဖက်လိုက်ရာ၊ ကျွန်မက လက်ကို အသာဖယ်ချပစ်ပါသည်။ သို့သော် မရပါ။ ဖားဂတ်က ကျွန်မကို ပြန်ပြီး ဖက်ပြန်ပါသည်။ ထိုအခါ၌မူ ကျွန်မလည်း ဖားဂတ်၏လက်ကို ဖယ်ချမပစ်တော့ပါ။ ဖားဂတ်သည် ကျွန်မ၏ချစ်သူဖြစ်ရာ ချစ်သူ၏အလိုကို ဤမျှတော့ လိုက်လျောရပါမည်။

*

ဖားဂတ်လည်း ကျွန်မ၏ပခုံးကို တယုတယ ဖက်ထားရာမှ ရှုပ်ထွေးနက်ရှိုင်းသော အဖြစ်အပျက် ဇာတ်လမ်းကို စတင်ပြောကြားပါတော့သည်။

"အချစ်ရေ၊ မာရီယာနဲ့မောင် စပြီးတွေ့တဲ့အချိန်က မာရီယာရဲ့ အသက်တစ်ဆယ့်ကိုးနှစ်ပဲ ရှိပါသေးတယ်။ မောင့်ထက်တော့ အသက်နည်းနည်း ပိုကြီးတယ်ပေါ့။ အဲဒီအချိန်မှာ မောင့်အဘွားဆုံးသွားပြီး မောင်တို့ သားအဖနှစ်ယောက်တည်း လင်းဖောမှာ ပျင်းပျင်းရိရိနဲ့ အထီးကျန်နေနေကြရတယ်။ မောင်ကလဲ လူပျိုလူရွယ်လေးဆိုတော့ ပျင်းတိုင်း စင်တာမာတာမြို့ကို သွားပြီး လည်လေ့ရှိပါတယ်။

"မောင့်ဖေဖေနဲ့ မာရီယာရဲ့မိခင် ဒိုနာအစ္စဘယ်လာတို့ဟာ စိုက်ပျိုးခင်းချင်း နီးစပ်နေပေမယ့် လူချင်းသိပ်မခင်ကြဘူး။ တစ်ဦးနဲ့တစ်ဦးလဲ အဆက်

http://www.cherrythitsar.org



အဆံ အပြောအဆို မရှိကြဘူး။ ဒါကြောင့် မောင်တို့ရဲ့ အိမ်နီးချင်း ဒိုနာအစ္စဘယ်လာဆိုတဲ့ အဘွားကြီးမှာ သမီးသုံးယောက်ရှိပြီး အငယ်ဆုံးသမီး မာရီယာက သိပ်ရုပ်ချောတယ်။ အဲဒီရုပ်ချောတဲ့ အငယ်ဆုံးသမီး မာရီယာဟာ အသက်တစ်ဆယ့်ခုနစ်နှစ်မှာ လင်ကောင်းသားကောင်း ရှာဖို့စပိန်ကို သွားတယ်။ ဒါပေမဲ့ စိတ်တိုင်းကျတဲ့သူကို ရှာမတွေ့လို့လား မသိဘူး။ မကြာမီပြန်လာတယ်ဆိုတဲ့ သတင်းစကား အမျိုးမျိုး မောင်ကြားနေရပေမယ့် အမှုမဲ့အမှတ်မဲ့ပဲ နေခဲ့ပါတယ်။

"တစ်နေ့မှာတော့ မောင်တို့ရဲ့လင်းဖောကို ဘယ်သူမှ မဖိတ်မခေါ်ဘဲနဲ့ အဲဒီ ရုပ်ချောတဲ့ အငယ်ဆုံးသမီး မာရီယာဟာ တစ်ယောက်တည်း ရောက်လာခဲ့ပါတယ်။ ပြီးတော့ လင်းဖောစံအိမ်ကြီးကို ငေးပြီး ကြည့်နေတာကို မောင်စပြီး မြင်ရပါတယ်။ မာရီယာဟာ နာမည်သတင်းကျော်စောသလောက် ရုပ်အဆင်းက ချောမောတင့်တယ်လှပါတယ်။ အသက်ကလဲ တစ်ဆယ့်ကိုးနှစ်အရွယ်ဆိုလေတော့ အလှသွေးအတက်ဆုံးအချိန်၊ အလှပန်းတွေ အဝေဆုံးအချိန်ပေါ့။ ဒါကြောင့် မောင်ဟာ မာရီယာကို တွေ့တွေ့ချင်း အရူးအမူး စွဲလန်းချစ်ကြိုက်သွားခဲ့မိပါတယ်။

"မောင်က မာရီယာကို ချစ်ရေးဆိုတဲ့အခါမှာ မာရီယာကလဲ ကြည်ကြည်ဖြူဖြူပဲ လက်ခံပါတယ်။ မောင်တို့နှစ်ဦးဟာ လင်းဖောမှာ တစ်ခါမှ ချိန်းပြီး မတွေ့ကြပါဘူး။ ဝင်တာဆိုလိုမှာပဲ ချိန်းပြီးတွေ့ကြပါတယ်။ အဲဒီလို ချိန်းပြီးတွေ့ရတဲ့အချိန်တွေဟာ မောင့်အဖို့ အတိုင်းမသိ ချမ်းမြေ့ပျော်ရွှင်ရတဲ့ အချိန်တွေပါပဲ။ 'ကောင်းကင်ဘုံနန်းကို ရောက်သွားရလို့ပါပဲ' လို့တောင် တင်စားပြောချင်ပါတယ်။ မာရီယာက မောင့်ထက် ပညာအခြေခံကောင်းပြီး စကားလဲ အလွန်ကြွယ်လေတော့ မာရီယာနဲ့ နှစ်ကိုယ်ကြား စကားပြောရတာဟာ မငြီးငွေ့နိုင်လောက်အောင် သာယာကြည်နူးစရာ ကောင်းလှပါတယ်။

"မောင်ဟာ မာရီယာကို တည်တည်တံ့တံ့ လက်ထပ်ထိမ်းမြားဖို့ စိတ်ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့်လဲ မာရီယာနဲ့ မောင်တို့ဟာ ချိန်းတွေ့လေတိုင်း အကန့်အသတ် အဆီးအတားမထားဘဲ ရွှင်မြူးပျော်ပါးလေ့ရှိပါတယ်။ အစွမ်းကုန် ချစ်ခင်ယုယကြပါတယ်။

"မောင်နဲ့ မာရီယာတို့ ချစ်ကြတဲ့အကြောင်းကိုတော့ အချိန်မတန်သေးတာနဲ့ မောင့်ဖေဖေကို ဖွင့်မပြောခဲ့ပါဘူး။ ဒါပေမဲ့ ဖေဖေဟာ မောင်တို့အကြောင်းကို ကျွန်တွေ ပြောပြတဲ့အတွက် သိသွားပါတယ်။ ဒီလို သိသွားတဲ့

http://www.cherrythitsar.org



အခါမှာ ဖေဖေက ‘ငါ့သားရယ် … လူကလေးရဲ့ ချစ်သူဟာ စပိန်မတစ်ယောက် မဖြစ်ရင် ဘယ်လောက် ကောင်းမလဲကွာ’ လို့ ညည်းရှာပါတယ်။ ပြီးတော့ ‘ဖေ့ဖေ့ချွေးမလောင်းကို ဖေဖေကိုယ်တိုင် မြင်ချင်သေးတယ်ကွာ။ လင်းဖောစံအိမ်ကြီးကို အလည်ခေါ်ခဲ့ပါ’ လို့ ပြောပါတယ်။

“ဒါကြောင့် မောင်ဟာ မာရီယာကို လင်းဖောစံအိမ်ကြီးကို အလည်ခေါ်လာခဲ့တယ်။ ဖေဖေနဲ့လဲ တွေ့ဆုံမိတ်ဆက်ပေးတယ်။ အချစ်ရယ် … ဒီမှာပဲ ရှုပ်ထွေးနက်ရှိုင်းတဲ့ ပြဿနာဟာ စတင်ပါတော့တယ်။

“မာရီယာနဲ့ ဖေဖေကို တွေ့ဆုံမိတ်ဆက်ပြီးပြီးချင်းမှာပဲ မာရီယာနဲ့ ဖေဖေတို့ဟာ တကယ့်သိဟောင်းကျွမ်းဟောင်းကြီးတွေလို ရင်းရင်းနှီးနှီး ရယ်ရယ်မောမော စကားအဆက်မပြတ် ပြောတော့တာပဲ။ မာရီယာကို ဖေဖေ စတွေ့တွေ့ချင်း အရူးအမူး စွဲလန်းချစ်ကြိုက်သွားပုံရပါတယ်။ မာရီယာကတော့ အတွေ့အကြုံရင့်နေတဲ့ မိန်းမပျိုပီပီ ဖေဖေ ကျလောက်အောင် မူရာမာယာ မျိုးစုံသုံးပြီး အစွမ်းကုန် ညှို့မြူသိမ်းသွင်းပါတော့တယ်။

“အဲဒီလို မာရီယာနဲ့ မောင့်ဖေဖေတို့ တွေ့ဆုံမိတ်ဆက်ပြီးလို့ ဆန်ဖရန်စစ္စကို ကို ပြန်ခါနီးမှာ မာရီယာက ‘မနက်ဖြန်မှာ ခါတိုင်းတွေ့နေကျအတိုင်း မတွေ့နိုင်တဲ့အတွက် ခွင့်လွှတ်ပါ’ လို့ မောင့်ကို တောင်းပန်သွားပါတယ်။

“ဒါပေမဲ့ မောင်က မာရီယာကို မတွေ့ရရင် မနေနိုင်အောင် စွဲလန်းစုံမက်နေတဲ့သူ ဖြစ်လေတော့ မာရီယာ တောင်းပန်ထားပေမဲ့ နောက်တစ်နေ့ နေ့လယ်ခင်းမှာ အတင်းသွားတွေ့ပါတယ်။ ဒီလို သွားတွေ့တော့လဲ မာရီယာ မောင့်ကို ကြည်ကြည်သာသာပဲ အတွေ့ခံပါတယ်။ ပြီးတော့ အရင်ကလိုပဲ ကာမဝဲဩဃ မြစ်ပြင်မှာ စိတ်တူသဘောတူ ကူးခပ်မြူးထူးခဲ့ကြပါတယ်။

“ဒီလိုနဲ့ မာရီယာနဲ့ မောင်တို့ဟာ ရှေးယခင်ကလိုပဲ နေ့စဉ်ရက်ဆက် ချိန်းတွေ့ကြ၊ အချစ်ရေယာဉ်ကြောမှာ မျောကြနဲ့ အချိန်ကုန်လာခဲ့ပါတယ်။ ဒါကြောင့် မောင့်အနေနဲ့ ဘာမှ မဖြစ်တန်ပါဘူးလို့ အောက်မေ့မှတ်ထင်ထားခဲ့မိတယ်။

“ဒီလိုအောက်မေ့မှတ်ထင်ထားတုန်း တစ်ညမှာ လင်းဖောစံအိမ်ကြီးကို မာရီယာ ရောက်လာခဲ့ပါတယ်။ ပြီးတော့ မောင့်ကို နှုတ်မဆက်ဘဲ မောင့်ဖေဖေရဲ့ အိပ်ခန်းကို တန်းသွားပါတယ်။ ဖေဖေ ဖိတ်ခေါ်ထားလို့ လာတာလား၊ ဒါမှမဟုတ် မာရီယာရဲ့ အလိုအလျောက် လာတာလားတော့ မောင် မသိခဲ့ပါဘူး။ ဒါပေမဲ့ မာရီယာဟာ ဖေဖေရဲ့ အိပ်ခန်းမှာ တစ်ညလုံးနေသွားပါတယ်။

http://www.cherrythitsar.org



နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်တာနဲ့ တစ်ပြိုင်နက် ဖေဖေဟာ မာရီယာနဲ့အတူ စင်တာမာတာမြို့ကို ထွက်ခွာသွားပါတယ်။ ပြီးတော့ စင်တာမာတာမြို့မှာ မာရီယာနဲ့ တရားဝင် လက်ထပ်ထိမ်းမြားလိုက်ပါတယ်"

ဤသို့ ဖားဂတ် တတွတ်တွတ် ပြောကြားသော အဖြစ်အပျက် ဇာတ်လမ်းကို ကြားရသောအခါ ကျွန်မလည်း တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားလာမိပါသည်။ ထို့ကြောင့်လည်း မယုံကြည်နိုင်သော အမူအရာဖြင့် –

"အို ... မောင်ရယ်။ မာရီယာနဲ့ မောင်က အသက်ချင်းမတိမ်းမယိမ်းပါ။ မောင်ကတောင် ငယ်သေးတယ် မဟုတ်လား။ ပြီးတော့ မောင်တို့ကလဲ တစ်ဦးကိုတစ်ဦး အလွန်အကျွံ ချစ်ခင်စုံမက်နေကြတယ် မဟုတ်လား။ မောင်ကလဲ မာရီယာကို လက်ထပ်ထိမ်းမြားပါ့မယ်လို့ ဖွင့်ဟပြောကြားထားတယ် မဟုတ်လား။ ဒါနဲ့များတောင် မောင်ရယ် ... မာရီယာက ဘာကြောင့် မောင့်ကို ပစ်ပြီး မောင့်ဖေဖေနဲ့ လက်ထပ်ထိမ်းမြားရတာပါလိမ့်"

ဟု ပြောကြားလိုက်မိပါသည်။

ထိုအခါ ဖားဂတ်က ဆွေးဆွေးမြည့်မြည့် နာနာကျည်းကျည်း ပြုံးလိုက်ပြီးနောက် –

"ဒီလိုပါ အချစ်ရယ်၊ မောင်ဟာ ဖေဖေရဲ့ ချစ်ဦးသူက မွေးဖွားတဲ့ သားအရင်းတော့ မှန်ပါတယ်။ ဒါပေမဲ့ မေမေနဲ့ ဖေဖေက တရားဝင် လက်ထပ်ထိမ်းမြားခဲ့ကြတာ မဟုတ်ဘူး။ ပြီးတော့ မောင့်ကြောင့် သူချစ်သူ ဆုံးရလေခြင်းလို့ သဘောထားပြီး ဖေဖေဟာ မောင့်ကို သားအဖြစ် တရားဝင်မမွေးစားခဲ့ပါဘူး။ ဒါကြောင့် ဖေဖေကွယ်လွန်သွားတဲ့အခါမှာ ဖေဖေ့ ဥစ္စာအမွေအနှစ်တွေကို တရားဝင်သား မဟုတ်တဲ့ မောင့်အဖို့ ရဖို့ မလွယ်ပါဘူး။ ဖေဖေ့အမွေကို တောင်းရင်လဲ ဖေဖေရဲ့ မက်ဝဲမျိုးနွယ်တွေနဲ့ တရားတဘောင်ဖြစ်ဖို့ ရှိနေပါတယ်။ ဒီအချက်ကို အလွန်ပါးနပ်ပြီး အကွက်မြင်တတ်တဲ့ မာရီယာဟာ စဉ်းစားတွေးတောမိသွားပါတယ်။ ဒါကြောင့်လဲ မောင့်ကို ပစ်ပြီး ဖေဖေနဲ့ လက်ထပ်ထိမ်းမြားခဲ့ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။ ထို့နောက် ဆက်၍–

"အခုအချိန်မှာတော့ မာရီယာဟာ ဖေဖေနဲ့ တရားဝင်သားတစ်ယောက် ရထားပြီလေ။ ဒီတော့ နောင်ရေးအတွက် ပူပန်ကြောင့်ကြ မနေရတော့ဘူးပေါ့။ ဖေဖေ ကွယ်လွန်သွားတဲ့အခါ ဖေဖေ့အမွေအနှစ်တွေ အားလုံးကို အဲဒီ တရားဝင်သားက ဆက်ခံရရှိတော့မယ်လေ"

ဟု ပြောကြားပါသည်။

http://www.cherrythitsar.org


ထိုအခါ ကျွန်မလည်း ဖားဂတ်၏ မျက်နှာစေ့စေ့ကြည့်လိုက်ပြီး –

"ဒီမှာ မောင်။ အမှန်အတိုင်း ဖွင့်ပြီး ပြောစမ်းပါ။ ဒန်ကင်လေးဟာ မောင့်ရင်သွေး မဟုတ်ဘူးလား" ဟု မေးလိုက်ရာ ဖားဂတ်က ဆွေးမြည့်ကြေကွဲသော အမူအရာဖြင့် –

"ဒါတော့ မောင်လဲ မပြောတတ်ဘူး။ ဘယ်သူမှလဲ အတိအကျ မပြောနိုင်ကြဘူး။ မာရီယာတောင် ဒန်ကင်လေးဟာ မောင်ရဲ့သားလား၊ မောင့်ဖေဖေရဲ့သားလားလို့ ခွဲခြားမပြောနိုင်ခဲ့ဘူး။ ဖေဖေကလဲ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မောင့်ကို တစ်ခါမှ မမေးဖူးဘူး။ ဒါပေမဲ့ ဖေဖေစိတ်ထဲမှာတော့ မောင်နဲ့ရတဲ့ သားလေးလို့ တစ်ခါတစ်ခါ သံသယ ဖြစ်ပုံတော့ ရပါတယ်" ဟု ပြောကြားသည်။ ထို့နောက် ကျွန်မ၏ ပခုံးကို အသာဖျစ်ညှစ်ရင်း –

"အချစ်ရယ် ... လင်းဖောမှာ ဖြစ်ပျက်နေတဲ့ ရှုပ်ထွေးနက်ရှိုင်းတဲ့ ပြဿနာတွေဟာ အခုပြောတဲ့ အကြောင်းအရာမှာ ဖြစ်ဖျားခံ သန္ဓေတည်ပါတယ်ကွယ်"

ဟု ပြောကြားလိုက်ပါသည်။

*

ထို့နောက် ကျွန်မတို့လည်း မြင်းကိုယ်စီနှင့် လင်းဖောသို့ ဦးတည်ခရီးဆက်လာခဲ့ပါသည်။ လင်းဖောစံအိမ်ကြီးသို့ ရောက်ခါနီးတွင် ဖားဂတ်က–

"အချစ်ရယ် ... အတိတ်ကဖြစ်ခဲ့တဲ့ အရိပ်မည်းကြီးကြောင့် မောင့်ကို စွန့်ပစ်မသွားပါနဲ့နော်။ လင်းဖောကလဲ ထွက်မသွားပါနဲ့။ ချစ်ရေးကံ မကောင်းခဲ့တဲ့ မောင်ဟာ လူ့ဘဝမှာ နေချင်တဲ့စိတ်ပျောက်ခဲ့တာ ကြာခဲ့ပါပြီ။ အချစ်နဲ့ ပြန်တွေ့တော့မှပဲ မောင့်ဘဝဟာ ပြန်ပြီးစိုပြည်လန်းဆန်းလာခဲ့ပါတယ်။ လူ့ဘဝကို ပြန်ပြီး မြတ်နိုးခုံမင်လာခဲ့ပါတယ်။ အို ... မောင့်ဘဝရဲ့ မျှော်လင့်ချက်ရောင်နီဦးရယ်၊ မောင့်ဘဝရဲ့ မျှော်လင့်ချက်ရောင်ခြည်လေး မဆုံးရှုံးပါရစေနဲ့ကွယ်" ဟု ပြောကြားလိုက်ရာ ကျွန်မလည်း မျက်ရည်တတွေတွေ စီးကျနေရာမှ အသာခေါင်းညိတ်လိုက်ပါသည်။

ထို့နောက် ကျွန်မတို့ ဆက်လက်ခရီးဆက်လာခဲ့ရာ လင်းဖောစံအိမ်ကြီး နောက်ဘက်ရှိ မြင်းဇောင်းအနီးသို့ ရောက်လာခဲ့ပါတော့သည်။ မြင်းဇောင်း၌ ကျွန်မတို့ကို ခါးထောက်ပြီး ရပ်စောင့်နေသော မာရီယာကို တွေ့ရပါသည်။ မာရီယာ နောက်ဘက်တွင်မူ မြင်းထိန်းနီဂရိုးကြီး ဆမ်မြူရယ် ရပ်နေပါသည်။

http://www.cherrythitsar.org



မာရီယာလည်း ကျွန်မကို တွေ့လျှင်တွေ့ချင်း လက်ညှိုးငေါက်ငေါက်ထိုးကာ –

“ဒီမှာ ဆရာမ၊ ကျွန်မရဲ့ မြင်းကို ဘယ်သူခွင့်ပေးလို့ စီးသွားရတာလဲ” ဟု ဒေါသတကြီး မေးပါသည်။

ထိုအခါ ကျွန်မက –

“ဗီဒယ်လီတိုဟာ မမရဲ့ မြင်းဖြစ်မှန်း ကျွန်မ မသိပါဘူး”

ဟု ဖြေလိုက်ရာ ဖားဂတ်က ကြားဝင်ပြီး –

“ဗီဒယ်လီတိုကို ဆရာမ စီးဖို့ ကျွန်တော် စီစဉ်ပေးလိုက်တာပါ။ ဒီအတွက် ဘယ်သူ့မှာမှ တာဝန်မရှိပါဘူး။ ကျွန်တော့်မှာပဲ တာဝန်ရှိပါတယ်”

ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာလည်း ဖားဂတ်၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပါသည်။ ဖားဂတ်၏ မျက်နှာပေါ်၌ ထင်နေသော ကန့်လန့်ဖြတ် အစင်းကြောင်းကြီးကို တွေ့သောအခါ ဟက်ဟက်ပက်ပက် ရယ်မောပြီး –

“သြော် ... ဖားဂတ်၊ ဖားဂတ်။ စကော့တလန်သူ ဆရာမလေးကို အတင်းဗလက္ကာရပြုဖို့ ကြိုးစားခဲ့တယ်နဲ့ တူတယ်။ ဘယ့်နဲ့လဲ ဆရာမလေးက ဟန်ဆောင်ရှန်းကန်ပြီးတော့ ငြိမ်ပြီး သဘောတူလိုက်တယ် မဟုတ်လား”

ဟု ရှန့်ရှန့်ရင်းရင်း ပြောကြားပါသည်။ ထို့နောက် –

“ရှင်တို့နှစ်ယောက် အချစ်ပလူးပြီး အားရမှပြန်လာကြတာ မဟုတ်လား” ဟုလည်း စွပ်စွပ်စွဲစွဲ ပြောပါသည်။

ကျွန်မလည်း ဒေါသကိုချုပ်တည်းကာ မည်သို့မျှ ပြန်မပြောဘဲ မြင်းပေါ်မှ ဆင်းရန်သာ ကြိုးစားလိုက်ပါသည်။ ထိုအခိုက်တွင် ဒေါသအမျက်ချောင်းချောင်းထွက်နေသော မာရီယာလည်း ကျွန်မ၏ ခြေထောက်နှင့်လက်တို့ကို လှမ်းကိုင်ကာ မြင်းပေါ်မှ အတင်းဆွဲချပါသည်။

ထိုအခိုက်တွင် လုံးဝ မမျှော်လင့် မမှတ်ထင်သော အဖြစ်အပျက်သည် ဖြစ်ပျက်ခဲ့ပါသည်။ ထိုအဖြစ်အပျက်ကား အခြားမဟုတ်ပါ။ မာရီယာ၏ သစ္စာအရှိဆုံးကျွန်ကြီးဟု နာမည်ကြီးနေသော ဆမ်မြူရယ်က မာရီယာ၏ လက်နှစ်ဖက်ကို နောက်မှ ဖျတ်ခနဲ ချုပ်ကိုင်ထားလိုက်ခြင်းပင် ဖြစ်ပါသည်။ ဆမ်မြူရယ်လည်း မာရီယာ၏လက်နှစ်ဖက်ကို ချုပ်ကိုင်ထားရုံမက –

“သခင်လေး ... ဆရာမကို မြင်းပေါ်က ဆင်းနိုင်အောင် ကူညီပါ”

ဟုလည်း ဖားဂတ်ကို လှမ်းပြီး ပြောလိုက်ပါသေးသည်။

http://www.cherrythitsar.org



ကျွန်မလည်း ဖားဂတ်၏ အကူအညီဖြင့် အောက်သို့ ချောချောမောမော ဆင်းနိုင်ခဲ့ပါသည်။ ထိုအခိုက်တွင် ဖားဂတ်က –

"အချစ်ရေ ... ကိုယ့်အခန်းကို ကိုယ် ပြန်ပေတော့ကွယ်" ဟု ခပ်တိုးတိုး ပြောကြားလိုက်ရာ ကျွန်မလည်း မည်သို့မှ မပြောတော့ဘဲ လင်းဖောစံအိမ်ကြီးသို့ ချာခနဲ ထွက်ခွာလာခဲ့ပါတော့သည်။

ထိုသို့ ချာခနဲ ထွက်ခွာလာခိုက်တွင် –

"ဟဲ့ ... ကျွန်ယုတ်။ နင်က ငါ့ကို ဖမ်းချုပ်တယ်ပေါ့လေ။ နင်ဟာ လူဖြူသခင်တစ်ယောက်ရဲ့အသားကို စော်ကားပြီး ကိုင်တွယ်လိုက်ပြီ။ ဒါဟာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ နင်နားလည်ရဲ့လား" ဟူသော မာရီယာ၏ ဒေါသတကြီး အော်ဟစ်ပြောကြားလိုက်သံကို ကြားလိုက်ပါသည်။

*

ထိုနေ့ညနေခင်းတွင် ဆမ်မြူရယ်ကို ကျာပွတ်ဖြင့် ရိုက်နှက်ဆုံးမ အပြစ်ဒဏ်ပေးသည်ကို ကျွန်အားလုံး ကြည့်ရှုသင်ခန်းစာယူနိုင်ရန်အတွက် အလုပ်ဆင်း ခေါင်းလောင်းကို ခပ်စောစော တီးလိုက်ပါသည်။

ဆမ်မြူရယ်ကို အပြစ်ဒဏ်ပေးရန် ပြင်ဆင်နေခိုက်တွင် အယ်လစ်တာနှင့် ကျွန်မလည်း မစ္စတာအင်ဒရူးထံသို့ အတူသွားရောက်ကြပြီး ဆင်မြူရယ်ကို အပြစ်ဒဏ်မပေးဖို့ ပန်ကြားခဲ့ကြပါသည်။ ကျွန်မက –

"တကယ်တော့ ဒီကိစ္စမှာ တာဝန်အရှိဆုံးက ကျွန်မပါပဲ။ ဦးဇနီးရဲ့ မြင်းကို ဦးဇနီး ခွင့်ပြုချက်မရဘဲ ကျွန်မ စီးခဲ့မိလို့ ဒီအဖြစ်မျိုးတွေ ကြုံရတာပါ" ဟု ပြောကြားသောအခါ မစ္စတာ အင်ဒရူးက –

"ဒီကိစ္စဟာ ဆရာမနဲ့ လုံးဝ မပတ်သက်ပါဘူး။ ကျွန်ဆိုတာ လူဖြူသခင်တွေရဲ့ ဘယ်အရေးကိစ္စမှာ ပါဝင်စွက်ဖက်ခွင့်မရှိပါဘူး။ အခုတော့ ဆမ်မြူရယ်ဟာ ကိုယ်နဲ့ မဆိုင်တဲ့ လူဖြူသခင်တွေရဲ့ အရေးကိစ္စမှာ ကိုယ်ထိလက်ရောက် ပါဝင်စွက်ဖက်လာခဲ့တယ်။ ဒါကြောင့် မာရီယာဟာ ဆင်မြူရယ်ကို အပြစ်ဒဏ်ပေးရတာပါ။ ဒီလိုအပြစ်ဒဏ်မပေးဘဲ သည်းခံနေလိုက်ရင် ကျွန်တွေဟာ တစ်စထက်တစ်စ ရောင့်တက်လာမှာ သေချာပါတယ်။ ဦးတို့ရဲ့ သြဇာတိက္ကမလဲ ကျဆင်းသွားမှာ သေချာပါတယ်။ မာရီယာဟာ အကြောင်းမဲ့ သက်သက် ကျွန်တွေကို အပြစ်ဒဏ်ပေးလေ့ မရှိပါဘူး။ ဒါကြောင့် အခုကိစ္စမှာ ဆရာမ တောင်းပန်ပေမယ့် ကျူပ်ခွင့်မပြုနိုင်ပါဘူး။ ဝမ်းနည်းပါတယ်"

ဟု ခပ်ပြတ်ပြတ် ပြန်ပြောပါသည်။

http://www.cherrythitsar.org



ထို့ကြောင့် အယ်လစ်တာနှင့် ကျွန်မတို့လည်း မည်သို့မှ ပြန်မပြော နိုင်တော့ဘဲ မစ္စတာအင်ဒရူးအပါးမှ စိတ်ပျက်ပျက်နှင့် ထွက်လာခဲ့ပါသည်။

ဆမ်မြူရယ်ကို မာရီယာက အပြစ်ဒဏ်ပေးခြင်းမှာ ကျွန်မနှင့် ဖားဂတ်အပေါ်သို့ အလွန်အကျူး ဒေါသအမျက်ထွက်နေကြောင်းကို အထင် အရှား ပြခြင်းဖြစ်ကြောင်း ကျွန်မ ကောင်းကောင်းသိပါသည်။

ကြားထဲက မြေဇာမြက် ဖြစ်သွားရရှာသော နီဂရိုးကြီး ဆမ်မြူရယ် အတွက် ကျွန်မ စိတ်မကောင်းနိုင်တော့ပါ။ ဆမ်မြူရယ်ကို အပြစ်ဒဏ်ပေးခါနီး အချိန်တွင် ကျွန်မလည်း ဒန်ကင်လေးကို ခေါ်ကာ မြွေနဂါးကျောက်ဆောင် ဘက်သို့ ထွက်လာခဲ့ပါသည်။

ကျွန်မနှင့် ဒန်ကင်လေးလည်း မြွေနဂါးကျောက်ဆောင်ကြီး ကျောက် ကမူတစ်ခုပေါ်တွင် အတူထိုင်ရင်း ရောက်တတ်ရာရာ စကားစမြည် ပြောနေခဲ့ ပါသည်။ ညမှောင်ရည်သန်းလာသောအခါမှ လင်းဖောစ်အိမ်ကြီးသို့ ပြန်လာ ခဲ့ရာ လမ်းတွင် ဒန်ကင်လေးက –

"ဆရာမရေ၊ ကျွန်တွေဟာ ကျွန်တော်တို့လိုပဲ နာကျင်တဲ့ဝေဒနာကို ခံစားရပါသလား"

ဟု မေးလိုက်ပါသည်။

ထိုအခါ ကျွန်မလည်း ဒန်ကင်လေး၏ လက်ကို လှမ်းဆိတ်လိုက်ရာ ဒန်ကင်လေးလည်း 'အို' ဟု လွှတ်ခနဲ အော်လိုက်ပါသည်။ ထိုအခိုက်တွင် ကျွန်မက –

"သားသားရဲ့ အသားကို ဆိတ်တော့ သားသား နာတယ် မဟုတ် လား၊ ဒီလိုပါပဲ သားသားရယ်။ ကျွန်တွေဟာလဲ နာကျင်တဲ့ ဝေဒနာကို ခံစား ကြရပါတယ်။ သူတို့လဲ ဆရာမတို့ သားသားတို့လို လူသားတွေပါပဲ။ သွေးနဲ့ ကိုယ် သားနဲ့ကိုယ်တွေပါပဲ"

ဟု ပြောကြားလိုက်ရာ ဒန်ကင်လေးက –

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာမ" ဟု အလေးအနက် ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဆမ်မြူရယ်ဟာလဲ သားသားတို့ ဆရာမတို့လို လူသားတစ် ယောက်ဖြစ်လေတော့ ကျာပွတ်နဲ့ ရိုက်နှက် အပြစ်ဒဏ်ပေးတာကို ခံရတဲ့အခါ မှာ မချိမဆံ့နာကျင်မှာပေါ့ သားသားရယ်" ဟု ပြောကြားလိုက်ရာ၊ ဒန်ကင်

http://www.cherrythitsar.org



လေးလည်း ငေးငိုင်တွေဝေသွားပါတော့သည်။ လင်းဖောစံအိမ်ကြီးသို့ ပြန်ရောက်သည့်အထိ စကားမပြောတော့ဘဲ ငြိမ်ငြိမ်လေး လိုက်လာခဲ့ပါသည်။

ကျွန်မနှင့် ခွဲခွာနီးသောအခါ၌မူ ဒန်ကင်လေးသည် ကျွန်မကို မော့ကြည့်ပြီး "ဒီလိုဆိုရင် ဆမ်မြူရယ်ကြီးက သနားစရာကောင်းတာပေါ့နော်"

ဟု ပြောကြားလိုက်ရာ၊ ကျွန်မက –

"ဟုတ်တယ်၊ သိပ်သနားစရာကောင်းတယ်။ ဒီတော့ သားသားရယ်။ ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးတဲ့အခါမှာ ဆမ်မြူရယ်ကြီးအတွက် ဆုတောင်းပေးလိုက်ပါကွယ်။ ပြီးတော့ ဆမ်မြူရယ်ကြီးလို ဒုက္ခဝေဒနာ မကြုံတွေ့ပါရစေနဲ့လို့လဲ သားသားအတွက် ဆုတောင်းပေါ့" ဟု ပြောကြားလိုက်ပါသည်။

*

ထိုနေ့ည ညစာစားပွဲသို့ တက်ရောက်ခါနီးတွင် ကျွန်မလည်း

"ငါ့ကို အလုပ်ဖြုတ်ချင်ဖြုတ်ပါစေ။ အလုပ်ပြုတ်မှာ စိုးရွံ့သည့်အမူအရာ လုံးဝ မပေါ်လွင်စေရ' ဟူသော မာနဖြင့် စင်တာမာတာမြို့က မစ္စတာအင်ဒရူး ရွေးချယ်ဝယ်ပေးခဲ့သည့် ဝတ်စုံများအနက်မှ ရွှေဝါရောင် ဝတ်စုံလှလှကို ရွေးပြီး ဝတ်ဆင်လိုက်ပါသည်။ ဤသို့ ရွေးချယ်ဝတ်ဆင်သည်ကို ချာရီတီက အလွန်အမင်း နှစ်သက်သဘောကျရုံမက –

"ဆရာမ၊ ဒီလိုပြင်ဆင်လိုက်တော့လဲ တကယ့်သခင်မကြီးတစ်ယောက်နဲ့ တူသွားတာပဲ" ဟု ပြောကြားချီးမွမ်းပါသည်။ ထို့နောက် ဆက်လက်၍ –

"ဆရာမရေ၊ ဒီနေ့ဖြစ်ရပ်အတွက် ဝမ်းနည်းမနေပါနဲ့နော်။ ဆမ်မြူရယ်ကို မာရီယာက အပြစ်ဒဏ်ပေးတာဟာ အကြောင်းတစ်ကြောင်းတည်းကြောင့် မဟုတ်ပါဘူး။ အခြားအကြောင်းတွေလဲ ရှိပါသေးတယ်"

ဟု ပြောကြားပြီးနောက် –

"ဆရာမရေ၊ ကျွန်မမှာ ဆမ်မြူရယ်နဲ့ရထားတဲ့ ကလေးတစ်ယောက်ရှိပါတယ်။ အဲဒီကလေးဟာ သူ့အဖေ ဆမ်မြူရယ်လိုပဲ သန်စွမ်းထွားကျိုင်းပါတယ်။ အဲဒီကလေးကြီးလာရင် ဘယ်လိုဘဝမျိုး ရောက်မယ်ဆိုတာ ကျွန်မတို့သိကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ စိတ်မပျက် အားမလျော့ပါဘူး။ ဆရာမလဲ ကျွန်မတို့လိုပဲ စိတ်မပျက် အားမလျှော့ပါနဲ့နော်။ ဆရာမဟာ စိတ်ထားမြင့်မြတ်စင်ကြယ်ပါတယ်။ သူတစ်ပါး ဒုက္ခရောက်အောင် ပြုတတ်သူမဟုတ်ကြောင်း အားလုံးသိပါတယ်" ဟု ပြောကြားပါသည်။

http://www.cherrythitsar.org



ကျွန်မလည်း ကြော့နေအောင်ပြင်ပြီး အောက်ထပ်သို့ဆင်းလာရာ၊ မစ္စတာအင်ဒရူးနှင့် အယ်လစ်တာတို့သာမက မာရီယာပါ ကျွန်မကို တအံ့တသြ လှမ်းကြည့်ကြပါသည်။ အယ်လစ်တာကမူ ထိုင်နေရာမှထကာ ကျွန်မကို ကြိုဆိုပါသည်။ ထို့နောက် ကျွန်မတို့လည်း ညစာကို တိတ်ဆိတ်ငြိမ်သက်စွာ စတင် သုံးဆောင်ကြပါသည်။

ထိုအခိုက်တွင် ထမင်းစားခန်းတွင်းသို့ တည်ငြိမ်အေးစက်သော မျက်နှာထားနှင့် ဖားဂတ် ဝင်ရောက်လာပါသည်။ 'မင်္ဂလာညပါ' ဟု နှုတ်ဆက်ပြီးနောက် မာရီယာနှင့် ကျွန်မတို့ ဘက်သို့ အသာဦးညွတ်ရင်း –

"ညစာစားပွဲသို့ ကျွန်တော့်ကို တက်ခွင့်ပြုပါ" ဟု ပြောကြားလိုက်ရာ၊ မာရီယာက –

"ရှင်ထွက်သွားပါ။ လင်းဖောမှာ ရှင့်ကို မတွေ့ပါရစေနဲ့" ဟု ဒေါသတကြီး အော်ပြောလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးလည်း မာရီယာကို မည်သို့မှ ပြန်မပြောဘဲ အိမ်တော်စိုး ဒူဂယ်ဘက်သို့ လှည့်ကာ –

"ငါ့သားအတွက် နေရာပြင်ပေးလိုက်" ဟု အမိန့်ပေးလိုက်ပါသည်။

အိမ်တော်စိုး ဒူဂယ်လည်း ဖားဂတ်အတွက် နေရာပြင်ပေးရာ၊ ဖားဂတ်လည်း ခပ်တည်တည် ဝင်ထိုင်ပြီး ညစာကို စတင်သုံးဆောင်ပါသည်။

ယနေ့ည ညစာစားပွဲကား ခြောက်သွေ့တိတ်ဆိတ်လှပါသည်။ ညစာ စားအပြီးတွင် အယ်လစ်တာနှင့် ဖားဂတ်တို့လည်း မာရီယာကို လုံးဝအမှုမထားဘဲ အချင်းချင်း စကားလက်ဆုံကျနေပါသည်။ ထိုသို့ မာရီယာကို ပ ထားသည့်အဖြစ်ကို အားလုံးရိပ်စားမိကြပါသည်။ မစ္စတာ အင်ဒရူးလည်း ရိပ်စားမိရုံမက ကျိတ်ပြီးကျေနပ်နေပုံရပါသည်။

နောက်ဆုံး၌ မာရီယာက ထိုင်ရာမှ ထလိုက်ရာ ယောကျာ်းများအားလုံးပင် ထိုင်ရာမှ ထလိုက်ကြပါသည်။ ထိုအခိုက်တွင် ကျွန်မက –

"ဖားဂတ်ရေ၊ ရှင် ဒီကိုအလာမှာ ကျွန်တန်းလျားကို ဖြတ်လာခဲ့တယ်မဟုတ်လား၊ ဆမ်မြူရယ်ကြီးရဲ့ အခြေအနေ ဘယ်လိုရှိသတဲ့လဲ"

ဟု ခပ်ကျယ်ကျယ်မေးလိုက်ရာ ဖားဂတ်က –

"ဆမ်မြူရယ်ကြီးတော့ အတော့်ကို ခံနေရတယ်။ ဒါပေမဲ့ မကြာခင် ပြန်ပြီး ထူထူထောင်ထောင် ဖြစ်လာမှာပါ" ဟု ဖြေကြားပါသည်။ ထို့နောက် မာရီယာဘက်သို့ လှည့်လိုက်ပြီး –

http://www.cherrythitsar.org



"စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုတော့ ဖြစ်ပွားသွားတယ်။ အဲဒါကတော့ မာရီယာရဲ့လက်စွဲ မြင်းလေးဖီဒယ်လီတို ရုတ်တရက် သေဆုံးသွားခြင်းပါပဲ။ အစားမှားပြီး အဆိပ်သင့်တယ် ပြောသံကြားရတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာက ဒေါသတကြီး ဟစ်အော်လိုက်ပုံမှာ တစ်အိမ်လုံး ဝက်ဝက်ကွဲမတတ်ပင် ဖြစ်ပါတော့သည်။ ထိုအခိုက်တွင် ကျွန်မတို့နှင့် မလှမ်းမကမ်း၌ရပ်ပြီး လိုအပ်သမျှကို ပြုစုလုပ်ကိုင်ပေးနေကြသော နီဂရိုးကြီးများ၏ မျက်နှာကို ကျွန်မ ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ ကျိတ်ပြီး ကျေနပ်ဝမ်းသာနေသည့်အသွင် ပေါ်နေသည်ကို တွေ့ရပါသည်။ အဖိနှိပ်ခံ၊ အနိမ့်ခံ ကျွန်များ၌ပင် ဖိနှိပ်ချုပ်ချယ်သူတို့ကို လက်တုံ့ပြန်ရန်အတွက် သူ့နည်းနှင့်သူ ရှိကြလေသည်တကား။

***

[ ၇ ]

# အမှောင်တွင်း၌ လှုပ်ရှားနေသူများ

မာရီယာနှင့် ကျွန်မတို့ကြားတွင် တည်ရှိခဲ့သော မကျေနပ်မှု၊ မပြေလည်မှုတို့သည် ယခုအခါ၌ ဘွားဘွားကြီး ပေါ်ခဲ့ပေပြီ။ ထို့အတူ လင်းဖောရှိလူအားလုံးကို မျိုသိပ်ချုပ်တီးထားကြသော မကျေနပ်မှု၊ မပြေလည်မှုတို့သည်လည်း ယခုအခါ၌ တဖြည်းဖြည်း တစ်စတစ်စ ပေါက်ကွဲလာပါတော့သည်။

ကျွန်မကို ဖားဂတ်က ပြန်ပြောင်းပြောကြားခဲ့သမျှကို ပြန်လည်ဆင်ခြင်ပြီးနောက် အဘွားအို ဒိုနာအစ္စဘယ်လာ စွပ်စွဲပြောကြားခဲ့သည့် အချက်တစ်ချက်ကို ဖားဂတ်အား ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မေးမြန်းရန် စိတ်ပိုင်းဖြတ်လိုက်ပါသည်။ သို့သော် လင်းဖောသို့ ဖားဂတ် ရောက်မလာသည့်အတွက် မေးခွင့်မကြုံခဲ့ပါ။ ထို့ကြောင့် တစ်နေ့တွင် ကျွန်မလည်း ဝင်တာဆိုလိုသို့ မြင်းမလေး ရိစာကိုစီးပြီး တစ်ကိုယ်တည်း ထွက်ခွာလာခဲ့ပါသည်။

ကျွန်မလာသည်ကို ကျွန်တစ်ယောက်က မြင်၍ ကြိုတင်ပြောထားသည်လော မသိ။ ဖားဂတ်သည် ကျွန်မကို အိမ်ခြံဝမှ အသင့်စောင့်ကြိုနေပါသည်။

“အချစ်၊ မောင့်ဆီကို လာတယ်နော်။ ဝမ်းသာလိုက်တာ”

ဟု ပြောပြီး မြင်းပေါ်မှ ဆင်းရန် အကူအညီပေးပါသည်။

သို့သော် ကျွန်မက မြင်းပေါ်မှ မဆင်းသေးဘဲ ဖားဂတ်၏ မျက်နှာကို ကြည့်ကာ –

"မောင့်ကို မေးစရာ စကားတစ်ခွန်းရှိသေးလို့ ကျွန်မ လာခဲ့တာပါ။ မြင်းပေါ်က မဆင်းတော့ပါဘူး။ ကျွန်မ မေးတာကိုသာ မောင်ဖြေစမ်းပါ။ ကျွန်မနဲ့မောင် လက်ထပ်ထိမ်းမြားရင် မောင့်ဖေဖေက ငွေအမြောက်အမြား လက်ဖွဲ့မယ်လို့ ကတိပေးထားတယ်ဆို။ ဒီလို ကတိပေးတော့မှ မောင် လက်ထပ်ထိမ်းမြားဖြစ်မယ်။ မောင်လက်ထပ်ထိမ်းမြားဖြစ်တော့မှ မာရီယာအပေါ်မှာ စွဲလန်းတပ်မက်နေတဲ့ မောင်နဲ့ မာရီယာတို့ ကင်းကင်းရှင်းရှင်း ဖြစ်သွားမယ်ဆိုပြီး မောင့်အဖေက မောင့်ကို ကတိပေးတာဆို။ အဘွားအို အစ္စဘယ်လာ ပြောတာတွေ အမှန်ပဲလား" ဟု မေးလိုက်ရာ ဖားဂတ်က စိတ်မချမ်းမြေ့သည့်အသွင်ဖြင့်–

"အချစ်ရဲ့မေးခွန်းကို ဒီနေရာမှာ မောင်ဖြေရမှာလား။ အိမ်ထဲဝင်ပါဦး၊ မောင်အေးအေး ဆေးဆေး ဖြေပါ့မယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက ဖားဂတ်ကို ခပ်တည်တည် စိုက်ကြည့်ပြီး –

"အိမ်ထဲမှာပဲဖြေဖြေ၊ ဒီမှာပဲဖြေဖြေ၊ အမှန်တရားကတော့ အမှန်တရားပါပဲ မောင်။ ကျွန်မက မောင်နဲ့ လက်ထပ်ထိမ်းမြားရမယ့်သူဆိုတာ ဖြစ်ရပ်မှန်ကို သိထားချင်ပါတယ်" ဟု ပြောကြားလိုက်ရာ ဖားဂတ်က –

"အချစ်ကို လက်ထပ်ထိမ်းမြားပါရစေလို့ မောင် ခွင့်ပန်ထားလို့လား"

ဟု ပြန်မေးပါသည်။

ထိုအခါ ကျွန်မက –

"ဟုတ်ပါတယ်။ ကျွန်မကို လက်ထပ်ထိမ်းမြား ပါရစေလို့ မောင် ခွင့်မပန်သေးပါဘူး။ ဒါပေမဲ့ အဘွားအို ဒိုနာအစ္စဘယ်လာရဲ့စကား ဘယ်လောက်မှန်သလဲ ဆိုတာကိုတော့ သိထားချင်ပါတယ်" ဟု ပြောလိုက်ရာ ဖားဂတ်လည်း မည်သို့မှ ပြန်မပြောဘဲ အတန်ကြာအောင် တွေဝေငေးမောနေပါသည်။ ထို့နောက် အသာ ခေါင်းညိတ်လိုက်ပြီး –

"ကောင်းပါပြီ အချစ်ရယ်။ အမှန်အတိုင်း မောင်ဖွင့်ပြောပါ့မယ်။ အဘွားအို ဒိုနာအစ္စဘယ်လာရဲ့ စကားမှာ အမှန်တရား တချို့တစ်ဝက် ပါပါတယ်။ ဖေဖေဟာ မောင်လက်ထပ်ထိမ်းမြားတာကို တကယ်ပဲ လိုလားပါတယ်။ ဘာကြောင့်လဲဆိုတော့ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ခါးခါးသီးသီး နာနာကျည်းကျည်း မုန်းတီးနေချိန်မှာပဲ အဲဒီမိန်းမကို တပ်မက်စွဲလန်းတဲ့စိတ်လဲ ဖြစ်နိုင်လို့ပါပဲ။ မာရီယာကို မောင်ဘယ်လောက်ပဲ စိတ်နာ

http://www.cherrythitsar.org



နေတယ်ဆိုပေမယ့် မာရီယာကို မောင်စွဲလန်းနေတုန်းပဲလို့ ဖေဖေ ထင်မှတ်ထားတယ်။ မောင် လက်ထပ် ထိမ်းမြားသွားရင်တော့မှ မာရီယာနဲ့ ပတ်သက်ပြီး စိတ်အေးရလိမ့်မယ်လို့လဲ ဖေဖေ တွေးမိဟန်တူတယ်။ ဒါကြောင့် မောင်နဲ့ သင့်တော်မယ့် အိမ်ထောင်ဖက်ကို ဖေဖေရှာကြည့်တယ်။ အဲဒီလို ရှာကြည့်တဲ့ အခါမှာ စိတ်တိုင်းကျတဲ့သူကို တွေ့ဟန်မတူပါဘူး။ နောက်ဆုံးတော့ မက်ဝဲမျိုးရိုးကို အမှတ်ရပြီး မက်ဝဲမျိုးနွယ်ဝင်တစ်ယောက်နဲ့ နီးစပ်ပြီး လက်ထပ် ထိမ်းမြားဖြစ်အောင် ဖန်တီးဆောင်ရွက်ဖို့ အကြံဉာဏ် ရသွားခဲ့တယ်။ ဒါကြောင့် ဒန်ကင်လေးကို စာပြတဲ့ဆရာမအဖြစ် မက်ဝဲမျိုးနွယ်ဝင်တစ်ယောက်ကို တကူးတက စာရေးပြီး ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ အဲဒီဆရာမနဲ့ မောင်နီးစပ်ပြီး လက်ထပ် ထိမ်းမြားလိမ့်မယ်လို့လဲ ဖေဖေယုံကြည်ပါတယ်" ဟု ပြောကြားသည်။ ထို့နောက် ဆက်လက်၍ –

"မောင် လက်ထပ်ထိမ်းမြားရင် ဖေဖေက ငွေအမြောက်အမြား လက်ဖွဲ့မယ်ဆိုတဲ့အချက်ကို အချစ် သိချင်တယ်နော်။ ဖေဖေက ငွေအမြောက်အမြား လက်ဖွဲ့ချင်ပေမယ့် လက်ဖွဲ့ဖြစ်မယ်။ လက်ဖွဲ့နိုင်မယ်လို့ အချစ် ထင်နေသလား။ မာရီယာလို လောဘရမ္မက်ကြီးတဲ့ မိန်းမကကော ဒီလိုငွေအမြောက်အမြား လက်လွတ်ဆုံးရှုံးသွားမှာကို လျစ်လျူရှုပါ့မလား။ ဖေဖေ့မှာ အရင်တုန်းက ငွေအမြောက်အမြားရှိခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ စာရင်းဇယား အတိအကျ ထားတာလဲ မဟုတ်ဘူး။ ငွေစာရင်းချုပ်ကို စစ်ဆေးကြည့်တာလဲ မဟုတ်ဘူး။ ပြီးတော့ ဖေဖေ့လုပ်ငန်းကိစ္စအဝဝကို မာရီယာကို လုံးဝလွှဲအပ်ထားတာလဲ အကြာကြီးကြာနေပြီ။ ဒါကြောင့် အခုအချိန်မှာ အရင်ကလို ငွေအမြောက်အမြား မရှိတော့တာ သေချာပါတယ်။ မာရီယာဟာ ဖေဖေ့ငွေတွေကို ဘယ်လိုသုံးစွဲပစ်တယ် မသိဘူး။ ငွေစာရင်း ကွာနေတာတော့ အမှန်ပါပဲ။ ဒါကြောင့် လမ်းဖောမှာ အရင်းအနှီးမြုပ်နှံငွေပါဝင်ထားတဲ့ လန်ဒန်မက်ဝဲ ကုမ္ပဏီက အယ်လစ်ဇာတာမက်ဝဲတစ်ယောက် လင်းဖောကို ရောက်လာပြီး စာရင်းဇယားတွေကို စစ်ဆေးနေတာပေါ့" ဟု ပြောကြားသည်။ ထို့နောက် ဆက်၍–

"အချစ်ရယ်။ မောင်လက်ထပ်ထိမ်းမြားရင် ငွေအမြောက်အမြား လက်ဖွဲ့မယ်ဆိုတဲ့ ဖေဖေ့စကားကို မောင်မျှော်လင့်မထားပါဘူး။ မောင် လက်ထပ်ထိမ်းမြားတဲ့အခါမှာ ဖေဖေအနေနဲ့ အစွမ်းကုန် လက်ဖွဲ့နိုင်တာကတော့ မောင့်ကို အခုပေးထားတဲ့ ဝင်တာဆိုလို ဒေသပဲ ဖြစ်ပါလိမ့်မယ်"

ဟု ပြောကြားပါသည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်မက –

"မောင်ပြောတာတွေဟာ အားလုံး အမှန်ချည်းပဲလား" ဟု မေးလိုက်ရာ၊ ဖားဂတ်က –

"အားလုံး အမှန်ပါပဲ အချစ်ရယ်" ဟု ဖြေကြားပါသည်။ ထို့နောက် ကျွန်မနှင့် ဖားဂတ်တို့လည်း တစ်ဦး မျက်နှာကို တစ်ဦး အတန်ကြာအောင် စိုက်ကြည့်နေကြပါသည်။ ထို့နောက်မှ ကျွန်မက –

"ဒီလို သိလိုက်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်ရယ်။ ကျွန်မ ပြန်ပါဦးမယ်"

ဟု ပြောကြားပြီး၊ လင်းဖောသို့ ပြန်လာခဲ့ပါတော့သည်။

*

လင်းဖော၌ ရေးယခင်က တည်ရှိလာခဲ့သော မကျေနပ်မှု မပြေလည်မှုတို့သည် ဆမ်မြူရယ်ကို ကျာပွတ်ဖြင့် ရိုက်နှက် ဆုံးမအပြစ်ဒဏ် ပေးပြီးသည့်နောက်၌ တဖြည်းဖြည်း တစ်စတစ်စ ပေါက်ကွဲ ထွက်ပေါ်လာပါတော့သည်။

ဆမ်မြူရယ်မှာ မာရီယာ၏ လက်စွဲတော် သစ္စာရှိသော ကျွန်ယုံတော်ကြီးတစ်ယောက်ဖြစ်လေရာ၊ ထိုသို့သော သူကိုပင် ရက်ရက်စက်စက် အပြစ်ဒဏ် ပေးလိုက်သည့်အတွက် အခြားသော ကျွန်အပေါင်းတို့၏ ရင်တွင်း၌ မယုံကြည်နိုင်ခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ နာကျည်းခြင်းတို့ ဆူပွက်လှုပ်ခတ်သွားစေပါတော့သည်။ လင်းဖောစံအိမ်တော်ကြီးရှိ ကျွန်အပေါင်းတို့၏ မျက်နှာများသည် အစဉ်အမြဲ သုန်မှုန်နေပါတော့သည်။

ထိုအတူ ပြဿနာ အသေးအဖွဲများ၊ အဆင်မပြေမှုများလည်း မကြာမကြာ ပေါ်ပေါက်လာတော့သည်။ ကျွန်တို့ ချက်ပေးသော ထမင်းတူးခြင်း၊ ဟင်းဆားငန်ခြင်း၊ အချိန်မီ ထမင်းဟင်း မကျက်ခြင်း၊ အဝတ်အစားသစ်တို့ လျှော်ဖွပ်ရာ၌ စုတ်ပြဲကုန်ခြင်း၊ ပန်းကန်အိုးခွက်များ ကျကွဲခြင်း၊ မြင်းကုန်းနှီးများ ပြတ်ထွက်ခြင်း၊ လေရဟတ်စက်များ၌ အမှိုက်များ၊ ချေးများ ပိတ်ဆို့ခြင်း စသည့် စသည့် ဖြစ်ရပ်တို့ ဆက်ကာဆက်ကာ ပေါ်ပေါက်ဖြစ်ပွားလာပါသည်။

ဤသို့သော အခြေအနေ တင်းမာမှုများသည် လင်းဖောစံအိမ်ကြီး၌သာမက ပတ်ဝန်းကျင် အရပ်ဒေသ အားလုံး၌ပင် ပေါ်ပေါက်ဖြစ်ပွားနေပါသည်။

အနောက်အိန္ဒိယ ဒေသသစ်တွင် ကျွန်အဖြစ်နေခဲ့ရသော နီဂရိုးကြီးတစ်ယောက်သည် မိမိသခင်နှင့်အတူ အင်္ဂလန်သို့ပါသွားကြောင်း၊ အင်္ဂလန်သို့

http://www.cherrythitsar.org



ရောက်ပြီးနောက် ထိုနီဂရိုးကြီး၏သခင်ဖြစ်သူက 'ကျွန်အဖြစ်မှ လွတ်မြောက်ခွင့် ပေးလိုက်ကြောင်း၊ ထိုကျွန်အဖြစ်မှ လွတ်မြောက်သွားသော နီဂရိုးကြီးသည် 'ဆန်ခရစ်တိုဘယ်' မြို့သို့ ပြန်ရောက်လာပြီးနောက် နီဂရိုးကျွန်များ အလုပ်လုပ်နေသော စိုက်ခင်းပျိုးများသို့ လျှို့ဝှက်စွာ သွားလာစည်းရုံးနေကြောင်း၊ ထိုနီဂရိုးကြီးက 'လူသူချင်း ကျွန်အဖြစ်စေခိုင်း ရောင်းဝယ်နေခြင်းကို ကန့်ကွက်တားဆီးသည့် ကျွန်စနစ် ဖျက်သိမ်းရေး' ဥပဒေကို လွှတ်တော်က မကြာမီ အတည်ပြုပြဋ္ဌာန်းတော့မည်ဖြစ်၍၊ အရေးကြုံက အသင့်ရှိကြရန် ဟောပြောစည်းရုံးနေကြောင်း၊ စည်းလုံးရေးလည်း အထူးအောင်မြင်ကြောင်း သတင်းစကားများသည် ပတ်ဝန်းကျင်၌ ပျံ့နှံ့ပေါ်ထွက်နေပါသည်။

တစ်နေ့တွင် ကျွန်မက အယ်လစ်တာအား –

"ဒီအတိုင်းဆိုရင် မစ္စတာ အင်ဒရူးတော့ လုံးပါး ပါးတော့မှာပဲ"

ဟု ပြောကြားလိုက်ရာ၊ အယ်လစ်တာကလည်း –

"ဟုတ်တယ်။ မစ္စတာ အင်ဒရူးရောဂါက အသည်းရောဂါနဲ့ တူတယ်။ ကုလို့ရတော့မယ် မထင်ဘူး" ဟု ပြောကြားပါသည်။

*

ထိုအတောအတွင်း၌ အယ်လစ်တာသည် ရုံးခန်းတွင်မမြဲ ထိုင်ကာ စာရင်းဇယားများကို စစ်ဆေးရင်း မာရီယာနှင့် အချေအတင် အကြိတ်အနယ် ငြင်းခုန်နေပါသည်။

"အဲဒီအချိန်တုန်းက ကုန်ကျတဲ့ စရိတ်ကို ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့ဆီမှာ အခြားစိုက်ခင်းတွေက ကုန်ကျတဲ့စရိတ်စာရင်းရှိနေတာပဲ တိုက်ဆိုင်ကြည့်ရင် သိတာပေါ့။ ခင်ဗျားတို့ကျမှ ဘာကြောင့် ဒီလောက်တောင် အဆမတန် ကုန်ကျရတာလဲ"

ဟူသော အယ်လစ်တာ၏ ပြောကြားသံ။

"အို ... အဲဒီအချိန်တုန်းက ကျွန်မက အသက်ငယ်ငယ်လေး ရှိသေးတာ။ အတွေ့အကြုံကလဲ မရှိဘူး မဟုတ်လား။ ဒါကြောင့် အဆမတန် ကုန်ကျသွားတာပါ။ ကျွန်မ ခင်ပွန်းကလဲ ရှင်သိတဲ့အတိုင်း အရက်ခွက်နဲ့ မျက်နှာအပ်နေတာ အကူအညီရတာမှ မဟုတ်တာ" ဟူသော မာရီယာ၏ ရှင်းပြသံတို့ကိုလည်း ကြားရပါသည်။

"ဟောဒီမှာ သကြားစက်ရုံအတွက် စက်ပစ္စည်း ပြင်ဆင်ခစရိတ်ကို ခင်ဗျား အများကြီး ပြထားတယ်နော်။ အဲဒီသကြားစက်ရုံကို ကျွန်တော် စစ်

http://www.cherrythitsar.org



ဆေးကြည့် ရှုပြီးပြီ။ ဘာမှ အသစ် ပြင်ဆင်ထားတာ မတွေ့ဘူး" ဟူသော အယ်လစ်တာ၏အသံ –

"အဲဒီသကြားစက်ရုံ ပျက်သွားလို့ ကျွန်အမြောက်အမြားနဲ့ အတော့်ကို ပြင်ယူရပါတယ်။ ပြင်ပြီးတဲ့အခါကျတော့ မီးလောင် ပျက်စီးသွားပါတယ်။ ဒါကြောင့် သကြားစက်ရုံက ကျွန်တွေ ပိုနေတာကြောင့် ကျွန်မတို့ပြန်တောင် ရောင်းရပါသေးတယ်" ဟူသော မာရီယာ၏အသံ –

"ဩော် ... ဒီလိုလား၊ ဟောဒီစာရင်း စာအုပ်ထဲမှာတော့ ကျွန်တွေ ဝယ်ရတဲ့ ကုန်ကျစရိတ်တွေပဲ တွေ့ရတယ်။ ကျွန်တွေ ပြန်ရောင်းလို့ ရတဲ့စာရင်းတော့ မတွေ့ရပါလား"

ဟူသော အယ်လစ်တာ၏အသံ။

"အိုး ... ကျွန်မက စာရင်းကောင်းကောင်း မကိုင်တတ်တာပဲ။ ဒီလို ကပ်ပြီးတော့ ပြောမနေပါနဲ့" ဟူသော မာရီယာ၏အသံတို့ကိုလည်း ကျွန်မ ကြားနေရပါသည်။

အယ်လစ်တာ မက်ဝဲသည် မာရီယာ၏ စာရင်းဇယား မမှန်ကန်မှု၊ အုပ်ချုပ်မှု မကျွမ်းကျင်မှုတို့ကို ဖော်ထုတ်ပြောကြားပြီး စာရင်းဇယားတို့ကို ဆက်လက် စစ်ဆေးနေပါသည်။ ထို့ကြောင့် အယ်လစ်တာနှင့် မာရီယာတို့၏ အချေအတင် အကြိတ်အနယ် ပြောကြားငြင်းခုံသံတို့ကို ကျွန်မ နေ့စဉ် ကြားသိနေရပါသည်။

အစ်လစ်တာက 'တစ်လအတွင်း အင်္ဂလန်သို့ မိမိပြန်တော့မည်ဖြစ်ကြောင်း' ကျွန်မကို ပြောကြားခဲ့ဖူးပါသည်။ သို့သော် ယခုအခါ၌ တစ်လပင် ကျော်နေခဲ့ပါပြီ။ အင်္ဂလန်သို့ ပြန်မည့် အရိပ်အယောင်ကိုပင် ကျွန်မ မတွေ့ရသေးပါ။ မည်သည့်အကြောင်းကြောင့် ဤမျှ အကြာအရှည် အယ်လစ်တာ နေနေသည်ကို ကျွန်မ မသိပါ။

ထိုရက်အတွင်း၌ ဝင်တာဆိုလိုသို့သွား၍ ဖားဂတ်နှင့် တွေ့လိုဆုံလိုသော်လည်း ကျွန်မ မသွားခဲ့ပါ။ ကိုယ့်စိတ်ကို ချုပ်တီး ချိုးနှိမ်နေခဲ့ပါသည်။ ကျွန်မကို တွေ့လိုဆုံလိုပါက ဖားဂတ်လာတွေ့လိမ့်မည်ဟုလည်း စိတ်ကို တင်းထားခဲ့ပါသည်။ ကျွန်မ မှတ်ထင်ထားသည့်အတိုင်း လင်းဖောသို့ ဖားဂတ် သုံးကြိမ်လာရောက်ပြီး ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

တစ်ကြိမ်၌မူ ဖားဂတ်သည် ညစာစားအပြီး ကျွန်မအခန်းသို့ အပြန်တွင် လှေကားခြေရင်းအထိ လိုက်လာခဲ့ပါသည်။ ထို့နောက် လေသံဖြင့် –

http://www.cherrythitsar.org



"အချစ်ရေ။ မောင်နဲ့အတူ အပြင်ဘက်ကို ခဏလောက်ထွက်ပြီး စကားပြောကြရအောင်ကွယ်။ အပြင်ဘက်က အေးအေးလူလူ ရှိပါတယ်" ဟု ပြောကြားပြီးနောက် လေသံကို ပိုးတိုးလိုက်ပြီး –

"အချစ်ရယ်။ အချစ် လာမလားလို့ ဝင်တာဆိုလိုက မောင် စောင့်နေပါတယ်" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"စောင့်လက်စနဲ့ ဆက်ပြီး စောင့်ပါဦးမောင်၊ မိန်းတစ်ယောက်ရဲ့ ရင်ထဲက အသည်းနှလုံးကို ပိုင်ဆိုင်ဖို့အတွက် ဒီလောက်တော့ သည်းညည်းခံ ရမှာပေါ့"

ဟု ပြောကြားပြီးနောက် –

"မောင်ရယ်။ ကျွန်မမှာလဲ မာနရှိပါတယ်။ ကျွန်မကို မောင်က မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတာ ဟုတ်မဟုတ် အကဲခတ်ချင်ပါသေးတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ဖားဂတ်က –

"အချစ်ရယ်။ မောင့်မေတ္တာကို အခုထက်ထိ မယုံသေးဘူးလား ကွယ်။ ပြီးတော့ အချစ်က အသည်းနှလုံးနဲ့ ဆိုင်တဲ့ အရေးကိစ္စမှာ ဦးနှောက်ကို သိပ်ပြီး ဦးစားပေးတယ်လား။ မောင်နဲ့ ပတ်သက်ပြီး ဘာမှ မစွန့်စားချင်ဘူး လား။ အချစ်က 'သာမှစံပြီး၊ နာရင်မခံတော့တဲ့' မိန်းမစားမျိုးလား၊ ဒီလို မိန်းမစားမျိုးဆိုရင်တော့ မောင့်ကို အခုတည်းက မေ့လိုက်ပါတော့ကွယ်။ မောင့် ကို မေ့လိုက်ပါတော့"

ဟု ဆွေးဆွေးမြည့်မြည့် ပြောကြားသည်။

ထို့နောက် ကျွန်မအပါးမှ ချာခနဲ လှည့်ထွက်သွားပြီး၊ ဝင်တာဆိုလို ကို ညတွင်းချင်း ပြန်သွားပါတော့သည်။ ဤသို့ ဖားဂတ် စိတ်ထိခိုက်ပြီး ထွက်သွားသည်ကို မြင်ရသောအခါ ကျွန်မလည်း စိတ်မကောင်းနိုင်တော့ပါ။ ကျွန်မကိုယ် ကျွန်မ 'မိုက်မဲလေခြင်း' ဟု အပြစ်တင်ကာ ထိုညတစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပါ။

နောက်တစ်နေ့ ညစာစားပွဲအပြီးတွင် မစ္စတာ အင်ဒရူးလည်း ကျွန်မ ကို လှမ်းခေါ်ပြီး –

"ဆရာမနဲ့ ကျူပ်သား ဖားဂတ်တို့ လက်ထပ်တော့မလား"

ဟု ရုတ်တရက် မေးလိုက်ပါသည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်မက –

"ဦးရဲ့မေးခွန်းက သိပ်ပြီး ဆန်းနေပါတယ်။ ဖားဂတ်ကိုယ်တိုင်က အခုထက်ထိ ကျွန်မကို လက်ထပ်ခွင့် မတောင်းသေးပါဘူး"

ဟု ဖြေလိုက်ရာ မစ္စတာ အင်ဒရူးက –

"ဒီကောင် တယ်လဲ ခက်ပါကလား။ ဘာတွေ လုပ်နေတာပါလိမ့်"

ဟု ညည်းတွားပြီးနောက် –

"မနေ့ညက ဆရာမနဲ့ ဖားဂတ်တို့ ကတောက်ကဆ ဖြစ်ကြသလား။ ဆရာမကြောင့် ဖားဂတ် စိတ် အတော်ထိခိုက်သွားပုံရတယ်"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"လင်းဖောကို ကျွန်မ ရောက်လာရခြင်းဟာ ဒန်ကင်လေးကို စာသင်ပေးဖို့ပါဦး၊ ဖားဂတ်နဲ့ လက်ထပ်ဖို့အတွက် မဟုတ်ပါဘူး" ဟု ပြန်ပြောလိုက်ရာ မစ္စတာ အင်ဒရူးက –

"ဒါပေမဲ့ ကျုပ်ရဲ့ ရည်ရွယ်ချက် အခုဆိုရင် ဆရာမလဲ သိရှိနားလည်လောက်ပါပြီ။ ဖားဂတ်ကော အယ်လစ်တာပါ ဆရာမကို မေတ္တာရှိနေကြပါတယ်။ ဦးအနေနဲ့ကတော့ ဖားဂတ်ကိုပဲ အိမ်ထောင်ဖက်အဖြစ် ရွေးပြီး လက်ထပ်ပါလို့ ပန်ကြားချင်ပါတယ်"

ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

"ကျေးဇူးတင်ပါတယ် ဦး။ ဖားဂတ်ကိုယ်တိုင်က ကျွန်မကို လက်ထပ်ခွင့် တောင်းတဲ့အခါမှ အလေးအနက် စဉ်းစားပါ့မယ်"

ဟု ပြောကြားလိုက်ပါသည်။

*

ဤသို့အားဖြင့် စိတ်နှလုံးနောက်ကျိစရာ ကောင်းသောရက်များ တရွေ့ရွေ့ ကုန်လာခဲ့သည်။ ရာသီဥတုမှာလည်း မခံမရပ်နိုင်အောင် ပူပြင်းလာခဲ့သည်။ ဝတ်ထားသော အဝတ်အစားတို့မှာ ချွေးတို့ဖြင့် ရွှဲရွှဲစိုနေပြီး၊ လူတိုင်း အလိုလို စိတ်တိုနေကြသည်။ မစ္စတာ အင်ဒရူးလည်း

"လေထုက သိပ်ငြိမ်နေတာပဲ။ မကြာမီ ကြီးကျယ်တဲ့လေပြင်းမုန်တိုင်းကြီး ကျရောက်တော့မယ် ထင်ပါရဲ့"

ဟု အမြဲရေရွတ်နေလေ့ရှိပါသည်။

တိုက်နေကျဖြစ်သော 'ကုန်သည်လေ' ကလည်း လုံးဝ မတိုက်ဘဲ ငြိမ်သက်နေရာ၊ ညအခါ၌ပင် အပူရှိန်ပြင်းပြီး အလွန်အမင်း အိုက်စပ်ပူလောင်နေပါတော့သည်။ ထို့ကြောင့် ကျွန်မလည်း အခန်းတွင်း၌ အကြာအရှည် မနေနိုင်တော့ဘဲ။ ညတိုင်းလိုလို အဝတ်အစား ပါးပါးဝတ်ပြီး ပန်းဥယျာဉ်တွင်းသို့ ထွက်ထွက်ထိုင်နေရပါသည်။

ဤသို့ ပန်းဥယျာဉ်သို့ ထွက်ထွက်ထိုင်သော ညတစ်ည၌ ဖိုးရွှေလမင်းသည် အစွမ်းကုန် ရှန်းလင်းတောက်ပ နေသည့်အတွက် ရှန်းမြသောလရောင်အောက်တွင် တစ်ယောက်တည်း အမှတ်မထင် လမ်းလျှောက်ထွက်လာခဲ့မိသည်။ ဤသို့ဖြင့် လမ်းလျှောက်ကောင်းကောင်းနှင့် ဆက်လျှောက်လာခဲ့ရာ လင်းဖောဒေသရှိ ကြံခင်းကြီးများကို ကျော်လွန်လာခဲ့ပြီး လေငြိမ်သောပင်လယ်ကမ်းကွေ့အနီးသို့ ရောက်လာခဲ့ပါသည်။

ထိုသို့ လေငြိမ်သော ပင်လယ်ကမ်းတွေ အနီးသို့ အရောက်တွင် ကျွန်မ၏ ညာဖက်က အသံဗလံခပ်သဲ့သဲ့ကို ကြားလိုက်ရပါသည်။ ထို့ကြောင့် အသာ နားစွင့် ထောင်လိုက်ရာ၊ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ဘက်က ထွက်ပေါ်လာသော အသံများဖြစ်ကြောင်း သိရှိရပါတော့သည်။

ထိုအခါ ကျွန်မလည်း "နီဂရိုးကျွန်များ တိတ်တဆိတ် ကျင်းပပြုလုပ်သော ဗူးဒူးနတ်ပသမှုပွဲကြီးမှ ထွက်ပေါ်လာသော အသံလော။ သို့တည်းမဟုတ် စိုက်ပျိုးခင်း တစ်ခင်းပြီးတစ်ခင်း လျှို့ဝှက်စွာ လှည့်ပတ်သွားလာပြီး နီဂရိုးကျွန်းများကို ကျွန်ဘဝမှ လွတ်မြောက်ရေးတရားများကို ဟောကြားလှုံ့ဆော်နေသော နီဂရိုးခေါင်းဆောင်ကြီး၏ လျှို့ဝှက်တရားပွဲမှ အသံပေလော" ဟု တွေးတောကာ ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားမိပါသည်။

ထို့ကြောင့် လင်းဖောသို့ ပြန်ပြီး အယ်လစ်တာကို အဖော်ခေါ်ရန် စိတ်ကူးမိပါသေးသည်။ သို့သော် အယ်လစ်တာကို ပြန်ခေါ်ရမည့် ခရီးမှာ မနီးလှပါ။ ထို့ကြောင့် ထိုစိတ်ကူးကို ဖျက်လိုက်မိပါသည်။ ထို့နောက် စူးစမ်းသိရှိလိုစိတ်တို့ ထက်သန်ပြင်းပြနေသော ကျွန်မလည်း စိတ်ထဲက ကြောက်ရွံ့ကြောက်ရွံ့နှင့်ပင် အသံဗလံများ ထွက်ပေါ်လာရာ ဆန်ဖရန်စစ္စကို ဆိပ်ကမ်းဘက်သို့ ဦးတည်ထွက်ခွာလာခဲ့ပါသည်။

ဤသို့ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့သော ကျွန်မအဖို့ ရှန်းမြနေသော လရောင်သည် ယခုအခါ၌ အနှောင့်အယှက် ဖြစ်လာပါတော့သည်။ ကျွန်မကို တခြားသူများ အလွယ်တကူ မမြင်စေရန် အသင့်ပါလာသော ခြုံ

စောင်အမည်းကိုလည်း လုံနေအောင် ခြုံရပါသည်။ ထို့နောက် ကျွန်မလည်း ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ဘက်သို့ ဦးတည်လျှောက်လာခဲ့ရာ၊ နောက်ဆုံး၌ အဘွားအို ဒိုနာအစ္စဘယ်လာပိုင်သော ကြုံလိုသေးကွေးလှသည့် ကြံခင်းများ အနီးသို့ ရောက်လာခဲ့ပါသည်။

ထိုကြံခင်းများကို ဖြတ်ကျော်လာသောအခါ၊ လေးလေးကန်ကန် ရွေ့လျားနေသော လူတို့၏ခြေသံများကို စတင်ကြားရပါသည်။ ထို့နောက် အမိန့်ပေး ငေါက်ငမ်းသံနှင့် ရှုန်းခနဲ ကျာပွတ်သံတစ်ချက် ကြားလိုက်ပါသည်။ ထိုအခါ ကျွန်မ မှတ်ထင်တွေးဆထားသကဲ့သို့ နီဂရိုးကျွန်တို့ အစည်းအဝေးမှ ထွက်ပေါ်လာသော အသံဗလံများ မဟုတ်။ ကျာပွတ်သံကို ထောက်ဆခြင်းအားဖြင့် ထိုနေရာ၌ လူဖြူများသည် ရှိရပေလိမ့်မည်ဟု တွေးတောမိပါသည်။ ထို့ကြောင့် အသံဗလံများ ထွက်ပေါ်ရာသို့ ပုန်းလျှိုးကွယ်လျှိုး လျှောက်လာခဲ့ရာ၊ နောက်ဆုံး၌ ကျွန်မ ရောက်ခဲ့ဖူးသော စပိန်တို့၏ ခံတပ်ဟောင်း အဆောက်အဦပျက်ကြီးကို ကာရံထားသည့် အုတ်တံတိုင်းပျက်ကြီး အပေါ်သို့ ရောက်လာခဲ့ပါသည်။ ထိုအခါ ကျွန်မလည်း အုတ်တံတိုင်းပျက်ကြီးအနီးရှိ ချုံပုတ်ကြားတွင် ပုန်းရင်း ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ဘက်သို့ စိတ်ဝင်စားစွာ လှမ်းမျှော်ကြည့်ရှုနေမိပါသည်။

ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ထဲ၌ ကျွန်မ စီးလာခဲ့ဖူးသည့် 'ကလိုက်ကွင်း' သင်္ဘောထက် ပို၍ကြီးသော သင်္ဘောကြီးတစ်စင်း ကျောက်ဆူးချ ရပ်နားနေပါသည်။ ထိုသင်္ဘောကြီးကား ကြမ်းတမ်းခက်ထန်သော အတ္တလန္တိတ်သမုဒ္ဒရာ ပင်လယ်ရေပြင်ကိုပင် ဖြတ်သန်းနိုင်လောက်သည်အထိ ကြီးမားခိုင်ခံ့လှပါသည်။

ကျွန်မ လှမ်းမျှော်ကြည့်နေခိုက်တွင် ထိုသင်္ဘောကြီး၏အမှောင်ရိပ်တွင်းမှ ပင်လယ်ကမ်းရှိရာသို့ ရှည်လျားကြီးမားသော လှေကြီးတစ်စင်း လှော်ခတ်လာသည်ကို ရှုန်းမြသော လရောင်အောက်တွင် ထင်းထင်းကြီး မြင်ရပါသည်။ ပင်လယ်ကမ်းစပ်၌လည်း ထိုလှေကြီးကို ရပ်ပြီး စောင့်နေကြသော လူတစ်စုကို တွေ့ရပါသည်။ ထိုပြင် ဝမ်းနည်းကြေကွဲဖွယ် ညည်းညူအော်ဟစ်လိုက်သော အသံတို့ကိုလည်း ကြားလိုက်ရပါသည်။ ကျွန်မ ကြားရသော အသံတို့မှာ အာဖရိကတိုက်သား နီဂရိုးတို့၏ အသံများ ဖြစ်ကြောင်း ကျွန်မ ချက်ချင်း သိပါသည်။ ထိုသို့သိလိုက်သောခဏ၌ အဆောက်အဦပျက်ကြီး တစ်နေရာရှိ သော့ခလောက်ကြီးကြီးနှင့် သော့ခတ်ထားသော အခန်းကျယ်ကြီး

သည် ကျွန်မ၏ စိတ်မျက်စိထဲ၌ ဖျတ်ခနဲ ပေါ်လာပါသည်။ ထို့အတူ ကျွန်မ မြင်ရသော မြင်ကွင်း၏ အဓိပ္ပာယ်ကိုလည်း ချက်ချင်းသိမြင် သဘောပေါက် သွားပါသည်။

ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ ဆိုက်ထားသော သင်္ဘောကြီးကား အာဖရိကမှ ဖမ်းဆီးခေါ်ဆောင်လာသည့် နီဂရိုးများကို လျှို့ဝှက်စွာ တင်ဆောင်လာခဲ့သော ကျွန်သင်္ဘောကြီးဖြစ်၍ ပင်လယ်ကမ်းစပ်၌ ရပ်ပြီး စောင့်နေကြသော သူများကား ကုန်ရောင်းကုန်ဝယ်ပြုသည့် ကျွန်ကုန်သည်များ ဖြစ်လေသည်တကား။ ကမ်းစပ်သို့ ဦးတည်လှော်ခတ်လာသော လှေကြီးထက်၌ ပါလာကြသူများကား ကျွန်ကုန်သည်တို့ လက်တွင်းသို့ ကျွန်အဖြစ် သက်ဆင်းရတော့မည့် အာဖရိကတိုက်သား နီဂရိုးများ ဖြစ်သည်တကား။

နီဂရိုးများကို တင်ဆောင်လာသော လှေကြီး ပင်လယ်ကမ်းစပ်အနီးသို့ ရောက်လာသောအခါ၊ ကမ်းစပ်၌ ရပ်ပြီးစောင့်နေကြသော လူတစ်စုအနက် လူတစ်ယောက်မှ လွဲ၍ ကျန်လူများအားလုံးပင် ရေစပ်သို့ဆင်းကာ လှေကြီးကို ကမ်းပေါ်သို့ ဆွဲတင်ကြပေသည်။ ထို့နောက် လှေကြီးပေါ်တွင် ပါလာကြသော နီဂရိုးယောကျာ်းနှင့် မိန်းမတို့ကို လှေပေါ်မှ အတင်းဆွဲချကြသည်။ ထိုသို့ ဆွဲချနေခိုက်တွင် သံကြိုးသံ တချွင်ချွင် ထွက်ပေါ်လာပေရာ၊ ကမ်းပေါ်သို့ ဆွဲချခံရသော နီဂရိုးတို့အား ကျွဲများ၊ နွားများပမာ သံကြိုးရှည်ကြီးဖြင့် အတူ တွဲပြီး ခတ်ထားကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။ ထိုသို့ သံကြိုးရှည်ကြီးဖြင့် အတူတွဲပြီးခတ်ထားသော နီဂရိုးယောကျာ်းနှင့် မိန်းမ စုစုပေါင်းမှာ နှစ်ဆယ်ခန့်မျှပင် ရှိပေသည်။

ကျွန်မလည်း ထိုနီဂရိုးကျွန်များကို သနားကရုဏာသက်စွာ ငေးကြည့်နေခိုက်တွင် ကျာပွတ်သံ ရွှမ်းခနဲ ရွှမ်းခနဲ ထွက်ပေါ်လာသည်ကို ကြားရပါသည်။ ထို့ပြင် သံကြိုးရှည်ကြီးဖြင့် အတူတွဲပြီး အခတ်ခံထားရသော နီဂရိုးလူတန်းကြီးအနက်မှ လူအချို့ယိုင်လဲသွားသည်ကိုလည်း လှမ်းမြင်ရပါသည်။

ထိုအခိုက်တွင် ကျွန်မလည်း ရှေးယခင်က ကြားထား မြင်ထား သိထားသော သဲလွန်စအပိုင်းအစတို့ကို ဆက်စပ်ကာ ဖြစ်ရပ်မှန်ကို စိတ်ထဲ၌ ရပ်လုံးဖော်ကြည့်နေမိပါသည်။

မာရီယာမက်ဝဲသည် မစ္စတာ အင်ဒရူးကို လုံးဝအသိမပေးဘဲ မိခင်ဖြစ်သူ ဒိုနာအစ္စဘယ်လာနှင့် နားလည်သဘောတူညီမှုယူပြီး ဤဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ တရားဥပဒေနှင့် ဆန့်ကျင်သော နီဂရိုးကျွန်များကို တိတ်

http://www.cherrythitsar.org



တစ်ဆိတ် တင်ဆောင်လာသည့် သင်္ဘောများအား ဆိုက်ကပ်ခွင့် ပြုထားခဲ့မည်။ 'ဆာဗင်နတ်ထရေဒါ' နှင့် အခြားသင်္ဘောငယ်များ အပါအဝင် သင်္ဘောကြီးငယ်တို့သည် အာဖရိကသို့သွားပြီး နီဂရိုးကျွန်များကို တင်ဆောင်ကာ ဤဆန်ဖရန်စစ္စကို ပင်လယ်ကွေ့သို့ ဆိုက်ကပ်ရပ်နားလိမ့်မည်။ ထိုသို့ ဆိုက်ကပ်ရပ်နားသော သင်္ဘောငယ်များမှ ကျွန်များကို မာရီယာက ဈေးချိုချိုနှင့် ဝယ်ယူထိန်းသိမ်းထားလိမ့်မည်။ ထို့နောက် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကူးနိုင်သည်အထိ ကြီးမားခိုင်ခံ့ပြီး အမေရိကတိုက်တောင်ပိုင်းပြည်နယ်များသို့ ခရီးဆက်နေသည့် အမေရိကန်သင်္ဘောကြီးများ ဆိုက်ကပ်လာသည့်အခါ၌ မာရီယာသည် ဈေးချိုချိုနှင့် ဝယ်ထားသော နီဂရိုးကျွန်များကို ဈေးတင်ပြီး တစ်ဖန် ပြန်ရောင်းပေလိမ့်မည်။ ဤနည်းဖြင့် မာရီယာသည် မြိုးမြိုးမြက်မြက် အမြတ်အစွန်းရသော ကျွန်ရောင်းကျွန်ဝယ်ပြုသည့် ကျွန်ကုန်သည်အလုပ်ကို တိတ်တစ်ဆိတ်လျှို့ဝှက်စွာ လုပ်ဆောင်နေခြင်းဖြစ်မည်ဟူသော အချက်များ တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါတော့သည်။

ဤသို့ ကျွန်မ တွေးတောဆက်စပ်ကြည့်နေခိုက်တွင် နီဂရိုးများကို တင်ဆောင်လာခဲ့သော လှေကြီးသည် ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ ဆိုက်ကပ်ထားသော သင်္ဘောကြီးရှိရာသို့ ပြန်လည်လှော်ခတ်သွားပါသည်။ ကျွန်မ မြင်ရသော အခေါက်သည် နောက်ဆုံးအခေါက် ဖြစ်၍လောမသိ။ သင်္ဘောကြီး အပါးသို့ ထိုလှေကြီး ရောက်သွားသည်နှင့် တစ်ပြိုင်နက် သင်္ဘောပေါ်သို့ ဆွဲ တင်သွားသည်ကို မြင်လိုက်ပါသည်။ ထို့နောက် ကျောက်ဆူးပြန်နှုတ်သံကို ကြားရပါသည်။ ရွက်ပြန်လွှင့်သည်ကိုလည်း မြင်ရသည်။

ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ တိတ်တစ်ဆိတ် လာဆိုက်သော ကျွန်သင်္ဘောကြီးကား တိတ်တစ်ဆိတ်ပင် ပြန်လည်ထွက်ခွာသွားတော့မှာပါကလား။

ထိုအခိုက်တွင် ပင်လယ်ကမ်းစပ်၌ စုဝေးရပ်နေကြသော နီဂရိုးကျွန်များ ဘက်မှ ကျာပွတ်သံတရှမ်းရှမ်း ထပ်မံထွက်ပေါ်လာပါသည်။ ထို့နောက် နီဂရိုးကျွန်တန်းကြီးသည် စတင်ပြီး ရွေ့လျားလာပါတော့သည်။ ကျွန်မလည်း အဆောက်အဦပျက်ကြီးကို ကာရံထားကာ အုတ်တံတိုင်းပျက်ကြီးအနီးရှိ ချုံပုတ်တွင် ကိုယ်ကိုပုပြီး ပုန်းနေရာမှ နီဂရိုးကျွန်တန်းကြီးကို စိတ်ဝင်စားစွာ လှမ်းကြည့်နေမိပါသည်။

ထိုသို့ လှမ်းကြည့်နေခိုက်တွင် နီဂရိုးကျွန်တန်းကြီးသည် ကျွန်မ ပုန်းနေသော ချုံပုတ်အပါးမှ ဖြတ်ပြီး အဆောက်အဦပျက်ကြီးရှိရာသို့ ရှေ့ရှု သွားသည်ကို တွေ့ရပါသည်။ ကျွန်မလည်း ခြုံပုတ်ကြားမှ မဝံ့မရဲ လှမ်းကြည့် လိုက်ရာ၊ နီဂရိုး ကျွန်တန်းကြီးကို ခေါင်းဆောင်၍ အမိန့်ပေးနေသော ကျာပွတ် ကိုင်ထားသူ၏ ပြောင်လက်နေသည့် ဘွတ်ဖိနပ်ရှည်ကြီးကို ထူးထူးခြားခြား သတိပြုမိပါသည်။ ထိုသူ၏မျက်နှာကို မမြင်ရဘဲ အဝတ်အစားကိုသာ မြင်ရ သေးသောကြောင့်၊ 'ထိုသူကို လူဖြူယောကျ်ား တစ်ဦးဦးဖြစ်လိမ့်မည်' ဟု မှတ်ထင်ထားမိပါသည်။

သို့သော် ... သို့သော် ကျွန်မ ပုန်းနေသည့် ချုံပုတ်အနီးသို့အရောက် တွင် ထိုသူက လေသံဖြင့် –

"ဟေ့ ... ခဏရပ်ကြစမ်း။ ဒီအနားတစ်ဝိုက်မှာ လူတစ်ယောက် ယောက်ရှိလိမ့်မယ်။ မီးအိမ်နဲ့လိုက်ပြီး ရှာစမ်း"

ဟု ရုတ်တရက် ပြောကြားလိုက်ပါသည်။

ထိုသူ၏ အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ထိုသူမှာ ကျွန်မ မှတ်ထင်ထားသကဲ့သို့ လူဖြူယောကျ်ားတစ်ဦး မဟုတ်ဘဲ၊ ကိုယ်ကြပ် ဂျာကင် အင်္ကျီအနက်၊ ဘောင်းဘီအနက်ကို ဝတ်ဆင်ပြီး ဘွတ်ဖိနပ်ရှည်ကြီးကို စီးကာ ကြီးမားလှသည့် ဦးထုပ်နက်ကို ဆောင်းထားသော ယောကျ်ားတစ်ယောက် ကဲ့သို့ ရုပ်ဖျက်ဝတ်ဆင်ထားသည့် မာရီယာမက်ဝဲ ဖြစ်ကြောင်း သိရှိလိုက်ရပါ သည်။

မာရီယာသည် လင်းဖောမှ ငွေအမြောက်အမြားကို တိတ်တစ်ဆိတ် ယူငင်သုံးစွဲပြီး အမြတ်အစွန်း မြိုးမြိုးမြက်မြက်ရမည့် ကျွန်ရောင်းကုန်ဝယ် ကျွန်ကုန်သည်လုပ်ငန်းကို လျှို့ဝှက်စွာ ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။ လင်းဖောမှငွေတို့ကို ဤကဲ့သို့ ကျွန်ရောင်းကျွန်ဝယ်ပြု၍ ကျွန်ကုန်ကူးခြင်း၌ မြုပ်နှံသုံးစွဲထားကြောင်းကို မာရီယာသည် စာရင်းအင်းနှင့်တကွ မဖော်ပြဝံ့ခဲ့ပေ။ ထို့ကြောင့် စာရင်းလိမ်များ တင်ပြထားခဲ့ပေသည်။ ထိုစာရင်းလိမ်များမှာ အယ် လစ်ဘာ စစ်ဆေးကြည့်ရှုသောအခါ ဖုံးမရဖိမရအောင် ပေါ်ထင်လာခဲ့ပေသည်။ ထို့ကြောင့် စာရင်းအင်းနှင့် ပတ်သက်ပြီး အယ်လစ်ဘာနှင့် မာရီယာတို့ မကြာ မကြာ အချေအတင် အကြိတ်အနယ် ငြင်းခုန်ပြောဆိုကြခြင်း ဖြစ်ပေသည်။

မာရီယာကား အမြတ်အစွန်း မြိုးမြိုးမြတ်မြတ် ရသည့် ကျွန်ရောင်း ကျွန်ဝယ် ကျွန်ကုန်ကူးခြင်းအလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ဆောင်နေခဲ့ခြင်း

http://www.cherrythitsar.org



ကား ထင်ရှားပါသည်။ ထို့ကြောင့် အမြတ်အစွန်းလည်း နှင့်နေအောင် ရရှိမည်မှာ သေချာပါသည်။ ထိုသို့နှင့်အောင် မြတ်စွန်းသော ငွေတို့ကို မာရီယာသည် မည်သို့သုံးစွဲပါသနည်း။ မည်သို့လျှို့ဝှက်ထားပါသနည်း။ ဤအချက်ကား မာရီယာတစ်ဦးတည်းသာ သိရှိမည့် လျှို့ဝှက်ချက် ဖြစ်လေသည်တကား။

ဤသို့ကျွန်မ တွေးတောနေခိုက်တွင် မာရီယာ၏ နောက်ပါးတွင် ပါလာသော နီဂရိုးကြီး တစ်ယောက်သည် မာရီယာ၏ အမိန့်အတိုင်း နီဂရိုးကြီးကို ကိုင်ကာ ကျွန်မပုန်းနေသော ချုံပုတ်အနီးသို့ လျှောက်လာပြီး လက်ဆွဲမီးအိမ်ကို မြှောက်မြှောက်ပြီး လိုက်လံကြည့်ရှုနေပါသည်။ ထိုနီဂရိုးကြီး ကိုင်ထားသော လက်ဆွဲမီးအိမ်မှ အလင်းရောင်ကြောင့် ထိုနီဂရိုးကြီးမှာ အခြားသူမဟုတ်။ မကြာသေးခင်က မာရီယာ ကျာပွတ်ဖြင့် ရိုက်နှက် အပြစ်ဒဏ်ပေးခြင်းခံရသော ဆမ်မြူရယ်ဖြစ်ကြောင်း တွေ့မြင်သိရှိလိုက်ရပါသည်။

ကျွန်မ ဆမ်မြူရယ်ကို တွေ့မြင်သိရှိသကဲ့သို့ ဆမ်မြူရယ်ကလည်း ချုံပုတ်ထဲ၌ ကိုယ်ကိုပုပြီး ပုန်းနေသော ကျွန်မကို တွေ့မြင်သိရှိမည်မှာ သေချာပါသည်။ သို့သော် ဆမ်မြူရယ်က ကျွန်မကို တွေ့မြင်သိရှိကြောင်း ဖွင့်မပြောပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်ရလေဟန်ဖြင့် လက်ဆွဲမီးအိမ်ကို မြှောက်ကာမြှောက်ကာဖြင့် ဟိုရှာသည်ရှာ ဟန်မပျက် ပြုနေပါသည်။

ထိုအခိုက်တွင် မာရီယာက –

"ဘယ်သူ့မှ ရှာမတွေ့ဘူးလား။ ရှာမတွေ့လဲ ဆက်ရှာမနေနဲ့။ အချိန်ကုန်တယ်"

ဟု စိတ်မရှည်သံနှင့် ပြောလိုက်ရာ ဆမ်မြူရယ်က –

"ဟုတ်ကဲ့ သခင်မ။ ဘာမှရှာလို့ မတွေ့ပါဘူး။ ချုံပုတ်ထဲကို ဝင်တိုးသွားတဲ့ ကြောင်တစ်ကောင်ကောင်ရဲ့ အသံနဲ့ တူပါတယ်" ဟု ကျိုးကျိုးနွံနွံ ပြန်ပြောရင်း မာရီယာ၏ အပါးသို့ ပြန်လျှောက်သွားပါသည်။

ထို့နောက် မာရီယာလည်း သံကြိုးရှည်ကြီးဖြင့် အတူတွဲပြီး ခတ်ထားသော နီဂရိုး ကျွန်တန်းကြီးသည် ဦးဆောင်ကာ အပါးမှ ထွက်ခွာသွားပါတော့သည်။

ကျွန်မလည်း အဆောက်အဦပျက်ကြီးဆီသို့ ရှေ့ရှုသွားနေသော နီဂရိုးကျွန်တန်းကြီးကို လှမ်းကြည့်နေရာမှ စိုးရွံ့ကြောက်လန့်စိတ်တို့ တဖွားဖွားဖြစ်ပေါ်လာမိပါသည်။ ကျွန်မမည်သို့ ရှေ့ဆက်ပြုဆောင်ရမည်ကိုလည်း တွေးတော ဆင်ခြင်နေမိပါသည်။

http://www.cherrythitsar.org



ထိုအခါ ရှုပ်ထွေးပွေလီသော လင်းဖောတွင် ဆက်လက်မနေတော့ဘဲ မနက်ဖြန်နံနက် မိုးသောက်သည်နှင့် တစ်ပြိုင်နက် လင်းဖောမှ ထွက်ခွာပြီး စကော့တလန်သို့ ပြန်ဖို့အကြံကို ဦးစွာတွေးတောစဉ်းစားမိပါသည်။

ထိုအခိုက်တွင်ပင် မီးတဟုန်းဟုန်းလောင်နေသော အိမ်ကြီးရှိရာမှ ကျွန်မဆီသို့ ဒန်ကင်လေး ကြောက်လန့်တကြား ပြေးလာသည့် မြင်ကွင်းကို ကျွန်မ ဖျတ်ခနဲ မြင်ယောင်လာမိပါသည်။ ကျွန်မ အာရုံတွင်း၌မြင်သော 'အမြင်' သာ မှန်ကန်မည်ဆိုပါက လင်းဖော၌ ကျွန်မ ဆက်လက်နေထိုင်ဖို့ လိုအပ်ပါမည်။ ထို့ပြင် လင်းဖောမှ ကျွန်မထွက်ခွာ သွားပါက ဖားဂတ်နှင့် ကျွန်မတို့ ဝေးကြတော့မည်မှာ သေချာပါသည်။ ဤဘဝ၌ ပြန်ဆုံရန် လွယ်တော့မည်မဟုတ်ပါ။ ကျွန်မ ချစ်မြတ်နိုးသော ဖားဂတ်ကို ကျွန်မ မခွဲနိုင်ပါ။ ဖားဂတ်နှင့်လည်း မဝေးလိုပါ။ ဤသို့ဆိုပါက လင်းဖော၌ ကျွန်မ ဆက်လက်နေထိုင်ဖို့ လိုအပ်ပါမည်။ ထိုအကြောင်းတို့ကြောင့် ကျွန်မလည်း လင်းဖောမှ ထွက်ခွာသွားရန် အကြံကို ဖျက်ပယ်ပြီးလျှင် လင်းဖော၌ သည်းညည်းခံပြီး ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။

ထိုသို့ ဆုံးဖြတ်ပြီးချိန်တွင် မာရီယာ အိမ်ပြန်ရောက်၍ ကျွန်မကို မတွေ့သည့်အခါ၌ အရှာထွက်မည့်အဖြစ်ကို ဖျတ်ခနဲ တွေးတောမိပါသည်။ ထိုသို့ အရှာထွက်၍ ကျွန်မကို ဤဆန်ဖရန်စစ္စကို ပင်လယ်ကွေ့အနီး၌ တွေ့ရှိသွားပါက ကျွနမအပေါ် မာရီယာပိုပြီး ငြိုးမည့်အဖြစ်လည်း ဆင်ခြင်မိပါသည်။ 'ဤဆန်ဖရန်စစ္စကိုပင်လယ်ကွေ့အနီး၌ ကျွန်မကို တွေ့ရှိသွားခြင်းထက် ဖားဂတ်နေသည့် ဝင်တာဆိုလို၌ ကျွန်မကို တွေ့ရှိခြင်းက ပို၍ အကြောင်းပြကောင်းလိမ့်မည်' ဟုလည်း တွေးတောမိပါသည်။ ထို့ကြောင့် ကျွန်မလည်း ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့မှနေပြီး ဖားဂတ်ရှိရာ ဝင်တာဆိုလိုသို့ ပင်လယ်သောင်ကမ်းအတိုင်း ထွက်ခွာရန် ဟန်ပြင်လိုက်ပါသည်။

ထိုအခိုက်တွင်ပင် 'အောက်အီးအီးအွတ်' ဟူသော လင်းကြက်တွန်သံ ထွက်ပေါ်လာပါသည်။ ထိုအခါ ကျွန်မလည်း ဖားဂတ်ရှိရာ ဝင်တာဆိုလိုသို့ သွားခြင်းထက် မြွေနဂါးကျောက်ဆောင်ကြီးရှိရာသို့ သွားခြင်းက ပို၍ ခရီးနီး ရုံမက ပို၍လည်း အကြောင်းပြကောင်းသည့် အဖြစ်ကို ဆင်ခြင်မိပါသည်။ ထို့ကြောင့် ဝင်တာဆိုလိုသို့ မသွားတော့ဘဲ ရှေးယခင်က လာခဲ့ဖူးသည့်လမ်း အတိုင်း ပင်လယ်ကမ်းခြေ သဲမြေပွကို ဖြတ်ပြီး မြွေနဂါးကျောက်ဆောင်ကြီးဆီသို့ အတင်းပြေးလာခဲ့ပါသည်။

http://www.cherrythitsar.org



ကျွန်မမှာ စဲကတ်ကျေးတောရှိ တောင်ကုန်းများကြားတွင် လှည့်ပတ်သွားလာပြေးလွှားခဲ့ဖူးသည့် အကျင့်ရှိသည့်အတွက်ကြောင့် မြွေနဂါး ကျောက်ဆောင်ကြီးအနီး ပင်လယ်ကမ်းကွေ့သို့ နေအရဏ်မတက်မီ အရောက်လာနိုင်ခဲ့ပါသည်။ ထိုအခါ ‘ပြင်းထန်သော အပူရှိန်ကြောင့် ညက အိပ်မပျော်သည့်အတွက် မနက်စောစော ရေလာကူးပါသည်’ ဟု အကြောင်းပြနိုင်ရန် ကျွန်မလည်း အဝတ်အစားတို့ကို သောင်စပ်တွင် ချွတ်ပုံပြီး ပင်လယ်ကမ်းစပ်သို့ ဆင်းပြီး ရေကူးနေလိုက်ပါသည်။

ထိုသို့ ကျွန်မရေကူးနေခိုက်တွင် အခြားပင်လယ်ကွေ့ဘက်၌ ရေကူးနေသံကို ရုတ်တရက် ကြားရပါသည်။ ထို့နောက် ကျွန်မ ရေကူးနေသည့် ပင်လယ်ကွေ့ဆီသို့ ကူးခတ်လာသည်ကို တွေ့ရပါသည်။ ကျွန်မလည်း အလွန်အမင်း စိတ်လှုပ်ရှားသွားပြီး ထိုသူကို လှမ်းကြည့်လိုက်ရာ၊ ထိုသူကား အခြားမဟုတ်။ ဖားဂတ်ဖြစ်ကြောင်း သိရှိရပါသည်။

နံနက်ခင်း၏ ဝင်းပသော နေရောင်ခြည်အောက်တွင် ဖားဂတ်၏ အချိုးအဆစ်ပြေပြစ်လှသော ကိုယ်ခန္ဓာသည် ဝင်းဝါစိုပြည်ပြီး ရှု၍မရောင့်ရဲနိုင်အောင် တင့်တယ်လှပါသည်။ ထို့ကြောင့် ကျွန်မလည်း ဖားဂတ်ကို တရှိုက်မက်မက် ငေးကြည့်နေမိပါသည်။ ထိုအခိုက်တွင် ကျွန်မအပါးသို့ ရောက်လာသော ဖားဂတ်လည်း ကျွန်မကို ရွှန်းရွှန်းစားစား ပြုံးကြည့်ပြီးနောက် ဖုထစ်ထွားကျိုင်းသော လက်မောင်းကြီးဖြင့် အားပါးတရ ပွေ့ဖက်ထွေးရစ်လိုက်ပါသည်။

*

ဖားဂတ်၏မြင်းရှေ့တွင် ကြော့ကြော့လေးထိုင်ပြီး ကျွန်မလည်း လင်းဖောစံအိမ်ကြီးသို့ လိုက်ပါလာခဲ့ပါသည်။ ထိုအခိုက်တွက် ဖားဂတ်သည် ကျွန်မ၏ခါးကို လက်တစ်ဘက်ဖြင့် ပွေ့ဖက်ရစ်သိုင်းထားရာမှ ပါးပြင်ကို မကြာမကြာင့် မွှေးပါသည်။

“အချစ်ရယ် ... အချစ်ရဲ့ ကိုယ်ခန္ဓာ အချိုးအဆစ် ဒီလောက်တောင် ပြေပြစ်တင့်တယ်မယ်လို့ မောင်မထင်ခဲ့ဘူး။ အချစ်က သိပ်လှတာပဲနော်” ဟု ချီးကျူးပြီး –

“အချစ်သာ ဒီပင်လယ်ကွေ့ကို မနက်စောစောလာပြီး ရေကူးလေ့ရှိတာကို မောင်သိရင် မောင်လဲ ရေအမြဲ လာကူးပါရဲ့”

ဟုလည်း ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

http://www.cherrythitsar.org



"အရင်ရက်တွေလဲ ကျွန်မလာပြီး ရေကူးလေ့ မရှိပါဘူး မောင်ရယ်။ မနေ့ညကသာ အိုက်လွန်းလို့ ပန်းဥယျာဉ်ထဲ ထွက်လမ်းလျှောက်ရာက စိတ်ကူးပေါက်ပြီး ထွက်လာခဲ့မိတာပါ"

ဟု ပြောကြားလိုက်ရာ၊ ဖားဂတ်က –

"မောင်လဲ ဒီအတိုင်းပါပဲ အချစ်ရယ်။ မနေ့ညက မိုးသောက်ယံလောက်မှာ အိုက်လွန်းလို့ ထင်ပါရဲ့။ အိပ်ရာက မောင်လန့်နိုးတယ်။ အပြင်ဘက် ကြည့်လိုက်တော့လဲ လက ထိန်ထိန်သာနေတယ်။ ဒါကြောင့် နေအရှဏ်တက်ချိန်အရောက် ဟောဒီပင်လယ်ကွေ့ကို မောင် မြင်းစီးလာပြီး ရေကူးတာပါပဲ။ ဟောဒီပင်လယ်ကွေ့က ဒီအနီးဝန်းကျင်က ပင်လယ်ကွေ့တွေထဲမှာ အသာယာဆုံး အလှပဆုံးမဟုတ်လား"

ဟု ဖြေပါသည်။

ထိုစကားကိုကြားလျှင် 'ဤပင်လယ်ကွေ့သို့ မြင်းစီးထွက်လာသော ဖားဂတ်သည် ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့သို့ ဖြတ်လာရပေမည်။ ထိုသို့ ဖြတ်အလာ၌ မာရီယာမက်ဝဲ ဦးဆောင်သွားသော နီဂရိုးကျွန်တန်းကြီးနှင့် မဆုံခဲ့နိုင်ဘူးလော။ ထို့ပြင် ဆန်ဖရန်စစ္စကိုပင်လယ်ကွေ့၌ ဆိုက်ကပ်ထားသော ကျွန်သင်္ဘောကြီးကိုကော မတွေ့မမြင်ခဲ့ဘူးလော' ဟု တွေးတောမိပါသည်။ ထိုအခါ 'မာရီယာမက်ဝဲ ကျွန်ကုန်ကူးခြင်းကို ဖားဂတ်သိရှိပြီး အကူအညီများ ပေးနေသလော' ဟု သံသယစိတ်တို့ ဖျတ်ခနဲ ဖြစ်ပေါ်လာမိပါသည်။

သို့သော် ... သို့သော် ... ဤပင်လယ်ကွေ့သို့လာရာ၌ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ကို ဖြတ်လာရမည်မှန်သော်လည်း လမ်းအသွယ်သွယ်ရှိသည့်အတွက်ကြောင့် မာရီယာ ဦးဆောင်သော ကျွန်တန်းကြီးနှင့် မဆုံဘဲ လွဲနိုင်ပါသည်။ ထို့ပြင် ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ကို ဖားဂတ်ဖြတ်လာချိန်၌ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့၌ ဆိုက်ထားသော ကျွန်သင်္ဘောကြီးမှာ ကျောက်ဆူးနှုတ်၊ ရွက်လွှင့်ထွက်သွားပြီးဖြစ်၍ ဖားဂတ် မတွေ့မမြင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုအချက်တို့ကြောင့် ကျွန်မလည်း ဖျတ်ခနဲ ဖြစ်ပေါ်လာမိသော သံသယစိတ်ကို ချက်ချင်း ချေဖျက်ပစ်လိုက်မိပါသည်။

ကျွန်မသည် ဖားဂတ်အပေါ်၌ သံသယမဖြစ်ချင်ပါ။ ဖားဂတ်ကို ကျွန်မ အကြွင်းမဲ့ ယုံချင်ပါသည်။ ဖားဂတ်ကို အကြွင်းမဲ့ယုံသောကြောင့်လည်း 'မယ့်တစ်ကိုယ်လုံး၊ လိုရာသုံးသက်ဝေ' ဟု ကျွန်မ တစ်ကိုယ်လုံးကို ဖားဂတ်အား အပြုးမပျက်ဘဲ ပုံအပ်ခဲ့သည် မဟုတ်ပါလော။ ဖားဂတ်သည် ကျွန်မ၏

အသည်းပန်းသခင် ဖြစ်လေရာ၊ 'ကောင်းလျှင် စံ၍ ဆိုးလျှင် ခံရန်' ကျွန်မ စိတ်နှလုံးကို တုံးတုံးချထားပြီးပြီ မဟုတ်ပါလော။

ဤသို့ တွေးတောရင်း ဖားဂတ်၏ ရင်ခွင်ကိုမှီကာ လိုက်ပါခဲ့ရာ၊ မကြာမီ လင်းဖောစံအိမ်ကြီးအပါးသို့ ရောက်လာခဲ့ပါသည်။ ထိုအခါ ဖားဂတ်လည်း ကျွန်မပခုံးပြင်ကို တယုတယ ငုံ့မွှေးရင်း –

"အချစ်ရေ ... မောင်တို့နဲ့ ပတ်သက်တဲ့ကိစ္စအဝဝကို မောင့်ကို ယုံယုံကြည်ကြည် လွှဲအပ်ထားနော်။ မောင် အားလုံးစီစဉ်ပါ့မယ်"

ဟု ပြောကြားပါသည်။

ထို့နောက် လင်းဖောစံအိမ်ကြီး၏ နောက်ဘက်ရှိ မြင်းဇောင်းသို့ မြင်းကို ခပ်တည်တည် စီးဝင်သွားပြီး၊ ကျွန်မအား မြင်းပေါ်မှ ဆင်းရန် အကူအညီပေးပါသည်။ ထို့နောက် ကျွန်မ၏လက်ကို ပိုင်စိုးပိုင်နင်းကိုင်ပြီး၊ လင်းဖောစံအိမ်ကြီး၏ ဗဟိုခန်းမတွင်းသို့ ရဲရဲတင်းတင်း ဝင်လာခဲ့ပါသည်။

ဗဟိုခန်းမတွင်း၌ လူအားလုံး စုံစုံလင်လင် ရှိနေပါသည်။ မာရီယာသည် ညက အိပ်ရေးဝဝ အိပ်ထားရဟန်သကဲ့သို့ မျက်နှာ လန်းလန်းဆန်းဆန်း ရွှင်ရွှင်ကြည်ကြည် ရှိနေပါသည်။ အယ်လစ်တာကမူ အဝတ်အစားကို သပ်ရပ်ခံ့ညားစွာဝတ်ဆင်ထားပါသည်။ မစ္စတာ အင်ဒရူးမှာမူ ဆိုဖာနီကြီးထက်၌ ထိုင်ပြီး မှိန်းနေပါသည်။

ခန်းမတွင်းသို့ ကျွန်မနှင့် ဖားဂတ် လက်တွဲပြီး ဝင်လာသည်ကို မြင်သောအခါ မစ္စတာ အင်ဒရူးက ဝမ်းသာအားရပြုံးလိုက်ပါသည်။ အယ်လစ်တာက –

"ကျွန်တော်တို့က စိုးရိမ်နေကြတာ" ဟု ပြောကြားလိုက်ပြီး မာရီယာကမူ နှုတ်ခမ်းကိုတွန့်ကာ မဲ့ပြလိုက်ပါသည်။ သို့သော် မာရီယာ၏ မျက်လုံးအစုံ၌ စိုးရိမ်ကြောင့်ကြသည့်အသွင်တို့ ယှက်သန်း အုံ့မှိုင်းထားပါသည်။

ဖားဂတ်သည် ကျွန်မလက်ကို ပိုင်စိုးပိုင်နင်းကိုင်ပြီး မစ္စတာ အင်ဒရူးရှေ့သို့ ခေါ်သွားပါသည်။ ထို့နောက် အေးဆေးတည်ငြိမ်သော အမူအရာဖြင့်

"ဖေဖေ ... ကျွန်တော်နဲ့ ဖီသြနာတို့ လက်ထပ်ထိမ်းမြားကြပါတော့မယ်။ အမြန်ဆုံးစီစဉ်ပေးပါနော်" ဟု ပြောကြားလိုက်ပါသည်။ ထို့နောက် မာရီယာကို လုံးဝ လှည့်မကြည့်ဘဲ ကျွန်မကို ပြုံးကြည့်ပြီး –

"အချစ်ရေ ... အချစ်ရဲ့အခန်းကို သွားပြီး အနားယူပေတော့။ မောင်လဲ မကြာမီ ပြန်လာမယ်" ဟု ပြောကြားလိုက်ပါသည်။

http://www.cherrythitsar.org



ဖားဂတ်သည် ကျွန်မအား ကြိုတင်ပြီး လက်ထပ်ခွင့်မတောင်းခဲ့ဖူးပါ။ ဤသို့ ကြိုတင်လက်ထပ်ခွင့် မတောင်းခဲ့သော်လည်း ကျွန်မနှင့် လက်ထပ်ထိမ်းမြားမည့်အကြောင်းကိုမူ ယခုအခါ၌ အတိအလင်း ဖွင့်ဟပြောကြားလိုက်ပါပြီ။ ဤသို့ အတိအလင်း ဖွင့်ဟပြောကြားလိုက်ခြင်းမှာ ကျွန်မကို ယုံသောကြောင့် ဖြစ်ပါသည်။ ဤနည်းဖြင့် ဖားဂတ်သည် ကျွန်မကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးချစ်သည့် မေတ္တာထုထည်ကို ဖွင့်ဟပြလိုက်ပါသည်။ ထို့အတူ ဖားဂတ်အပေါ်၌ သို့လော သို့လော တွေးတောယုံမှားနေသော ကျွန်မ၏ သံသယတို့သည်လည်း နေခြည်အောက်၌ နှင်းပေါက်နှင်းစက်တို့ လွင့်ပျက်သွားသကဲ့သို့ ပျက်ပြယ်သွားခဲ့ပါတော့သည်။

***

[ ၈ ]

# မင်္ဂလာသတင်း ကြေငြာပြီးနောက်

ဖားဂတ်ပြောသည့်အတိုင်း ကျွန်မလည်း အပေါ်ထပ် အိပ်ခန်းသို့ တက်လာပြီး နောက် ရေမိုးချိုးလိုက်ပါသည်။ ထို့နောက် အိပ်ရာ၌ လဲလျောင်းလိုက်ရာ၊ ကျွန်မအပါးရှိ ချာရီတီက –

"ဆရာမနဲ့ သခင်လေး ဖားဂတ်ကို လက်ထပ်ထိမ်းမြားတော့မယ် နော်။ ကျွန်မ ဝမ်းသာလိုက်တာ ဆရာမရယ်။ ဒါပေမဲ့ သခင်မ မင်္ဂလာသတင်း အတိအလင်း ကြေငြာလိုက်တဲ့အတွက် သခင်မ မာရီယာတော့ ဆွေ့ဆွေ့ခုန် အောင် ဒေါသူပုန်ထတော့မှာပါ။ ပြီးတော့ ဆရာမကိုတောင် မနာလိုဝန်တိုစိတ်နဲ့ သေကြောင်းကြံချင် ကြံလိမ့်မယ်။ သတိသာ ထားနေပေတော့"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက အိပ်ရာထက်၌ လဲလျောင်းနေရာမှ ချာရီတီဖက် သို့ လှည့်ပြီး –

"မာရီယာမှာ ဆရာမကို မနာလို ဝန်တိုစရာ အကြောင်းမရှိပါဘူး ကွယ်။ သူ့မှာ လင်နဲ့သားနဲ့ပါ။ ပြီးတော့ ကြီးမားကျယ်ပြန့်တဲ့ စိုက်ခင်းကြီး တွေလဲ ပိုင်ဆိုင်ထားတာပဲ"

ဟု ပြောကြားရာ၊ ချာရီတီက –

http://www.cherrythitsar.org



"သခင်မ မာရီယာက ဒီလောက်နဲ့ ရောင့်ရဲတင်းတိမ်တဲ့ သူစားမျိုးမှ မဟုတ်တာ။ ပြီးတော့ သခင်လေး ဖားဂတ်ကိုလဲ အလွယ်တကူ လက်လွှတ်လိမ့်မယ် မထင်ဘူး"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ပိုပြီး ရှင်းအောင် ပြောစမ်းပါ ချာရီတီ" ဟု ဆိုလိုက်ရာ ချာရီတီက

"သခင်လေး ဖားဂတ် အခုထက်ထိ လက်မထပ်သေးတာ ဘာအကြောင်းကြောင့်လို့ ဆရာမတွေးထင်ထားသလဲ။ မာရီယာက ဖားဂတ်ကို မက်လုံးပေးပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားလို့ပေါ့။ သခင်ကြီး အင်ဒရူးကွယ်လွန်သွားတဲ့အခါမှာ သခင်မ မာရီယာက သခင်လေး ဖားဂတ်ကို ဆက်ပြီး လက်ထပ်ဖို့ အစီအစဉ်ရှိခဲ့တယ် ဆရာမရဲ့။ ဒါကြောင့် သခင်ကြီးအင်ဒရူး မြန်မြန်သေအောင်ဆိုပြီး အရက်တွေ နင်းကန်သောက်အောင် မြှောက်မြှောက်ပေးတာပေါ့" ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဖားဂတ်လက်မထပ်ဖြစ်တာက သဘောကျနှစ်သက်တဲ့လူ မတွေ့သေးလို့ ဖြစ်မှာပေါ့ ချာရီတီရယ်။ မာရီယာကို စွဲလန်းတပ်မက်ပြီး မာရီယာနဲ့ လက်ထပ်ရအောင် တမင်စောင့်ဆိုင်းနေတာ မဖြစ်နိုင်ပါဘူး" ဟု ပြောလိုက်ရာ၊ ချာရီတီက –

"သိပ်ဖြစ်နိုင်ပါတယ် ဆရာမရယ်။ မာရီယာရဲ့ လက်စွဲတော် ဂျူနီတာဟာ မှော်ပညာမှ တစ်ဖက်ကမ်းခတ် တတ်တယ် ဆရာမရဲ့။ အဲဒီဂျူနီတာရဲ့ မှော်ပညာစွမ်းနဲ့ မာရီယာဟာ သခင်လေး ဖားဂတ် အရူးအမူးစွဲလန်းနေအောင် ပြုစားထားတယ်တဲ့"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ကိုင်း ... အခုကော ချာရီတီ။ ဖားဂတ်ဟာ မာရီယာကို အရူးအမူး စွဲလန်းသေးရဲ့လား။ မာရီယာကို အရူးအမူး စွဲလန်းရင် ဆရာမကို လက်ထပ်ပါ့မလား"

ဟု မေးလိုက်ရာ၊ ချာရီတီက –

"ဒါကတော့ ဆရာမမှာလဲ ထူးခြားတဲ့ မှော်ပညာရှိနေလို့ ဖြစ်မှာပေါ့။ ဆရာမမှာ ဒီလိုထူးခြားတဲ့ မှော်ပညာရှိနေတဲ့အကြောင်းကို ဂျူနီတာက သခင်မ

http://www.cherrythitsar.org



မာရီယာကို ပြောနေတာတောင် ကျွန်မ ကြားထားမိပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ဆရာမအနေနဲ့ ဖားဂတ်ကို အမြန်ဆုံး လက်ထပ်စေချင်ပါတယ်”

ဟု ပြောကြား အကြံပေးပါသည်။

ထိုအခါ ကျွန်မလည်း အိပ်ရာထက်၌ ပြန်လှဲလိုက်ရင်း ပြုံးပြီး –

“ချာရီတီရယ်၊ လောကမှာ မှော်ပညာဆိုတာ တကယ်မရှိပါဘူး ကွယ်” ဟု ပြောလိုက်ရာ၊ ချာရီတီက –

“ဆရာမတို့ လူဖြူတွေဟာ မှော်ပညာမရှိပါဘူးလို့ ပါးစပ်က တဖွဖွ ပြောတတ်ပါတယ်။ ကျွန်မတို့တစ်တွေ မှော်ပညာအကြောင်း ပြောဆိုဆွေးနွေး တာ ကြားတဲ့အခါမှာလဲ အပြစ်ဒဏ်ပေးတတ်ပါတယ်။ ဆရာမ လူဖြူတွေသာ မှော်ပညာမရှိဘူး။ မှော်ပညာကို မယုံဘူးဆိုရင် ဘာကြောင့် မှော်ပညာကို ကြောက်ရွံ့ကြတာလဲ ဆရာမရယ် ... ကျွန်မတို့ နီဂရိုးတွေရဲ့ မှော်ပညာအစွမ်း ကြောင့် လူဖြူတွေ သေသေကုန်တာကို ကျွန်မ ကိုယ်တွေ့မျက်မြင်ပါ။ သခင် ကြီး အင်ဒရူးကို မြန်မြန်သေအောင် သခင်မ မာရီယာဟာ မှော်ပညာနဲ့ ပြုစား ထားတယ်လို့တောင် ကျွန်မ ထင်နေမိပါတယ်”

ဟု ပြောကြားပြီးနောက် –

“ဒါပေမဲ့ ဆရာမရေ။ ဆရာမကိုတော့ မာရီယာဟာ ကြောက်လန့်နေ ပုံရပါတယ်။ ဆရာမကို သခင်မ မာရီယာက မှော်ပညာနဲ့ ပြုစားပေမယ့် ဆရာမ ရဲ့ ထူးခြားတဲ့ မှော်ပညာက ပိုပြီး အစွမ်းထက်တဲ့အတွက် ဆရာမ ဘာမှ နာ မကျန်းမဖြစ်ဘဲ နေတာပေါ့နော်”

ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

“ချာရီတီရယ်၊ ကျွန်မမှာ ထူးခြားတဲ့ မှော်ပညာကို မတတ်ပါဖူး ကွယ်” ဟု ပြောလိုက်ရာ၊ ချာရီတီက –

“ဆရာမမှာ ထူးခြားတဲ့ မှော်ပညာရှိပါတယ်။ ဒါကြောင့်လဲ အနာ ဂတ်ကာလမှာ ဖြစ်ပျက်ကြုံတွေ့ရမယ့် အဖြစ်အပျက် အကြောင်းအရာတွေကို ဆရာမ ကြိုတင်ပြီးသိမြင်တာပေါ့”

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ပင်ပန်းနွမ်းနယ်နေသော ကျွန်မလည်း မည်သို့မှ ပြန်မပြော တော့ဘဲ မျက်စိကို အသာမှိတ်ထားလိုက်ပါသည်။ ဤတွင် ချာရီတီလည်း ကျွန်မအပါးမှ အသာခြေဖျားထောက်ပြီး ထွက်ခွာသွားပါတော့သည်။

http://www.cherrythitsar.org



မျက်စိကို အသာမှိတ်ထားသော်လည်း ကျွန်မမှာ အိပ်မပျော်နိုင်တော့ပါ။ အာဖရိကက လာသော နီဂရိုးများနှင့် အတူ ထူးခြားဆန်းကြယ်သော မှော်အတတ်ပညာ ပါလာသည်ဟု ပြောသံဆိုသံကို ကျွန်မ ကြားဖူးပါသည်။ သို့သော် ကျွန်မသည် ထိုမှော်အတတ်ပညာကို လုံးဝ အယုံအကြည် မရှိသည့် အတွက် စိတ်အနှောင့်အယှက် လုံးဝ မဖြစ်ပါ။ သို့သော် – သို့သော် 'မာရီယာက ဖားဂတ်ကို အလွယ်တကူ လက်လွှတ်မည်မဟုတ်' ဟူသော သတင်းစကားကမူ ကျွန်မကို အကြီးအကျယ် စိတ်အနှောင့်အယှက် ပေးပါတော့သည်။

ကျွန်မလည်း အမျိုးမျိုး တောင်တောင်အီအီ တွေးပြီး အိပ်ရာထက်၌ လူးလိမ့်နေရာ နောက်ဆုံး၌ မေးခနဲ အိပ်ပျော်သွားပါတော့သည်။

အိပ်ရာမှနိုး၍ မျက်လုံးကို အသာဖွင့်လိုက်သောအခါ ကျွန်မအပါး၌ ရပ်စောင့်နေသူမှာ ချာရီတီ မဟုတ်ဘဲ၊ မာရီယာ၏ လက်စွဲ နီဂရိုး ဂျူနီတာ၏ အငယ်ဆုံးသမီးဖြစ်သော ဖလော်ရာ ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်မက–

"ချာရီတီကော" ဟု မေးလိုက်ရာ အရပ်ပိန်ပိန်ပါးပါးနှင့် ထက်မြက်ပါးနပ်သော မျက်နှာရှိသည့် ဖလော်ရာက –

"ချာရီတီ ဖျားနေတယ် ဆရာမ။ ဒါကြောင့် ဆရာမ လက်တိုလက်တောင်း ခိုင်းတာကို ဆောင်ရွက်ပေးဖို့ သခင်မ မာရီယာက ကျွန်မကို လွှတ်လိုက်ပါတယ်" ဟု ဖြေကြားပါသည်။

ထိုအခါ ကျွန်မက –

"ချာရီတီ ဖျားနေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူးကွယ်။ ဆရာမ အိပ်မပျော်ခင်ကတောင် ချာရီတီနဲ့ အကြာကြီးစကားပြောခဲ့သေးတာပဲ" ဟု မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်ရာ၊ ဖလော်ရာလည်း မျက်နှာကို အသာလွှဲပြီး –

"ကျွန်မက သခင်မ မာရီယာ ပြောတဲ့အတိုင်း ပြောရတာပါ။ ဆရာမ ခိုင်းစရာရှိရင် ကျွန်မကို ခိုင်းပါ"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ခိုင်းစရာ မရှိပါဘူးကွယ်" ဟု ပြောကြားလိုက်ပါသည်။ သို့သော် နီဂရိုးမလေး ဖလော်ရာသည်။ အခန်းထဲက ထွက်မသွားဘဲ ကျွန်မ၏ အဝတ်အစားများကို ခေါက်ခြင်း ဗီရိုအံဆွဲများကို ရှင်းလင်းခြင်းတို့ကို ဆက်ပြီး လုပ်နေပါသည်။

ကျွန်မလည်း ဒန်ကင်လေးနှင့် နေ့လယ်စာစားပြီးနောက် အယ်လစ်တာကို လိုက်ရှာပါသည်။ သို့သော် အယ်လစ်တာကို မည်သည့်နေရာတွင်မှ ရှာမတွေ့ပါ။ ထို့ကြောင့် အိမ်တော်စိုးဒူဂယ်ထံသို့ သွားပြီး "အယ်လစ်တာကို မြင်တွေ့ပါသလော" ဟု မေးမြန်းကြည့်ရာ အိမ်တော်စိုး ဒူဂယ်က –

"သခင်လေး အယ်လစ်တာ မရှိတော့ဘူး ဆရာမ။ ပြန်သွားပြီ"

ဟု ဖြေကြားပါသည်။

ထိုအခါ ယမန်နေ့ညက ကျွန်မတွေ့ထား မြင်ထားသမျှကို အယ်လစ်တာအား အလုံးစုံပြောကြားတိုင်ပင်ရန် ကြံရွယ်ထားသော ကျွန်မလည်း အလွန်အမင်းအံ့အားသင့်သွားပြီး "ဟုတ်လား။ ဘယ်တုန်းက ပြန်သွားတာလဲ" ဟု မေးလိုက်ပါသည်။

ထိုအခါ အိမ်တော်စိုး ဒူဂယ်က –

"ဒီနေ့မနက်မှာပဲ အင်္ဂလန်က စာတစ်စောင်ရောက်လာပါတယ်။ အဲဒီစာလဲဖတ်ပြီးရော 'အင်္ဂလန်ကို အမြန်ဆုံးသွားဖို့ ကိစ္စပေါ်နေပြီ' လို့ ပြောပြီး စင်တာမာတာမြို့ကို ချက်ချင်းထွက်သွားပါတယ်။ သခင်လေး အယ်လစ်တာဟာ စင်တာမာတာမြို့က ရေကြောင်းသင့်ရင် မနက်ဖြန်ထွက်မဲ့ သင်္ဘောကိုစီးပြီး လန်ဒန်ကို ပြန်ပါလိမ့်မယ်၊ ဆရာမအိပ်နေတဲ့အတွက် သခင်လေး အယ်လစ်တာက နှုတ်ဆက်မသွားတာပါ။ ဒါပေမဲ့ ဆရာမအတွက်တော့ စာတစ်စောင်ရေးပေးသွားခဲ့ပါသေးတယ်" ဟု ပြောကြားပြီး စာတစ်စောင်ကို ကမ်းပေးပါသည်။

ကျွန်မလည်း အယ်လစ်တာ၏ စာကိုလှမ်းယူပြီးနောက် လဲဝါပင်ကြီးအောက်ရှိ ထိုင်ခုံလေးသို့ လျှောက်သွားပြီး စာကို ဖွင့်ဖတ်လိုက်ပါသည်။

"ချစ်စွာသော ဆရာမဖီသြနာခင်ဗျား။

လန်ဒန်မြို့က ရောက်ရှိလာသောစာအရ လန်ဒန်ရှိ ကုမ္ပဏီ၌ အရေးတကြီးကိစ္စပေါ်ပေါက်နေ၍ လန်ဒန်သို့ ကျွန်တော်အမြန်ဆုံးပြန်သွားရပါသည်။ ယခုအချိန်အခါမျိုး၌ ဆရာမအပါးတွင် ရှိနေဖို့ လိုကြောင်း သိရှိရပါသည်။ ကျွန်တော်ရှိနေပါက ဆရာမ၏ အခက်အခဲကိုများစွာ အကူအညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဆရာမကို ရုတ်တရက်ခွဲခွာသွားရသည့်အတွက် စိတ်မကောင်းပါ။

ဆရာမ၏ ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းသာစေရန် ကျွန်တော်အစဉ်အမြဲ လိုလားတောင့်တပါသည်။

http://www.cherrythitsar.org



ဖားဂတ်နှင့် ဆရာမတို့ အိမ်ထောင်ရေး ပျော်ရွှင်ချမ်းမြေ့ပါစေဟု ဆုတောင်းလိုက်ပါသည်။ ဆရာမသည် မိမိအိမ်ထောင်ကို ပျော်ရွှင်ချမ်းမြေ့အောင် ပြုစွမ်းနိုင်သည့် အရည်အချင်းရှိသည်ဟုလည်း ယုံကြည်ပါသည်။

ဒန်ကင်လေးကိုလည်း ဆရာမအတတ်နိုင်ဆုံးကြည့်ရှုစောင့်ရှောက်ပါ။ လူတော်လူကောင်းဖြစ်အောင် ဆုံးမပဲ့ပြင် သွန်သင်ပေးပါဟုလည်း ပန်ကြားပါသည်။

အချိန်မရ၍ ဆရာမကို ကိုယ်တိုင်နှုတ်မဆက်ဘဲစာရေး၍ နှုတ်ဆက်ရသည်ကို ခွင့်လွှတ်စေချင်ပါသည်" တဲ့။

အယ်လစ်တာ၏ စာမှာ တိုတိုလေးသာ ထင်ပါသည်။ ထိုစာတိုတိုလေးကို ဖတ်ရှုနေဆဲခဏ၌ ကျွန်မသည် ယဉ်ကျေးသိမ်မွေ့ပြီး လူကြီးလူကောင်းပီသသော ကျွန်မကို အစဉ်အမြဲ အကူအညီပေးတတ်ပြီး ခင်မင်အားကိုးစရာကောင်းလှသော အယ်လစ်တာ၏ရုပ်သွင်ကို မြင်ယောင်လျက်ရှိပါသည်။

'အယ်လစ်တာ ထွက်ခွာသွားပြီ' ဟူသော အသိကြောင့် ကျွန်မ၏နှလုံးသားအတွင်း၌ စိုးရွံ့ထိတ်လန့်ခြင်းဝေဒနာသည် ပထမဆုံးအကြိမ်ပေါ်ပေါက်ခံစားလာရပါသည်။ ထို့နောက် နေရောင်အောက်၌ တောက်ပခံ့ညားနေသော လင်းဖောစ်အိမ်ကြီးကို ငေးကြည့်နေမိပါသည်။

*

ညစာစားပွဲသို့ ကျွန်မတက်ရောက်ကာနီးတွင် နီဂရိုးမလေး ဖလော်ရာသည် ကျွန်မဝတ်စားဆင်ယင်ရာ၌ အကူအညီပေးဖို့အတွက် ကျွန်မအခန်းသို့ ရောက်လာပါသည်။ ထိုအခါ ကျွန်မက

"ချာရီတီ မလာနိုင်ဘူးလား။ ဖျားနေတုန်းပဲလား" ဟု မေးလိုက်ရာ၊ ဖလော်ရာက အသာခေါင်းရမ်းပြီး –

"ကျွန်မ မသိပါဘူး ဆရာမ။ သခင်မ မာရီယာက ဆရာမဆီကို သွားပြီး ခိုင်းတာလုပ်ပေးဖို့ စေလွှတ်လိုက်တဲ့အတွက် လာခဲ့ရတာပါ"

ဟု ပြောကြားသည်။

ထိုအခါကျွန်မလည်း မည်သို့မှ မပြောတော့ဘဲ ဖလော်ရာ ခေါင်းဖီးပေးသည်ကို ငြိမ်ခံနေလိုက်ပါသည်။ ကျွန်မဆံပင်ကို ကတ်ကြေးဖြင့် ဖြတ်နေသည်ဟု ခံစားရသောကြောင့် ဆတ်ခနဲ နောက်လှည့်ကြည့်ရာ ကတ်ကြေးတစ်လက်ကိုင်ထားသော ဖလော်ရာကို တွေ့ရပါသည်။

ထိုအခါ ကျွန်မလည်း ဖလော်ရာ၏ လက်ထဲက ကတ်ကြေးကို ပုတ်ချရင်း –

"ဒါက ဘာလုပ်တာလဲ ဖလော်ရာ" ဟု ဒေါသတကြီး အော်မေးလိုက်ရာ ဖလော်ရာလည်း ကြောက်လန့်တကြားမော့ကြည့်ရင်း ဖြတ်ထားသော ဆံပင်တွေကို ကိုင်ကာ

"ဆရာမရဲ့ ဆံပင်တချို့က ပိုပြီး ရှည်နေတာကြောင့် ညီသွားအောင် ညှိပေးတာပါ"

ဟု ဖြေပါသည်။

ထိုအခါ ကျွန်မလည်း ထိုင်ရာမှထရင်း –

"ငါ့ဆံပင်ကို ဖြတ်ချင်တဲ့အခါမှာ ငါပြောမယ်။ ငါမပြောဘဲနဲ့တော့ ငါ့ဆံပင်ကို ဒီလိုမလုပ်နဲ့"

ဟု ပြောကြားပြီးနောက် –

"သွား သွား။ ငါ့အလုပ်ကို ငါပဲလုပ်မယ်။ ညည်းကို မလိုချင်ဘူး"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ဖလော်ရာက ရှိုက်ငိုရင်း

"ဆရာမရယ်။ ကျွန်မကို ခွင့်လွှတ်ပါ။ ဆရာမကို အကူအညီမပေးရကောင်းလားဆိုပြီး သခင်မ မာရီယာက ရိုက်နေပါဦးမယ်"

ဟု ပြောကြားရာ၊ ကျွန်မက –

"ငါပြန်လွှတ်လိုက်တဲ့အကြောင်းကို မာရီယာကို ငါပြောပေးမယ်။ ညည်းသာပြန်ပါ" ဟု ပြောကြားပါသည်။

ထိုအခါ ဖလော်ရာလည်း လုံးထွေးထားသော ကျွန်မဆံပင်ထွေးကို ကောက်ယူပြီး အခန်းတွင်းမှ တုန်တုန်ရီရီနှင့်ထွက်ခွာသွားပါတော့သည်။

*

ဖလော်ရာထွက်ခွာသွားလျှင် သွားချင်း ကျွန်မလည်း အိမ်နောက်ဖက်ရှိ ကျွန်တန်းလျားသို့ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့ပါသည်။ ကျွန်တန်းလျားရှိ ကျွန်အချို့က ထမင်းဟင်းချက်ပြုတ်နေပြီး ကျွန်အများစုမှာ ကိုယ့်အစုနှင့် ကိုယ်ဝိုင်းဖွဲ့ပြီး စကားပြောနေကြပါသည်။

ကျွန်မလာသည်ကို မြင်ကြသော်လည်း မည်သူမှ ကြိုဆိုနှုတ်ဆက်ခြင်းမရှိပါ။ ကျွန်မလည်း ဝိုင်းဖွဲ့စကားပြောနေသော လူစုရှိရာသို့ လျှောက်သွားပြီး –

http://www.cherrythitsar.org



"ချာရီတီ ဘယ်မှာလဲ" ဟု မေးလိုက်ရာ အားလုံးပင် ခေါင်းခါပြကြပါသည်။

"ချာရီတီရဲ့တဲက ဘယ်တဲလဲ" ဟု ထပ်မေးလိုက်ရာ တဲတစ်လုံးကို လက်ညှိုးညွှန်ပြကြပါသည်။ သို့သော် မည်သူမှစကားပြန်မပြောကြပါ။

ကျွန်မလည်း ချာရီတီ၏တဲသို့ သွားကြည့်ရာ တဲမှာမှောင်မည်းနေပြီး အထဲ၌ မည်သူမှ မရှိပါ။ ထို့ကြောင့် ထိုလူစုရှိရာသို့ ပြန်လျှောက်လာပြီး

"ဆမ်မြူရယ်ကော ဘယ်မှာလဲ" ဟု ထပ်မေးရာ အားလုံးပင် မြင်းဇောင်းသို့ လက်ညှိုးညွှန်ပြကြပါသည်။ ထို့ကြောင့် မြင်းဇောင်းသို့ လျှောက်သွားရာ မြင်းတစ်ကောင်ကို ပွတ်တိုက်သန့်ရှင်းနေသော ဆမ်မြူရယ်ကို တွေ့ရပါသည်။

ထိုအခါ ကျွန်က –

"ချာရီတီ ဘယ်မှာလဲ" ဟု မေးလိုက်ရာ ဆမ်မြူရယ်က ဆို့နင့်သော အသံဖြင့် –

"ချာရီတီမရှိတော့ဘူး ဆရာမ။ သခင်မ မာရီယာကပဲဘက်ကျွန်းက လူတစ်ယောက်ကို ရောင်းပစ်လိုက်ပြီလို့ ပြောတယ်"

ဟု ပြန်ဖြေပါသည်။

ထိုအခါ ကျွန်မက –

"ချာရီတီကိုရောင်းပစ်လိုက်တယ် ဟုတ်လား"

ဟု တအံ့အသြမေး လိုက်ရာဆမ်မြူရယ်က –

"ဟုတ်ပါတယ် ဆရာမ။ ချာရီတီနဲ့အတူ ကျွန်တော်နဲ့ရတဲ့ သားလေးလဲ ပါသွားပါတယ်" ဟု ဖြေကြားပြီးနောက် –

"ချာရီတီတို့ သားအမိ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် ရိပ်စားမိပါတယ်။ ချာရီတီတို့ သားအမိကို ကျွန်တော် ရအောင်ပြန်ခေါ်ပါ့မယ်"

ဟု ပြောကြားသည်။

ထိုအခါ ကျွန်မက –

"ချာရီတီတို့သားအမိကို ရောင်းပြီးပြီလို့ ထင်ပါသလား"

ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က အသာခေါင်းယမ်းပြရင်း –

"အခုလောလောဆယ်တော့ မရောင်းရသေးဘူး ထင်ပါတယ်။ ဒါပေမဲ့ ချာရီတီတို့ သားအမိကို ရောင်းပစ်မှာတော့ သေချာပါတယ်။ သခင်မ မာရီယာ ဘာတွေလုပ်နေတယ်ဆိုတာကို မနေ့ညက ဆရာမကိုယ်တိုင် မျက်ဝါးထင်

http://www.cherrythitsar.org



ထင် မြင်ခဲ့သားပဲ။ ကျွန်တော့်အနေနဲ့ကတော့ ချာရီတီတို့ မိသားစုကို ရောင်း မပစ်နိုင်အောင် အစွမ်းကုန်ဆောင်ရွက်ရမယ်"

ဟု ပြောကြားသည်။

ထိုအခါ ကျွန်မလည်း အတန်ကြာ တွေဝေစဉ်းစားနေပြီးနောက် –

"ချာရီတီတို့မိသားစုကို ဘာကြောင့် ဒီလိုရောင်းပစ်တယ်လို့ ထင် ပါသလဲ"

ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က –

"ကျွန်တော့်အထင်ပြောရရင် ချာရီတီဟာ ဆရာမကို သိပ်ပြီး လေး စား ခင်မင်နေတယ်။ ပြီးတော့ သခင်မ မာရီယာ သိချင်ကြားချင်တဲ့ ဆရာမနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလဲ ပြန်မပြောဘူး။ ဆရာမနဲ့ ပတ်သက် ပြီး သခင်မ မာရီယာ ဆောင်ရွက်ခိုင်းတဲ့ ကိစ္စတွေကိုလဲ ဆောင်ရွက်မပေးဘူး။ ဒါကြောင့် မာရီယာ က ဒေါသအမျက်ထွက်ပြီး ချာရီတီကို ရောင်းပစ်တာလို့ ထင်တာပဲ"

ဟု ပြောကြားပါသည်။

ဆမ်မြူရယ်၏စကားကို ကြားရသောအခါ ကျွန်မလည်း ချာရီတီ အတွက် စိတ်မကောင်းနိုင်ဘဲ ငေးငိုင်နေမိပါသည်။ ထို့နောက်မှ –

"ချာရီတီတို့သားအမိကို ရောင်းမပစ်နိုင်အောင် ကျွန်မတို့ ဘာလုပ် ကြမလဲဟင်" ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က နာကျည်းသော အသံကြီးဖြင့်–

"ကျွန်တော်တို့ ဘာများတတ်နိုင်မှာလဲ ဆရာမ။ ဒီလို အရောင်းမခံ ချင်ရင် ထွက်ပြေးဖို့ နည်းလမ်းပဲ ရှိတယ်။ ဒီလိုထွက်ပြေးမယ်ဆိုတော့လဲ ကျွန် တော်တို့ ဘယ်ကို ထွက်ပြေးကြမလဲ။ ကျွန်တော်တို့အဖို့ ပြေးစရာ မြေရှိလို့ လား။ ထွက်ပြေးလို့မိရင်လဲ သေဒဏ်အပြစ်ခံရပြန်တယ်။ အို ...ဆရာမရယ်၊ ကျွန်တော်တို့အဖို့မှာတော့ လွတ်လမ်းမမြင်ပါဘူး။ လူဖြူသခင်တွေဟာ ကျွန် တော်တို့ရဲ့ လုပ်အားကို ဖျစ်ညှစ်ထုတ်ယူပြီး သေတဲ့အထိ အလုပ်ခိုင်းတာပါပဲ။ ကျွန်တော်တို့အဖို့ သေတော့မှပဲ ဒီဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်နိုင်ပါ တယ်" ဟု ပြောကြားသည်။

ထိုအခါ ကျွန်မလည်း အလွန်အမင်း စိတ်ထိခိုက်လာသောကြောင့် ဆမ်မြူရယ် ရှေ့တွင်ပင် မျက်ရည်ကျမိပါသည်။ ထို့နောက် ကျွန်မအခန်းသို့ ဒရောသောပါး ပြေးလာပြီး အိပ်ရာထက်၌ အလျားမှောက်ပြီး အားရပါးရ ငို ကြွေးမိပါသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် 'လူလူချင်း သနားညှာတာခြင်း ကင်းသော လူလူချင်း ခေါင်းပုံဖြတ်သော၊ လူလူချင်း ကျွန်ပြုသော ကျွန်စနစ်' ၏ ဆိုးဝါးရက်စက်ပုံတို့ကို တွေးတောကာ 'ကျွန်စနစ် အမြန်ဆုံး ချုပ်ငြိမ်းပပျောက်ပါစေ' ဟု ဆုတောင်းနေမိပါသည်။

*

ထိုနေ့ည ညစာစားပွဲသို့ ကျွန်မ နောက်ကျမှ ရောက်သွားရာ အသင့်ရောက်နေနှင့်သော ဖားဂတ်ကို တွေ့ရပါသည်။ ထိုအခါ ကျွန်မလည်း အားတက်သွားမိရာမှ လစ်လပ်နေသော အယ်လစ်တာ၏ နေရာကို လှမ်းကြည့်ပြီး–

"အယ်လစ်တာလဲ ပြန်သွားပြီနော်"

ဟု အမှတ်မထင် ရေရွတ်လိုက်မိပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"အယ်လစ်တာ ပြန်သွားတာဟာ တစ်နည်းတော့ ခပ်ကောင်းကောင်းပါပဲ။ အယ်လစ်တာ ရှိနေရင် ပြုပြင်ရေးတရားတွေ ဟောတာကို နားညည်းလောက်အောင် နားထောင်နေရဦးမယ်"

ဟု ပြောကြားရာ ကျွန်မက –

"အခုအချိန်က ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမယ့် အချိန်အခါဖြစ်ပါတယ်။ အရာခပ်သိမ်း ပြုပြင်ပြောင်းလဲပစ်ဖို့ လိုအပ်နေပါပြီ။ ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်တာဟာ မှန်ပါတယ်"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ဖားဂတ်က –

"သြော် – အချစ်ကလဲ နိုင်ငံရေးသမားတစ်ပိုင်း ဖြစ်လာပါပကော"

ဟု ပြောကြားလိုက်ရာ ကျွန်မက အသာပြုံးလိုက်ပြီး –

"နိုင်ငံရေးထဲ အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်ဖို့ အချိန်မတန်သေးပါဘူး။ ဒါကြောင့် နိုင်ငံရေးထဲ ခြေစုံပစ်ဝင်မှာကို မောင် မစိုးရိမ်ပါနဲ့။ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာတော့ ကျွန်မ အကြွင်းမဲ့ လက်ခံယုံကြည်ထားပါတယ်"

ဟု ပြောကြားလိုက်ပါသည်။ ထို့နောက် –

"အင်း ... အယ်လစ်တာ ပြန်ခါနီးမှာ နှုတ်မဆက်လိုက်တဲ့အတွက် စိတ်တောင် မကောင်းဘူး"

ဟု ပြောကြားလိုက်ပါသည်။

http://www.cherrythitsar.org



ထိုအခါ မာရီယာက –

"ဆရာမက ဒီမနက်မှာ တော်တော် ပင်ပန်းနွမ်းနယ်သွားတယ် မဟုတ်လား။ ဒါကြောင့် ဆရာမ အားပြည့်သွားအောင် နှစ်နှစ်ခြိုက်ခြိုက် အနားယူပါစေဆိုတဲ့ စေတနာနဲ့ အိပ်ရာက မနှိုးတာပါ"

ဟု ခနိုးခနဲ့ ဝင်ပြောပါသည်။ သို့သော် ကျွန်မက မသိကျိုးကျွန်ပြုပြီး အသာပြုံးကာ –

"ဒီလို စေတနာထားတဲ့အတွက် မမကို ကျေးဇူးတင်ပါတယ်။ သြော် ဒါထက် မမရယ်။ ကျွန်မကို ကူညီဆောင်ရွက်ပေးတဲ့ ချာရီတီကို သိပ်လွမ်းတာပဲ။ ချာရီတီကို ရောင်းပစ်လိုက်ပြီဆိုတာ တကယ်လား"

ဟု ပြောကြားမေးမြန်းရာ၊ မာရီယာက –

"ဟုတ်တယ် ချာရီတီကို ရောင်းပစ်လိုက်တယ်။ ချာရီတီ အလုပ်ကောင်းကောင်း မလုပ်တာကြာပြီ။ ဖန်ခွက်၊ ပန်းကန်တွေ ခွဲပစ်တာလဲ မနည်းတော့ဘူး။ ဒါကြောင့် ချာရီတီကို ရောင်းပစ်ရတာပဲ။ သနားညှာတာတဲ့အတွက် ကျာပွတ်နဲ့ ရိုက်နှက်ဆုံးမပြီး အပြစ်ဒဏ်ပေးချင်ပေမယ့် မပေးလိုက်ဘူး"

ဟု မျက်နှာထားတည်တည်နှင့် ပြန်ဖြေပါသည်။

ထိုအခါ ကျွန်မက –

"ချာရီတီ လင်းဖောမှာမွေးတဲ့ မွေးရာပါကျွန်နော်"

ဟု ထပ်မေးရာ၊ မာရီယာက ကျွန်မမျက်နှာကို စိမ်းစိမ်းကြည့်ပြီး–

"ဟုတ်တယ်လေ။ ဒါပေမဲ့ မမကတော့ ချာရီတီကော သူ့သားလေးပါ ရောင်းပစ်လိုက်ပြီ။ ဒီအကြောင်းကို အယ်လစ်တာ သိမသွားတာ သိပ်နာတာပဲ။ ချာရီတီတို့ မိသားစုကို ရောင်းခါနီး တစ်လနှစ်လမှာ မမက အစားအသောက် ကောင်းကောင်း ကျွေးလိုက်တယ်လေ။ ဒီတော့ ရောင်းတဲ့အခါမှာ ငွေပိုပြီးရတာပေါ့"

ဟု ခပ်တင်းတင်း ပြန်ဖြေပါသည်။

ညစာ စားပြီးနောက် ဖားဂတ်နှင့် ကျွန်မတို့လည်း ပန်းဥယျာဉ်တွင်းသို့ အတူလက်တွဲ လျှောက်လာခဲ့ပါသည်။ ထိုအခိုက်တွင် ဖားဂတ်က ကျွန်မ၏ လည်တိုင်ကို ခပ်ဖွဖွ နမ်းရင်း –

"အချစ်ရေ၊ မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်နော်။ မောင်တော့ တစ်ရက်လေးတောင် ဆိုင်းမနေချင်တော့ပါဘူး" ဟု ပြောကြားရာ၊ ကျွန်မက –

http://www.cherrythitsar.org



"မောင့်သဘောပါပဲ မောင်ရယ်။ မောင်က စီမံတာကို နာခံဖို့ အသင့်ပါပဲ" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ဖားဂတ်က –

"မောင်နဲ့ လက်ထပ်တဲ့အတွက် သိပ်ပြီး ချမ်းချမ်းသာသာ နေရမှာတော့ မဟုတ်ဘူးနော်။ မောင်နဲ့ ဝင်တာဆိုလိုကိုပဲ အပိုင်ရမှာ"

ဟု ပြောကြားရာ၊ ကျွန်မက –

"မောင့်အဘိုးနဲ့ အဘွားလဲ ဝင်တာဆိုလိုမှာ ဒီလိုပဲ အတူလက်တွဲပြီး အခြေစိုက်သွားတာပဲ မောင်ရယ်။ ကျွန်မက အလုပ်လုပ်ရမှာကို မကြောက်ပါဘူး။ ဝင်တာဆိုလို ကြီးကျယ်ထွန်းကားအောင် မောင်နဲ့အတူ လက်တွဲပြီး ကျွန်မ အလုပ်လုပ်ပါ့မယ်။ ဆင်းရဲတာ ချမ်းသာတာကို ကျွန်မ မမှုပါဘူး မောင်ရယ်။ မောင်နဲ့အတူနေရတဲ့ ဘဝဟာ ကျွန်မအဖို့ အချမ်းသာဆုံး ဘဝလို့ပဲ မှတ်ပါတယ်"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ဖားဂတ်လည်း –

"ဩော် ... လိမ္မာလိုက်တဲ့ အချစ်လေးရယ်။ ဒီကြောင့်လဲ မောင်အသည်းနစ်အောင် ချစ်ရတာပေါ့"

ဟု ပြောကြားပြီး၊ ကျွန်မကို တယုတယ ပိုက်ထွေးပွေ့ဖက်လိုက်ပါသည်။

*

ပန်းဥယျာဉ်ထဲ၌ ဖားဂတ်နှင့်အတူ လမ်းလျှောက်နေပြီးနောက် ကျွန်မ အခန်းသို့ ပြန်လာရာ၊ ကြမ်းပြင်ပေါ်၌ တင်ပလ္လင်ခွေပြီး အကျထိုင်နေသော နီဂရိုးလေး ဖလော်ရာကို တွေ့ရပါသည်။ ကျွန်မကို တွေ့သောအခါ ဖလော်ရာလည်း ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပါသည်။

ထိုအခိုက်တွင် ကျွန်မက –

"ဖလော်ရာ၊ ဒီမှာ ဘာလာလုပ်တာလဲ" ဟု မေးလိုက်ရာ၊ ဖလော်ရာက ခေါင်းငုံ့ထားရာမှ –

"ဆရာမကို ကူညီဆောင်ရွက်ပေးဖို့ လာတာပါ" ဟု ဖြေပါသည်။

ထိုအခါ ကျွန်မက –

"ငါ့ကို ကူညီဖို့ မလိုဘူးလို့ ညည်းကို ပြောထားတယ် မဟုတ်လား။ ကိုင်း ... ထွက်သွားစမ်း။ ထွက်သွားစမ်း" ဟု ပြောကြားရာ၊ ဖလော်ရာလည်း

http://www.cherrythitsar.org



ကျွန်မကို ဒေါသတကြီး စိုက်ကြည့်ပြီးနောက် အခန်းထဲမှ ချာခနဲ ထွက်ခွာသွားပါသည်။

ထိုညက အိပ်ရာပေါ်သို့ ကျောဆန့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်မလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ ထိုသို့ အိပ်ပျော်နေရာမှ မည်သည့်အကြောင်းကြောင့်မသိ အိပ်ရာမှ ဆတ်ခနဲ လန့်နိုးလာပါသည်။ အခန်းတွင်း၌ မည်သည့်အသံကိုမှ မကြားရသော်လည်း အန္တရာယ်အငွေ့အသက် ရှိနေကြောင်း ချက်ချင်း သိလိုက်ပါသည်။ ထို့ကြောင့် ဖျတ်ခနဲ ထထိုင်ပြီး လှမ်းကြည့်လိုက်ရာ၊ ကျွန်မ ရှေ့တည့်တည့်တွင် ရပ်နေသော ဖလော်ရာ၏ မျက်နှာကို တည့်တည့်ကြီး ကြည့်မိသွားပါသည်။ ကျွန်မလည်း ရုတ်တရက် လန့်ဖျပ်သွားကာ လွှတ်ခနဲ အော်မည်ပြုပြီးမှ –

"ဖလော်ရာ။ ညည်းဘာလာလုပ်ပြန်တာလဲ ဟင်" ဟု အော်မေးလိုက်ပါသည်။

ထို့နောက် ထိုင်ရာမှ ထကာ ဖလော်ရာ၏ ပခုံးကို ကိုင်လှုပ်ရင်း –

"ပြောစမ်း ဖလော်ရာ။ ပြောစမ်း။ ညည်း ဘာလာလုပ်တာလဲ" ဟု ထပ်မေးလိုက်ပါသည်။

ထိုအခါ ဖလော်ရာက –

"ဆရာမ အိပ်ပျော်ရဲ့လားလို့ လာကြည့်တာပါ ဆရာမ။ အခြားအကြောင်းထူး မရှိဘူး" ဟု ခပ်ဝါးဝါး ဖြေလိုက်ရာ၊ ကျွန်မလည်း ဒေါသကို မထိန်းနိုင်တော့ဘဲ ဖလော်ရာ၏ မျက်နှာကို ဖြန်းခနဲ ရိုက်လိုက်ပါသည်။

ထိုသို့ ရိုက်ပြီးလျှင် ပြီးချင်း 'ကျွန်မပြုသမျှ ငုံ့ခံရမည့်သူကို နိုင်ထက်စီးနင်း ပြုမိခဲ့ပြီ' ဟု ဖျတ်ခနဲ သတိရလိုက်ပါသည်။ ထို့ကြောင့် ဒေါသကို ပြန်ထိန်းပြီး –

"သွားတော့ ဖလော်ရာ၊ သွားတော့ ငါ့အခန်းကို ထပ်မလာခဲ့နဲ့တော့။ ငါဟာ လူတစ်ယောက်ရဲ့ အနာဂတ်ကို ကြိုပြီး မြင်နိုင်စွမ်းတဲ့ တန်ခိုးသတ္တိရှိတယ်။ ညည်းရဲ့ အနာဂတ်မကောင်းဘူး ဖလော်ရာ၊ သတိထားပြီးသာ နေပေတော့" ဟု ပြောကြားလိုက်ပါသည်။

ထိုသို့ ပြောကြားလိုက်သောအခါ ဖလော်ရာလည်း အလွန်အမင်း ကြောက်ရွံ့သွားဟန်ဖြင့် တစ်ကိုယ်လုံး တုန်သွားပါသည်။ လက်တွင်း၌ ကိုင်ထားသော ကတ်ကြေးသည်လည်း ကြမ်းပေါ်သို့ ဒေါက်ခနဲ လွှတ်ကျသွားပါသည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်မလည်း ကတ်ကြေးကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး "ညည်းက ကတ်ကြေးကို လာခိုးတယ်ပေါ့လေ" ဟု မေးလိုက်ရာ၊ ဖလော်ရာက –

"ကတ်ကြေးလာခိုးတာ မဟုတ်ပါဘူး ဆရာမရယ်။ လပြည့်တဲ့အခါမှာ စုဝေးကိန်းအောင်းတတ်တဲ့ မှော်ပညာ စွမ်းအင်တန်ခိုးကို လာပြီး ဖြတ်တာပါ"

ဟု ဖြေကြားပါသည်။

ထိုအခါ ကျွန်မက ကတ်ကြေးကို မှော်ပညာ အဆောင်အယောင် တစ်ခုကဲ့သို့ ဖလော်ရာ၏ မျက်နှာတည့်တည့်တွင် ဝှေ့ယမ်းပြရင်း –

"ဒီမှာ ဖလော်ရာ၊ ငါ့ဆီကို ညည်းဘယ်တော့မှ မလာခဲ့နဲ့။ ငါ့မှာ ညည်းတို့ နတ်ဘုရားတွေထက် ထက်မြက်တဲ့ တန်ခိုးစွမ်းအင်ရှိတယ်။ ညည်း ဘေးဒုက္ခမတွေ့ချင်ရင် ငါ့စကားကို နားထောင်တော့" ဟု ခြိမ်းခြောက်ပြောကြားလိုက်ရာ၊ ဖလော်ရာလည်း အခန်းတွင်းမှ ကြောက်လန့်တကြား ထွက်ပြေးသွားပါတော့သည်။

ထိုအခါ ကျွန်မလည်း ကတ်ကြေးကို ဗီရိုဆွဲအံထဲသို့ ပြန်ထည့်လိုက်ပြီး အိပ်ရာထက်သို့ စိတ်မောမောနှင့် ပြန်လှဲအိပ်လိုက်ပါသည်။

***

[ ၉ ]

# ဆန်းကြယ်သော အာဖရိက မှော်ပညာ

နောက်တစ်နေ့နံနက် နေအရုဏ်တက်ချိန်တွင် အခန်းကူး လမ်းကြားမှနေ၍ မစ္စတာ အင်ဒရူး အော်ကျယ်ဟစ်ကျယ် ပြောကြားနေသံကို ကြားရသည့်အတွက် ကျွန်မလည်း အိပ်ရာမှလူးလဲထကာ အပြင်သို့ ထွက်လာခဲ့ပါသည်။

ကျွန်မကို မြင်သောအခါ ဝရန်တာကို မှီပြီး အပြင်သို့ ငေးကြည့်နေသော မစ္စတာ အင်ဒရူးက –

"ဆရာမလား၊ ဒီကိုလာစမ်းပါ ဆရာမ။ ပြီးတော့ လေသံကို နားထောင်စမ်းပါ။ လေငြိမ်တဲ့ ပင်လယ်ကမ်းခြေဘက်က တိုက်လာတာ မဟုတ်လား"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ကျွန်မက –

"လေငြိမ်တဲ့ ပင်လယ်ကမ်းခြေဘက်က တိုက်လာတဲ့ လေဆိုရင် ဘာဖြစ်နိုင်သလဲ ဦးရယ်" ဟု မေးလိုက်ရာ မစ္စတာ အင်ဒရူးက –

"လေမုန်တိုင်း ဖြစ်နိုင်တယ်။ အလွန်ကြီးကျယ်တဲ့ လေပြင်းမုန်တိုင်း ဖြစ်နိုင်တယ်"

ဟု ဖြေကြားပါသည်။

ထိုအခါ ကျွန်မက –

"အောက်တိုဘာလတောင် ရောက်နေပြီပဲ ဦးရယ်။ လေပြင်းမုန်တိုင်း ဖြစ်နိုင်ပါ့မလား" ဟု ပြောလိုက်ရာ မစ္စတာ အင်ဒရူးက –

"သိပ်ဖြစ်နိုင်တာပေါ့။ ကျုပ်ဘဝ တစ်သက်တာမှာ အဆိုးဝါးဆုံး လေပြင်းမုန်တိုင်းကို ဒီလိုအောက်တိုဘာလမှာပဲ ကြုံရဖူးတယ်။ အဲဒီတုန်းက ကျုပ်အသက်က ဒန်ကင်လေးလောက်ပဲ ရှိသေးတယ်။ လေပြင်းမုန်တိုင်းလဲကျ ပြီးရော ကျုပ်တို့ ဝင်တာဆိုတာက စိုက်ပင်ပျိုးပင်တွေ အားလုံး ပျက်စီးသွား တာပဲ။ အခြားစိုက်ခင်း ပျိုးခင်းတွေလဲ ကျုပ်တို့လိုပဲ အားလုံးပျက်စီးသွားခဲ့ကြ တယ်" ဟု ပြောကြားသည်။

ထိုအခိုက်တွင် လေသည် တဝူးဝူးတိုက်ခတ်လာရာ ဝရန်တာတွင် ရပ်နေသော ကျွန်မ၏ဆံပင်တို့သည် လေထဲတွင် တလူလူ လွင့်နေပါတော့ သည်။ ထိုသို့ တိုက်ခတ်လာသော လေထဲ၌လည်း ဆားငန်ဓာတ်ကို ခံစားလာ ရပါသည်။ ထို့ပြင် ပတ်ဝန်းကျင်တစ်ခွင်လုံးလည်း အုံ့မှိုင်းရီမှောင်လာပါသည်။ ထို့ကြောင့် ကျွန်မက –

"ပတ်ဝန်းကျင် တစ်ခွင်လုံးလဲ မှောင်လာပြီ။ နေကို ဘယ်တော့များမှ မြင်ရမလဲ မသိဘူး" ဟု ညည်းလိုက်ရာ မစ္စတာ အင်ဒရူးက –

"တစ်နေ့တာပတ်လုံး နေမမြင်ရဘဲ မှောင်ကျနေတတ်တယ်"

ဟု ဖြေကြားပြီး ရှေ့တူရူသို့ အတန်ကြာအောင် ငေးကြည့်နေပါ သည်။ ထို့နောက် အိပ်ခန်းဘက်သို့ လျှောက်သွားပြီး ချက်ချင်း ပြန်ထွက်လာ ကာ –

"အပူရိုန်တိုင်း ပြဒါးတိုင်မှာတော့ ပြဒါးဟာ အောက်ခြေအထိ ကျ သွားပြီ။ ရာသီဥတု သိပ်ဆိုးနေတယ်။ အားလုံး ထကြ၊ ထကြ။ အိပ်မနေကြ နဲ့တော့" ဟု ဟစ်အော်ပြောကြားပါသည်။

ကျွန်မလည်း ဒန်ကင်လေးဆီသို့ ပြေးသွားပြီး အဝတ်အစားများ လဲပေးပါသည်။ ထို့နောက် ကျွန်မအခန်းသို့ ပြန်ပြီး အဝတ်အစားလဲပါသည်။

လေကား အဆက်မပြတ် တဝူးဝူး တိုက်နေပြီး မိုးလည်း အဆက် မပြတ် တဝေါဝေါ ရွာနေပါသည်။ ကျွန်မတို့လည်း မနက်စာကို ဖြစ်သလို စားကြပါသည်။ မစ္စတာ အင်ဒရူးလည်း လက်တစ်ဖက်က ဒန်ကင်လေးကို ကိုင်ပြီး လက်တစ်ဖက်က တုတ်ကောက်ကို အားပြုကာ ဟိုသည်သွားလာနှင့် ညွှန်ကြားအမိန့်ပေးနေပါသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင်ပင် လန်ဒန်မြို့တော်သို့ ပြန်ရန်အတွက် စင်တာမာတာသို့ မနေ့က ထွက်ခွာသွားခဲ့သော အယ်လစ်တာလည်း လင်းဖောသို့ ရုတ်တရက် ပြန်ရောက်လာပါသည်။ အယ်လစ်တာ၏ တစ်ကိုယ်လုံးလည်း မိုးရေတို့ဖြင့် ရွဲရွဲစိုနေပါသည်။

အယ်လစ်တာက ဗဟိုခန်းမကြီးအတွင်း၌ ရှိနေသော မစ္စတာ အင်ဒရူးထံသို့ တန်းပြီး လျှောက်သွားရာ မစ္စတာ အင်ဒရူးလည်း အလွန်အမင်း အံ့သြနေရာမှ –

"အယ်လစ်တာပါလား။ ဘာကြောင့် ပြန်လာတာလဲ"

ဟု မေးလိုက်ရာ အယ်လစ်တာက –

"လန်ဒန်ကို ထွက်မယ့် သင်္ဘောပေါ်မှာ မနေ့ညက ကျွန်တော် သွားအိပ်တယ်။ အဲဒီညမှာပဲ ရာသီဥတုက ဆိုးဝါးစပြုနေပြီ။ ဒီနေ့မနက် အရုဏ်တက်ကျတော့ သင်္ဘောကပ္ပတိန်ကခရီးသည်တွေကို ခေါ်ပြီး 'ရာသီဥတု သိပ်ဆိုးဝါးနေပြီ။ ပြင်းထန်တဲ့ လေပြင်းမုန်တိုင်းကျတော့မယ်။ ဒါကြောင့် ရာသီဥတုပြန်ကောင်းတော့မှ သင်္ဘောထွက်နိုင်တော့မယ်' လို့ ပြောတယ်။ ဒါကြောင့် လင်းဖောကို အကူအညီပေးဖို့ ပြန်လာခဲ့တာပဲ။ ကျွန်တော့်အကူအညီ လိုတယ် မဟုတ်လား" ဟု ပြောကြားသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"မောင့်အကူအညီလိုတာတော့ အမှန်ပဲ။ မောင် မြင်းစီးနိုင်ဦးမယ်ဆိုရင် ဆမ်မြူရယ်ကို ခေါ်ပြီး ဆန်ဖရန်စစ္စကို ကို သွားပါ။ ဆန်ဖရန်စစ္စကိုမှာ နေနေတဲ့ ဒိုနာအစ္စဘယ်လာနဲ့ သမီးနှစ်ယောက်ကို ခေါ်ပြီး ဒီကို အမြန်ပြန်လာခဲ့ပါ။ မောင်တို့နဲ့အတူ ကြံတင်တဲ့ မြင်းလှည်းနှစ်စီးလဲ ယူသွားပါ"

ဟု ဆက်တိုက်ပြောကြားပါသည်။

ဤတွင် မာရီယာက ကြားဝင်ပြီး –

"ခင့်မေမေက ဆန်ဖရန်စစ္စကိုက တစ်ဖဝါးမှ ခွာမှာ မဟုတ်ဘူး။ ဒုက္ခခံပြီး သွားခေါ်မနေပါနဲ့" ဟု ပြောကြားကန့်ကွက်ရာ မစ္စတာ အင်ဒရူးက–

"ဒီထက် ရာသီဥတုဆိုးဝါးလာရင် ဆန်ဖရန်စစ္စကို အိမ်ကြီးပြိုကျပျက်စီးမှာ သေချာတယ်။ ခင့်မေမေကို သွားမခေါ်ရင် အိမ်ပိပြီး သေနေလိမ့်မယ်" ဟု ပြောကြားပြီး –

"အယ်လစ်တာရေ ... အဘွားကြီးကို ရအောင်သာ ခေါ်ခဲ့ကွာ"

ဟု ပြောကြားပါသည်။

http://www.cherrythitsar.org



ထိုအခါ အယ်လစ်တာလည်း အိမ်ပြင်သို့ ချာခနဲ လှည့်ထွက်သွားရာ ကျွန်မလည်း အယ်လစ်တာ၏ နောက်သို့ အပြေးလိုက်သွားပြီး –

"အယ်လစ်တာ ... ရှင် ပြန်လာတဲ့အတွက် ဝမ်းသာလိုက်တာ" ဟု ပြောလိုက်ပါသည်။ သို့သော် အယ်လစ်တာက မည်သို့မှ ပြန်မပြောပါ။ နှမ်းလျလျအပြုံးကိုသာ ပြုံးပြသွားပါသည်။

အယ်လစ်တာ ထွက်သွားချိန်တွင် ကျွန်မလည်း မစ္စတာ အင်ဒရူး ထံသို့ သွားပြီး ဖားဂတ်အကြောင်းကို မေးလိုက်ရာ မစ္စတာအင်ဒရူးက –

"ကျုပ်သားအတွက် ပူမနေပါနဲ့။ ကျုပ်သားက ဘယ်လို အခြေအနေမှာ ဘယ်လိုလုပ်ရမယ်ဆိုတာကို သိပါတယ်" ဟု ပြောကြားပါသည်။ ထို့နောက် –

"ဆရာမရေ .. လေတိုက်ရင် လွင့်ပါသွားနိုင်တဲ့ အရာအားလုံးကို သိမ်းဆည်းထားဖို့လိုတယ်။ အပေါ်ထပ်ကို ဆရာမ သွားပြီး အခန်းပြင်ဘက်က ရှိသမျှ စားပွဲကုလားထိုင်တွေ၊ အဖိုးတန်ပစ္စည်းတွေကို အတွင်းဘက် ခန်းမကြီးထဲ သွင်းဖို့ စီမံဆောင်ရွက်ပါ။ ကျုပ်ကတော့ ပြတင်းပေါက်တွေ ပိတ်ပြီး မပြီးလိုက်လံစစ်ဆေးပါ့မယ်။ မာရီယာကတော့ စားနပ်ရိက္ခာအတွက် စီစဉ်ပါလိမ့်မယ်"

ဟု ပြောကြားပါသည်။

မစ္စတာ အင်ဒရူး စီမံဆောင်ရွက်ခိုင်းသည့်အတိုင်း ကျွန်မတို့ တစ်သဝေ မတိမ်း ဆောင်ရွက်ကြပါသည်။ နီဂရိုးကျွန်များလည်း အိမ်တွင်းရှိ ရေအိုးရေခွက်များ၊ ရေစည်များတို့သို့ ရေအပြည့်ခပ်ထည့် ပေးကြပါသည်။

ထိုအခိုက်တွင် ကျွန်မ၏ဦးခေါင်းသည် မခံရပ်နိုင်အောင် ကိုက်ခဲလာပါသည်။ သို့သော် 'ဤသို့ ခေါင်းကိုက်လာခြင်းမှာ လေမုန်တိုင်းကျခါနီး လေထုဖိနှိပ်အား ရုတ်တရက် ကျသွားသောကြောင့် ဖြစ်သည်' ဟု မှတ်ယူပြီး ကြိတ်မှိတ်သည်းခံနေလိုက်ပါသည်။ ဆောင်ရွက်စရာတို့ကို အားတင်းပြီး အခြားလူများ နည်းတူ ဆောင်ရွက်နေလိုက်ပါသည်။

ဤသို့ ဆောင်ရွက်စရာရှိသည်များကို မနားမနေ ဆောင်ရွက်နေခိုက်တွင် ဆန်ဖရန်စစ္စကိုသို့ ဆမ်မြူရယ်နှင့်အတူ ထွက်ခွာသွားသော အယ်လစ်တာ ပြန်ရောက်လာပါသည်။ အယ်လစ်တာနှင့်အတူ မာရီယာ၏အစ်မ **ကာတာရီနာ၊ ဂျူနာ** တို့နှစ်ဦးနှင့် ကြောက်ရွံ့ထိတ်လန့်နေသော ကျွန်ငါးယောက်တို့ ပါလာပါသည်။ ထိုသူများ အားလုံးပင် မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေပါသည်။

မစ္စတာ အင်ဒရူးလည်း ထိုလူစုကို စေ့စေ့ကြည့်ပြီးနောက် –

“အဘွားကြီးကော။ ဒိုနာအစ္စဘယ်လာ မပါလာခဲ့ဘူးလား”

ဟု အော်မေးရာ အယ်လစ်တာက –

“မပါလာခဲ့ဘူး။ ဒိုနာအစ္စဘယ်လာကို မြင်းလှည်းပေါ်ကို အတင်းဆွဲခေါ်ဖို့ ကြိုးစားပါသေးတယ်။ ဒိုနအစ္စဘယ်လာက မလိုက်ဘူးလို့ အတင်းရုန်းကန်ရုံမကဘူး သူ့ကို အတင်းအဓမ္မ ဆွဲခေါ်ရင် သေနတ်နဲ့ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ပြီးတော့ ‘သေချင်သေရင် သူ့အိမ်မှာပဲသေမယ်။ တစ်ပါးအိမ်သွားပြီး မသေဘူး’ လို့လဲ ပြောတယ်”

ဟု ပြန်ပြောပါသည်။

ထိုအခါ မာရီယာက –

“ကဲ ... ကျွန်မ ပြောတာ မဟုတ်ဘူးလား” ဟု ပြောကြားပြီးနောက်–

“ဆမ်မြူရယ်ကော၊ ဆမ်မြူရယ် ပါမလာဘူးလား” ဟု မေးလိုက်ပါသည်။

ထိုအခါ အယ်လစ်တာက –

“ခင်ဗျားအစ်မက ကာတာရီနာနဲ့ ဂျူနာတို့ မြင်းလှည်းပေါ်ရောက်တဲ့အထိ ဆမ်မြူရယ်က ကျုပ်ကို ဝိုင်းကူပေးတယ်။ ပြီးတော့ ကျွန်ငါးယောက်ကိုလဲ ခေါ်လာပေးတယ်။ ပြီးတော့ ဆမ်မြူရယ်ပျောက်သွားတယ်။ ရှာမတွေ့တော့ဘူး။ ဆန်ဖရန်စစ္စကိုမှာ နေခဲ့တယ်နဲ့ တူတယ်” ဟု ပြောကြားရာ၊ မစ္စတာ အင်ဒရူးက –

“အရူးပဲ။ ဒါပေမဲ့ ဒင်းအတွက် စိတ်ပူဖို့ မလိုပါဘူး။ လင်းဖောကို ဒင်းရောက်အောင် ပြန်လာမှာပါ”

ဟု ပြောကြားသည်။

ထိုအခိုက်တွင် မိုးရေ ရွှဲရွှဲစိုနေသော ကာတာရီနာက –

“ညီမလေး မာရီယာ။ မမတို့တစ်ကိုယ်လုံးလဲ ရွှဲရွှဲစိုနေပြီ။ အဝတ်အစားလဲရအောင် စီမံပေးပါဦး” ဟု ပြောကြားလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးလည်း မာရီယာ၏ အပြောကို စောင့်မနေဘဲ –

“ဂျူနီယာ။ ဂျူနီယာ” ဟု လှမ်းခေါ်လိုက်ရာ၊ မာရီယာ၏လူယုံတော် နီဂရိုးမကြီး ဂျူနီယာလည်း အဝေးမှ ပြေးထွက်လာသည်။ ထိုအခါ မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org



"မာရီယာရဲ့အစ်မတွေ အဝတ်အစားလဲဖို့ စီမံပေးလိုက်။ ပြီးတော့ သူတို့လက်မှာရထားတဲ့ဒဏ်ရာတွေကို လိမ်းဖို့ ဆေးလဲရှာပေးလိုက်" ဟု ဖြေကြားပါသည်။

ထို့နောက် မစ္စတာ အင်ဒရူးက အောက်ထပ်ရှိ ဗဟိုခန်းမဧည့်ခန်းနှင့် ထမင်းစားခန်းတို့၌ ဖျာများခင်းရန် အမိန့်ပေးရင်း –

"အပေါ်ထပ်က အမိုးတွေကို စိတ်မချရဘူး။ လှန်ချင်လှန်သွားနိုင်တယ်။ ဒီတော့ အောက်ထပ်မှာပဲ နေဖို့ စီမံထားရမယ်"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် အယ်လစ်တာလည်း စာရင်းအင်း စာရွက်စာတမ်းတို့ကို မနိုင်မနင်း ပွေ့ပြီး ဝင်လာရာမှ –

"ရုံးခန်းထဲမှာရှိတဲ့ အရေးကြီးတဲ့ စာရင်းအင်းတွေ စာရွက်စာတမ်းတွေအားလုံး သိမ်းကြုံးယူခဲ့တာပဲ" ဟုပြောကြားလိုက်ပါသည်။

ထိုအခါ မာရီယာက –

"ရှင်က ဒီစာရွက်စုတ်တွေကို မမေ့ဘဲကိုး" ဟု သရော်တော်တော် ပြောလိုက်ရာ မစ္စတာ အင်ဒရူးက –

"ဘာပြောလိုက်တာလဲ ခင်၊ ဒီစာရင်းအင်းတွေက အရေးကြီးတယ်ကွယ့်။ တစ်ရွက်မှ အပျောက်မခံနိုင်ဘူး" ဟု ပြောကြားပါသည်။

ထို့နောက် အယ်လစ်တာ သယ်လာသော စာရင်းအင်းစာရွက်စာတမ်းများကို နေသားတကျ ကူညီထားရန် ကျွန်များကို အမိန့်ပေးလိုက်ပါသည်။ ထိုအခါတွင်မှ အယ်လစ်တာလည်း အဝတ်အစားလဲရန် အပေါ်ထပ်သို့ တက်သွားပါသည်။

*

ရာသီဥတုကား ဆိုးဝါးပြင်းထန်သည်ထက် ဆိုးဝါးပြင်းထန်လာလေပြီ။ လေသည် ပြင်းထန်သော အဟုန်ဖြင့် တဝူးဝူး တိုက်ခတ်လျက်ရှိ၏။ ထိုသို့ရာသီဥတု ဆိုးဝါးပြင်းထန်နေချိန်တွင် ဖားဂတ်သည် ဝင်တာဆိုလိုက ကျွန်ဆယ်ယောက်နှင့်အတူ ရောက်ရှိလာပါသည်။ ဖားဂတ်၏ကျွန်တိုင်းပင် အထုပ်လေးတွေ ကိုယ်စီ သယ်လာကြပါသည်။

ဖားဂတ်ကို မြင်ခြင်ချင်း ကျွန်မလည်း ဣန္ဒြေမဆောင်နိုင်ဘဲ ဒရောသောပါး ပြေးသွားရာ ဖားဂတ်က ကျွန်မကို ဝမ်းသာအားရ လှမ်းပွေ့လိုက်ပါသည်။ ထို့နောက် မစ္စတာ အင်ဒရူးဘက်သို့ လှည့်ကာ –

"ဝင်တာဆိုလိုက အိမ်ကြီးလဲ အမိုးတွေလန်ပြီး အတော်ပျက်စီးသွားပြီ ဖေဖေ။ ဝင်တာဆိုလိုမှာ နေလို့ မရတော့တာနဲ့ ဖေဖေ့ဆီကိုလာခဲ့တာပဲ။ ကျွန်တော်တို့အတွက် စားနပ်ရိက္ခာတော့ တစ်ပါတည်း သယ်လာခဲ့ပါတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးက ပြုံးပြီး –

"လူကလေးတို့ကို ဖေဖေတို့ လှိုက်လှဲဝမ်းသာစွာ ကြိုဆိုပါတယ်။ အခုဆိုရင် ဖေဖေ့အိမ်မှာ လူတွေအားလုံး စုံသွားပါပြီ။ လန်ဒန်ကို ပြန်ဖို့ ထွက်သွားတဲ့ အယ်လစ်တာလဲ ပြန်ရောက်လာတယ်။ ပြီးတော့ အယ်လစ်တာရဲ့ ကူညီမှုကြောင့် ဆန်ဖရန်စစ္စကိုမှာ ရှိနေတဲ့ မာရီယာရဲ့ အစ်မနှစ်ဦးလဲ ဒီကို ရောက်လာခဲ့တယ်။ ဖေဖေရဲ့အိမ်ကို ရောက်လာတဲ့ လူအားလုံးအတွက် အစားအသောက်လဲ အပြည့်အစုံ ရှိထားပါတယ်။ အစားအသောက်အတွက် ဘာမှ မပူကြပါနဲ့။ ပျော်ပျော်ရွှင်ရွှင်သာ နေကြပါ" ဟု ပြောကြားပါသည်။

ထိုအခိုက်တွင်ပင် ဖားဂတ်၏ လက်မောင်းကို ဆုပ်ကိုင်ထားသော ကျွန်မ၏ ဦးခေါင်းသည် မိုက်ခနဲ ဖြစ်သွားပြီး အခန်းကြီး ချာချာလည်သွားသည်ဟု မှတ်ထင်ရပါသည်။ ထို့နောက် လုံးဝ သတိမရတော့ဘဲ မေ့မျောသွားပါတော့သည်။

ကျွန်မ သတိပြန်ရသောအခါ၌ ဧည့်ခန်းရှိ ဖျာတစ်ချပ်ပေါ်သို့ ရောက်နေကြောင်း တွေ့ရပါသည်။ ကျွန်မအပါးတွင်လည်း လူများ ဝိုင်းဖွဲ့ စကားပြောနေကြပါသည်။ ထို့နောက် ကျွန်မ ပြန်ပြီး မျက်လုံးစင်းကျသွားပြန်ပါသည်။ အိပ်ရာမှ ပြန်နိုးလာသောအခါ၌ ကျွန်မ မျက်နှာပေါ်က ချွေးတို့ကို ဖားဂတ် တယုတယ သုတ်ပေးနေသည်ကို တွေ့ရပါသည်။ ထို့နောက် ကျွန်မလည်း ပြန်ပြီး မျက်လုံးစင်းကျသွားပြန်ပါသည်။ အိပ်ရာမှ နိုးသောအခါ အယ်လစ်တာက ကျွန်မလက်ကိုကိုင်ပြီး အဖျားသွေးစမ်းနေသည်ကို တွေ့ရပါသည်။

*

"အဖျားတော့ အဖျားပဲ။ ဒါပေမဲ့ ကြည့်ပုံရှုပုံတော့ သိပ် မကြိုက်ချင်ဘူး"

ဟု မှတ်ချက်ချသံကိုလည်း ကြားရပါသည်။

"ကျွန်မက ခဏလေး နိုးလိုက်၊ ပြန်အိပ်ပျော်သွားလိုက်၊ ပြန်ပြီး နိုးလာလိုက်နှင့် သံသရာလည်နေပါသည်။ ကြားရသော အသံတို့ ဝါးနေပါသည်။ မြင်ရသော အမြင်တို့ မှုန်နေပါသည် မည်သည့်အရာကိုမှ သဲသဲကွဲကွဲ

ပီပီပြင်ပြင် မရှိလှပါ။ သို့သော် ကျွန်မ ဖျားနေသည့်အဖြစ်နှင့် ရာသီဥတု အလွန်အမင်း ဆိုးဝါးပြင်းထန်လာသည့်အဖြစ်ကိုကား ကျွန်မ ကောင်းစွာ သိရှိနေပါသည်။

ထိုညလယ်တွင် ကျွန်မ လန့်ပြီးနိုးလာခဲ့ပါသည်။ ထိုအခိုက်တွင် လင်းဖောစံအိမ်ကြီး တဝုန်းဝုန်းမြည်ကာ ယိမ်းထိုးနေပါသည်။ အပြင်ဘက်၌ သစ်ပင်ကြီးတို့ တဂျိုးဂျိုး တဂွျတ်ဂွျတ် မြည်ကာ ကျိုးပဲ့နေပါသည်။

"အိမ်ရှေ့က လဲဝါပင်ကြီးတော့ အမြစ်ကပါ ကျွတ်ပြီး လဲသွားပြီနဲ့တူတယ်" ဟူသော မစ္စတာ အင်ဒရူး၏အသံကိုလည်း ကြားရပါသည်။

"ဖားဂတ်ရေ။ ငါ့ညီ အနားယူလိုက်ပါဦးကွာ။ အစ်ကို တစ်လှည့်ကြည့်ပေးပါ့မယ်" ဟူသော အယ်လစ်တာ၏ ခပ်တိုးတိုး တောင်းပန်သံ။

"ဖီသြနာဟာ ကျွန်တော့် ချစ်သူပါ အစ်ကို။ ကျွန်တော့် ချစ်သူကို ကျွန်တော်ပဲ ပြုစုမယ်။ ဘယ်သူမှ မပြုစုရဘူး" ဟူသော ဖားဂတ်၏ ငြင်းဆိုသံ။

"မဟုတ်တာတွေ မပြောပါနဲ့ ငါ့ညီရယ်။ မနက်မိုးလင်းလို့ ရာသီဥတုသာလာရင် ဖီသြနာအတွက် ဆရာဝန်သွားပင့်ဖို့ ရှိတယ်ကွ။ တစ်မှေးလောက် ငါ့ညီအိပ်ထားမှ မနက်ကို ဆရာဝန်သွား ပင့်နိုင်မှာပေါ့ကွ" ဟူသော အယ်လစ်တာ၏ ဖျောင်းဖျပြောဆိုသံတို့ကိုလည်း ကြားရပါသည်။

ထို့နောက် ကျွန်မအပါးမှ ဖားဂတ်ထသွားပြီး ကျွန်မ အပါးသို့ အယ်လစ်တာ ရောက်လာကာ ကျွန်မမျက်နှာနှင့် လည်ပင်းကို 'ရေတဘက်' တိုက်ပေးသည်ကို တွေ့ရပါသည်။

ထို့နောက် ပြန်ပြီး မျက်လုံးစင်းကျသွားရာ မနက်မိုးလင်းချိန်၌ ပြန်ပြီးနိုးပါသည်။ ထိုအခိုက်တွင် ကျွန်မနည်းတူ လူများအားလုံး အိပ်ရာက နိုးနေပြီဖြစ်ကြောင်း အသံဗလံများအရ ကျွန်မ သိရပါသည်။ ကျွန်မ မျက်စိဖွင့်ကြည့်ရာ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းနေဆဲ ရှိသေးကြောင်း သိရပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးက –

"ဆရာမရဲ့ အဖျားက အဖျား ရိုးရိုးပါ။ ဆရာဝန်က ကြည့်ပြီး ကုသတာနဲ့ အဖျားပျောက်သွားမှာပါ။ အင်း ... ဒီတော့ ဆရာဝန် သွားပင့်နိုင်အောင် ရာသီဥတု ကောင်းလာပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟု ပြောကြားလိုက်ပြီး နီဂရိုးမကြီး ဂျူနီတာက –

"ဆရာဝန်နဲ့ ကုသပေမယ့် ရောဂါပျောက်မှာ မဟုတ်ဘူး သခင်ကြီး။ ဆရာမလေးကို လေပြင်းမုန်တိုင်းနဲ့ ပါလာတဲ့ မကောင်းဆိုးဝါး နတ်မိစ္ဆာတွေက

http://www.cherrythitsar.org



ဖမ်းစားထားတာ။ ဆရာမရဲ့ လိပ်ပြာတောင် လေထဲမှာ လွင့်မျောနေပြီ”ဟု ပြန်ပြီး ပြောကြားသည်ကို ကြားရပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

“တိတ်စမ်း။ နေမကောင်းတဲ့လူ စိတ်ချောက်ချားအောင် အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့”ဟု ဂျူနီတာကို မာန်မဲလိုက်ပြီးနောက် –

“မာရီယာ။ ဘာကြောင့် ဒီအဘွားကြီးကို ဆရာမ အပေါ်မှာ နေခွင့်ပြုတာလဲ”ဟု လှမ်းမေးလိုက်သည်ကို ကြားရပါသည်။

ထိုအခါ မာရီယာက –

“ဂျူနီတာက တိုင်းရင်းဆေးပညာတတ်တယ်လေ အစ်ကိုကြီးရဲ့။ နာမကျန်းတဲ့ ကျွန်တွေအားလုံးကို ဂျူနီတာပဲ ဒိုင်ခံပြီးကုပေးနေခဲ့တယ် မဟုတ်လား”ဟူ၍ ပြန်ဖြေလိုက်သည်ကို ကြားရပါသည်။

ထို့နောက် ကျွန်မပြန်ပြီး မျက်လုံးစင်းကျသွားပါသည်။ အိပ်ရာမှ ပြန်နိုးသောအခါ၌ ကျွန်မတစ်ကိုယ်လုံး အေးစက်နေပြီး ကျွန်မကိုယ်ပေါ်၌ စောင်အထပ်ထပ် ခြုံပေးထားသည်ကို တွေ့ရပါသည်။ ထို့ပြင် ဒန်ကင်လေးလည်း ကျွန်မနှင့် မလှမ်းမကမ်းတွင် ထိုင်နေရာမှ စစ်သားအရုပ်လေးများနှင့် တစ်ယောက်တည်း ကစားနေသည်ကို တွေ့ရပါသည်။

ထို့နောက် ပြန်ပြီး မျက်လုံးစင်းကျသွားရာမှ –

“ကြည့်ကြစမ်းဟေ့။ မြက်ပင်တွေပြန်ထောင်လာပြီ။ လေလဲ အရင်ကလောက် မတိုက်တော့ဘူး။ အရှိန်လျော့သွားပြီ”ဟူ၍ ဝမ်းသာအားရ အော်ပြောလိုက်သော မစ္စတာ အင်ဒရူး၏ အသံကြီးကြောင့် ကျွန်မလည်း အိပ်ရာမှ လန့်နိုးလာပါသည်။

ထိုအခိုက်တွင် ဖားဂတ်က “နောက်တစ်နာရီ နှစ်နာရီခန့်ကြာပါက ဆရာဝန်သွားပင့်နိုင်လောက်သည့်အထိ ရာသီဥတု ပြန်ကောင်းလာမည် ထင်ကြောင်း” ပြောကြားပြီး မစ္စတာ အင်ဒရူးက “ဆရာဝန်သွားပင့်သော်လည်း လိုက်လာမည်ဟု မိမိမမှတ်ထင်ကြောင်း၊ စင်တာမာတာ မြို့မှာလည်း လေပြင်းမုန်တိုင်းမိသွားရာ ဆရာဝန်ကို လာပင့်မည့် လူနာများ ဝိုင်းဝိုင်းလည်နေမည်ဟု မှတ်ထင်ပါကြောင်း” ပြန်ပြောသည်ကို ကြားရပါသည်။

ထိုအခိုက်တွင်ပင် မာရီယာယက –

“ဒန်ကင်၊ ဘာတွေကို ကိုင်နေတာလဲ။ သူ့နေရာမှာ ပြန်ထားလိုက်စမ်း”ဟု ဒေါသတကြီး လှမ်းအော်လိုက်သည်ကို ကြားရပါသည်။

http://www.cherrythitsar.org



ထိုအခါ လူအားလုံးပင် ဒန်ကင်လေးရှိရာသို့ လှမ်းကြည့်လိုက်ရာ ဒန်ကင်လေးသည် မာရီယာ အလွန်မြတ်နိုးသည့် ရှေးဟောင်းစာအုပ်များနှင့် အရုပ် လှလှလေးများ ထည့်ထားသော ဗီရိုကြီးအပါးတွင် ရပ်နေပြီး အရုပ်လေး တစ်ရုပ်ကို ကိုင်ထားသည်ကို တွေ့ရပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဒန်ကင် ... ဘာကြောင့် ဗီရိုထဲက အရုပ်ကို ယူဆော့ရတာလဲ၊ မင်းမေမေ အမြတ်တနိုး ထားတာကို သိတယ် မဟုတ်လား" ဟု ပြောကြား လိုက်ရာ ဒန်ကင်လေးက –

"ဗီရိုထဲက အရုပ်ကို ယူဆော့တာ မဟုတ်ပါဘူး ဖေဖေ၊ ဟောဒီ အံဆွဲထဲက တွေ့တဲ့ အရုပ်ကို ယူတာပါ" ဟု ပြောကြားပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက မာရီယာဘက်သို့ လှည့်ကာ –

"ဒန်ကင်ပြောတာ ဖြစ်နိုင်တယ် ခင်။ ဗီရိုကြီးကို ခင် အမြဲသော့ခတ် ထားတာပဲ။ ဒန်ကင်က ခင့် အရုပ်ကို ဘယ်ယူဆော့လို့ရမှာလဲ"

ဟု ပြောကြားလိုက်ရာ၊ မာရီယာက –

"အရင် တစ်ရက် နှစ်ရက်က ဗီရိုကို ခင်ဖွင့်ပြီး ဇာတွေ စုတ်နေတဲ့ အရုပ်ကလေးတွေကို ပြုပြင်သေးတယ် အစ်ကိုကြီးရဲ့။ အဲဒီလို ပြုပြင်တုန်း အရုပ်တစ်ရုပ်ကို အံဆွဲထဲ ထည့်မိတယ် ထင်ပါရဲ့။ အဲဒီ အံဆွဲထဲက အရုပ်ကို သားသား တွေ့သွားတာ ဖြစ်မှာပေါ့"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဒါဖြင့်ရင်လဲ ဗီရိုထဲက ပြန်ထည့်ထားလိုက်ပါ။ ဒန်ကင်ကစားတာနဲ့ ပျက်စီးသွားပြီလို့ တဖျစ်တောက်တောက် ညည်းတာကို မကြားချင်ဘူး" ဟု ပြောကြားလိုက်ရာ၊ မာရီယာလည်း ခါးကြားက သော့ကို ဖြုတ်ယူပြီး ဗီရိုတံခါးကို ဖွင့်လိုက်သည်။

ထိုအခါ ဒန်ကင်လေးက –

"အရုပ်လေးကို သားသားကိုယ်တိုင် ထည့်ပေးမယ်နော်" ဟု ဝမ်းသာအားရ ပြောကြားကာ၊ ဗီရိုထဲ၌ အပြည့်အသိပ် ရှိနေသော အရုပ်များကို စေ့စေ့စပ်စပ် ကြည့်နေပါသည်။ ထို့နောက် ဒန်ကင်လေးက –

"မေမေ ... ဗီရိုထဲမှာ အရုပ်တွေ သူ့နေရာနဲ့သူ အပြည့်အသိပ်ရှိနေ တယ်။ တစ်ရုပ်မှ မလျော့ဘူး။ ဒီတော့ အံဆွဲထဲက တွေ့တဲ့ အရုပ်ဟာ မေမေ့

အရုပ် မဟုတ်နိုင်ဘူး”ဟု ပြောကြားပြီး လူအားလုံး မြင်အောင် လက်ထဲက အရုပ်လေးကို မြှောက်ကာ မြှောက်ကာ ပြနေပါသည်။

“ဟောဒီအရုပ်လေးက မေမေ့အရုပ် မဟုတ်ဘူး။ ကျွန်တော် ရှာတွေ့တဲ့ အရုပ်။ ဒီအရုပ်လေးကို ကျွန်တော် မပေးတော့ဘူး။ ဒီအရုပ်လေးနဲ့ ကျွန်တော် ကစားတော့မယ်”

ဟုလည်း ဝမ်းသာအားရ ပြောကြားလိုက်ပါသည်။

ထို့နောက် မစ္စတာအင်ဒရူးဆီသို့ ပြေးသွားပြီး အရုပ်လေးကို ပြရင်း

“သားသား အရုပ်လေးကို ကြည့်စမ်းပါ ဖေဖေ။ မေမေ့ အရုပ်လေးတွေလိုတော့ မလှဘူးနော်။ အရုပ်သိပ်ဆိုးတယ်”

ဟု ပြောကြားပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးလည်း ဒန်ကင်လေး၏ လက်တွင်းရှိ အရုပ်လေးကို စိုက်ကြည့်ပြီး –

“ဘုရား ... ဘုရား ... ဒီအရုပ်က ဆရာမ ဖိဩနာရဲ့ အရုပ်ပါလား။ ဗူဒူးမှော်ပညာနဲ့ စီရင်ထားတဲ့ အရုပ်ပါလား”ဟု ပြောကြားလိုက်ပါသည်။

*

မစ္စတာ အင်ဒရူး၏စကားကို ကြားရသောအခါ အခန်းတစ်ခုလုံးသည် ကြောက်စရာ ကောင်းအောင် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားပါတော့သည်။ ဗီရိုကြီးအပါးတွင် ရပ်နေသော မာရီယာ၏ တစ်ကိုယ်လုံးလည်း တောင့်တင်းသွားပါသည်။

ထိုအခိုက်တွင် ကျွန်မက –

“အဲဒီအရုပ်လေးကို ကြည့်ပါရစေ”ဟု လေသံသဲ့သဲ့ဖြင့် ပြောလိုက်ရာ ဖားဂတ်လည်း ဒန်ကင်လေး လက်ထဲမှ အရုပ်ကို လှမ်းယူပြီး ကျွန်မကို လှမ်းပေးပါသည်။

အရုပ်လေးမှာ အဝတ်စ ဖြူဖြူများဖြင့် ပြုလုပ်ထားပြီး နှုတ်ခမ်း၊ မျက်လုံး၊ မျက်ခုံးနှင့် နှာခေါင်း နေရာတို့ကို ဆေးအနီခြယ်ထားပါသည်။ အရုပ်လေးကိုယ်၌ ဝတ်ထားသော ဂါဝန်လေးမှာ စကော့တလန်က ပါလာခဲ့သော ကျွန်မ ဝတ်နေကျ အဝတ်အစားဟောင်းမှ ဖြတ်ယူထားသည့် အဝတ်စတို့ဖြင့် ချုပ်ထားသော ဂါဝန်လေး ဖြစ်နေပါသည်။ အရုပ်လေးခေါင်း၌ တပ်ဆင်ထားသော ဆံပင်တို့မှာလည်း ကျွန်မ၏ ဆံပင်နီနီတို့ ဖြစ်နေပါသည်။ ထို့ပြင် အရုပ် လေးကို အနီစက်များဖြင့် ပက်ထားကြောင်း တွေ့ရပါသည်။

အရုပ်လေး၏ဆံပင်ကို ကြည့်ပြီး –

"ဒီအရုပ်လေးရဲ့ ဆံပင်တွေက အချစ်ရဲ့ ဆံပင်နီနီလေးတွေပါလား"

ဟု ဖားဂတ်က ခပ်တိုးတိုး ရေရွတ်လိုက်ရာ၊ ကျွန်မက –

"ဒီအရုပ်လေးမှာ ပတ်ထားတဲ့ အနီစက်တွေကိုလဲ သေသေချာချာ ကြည့်စမ်းပါဦး။ သွေးတွေ မဟုတ်ဘူးလား"

ဟု ပြောလိုက်ပါသည်။ ထို့ပြင် အရုပ်လေး၏ အသည်းနှင့် နှလုံး နေရာတို့၌ ပင်အပ်လေးများ စိုက်ထားသည်ကို လက်ဖြင့် ထောက်ပြရင်း –

"အရုပ်လေးမှာ ပင်အပ်တွေလဲ စိုက်ထားပါကလား" ဟု ပြောကာ အရုပ်လေးကို လွှတ်ချလိုက်ပါသည်။

ထိုအခိုက်တွင် အခန်းထောင့်တစ်နေရာရှိ မာရီယာ၏ အစ်မ ဂျူနာ က –

"ဗူဒူးမှော်ပညာနဲ့ ရက်ရက်စက်စက် လုပ်လိုက်တာပဲ။ လက်တောင် လွန်သွားပြီ ထင်ပါရဲ့။ ဆရာမလေးတော့ ဒုက္ခပါပဲ။ သေတော့မယ်"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်ရာ၊ ဒန်ကင်လေးက –

"ဆရာမ မသေရဘူး။ ဆရာမ မသေရဘူး" ဟု အော်ပြောရင်း ကျွန်မ အပါးသို့ ပြေးလာပြီး ဒူးထောက်လိုက်ပါသည်။

ထိုအခါ ကျွန်မက ဒန်ကင်လေး၏ လက်ကို အသာဆုပ်ကိုင်ပြီး–

"စိတ်ချပါ ကလေးရယ်။ ဆရာမ မသေပါဘူး"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခိုက်တွင်ပင် အယ်လစ်တာက –

"ဒီအကျည်းတန်လှတဲ့ အရုပ်စုတ်ကို မီးရှို့ပစ်လိုက်ရမလား"

ဟု ပြောကြားလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"နေဦး ... အရမ်းလုပ်လို့ မရဘူး။ ဒီဗူဒူးမှော်ပညာနဲ့ ပတ်သက်ရင် အထူးသတိထားဖို့ လိုတယ်" ဟု ပြောကြားပြီး အရုပ်လေးကို ကောက်ယူလိုက် ပါသည်။

ထိုအခါ အယ်လစ်တာက –

"ဦးက အဓိပ္ပာယ်မရှိတဲ့ အယူသည်းမှုတွေကို ယူနေသလား"

ဟု မေးလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"ကျုပ်က ဒီဒေသမှာ အနေကြာနေတော့ အယူသည်းမှုတွေကို မယုံ ချင်လှပေမယ့် ကိုယ်တွေ့မျက်မြင် ကြုံကြုံနေရတယ်။ ဒီဗူဒူးမှော်ပညာဟာ

http://www.cherrythitsar.org



အာဖရိကတိုက်က ရောက်ရှိလာတဲ့ နီဂရိုးကျွန်တွေနဲ့အတူ ပါလာတဲ့ ပညာ တစ်ရပ်ပဲ။ ဒီဗူဒူးမှော်ပညာကို နီဂရိုးတွေ သိပ်ပြီး ယုံကြည်ကြတယ်။ ဒီဗူဒူးမှော် ပညာနဲ့ လူတစ်ယောက်ကို အသက်ဆုံးတဲ့အထိ ပြုစားနိုင်တယ်လို့ အဆိုရှိ တယ်။ ဒီအရပ်ဟာလဲ ဗူဒူးမှော်ပညာတတ်တဲ့သူက ပညာနဲ့ စီမံထားတဲ့ အရပ် ပဲ။ ဒီတော့ ကျုပ်တို့ အရမ်းမလုပ်ဘဲ ကာယကံရှင်ကို ခေါ်ပြီး သူ့ပညာကို ပြန်နှုတ်ခိုင်းမှ တော်မယ်" ဟု အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် မာရီယာ၏ အနောက်ဘက် မှောင်ရိပ်ထဲ၌ ပုန်းနေသော ဖလော်ရာကို လှမ်းကြည့်ပြီး –

"ဖလော်ရာ၊ နင့်အမေကို အမြန်သွားခေါ်ခဲ့စမ်း"

ဟု ပြောကြားလိုက်သည်။

*

ဖလော်ရာလည်း ကြောက်လန့်တကြားနှင့် ထွက်သွားပြီး မကြာမီ နီဂရိုးမကြီး ဂျူနီတာနှင့်အတူ ပြန်ရောက်လာသည်။ ထိုအခါ မစ္စတာ အင်ဒရူး က မိမိရှေ့၌ ခပ်တည်တည်ရပ်နေသော ဂျူနီတာကို စိုက်ကြည့်ပြီး –

"ဟောဒီ အရပ်လေးဟာ နင်ပညာနဲ့ စီမံထားတဲ့ အရပ်မဟုတ်လား။ ဗူဒူးမှော်ပညာကို မလေ့ကျင့်ရဘူး။ မသုံးရဘူးလို့ တားမြစ်ပိတ်ပင်ထားတဲ့ ကြားက ဗူဒူးမှော်ပညာကို နင်ပြန်ပြီး လေ့ကျင့်နေပြန်ပလား"

ဟု ခပ်ငေါက်ငေါက် ပြောကြားလိုက်သည်။

ထိုအခါ ဂျူနီယာ –

"သခင်မ မာရီယာ အတင်းအကြပ်ခိုင်းလို့ လုပ်ရတာပါ သခင်ကြီး" ဟု ခပ်အေးအေး ဖြေလိုက်ရာ မစ္စတာ အင်ဒရူးက –

"ကျုပ် အားလုံး သိပါတယ်လေ။ ခင်ဗျားသမီး ဖလော်ရာက ဆရာမ ရဲ့ ဆံပင်ကို တိတ်တစ်ဆိတ် ဖြတ်ပေးရတယ် မဟုတ်လား"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ဖလော်ရာလည်း ကြောက်လန့်တကြား အော်ငိုလိုက်ပြီး–

"ကျွန်မ ကြောက်တယ် သခင်ကြီး ကျွန်မ ကြောက်တယ်။ သခင်မ မာရီယာက သူခိုင်းတာကို မလုပ်ပေးရင် ဆိုးဝါး ရက်စက်တဲ့ လူလက်ထဲ ကျွန်မကို ရောင်းပစ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါကြောင့် ကျွန်မ မလုပ် ချင်ဘဲ လုပ်ရပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ သခင်ကြီး" ဟု တတွတ်တွတ် ဖွင့်ဟ ပြောကြား တောင်းပန်ပါတော့သည်။

http://www.cherrythitsar.org



ထိုအခါ မစ္စတာ အင်ဒရူး–

"နင် ဒီလို ဆောင်ရွက်ပေးတဲ့အတွက် လူတစ်ဖက်သားမှာ ဘယ်လောက် ဒုက္ခရောက်သွားသလဲ။ ကြည့်စမ်း အမိုက်မ" ဟု ပြောကြားလိုက်ပြီးနောက် ဂျူနီတာကို စေ့စေ့ကြည့်ကာ –

"ဟေ့ ဂျူနီတာ၊ ဟောဒီ အရုပ်လေးကို မီးရှို့ဖျက်ဆီးသလို နင့်ကိုလဲ အရှင်လတ်လတ် သတ်ပစ်မယ် သိလား။ ဟောဒီအရုပ်လေးရဲ့ အသည်းနေရာကို ပင်အပ်နဲ့ ဖောက်သလို နင့်အသည်းနေရာကိုလဲ စို့နဲ့ ဖောက်ပစ်မယ် သိလား" ဟု ကြောက်စရာအသံကြီးဖြင့် ကြိမ်းမောင်းခြိမ်းခြောက်ပါတော့သည်။

ထိုအခါ ဂျူနီတာက ကြောက်လန့်တုန်လှုပ်သော အမူအရာဖြင့် မစ္စတာအင်ဒရူးကို လှမ်းကြည့်လိုက်ရာ မစ္စတာ အင်ဒရူးက –

"ဒါပေမဲ့ နင့်ပညာကို ပြန်နုတ်မယ်ဆိုရင်တော့ နောက်ဆုံးအကြိမ် သနားညှာတာနဲ့အနေနဲ့ နင့်အပြစ်တွေကို ငါ ခွင့်လွှတ်လိုက်မယ်"

ဟု ပြောကြားပါသည်။

ထိုအခါ နီဂရိုးမကြီး ဂျူနီတာလည်း အတန်ကြာ တွေဝေစဉ်းစားနေပြီးနောက် မာရီယာ၏ရှေ့တည့်တည့်သို့ လျှောက်သွားပြီး မာရီယာ၏ ခြေထောက်ကို တံတွေးဖြင့် ထွီခနဲ ထွေးလိုက်သည်။ ထို့နောက် ခေါင်းကို မော့ပြီး–

"ဘယ်လူဖြူ အမျိုးသမီးအတွက်မှ ကိုယ့်အသက်ကိုတော့ အဆုံးရှုံးမခံနိုင်ပေါင်" ဟု ပြောကြားလိုက်သည်။ ထို့နောက် –

"ကျွန်မ ပညာကို ပြန်နုတ်ပေးပါ့မယ် သခင်ကြီး။ ကျွန်မအနေနဲ့က ကိုယ့်ပညာကိုပဲ ပြန်နုတ်လို့ရပါတယ်။ ကွယ်လွန်သွားတဲ့ မှော်ပညာရှင်ရဲ့ ပညာကိုတော့ နုတ်ပေးလို့ မရပါဘူး။ ဒါကြောင့် ဟိုရှေးရှေးတုန်းက မှော်ပညာရှင်တစ်ဦး ကျိန်စာတိုက်ထားတဲ့ အမျက်ကျိန်စာကတော့ လင်းဖော်မှာ ဆက်ပြီး ကျန်ရှိနေပါလိမ့်မယ်" ဟု ပြောကြားပြီး အရုပ်လေးကို လှမ်းယူလိုက်သည်။ ထို့နောက် ကျွန်မအပါးသို့ လျှောက်လာပြီး –

"ဆရာမရဲ့ မှော်ပညာက ကျွန်မတို့ မှော်ပညာတွေထက် ပိုပြီး အစွမ်းထက်တယ်လို့ ဖလော်ရာကို ပြောခဲ့တယ်နော်။ ဘယ်သူ့ရဲ့ မှော်ပညာက ပိုပြီး အစွမ်းထက်တယ်ဆိုတာကို တွေ့ပြီလား။ ဟောဒီအရုပ်လေးကိုသာ ဒန်ကင်လေး တွေ့မသွားဘူးဆိုရင် ဆရာမ သေဆုံးမှာ မုချပဲ"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးက –

http://www.cherrythitsar.org



"တော်ပြီဟေ့ ဂျူနီတာ။ လုပ်စရာရှိတာကိုသာ လုပ်ပါ စကားများပြီး ကြွားမနေပါနဲ့" ဟု ဟစ်အော်သတိပေးလိုက်သည်။

ထိုအခါ နီဂရိုးကြီး ဂျူနီတာလည်း ကြမ်းပေါ်သို့ ဒူးထောက်ထိုင်လိုက်ပြီး အရုပ်လေးကို ရှေ့တည့်တည့်တွင် ချထားလိုက်သည်။ ထို့နောက် အာဖရိက ဘာသာစကားဖြင့် ထူးခြားဆန်းကြယ်သော ဂါထာမန္တာန်များကို တတွတ်တွတ်ရွတ်ပါတော့သည်။ အတန်ကြာအောင် ရွတ်ဖတ်ပြီးသောအခါ ဂျူနီတာလည်း ခေတ္တရပ်နားလိုက်ပြီး အရုပ်လေး၏ အောက်ပိုင်းတွင် စိုက်ထားသော ပင်အပ်တို့ကို တစ်ချောင်းပြီးတစ်ချောင်း နှုတ်ပစ်ပါသည်။

ထို့နောက် ဂါထာမန္တာန်များကို တတွတ်တွတ် ဆက်ရွတ်ပြီး ခေတ္တရပ်နားပါသည်။ ထို့နောက် အရုပ်လေး၏ အသည်းနှင့် နှလုံးနေရာ၌ စိုက်ထားသော ပင်အပ်ကို နှုတ်လိုက်ပါသည်။ ထို့နောက် ဖလော်ရာဘက်ကသို့ လက်ကမ်းလိုက်ရာ၊ အပါးရှိ ဖလော်ရာက ဂျူနီတာ၏လက်တွင်းသို့ ကတ်ကျေးတစ်လက်ထည့်ပေးလိုက်ပါသည်။ ထိုအခါ ဂျူနီတာလည်း အရုပ်လေးတွင် ချုပ်ထားသော ကြိုးတို့ကို သတိကြီးစွာဖြင့် ဖြတ်တောက်လိုက်ရာ အရုပ်လေး၏ ကိုယ်ထဲ၌ အစာသွတ်ထားသော ကျွန်မ၏ အဝတ်စလေးများ ထွက်အံကျလာပါတော့သည်။

ဤတွင် ဂျူနီတာလည်း အရုပ်လေးနှင့် ပတ်သက်သမျှသော အဝတ်စလေးများကို သိမ်းယူပြီး –

"ကျွန်မရဲ့ပညာတော့ ပြန်နှုတ်ပြီးပြီ၊ မကောင်းဆိုး မကောင်းဒဏ်တို့ကို လေထဲမှာ လွှင့်ပစ်လိုက်မယ်"

ဟု ပြောကြားကာ အပြင်ဘက်သို့ ထွက်သွားပါသည်။

ထိုအခါ အယ်လစ်တာနှင့် မာရီယာတို့မှအပ လူအားလုံးပင် ဂျူနီတာနောက်သို့ လိုက်သွားကြပါသည်။ ဂါထာမန္တာန်များ တရွတ်ရွတ် ရွတ်ဖတ်ပြီး တဂူးဂူးတိုက်နေသော လေထဲသို့ အဝတ်စများလွှင့်ပစ်သည်ကို လိုက်ကြည့်ကြပါသည်။

ထို့နောက် လူအားလုံး ပြန်လာကြရာ၊ မစ္စတာ အင်ဒရူးက နီဂရိုးမကြီး ဂျူနီတာနှင့် ဖလော်ရာတို့ကို လက်ပြပြီး ပြန်လွှတ်လိုက်သည်။ အခြားကျွန်များကိုလည်း လက်ပြပြီး အပြင်သို့ ထွက်သွားခိုင်းသည်။

***

[ ၁၀ ]

## မာရီယာ၏ လျှို့ဝှက်ချက်များ

ထိုအခါ ကျွန်မလဲလျောင်းလျက်ရှိသော ဧည့်ခန်းကြီးကား တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ အတန်ကြာသောအခါ အယ်လစ်တာက စတင်ပြီး –

"အခု ကိစ္စကို ဒန်ကင်လေး အစအဆုံး မြင်သွားတာ မကောင်းဘူး။ အဓိပ္ပာယ်မရှိတဲ့ အယူသည်းမှုတွေကို ယုံကြည်သက်ဝင်သွားမှာ စိုးရတယ်"

ဟု ပြောကြားဝေဖန်လိုက်သည်။

ထိုအခါ ဆိုဖာနီကြီးပေါ်သို့ ခပ်ဖြည်းဖြည်း ထိုင်ချလိုက်သော မစ္စတာ အင်ဒရူးက –

"ဒန်ကင်လေးဟာ ဒီဒေသမှာ နေထိုင်ကြီးပြင်းရမယ့် လူပါ။ ဒီတော့ ဒီဒေသက အယူသည်းမှုတွေ၊ ယုံကြည်မှုတွေကို မလွှဲမသွေ ကြုံတွေ့ ရင်ဆိုင်ရမှာပဲ။ ဒီလို ကြုံတွေ့တဲ့အခါမှာ ဘယ်လို ပြုမူဆောင်ရွက်ရမယ်ဆိုတာကို အခုတည်းက သိထားစေချင်တယ်။ ဒါကြောင့် ဒန်ကင်လေးကို အနားမှာထားပြီး ဒီကိစ္စကို အစအဆုံး ကြည့်ခိုင်းတာပါ" ဟု ပြန်ဖြေရှင်းသည်။ ထို့နောက် ဒန်ကင်လေးဘက်သို့ လှည့်ကာ –

"လူကလေးရေ။ အိပ်စက်အနားယူဖို့ အချိန်တန်ပြီကွယ့်။ ဒူဂယ်က မင်းအိပ်ဖို့နေရာ စီစဉ်ပေးထားတယ်" ဟု ပြောကြားပြီး ဒန်ကင်လေးကို အနား

သို့လာရန် လက်ပြခေါ်သည်။ ထို့နောက် ဒန်ကင်လေး၏ နဖူးကို ခပ်ဖွဖွ နမ်းရင်း –

"လူကလေးရေ။ စိတ် ချမ်းချမ်းသာသာ နေနော်။ မင်းရဲ့ ကောင်းစားရေးကို ဟောဒီ အဘိုးကြီးက အမြဲလိုလားတယ်ဆိုတာ မြဲမြဲ မှတ်သွားပါကွယ်"

ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် ဒန်ကင်လေး၏မျက်နှာသည် ပျော်ရွှင်ကြည်နူးမှုအဟုန်ဖြင့် တောက်ပဝင်းထိန်သွားသည်ကို ကျွန်မ မြင်လိုက်ရပါသည်။ ထို့နောက် ပြုံးနေသော ဒန်ကင်လေးသည် အိမ်တော်စိုး ဒူဂယ်နှင့်အတူ အခန်းတွင်းမှ ထွက်ခွာသွားပါတော့သည်။

*

ထိုအခါ မစ္စတာ အင်ဒရူးလည်း မာရီယာကို စေ့စေ့ကြည့်လိုက်ပြီး–

"ဒီမှာ မာရီယာ၊ ဆရာမကို ဗူဒူးမှော်ပညာနဲ့သေကြောင်းကြံသလို ကျုပ်ကိုလဲ ဗူဒူးမှော်ပညာနဲ့ မင်းသေကြောင်းကြံထားတယ် မဟုတ်လား။ ကျုပ်တို့ သေသွားကြတာနဲ့ တစ်ပြိုင်နက် ဖားဂတ်ကို လက်ထပ်ဖို့ မင်းကြံရွယ်ခဲ့တယ် မဟုတ်လား။ အခုတော့ မင်းအကြံတွေ ပျက်စီးကုန်ပြီပေါ့"

ဟု ပြောကြားလိုက်ရာ၊ မာရီယာက –

"အစ်ကိုကြီးရယ်၊ မဟုတ်တန်းတရမ်းစကားတွေ ပြောမနေပါနဲ့။ ဂျူနီတာ လုပ်ကြံလည်ဆယ်ပြောသမျှကို အစ်ကိုကြီးက ယုံနေသလား။ အစ်ကိုကြီးတို့ကို ဗူဒူးမှော်ပညာနဲ့ သေကြောင်းကြံတယ်ဆိုတာ မဟုတ်ရပါဘူးရှင်"

ဟု ပြန်ပြောပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"သိပ်ဟုတ်တာပေါ့ကွယ်။ ဗူဒူးမှော်ပညာကို မင်းယုံကြည်တယ်ဆိုတာလဲ ကျုပ်သိတာပဲ။ ဖားဂတ်ကို အခုထက်ထိ မင်းစွဲလန်းတပ်မက်နေတုန်းပဲ"

ဟု ချေပပါသည်။

ဤတွင် မစ္စတာ အင်ဒရူးက ပြုံးပြီး –

"ဖားဂတ်ကို မင်းစွဲလန်းတပ်မက်တာကို ငြင်းမနေပါနဲ့ကွာ။ ဖားဂတ်ကို စွဲလန်းတပ်မက်ရက်နဲ့ ကျုပ်ကို လက်ထပ်လိုက်တာက ကျုပ်ရဲ့ ပစ္စည်းဥစ္စာတွေကို ပိုပြီး တပ်မက်လို့ မဟုတ်လား။ ပြီးတော့ ကျုပ်က အသက်အရွယ်အိုမင်းနေလေတော့ မြန်မြန်သေလိမ့်မယ်လို့လဲ မင်း ထင်ထားခဲ့တယ်။ ကျုပ်

မြန်မြန်သေရင် ဖားဂတ်နဲ့ မြန်မြန်ပိုပြီး နီးရလိမ့်မယ်ဆိုတဲ့ အတွေးနဲ့ ကျုပ်မြန်မြန်သေအောင် မင်းအလိမ္မာသုံးခဲ့တယ် မဟုတ်လား။ အရက်ခွက်နဲ့ မျက်နှာ အမြဲအပ်နေတဲ့ ယစ်ထုပ်သမားကြီး ဖြစ်လေအောင် အရက်တွေ ဖိတိုက်ခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ ကျုပ်ဆိုတဲ့ သက်ပြင်းကြီးကလဲ မင်းမြန်မြန်သေစေချင်ပေမယ့် မသေခဲ့ဘူးလေ။ အခုထက်ထိ အသက်ရှင်နေပြီး မင်းစိတ်ပျက်တာကို ကျိတ်ပြီး ရယ်မောနေခဲ့တယ်" ဟု ပြောကြားရာ၊ ဖားဂတ်က –

"တော်ကြစမ်းပါဗျာ။ ပြီးခဲ့တဲ့ အတိတ်ကာလ အမှားကို ဘာကြောင့်ပြန်ပြီး တူးဖော်ချင်ကြတာလဲ"

ဟု စိတ်မချမ်းမြေ့သံကြီးနှင့် ဝင်ပြောလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဟုတ်တယ် ငါ့သား၊ အတိတ်ကာလမှာ မှားခဲ့ကြတဲ့ ဖေဖေတို့တစ်တွေရဲ့အမှားကို ဖေဖေလဲ ပြန်ပြီး မတူးဖော်ချင်ပါဘူး။ အတိတ်ကို အတိတ်မှာပဲထားလိုက်ချင်ပါတယ်။ ဒါပေမဲ့ကွယ် မာရီယာက ဆရာမဗီဩနာကို ဗူဒူးမှော်ပညာနဲ့ သေကြောင်းကြံတာကိုတော့ ဖေဖေသည်းမခံနိုင်ဘူး" ဟု ပြောကြားလိုက်ရာ၊ မာရီယာက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် –

"အစ်ကိုကြီးရယ်။ မဟုတ်တမ်းတရမ်းတွေ စွပ်စွဲမနေပါနဲ့။ ဆရာမကို ဗူဒူးမှော်ပညာနဲ့ သေကြောင်းကြံတယ်ဆိုတဲ့ စွပ်စွဲချက်ကို ခင်ရဲရဲကြီး ငြင်းပါတယ်။ အစ်ကိုကြီးက ကြောက်လန့်နေတဲ့ ကျွန်မအိုကြီးရဲ့ စကားကို ယုံနေတာကိုး။ ဆရာမရဲ့အသက်ကို သေကြောင်းကြံလောက်တဲ့ အကြောင်းတစ်ရပ်ရပ်ရှိခဲ့တာကြောင့် ဂျူနီတာသဘောနဲ့ ဂျူနီတာ သေကြောင်းကြံတာကော မဖြစ်နိုင်ဘူးလားရှင်" ဟု ပြောကြားချေပပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"မဖြစ်နိုင်တာကွယ်။ ဂျူနီတာမှာ ဆရာမကို သေကြောင်းကြံလောက်တဲ့ အကြောင်းကိစ္စ ဘာတစ်ခုမှ မရှိဘူး။ မင်း အတင်းအကြပ်စေခိုင်းတဲ့အတွက် ဆောင်ရွက်ပေးရတာပဲ ဖြစ်မှာပါ"

ဟု ပြောကြားပြန်ရာ၊ မာရီယာက ပခုံးကို အသာတွန့်ရင်း –

"ခင့်ကို ဘယ်လိုလဲ စွပ်စွဲပေမဲ့ အစ်ကိုကြီးတို့ သက်သေအထောက်အထား မပြနိုင်ပါဘူး။ ပြီးတော့ တရားရုံးတော်ကလဲ ကျွန်မအိုကြီးပြောတဲ့စကားကို လက်ခံပြီး ခင့်ကို သေကြောင်းကြံစည်မှုနဲ့ အရေးမယူနိုင်ပါဘူး"

ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ မစ္စတာ အင်ဒရူးက –

“မင်းကို သေကြောင်းကြံစည်မှုနဲ့ တရားစွဲမယ်လို့ ကျုပ်မပြောရပါလားကွယ်။ အခုကိစ္စက တရားရုံးတော်ရဲ့ အဆုံးအဖြတ် အစီအရင်ကို ခံယူဖို့ မလိုပါဘူး။ ကျုပ်ကိုယ်ကျုပ် တရားသူကြီးခန့်ပြီး ကိုယ့်တရားကို ကိုယ်စီရင်ပါ့မယ်” ဟု ပြောကြားလိုက်ရာ၊ မာရီယာလည်း စိုးရွံ့သည့် အမူအရာဖြင့်–

“ဘယ်လိုတရားစီရင်မှာလဲ အစ်ကိုကြီးရယ်။ ခင် ထိတ်လိုက်တာ”

ဟု ခပ်တိုးတိုး ပြောပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

“ဖားဂတ်ဟာ အရင်တုန်းက လင်းဖောကို ပိုင်ဆိုင်ခဲ့သလို အခုလဲ လင်းဖောကို ပိုင်ဆိုင်သင့်တယ်လို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ။ မင်းဟာ လင်းဖောနဲ့ ဘာမှ မဆိုင်တော့ဘူး။ မင်းကို ဘာအမွေမှလဲ ကျုပ်မပေးတော့ဘူး”

ဟု ခပ်တင်းတင်း ပြောလိုက်ရာ၊ မာရီယာက –

“ခင့်ကို အမွေမပေးတာတော့ ထားလိုက်ပါတော့။ အစ်ကိုကြီးရဲ့ သား ဒန်ကင်လေးကိုကော အမွေဖြတ်တော့မှာလား” ဟု ပြန်ပြောပါသည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

“ဒန်ကင်လေးဟာ ကျုပ်ရဲ့သားလား။ ဖားဂတ်ရဲ့သားလားဆိုတာ မင်းပဲသိပါတယ် မာရီယာ၊ ဘယ်သူ့သားပဲဖြစ်ဖြစ် ကျုပ် အမွေမပေးနိုင်ဘူး၊ အမွေဖြတ်ရလိမ့်မယ်” ဟု ပြောကြားသည်။ ထို့နောက် –

“ဒန်ကင်လေး အရွယ်ရောက်တဲ့အထိ ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ကိုတော့ ဖားဂတ်က ယူရလိမ့်မယ်။ ဒီတော့ ဒန်ကင်လေးရဲ့ ရှေ့ရေးအတွက် မင်း ဘာမှ ပူစရာ မလိုပါဘူး” ဟု ပြောကြားပြီး –

“လင်းဖောနဲ့ ဝင်တာဆိုလိုကို ဖားဂတ်နဲ့ ဖီသြနာတို့ လင်မယားက ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ကြတော့မယ်။ ဒီတော့ မင်းအနေနဲ့ လင်းဖောမှာ ဆက်နေချင်တယ်ဆိုရင် ဖီသြနာရဲ့စကားကို နာခံမှဖြစ်မယ်။ လင်းဖောမှာ ဆက်မနေချင်ဘူးဆိုရင်တော့ ဆန်ဖရန်စစ္စကိုပြန်ပြီး မင်းအမေတွေနဲ့ အတူနေကြပေါ့”

ဟု ဆက်ပြောပါသည်။

ထိုအခါ မာရီယာ့အစ်မ ကာတာရီနာက သဘောတူသော အသွင်ဖြင့်

“မာရီယာ ခိုင်းသမျှကို လုပ်ပေးခဲ့တာ နှစ်ပေါင်း အတော်ကြာနေပါပြီရှင်။ ကျွန်မတို့နဲ့ အတူနေရင် ကျွန်မတို့ကို ဆက်ပြီး ခိုင်းနေဦးမှာပဲ။ ဒီတော့ မာရီယာနဲ့ အတူနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူးရှင်”

http://www.cherrythitsar.org



ဟု ပြောကြားလိုက်ရာ၊ မာရီယာက –

"တိတ်စမ်း ကာတာရီနာ။ ဒါတွေ ပြောမနေနဲ့" ဟု မာန်လိုက်ပါသည်။

ထိုအခါ ကာတာရီနာက –

"အောင်မယ်၊ ညည်းက အခုထက်ထိ ငါ့ကို အမိန့်ပေးဦးမလို့လား"

ဟု ပြောကြားကာ မာရီယာကို လှမ်းပြီး ရိုက်ရန် ဟန်ပြင်ထားရာမှ ပါးစပ်ကို ကြောက်လန့်တကြား ပိတ်လိုက်ပြီး အပြင်ဘက်သို့ မျက်လုံး အဝိုင်းသားနှင့် ငေးကြည့်နေရှာသည်။

*

ထိုအခါ လူအားလုံးတို့လည်း ကာတာရီနာ ငေးကြည့်နေရာသို့ တစ်ပြိုင်နက် လှမ်းကြည့်လိုက်ရာ၊ ဧည့်ခန်းတံခါးဝတွင် မားမားကြီး ရပ်နေသော နီဂရိုးကြီး ဆမ်မြူရယ်တို့ တွေ့မြင်ကြရသည်။ ဆမ်မြူရယ်၏ တစ်ကိုယ်လုံးမှာ မိုးရွှဲရွှဲစိုနေပြီး၊ အဝတ်အစားတို့မှာ စုတ်ပြတ်ညစ်ပေရုံမက သွေးများပင် စွန်းလျက်ရှိသည်။ ထို့ပြင် ထူထဲမည်းမှောင်နေသော ဆံပင်စ၌လည်း သွေးစက်သွေးစတို့ စီးကျနေပေသည်။

ကျွန်မတို့အားလုံး ငေးကြည့်နေခိုက်တွင် ဆမ်မြူရယ်က –

"ကျွန်တော် ပြန်လာခဲ့ပါပြီ" ဟု ပြောကြားလိုက်ရာ၊ မာရီယာလည်း ဝုန်းခနဲ ထလိုက်ပြီး –

"အေး ... နင်တို့ပြန်လာခဲ့ရမှာပေါ့။ နင်တို့မှာ ပြေးစရာ မြေမှ မရှိတာ။ ဒီလို အခွင့်မရဘဲ ထွက်ပြေးသွားတဲ့အတွက် နင့်ကို အရင်ထက် ဆိုးဝါးတဲ့ အပြစ်ဒဏ် ထပ်ပြီးပေးရလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဆမ်မြူရယ်က နာကျည်းဆွေးမြည့်သော အမူအရာဖြင့် ပြုံးလိုက်ပြီး –

"သခင်မ မှတ်ထင်ထားတာထက် ဆိုးဝါးတဲ့ အပြစ်ဒဏ်ကို ကျွန်တော်ခံရပြီးပါပြီ။ အခွင့်မရဘဲ ထွက်သွားတဲ့ ကျွန်တွေကို ဘယ်လို အပြစ်ဒဏ်ပေးတယ်ဆိုတာကို ကျွန်တော် သိပါတယ်" ဟု ပြောကြားပြီးနောက်၊ မစ္စတာ အင်ဒရူးကို အားကိုးတကြီး လှမ်းကြည့်ပြီး –

"သခင်ကြီးခင်ဗျား။ 'အနယ်နယ်အရပ်ရပ်က ကျွန်အားလုံးကို ကျွန်ဘဝက လွတ်လပ်ခွင့် ပေးတော့မယ်" ဆိုတဲ့ သတင်းစကား ဖြစ်နေပါတယ်။ ဒီသတင်းစကားမှန်ပြီး ကျွန်တွေ လွတ်လပ်ခွင့်ရတဲ့အချိန်မှာ ချာရီတီနဲ့ ကျွန်

http://www.cherrythitsar.org



တော်သားဟာ သခင်ကြီးနဲ့အတူပဲ ရှိစေချင်ပါတယ်။ ဒါကြောင့် ချာရီတီနဲ့ ကျွန်တော်သားကို ကျွန်တော် စွန့်စွန့်စားစား သွားရောက်ရှာဖွေပြီး ခေါ်ဝင်လာခဲ့ခြင်း ဖြစ်ပါတယ်။ အခွင့်မရဘဲ ထွက်ခွာသွားတဲ့ ကျွန်တော့်ကို သခင်ကြီး အပြစ်ဒဏ်ပေးချင်သလို ပေးပါ။ သတ်ချင်သတ်ပါ။ ဒါပေမဲ့ ချာရီတီနဲ့ ကျွန်တော့်သားကိုတော့ ခွင့်လွှတ်ပြီး ချမ်းသာပေးဖို့ တောင်းပန်ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကျွန်မအပေါ်တွင် ထိုင်နေသော ဖားဂတ်သည် ဆမ်မြူရယ်ရှိရာသို့ လျှောက်သွားပြီး –

"ဘာတွေ ပြောနေတာလဲ ဆမ်မြူရယ်။ ချာရီတီနဲ့ မင်းရဲ့သားကို ဘယ်မှာသွားရှာခဲ့တာတုန်း" ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က –

"ဒီအကြောင်းတွေကို သခင်လေး တကယ်မသိပါဘူး။ ကျွန်တော်က သခင်မ မာရီယာကို သခင်လေး တိတ်တဆိတ်ကြိတ်ပြီး အကူအညီပေးနေတယ်လို့ အောက်မေ့ထားတာ" ဟုပြောကြားပြီး မစ္စတာ အင်ဒရူးကို လှမ်းကြည့်လိုက်သည်။ ထို့နောက် –

"သခင်ကြီးလဲ သခင်မ မာရီယာ ဘာတွေလုပ်နေတယ်ဆိုတာ မသိဘူး ထင်ပါရဲ့။ သခင်မ မာရီယာဟာ ယောကျ်ားလေးလို ရုပ်ဖျက်ပြီး လျှို့ဝှက်တဲ့ လုပ်ငန်းတွေကို ညအခါမှာ လုပ်ဆောင်တတ်တာကိုလဲ မသိဘူး ထင်ပါရဲ့" ဟု ပြောကြားပြီးနောက် –

"တကယ်လို့ ဆန်ဖရန်စစ္စကိုက လျှို့ဝှက်လုပ်ငန်းတွေအကြောင်းကို သခင်ကြီးသိရင်တောင် ချာရီတီနဲ့ ကျွန်တော်သားကို ဆန်ဖရန်စစ္စကိုကို ပို့ထားတဲ့ အကြောင်းတော့ သခင်ကြီးသိမှာ မဟုတ်ပါဘူး"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"ဆန်ဖရန်စစ္စကို လျှို့ဝှက်တဲ့ လုပ်ငန်းဟုတ်လား။ ဘာတွေများလဲ ဆမ်မြူရယ်။ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ" ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်–

"ဒီလိုပါ သခင်ကြီး ခင်ဗျား။ သခင်မ မာရီယာဟာ ဆန်ဖရန်စစ္စကို ဒေသမှာ ကျွန်ရောင်းကျွန်ဝယ် ကျွန်ကုန်ကူးတဲ့ အလုပ် လျှို့ဝှက်စွာ လုပ်ဆောင်နေခဲ့ပါတယ်။ ဒီအနီးဝန်းကျင်က ကျွန်တွေနဲ့ အာဖရိကက ကျွန်သင်္ဘောကြီးတွေနဲ့ ရောက်လာတဲ့ ကျွန်တွေကို ဈေးချိုချိုနဲ့ဝယ်ပြီး လှောင်ထားတတ်ပါတယ်။ အမေရိကမှာ ကျွန်တွေကို အခုထက်ထိ လွတ်လွတ်လပ်လပ် ရောင်း

ဝယ်ခွင့် ရှိနေပါသေးတယ်။ 'ကျွန်တွေကို လွတ်လပ်ခွင့် ပေးရမယ်' ဆိုတဲ့ စကားကို ကျယ်ကျယ်လောင်လောင် ပြောကြားတဲ့သူတောင် မရှိသေးသလောက်ပါပဲ။ ဒီတော့ အမေရိကတောင်ပိုင်းနယ်တွေက ကျွန်ကုန်သည်တွေဟာ ကျွန်သင်္ဘောကြီးတွေနဲ့ ကျွန်ဝယ်ဖို့ ရောက်ရောက်လာတတ်ပါတယ်။ ဒီလိုလာတဲ့ ကျွန်ကုန်သည်တွေကို ဈေးဈေးချိုချိုနဲ့ ဝယ်ပြီး လှောင်ထားတဲ့ ကျွန်တွေကို ဈေးအဆမတန် တင်ပြီး ပြန်ရောင်းလေ့ရှိပါတယ်။ အမေရိကက ကျွန်သင်္ဘောတွေ အဝယ်မရောက်ခင်မှာတော့ ဈေးချိုချိုနဲ့ ဝယ်ထားတဲ့ ကျွန်တွေကို ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့အနီးက အဆောက်အဦပျက်ကြီးထဲက အခန်းကြီးတစ်ခုထဲမှာ လှောင်ထားတတ်ပါတယ်"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"ဒီအကြောင်းတွေကို ကျွန်တော် သိနေတာတော့ ကြာပါပြီ။ ဒါပေမဲ့ သခင်ကြီးကို ဖွင့်မပြောဘဲ သခင်မ မာရီယာကို ကူညီဆောင်ရွက်ပေးတာကတော့ တစ်နေ့နေ့မှာ ကျွန်တော့်ကို ကျွန်ဘဝက လွတ်လပ်ခွင့်ပေးမယ်လို့ သခင်မ မာရီယာက ကတိပေးထားလို့ပါပဲ" ဟု ပြောကြားသည်။

ထိုအခိုက်တွင် မာရီယာက –

"ဟဲ့ ... နှုတ်မစောင့်စည်းတဲ့ အကောင်။ နင့်ရော နင့်သားမယားပါ ဆိုးဝါးတဲ့အပြစ်ဒဏ် ခံရမယ် သိလား" ဟု ကြိမ်းမောင်း ခြိမ်းခြောက်လိုက်ရာ၊ မစ္စတာ အင်ဒရူးက –

"တိတ်တိတ်နေစမ်း မာရီယာ။ မင်းရဲ့ လက်ရှိ အခြေအနေကို မေ့မသွားပါနဲ့"

ဟု ဝင်ရောက်ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် ဆမ်မြူရယ်က မာရီယာကို စေ့စေ့ကြည့်လိုက်ပြီး–

"ရေနစ်ပြီး သေဆုံးရတာနဲ့ နှိုင်းစာရင်တော့ သခင်မပေးမယ့် အပြစ်က အများကြီး တော်မှာပါ"

ဟု ပြောကြားလိုက်သည်။

ဤတွင် အယ်လစ်တာက –

"ဘာပြောလိုက်တာလဲ ဆမ်မြူရယ်"

ဟု စိတ်ဝင်စားစွာ မေးလိုက်ရာ ဆမ်မြူရယ်က –

"ဆန်ဖရန်စစ္စကိုကို သခင်လေးနဲ့အတူ ကျွန်တော် လိုက်လာခဲ့ပြီး သခင်လေးကို အကူအညီပေးအပြီးမှာ ကျွန်တော် ပျောက်သွားခဲ့တာကို သခင်

လေး သိပြီးသားပါ။ ဒီလို ကျွန်တော် ပျောက်သွားတဲ့အကြောင်းကတော့ ချာရီတီနဲ့ ကျွန်တော့်သားကို စွန့်စွန့်စားစား လိုက်လံရှာဖွေဖို့ ဖြစ်ပါတယ်။ သခင်မ မာရီယာက ချာရီတီနဲ့ ကျွန်တော့်သားကို ဟိုးတစ်ဖက်ကျွန်းက လူတစ်ယောက်ကို ရောင်းပစ်လိုက်ပြီလို့ ပြောခဲ့ပေမယ့် ကျွန်တော် လုံးဝ မယုံခဲ့ပါဘူး။ 'အခြားလှောင်ထားတဲ့ ကျွန်တွေနဲ့အတူ အမေရိကကလာတဲ့ ကျွန်သင်္ဘောတွေကိုပဲ ရောင်းပစ်လိမ့်မယ်' လို့ မှတ်ထင်ခဲ့ပါတယ်။ ဒါကြောင့် 'ချာရီတီနဲ့ ကျွန်တော့်သားဟာ ကျွန်တွေကို လှောင်ထားလေ့ရှိတဲ့ အဆောက်အဦပျက်ကြီးမှာပဲ ရှိလိမ့်မယ်လို့ တွေးမိခဲ့ပါတယ်။ အဲဒီ အခန်းကြီးဟာ ခရွန်းဘတ်တောင်ကြီးက စီးဆင်းတဲ့ စမ်းချောင်းတွေရဲ့ ညာဘက်မှာရှိပြီး ဆန့်ဖရန့်စစ္စကို ပင်လယ်ကွေ့နဲ့လဲ အလွန်နီးပါတယ်။ အခုလို မိုးကြီးသည်းစွာရွာပြီး လေပြင်းမုန်တိုင်းကျတဲ့အခါမျိုးမှာ အဲဒီအခန်းကြီးကို ရေလွှမ်းမိုးသွားနိုင်ပါတယ်။ 'ဒီလိုသာ ရေလွှမ်းမိုးရင် အခန်းကြီးထဲမှာ သံကြိုး ရှည်ကြီးနဲ့ ပူးတွဲချည်နှောင်ထားတဲ့ ကျွန်တွေအားလုံး ရေနစ်သေဆုံးကြတော့ မှာပဲ' လို့ပဲ တွေးမိပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခါ အလွန်စိတ်ဝင်စားနေသော အယ်လစ်တာက –

"အဲဒီတော့ မင်းက ငါ မသိအောင် တမင်နေရစ်ခဲ့ပြီး ဘာတွေ ဆက်လုပ်သလဲ"

ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က –

"သခင်လေးနဲ့ လိုက်ခဲ့တုန်းက လမ်းမှာ သစ်ပင်တွေလဲပြိုနေတာတွေ့ရင် ခုတ်ထွင်ရှင်းလင်းပစ်ဖို့ ပုဆိန်ကြီးတစ်လက်ကို ကျွန်တော်ယူသွားခဲ့တာ မှတ်မိမှာပေါ့။ ကျွန်တော်လဲ အဲဒီပုဆိန်ကြီးယူပြီး သခင်လေးရဲ့ အလစ်မှာ အဆောက်အဦပျက်ကြီးက ကျွန်တွေလှောင်ထားတဲ့ အခန်းကြီးဆီသွားခဲ့တယ်။ ပြီးတော့ အခန်းတံခါးကို ပုဆိန်နဲ့ ပေါက်ခွဲပစ်ပြီး၊ ကျွန်တွေကိုချည်းထားတဲ့ သံကြိုးရှည်ကြီးကို ဖြတ်တောက်ပစ်ခဲ့တယ်။ ဒီနည်းနဲ့ ကျွန်တော်ဟာ ရေနစ်သေဆုံးကြတော့မယ့် ကျွန်တွေကို အချိန်မီ ကယ်တင်ခဲ့တယ်။ အဲဒီအချိန်က လေပြင်းမုန်တိုင်း ကျရောက်နေချိန်ဖြစ်တဲ့အတွက် ကျွန်တော်လဲ ကျွန်တော့်ဇနီးနဲ့ သားလေးကို လက်ဆွဲခေါ်ပြီး ဘေးလွတ်တဲ့နေရာမှာ ခိုလှုံနေခဲ့တယ်။ လေနည်းနည်းစဲပြီး သွားလို့လာလို့ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ မိသားစုနဲ့အတူ ဒီကိုလာခဲ့တာပဲ"

ဟု ပြောကြားသည်။ ထို့နောက်ဆက်၍ –

http://www.cherrythitsar.org



"ကျွန်တော်က အပြစ်ရှိတဲ့လူဆိုတော့ အပြစ်ဒဏ် ပေးချင်ပေးပါ။ သတ်ချင်သတ်ပါ။ ဒါပေမဲ့ အပြစ်ကင်းတဲ့ ချာရီတီနဲ့ ကျွန်တော့်သားလေးကိုတော့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောကြားသည်။

ထိုအခိုက်တွင် နီဂရိုးကြီးဆမ်မြူရယ် နောက်ဘက်တွင် ကြောက်လန့်တကြား ပုန်းနေကြသော ချာရီတီနှင့် ကလေးငယ်တစ်ဦးလည်း ဆမ်မြူရယ်၏ဘေးတွင် မရဲတရဲ အတူယှဉ်ပြီး ရပ်လိုက်သည်။ ချာရီတီရော ကလေးငယ်လေးပါ တစ်ကိုယ်လုံး ရွှံ့ရွှံ့စိုနေပြီး၊ အဝတ်အစားတို့ စုတ်ပြတ်ညစ်ပေနေသည်။ ကိုယ်တွင်လည်း ပွန်းရာပဲ့ရာတို့ပြည့်နှက်နေပြီး အချို့ ဒဏ်ရာတို့မှ သွေးများ စီးထွက်နေသည်။

ချာရီတီလည်း မစ္စတာ အင်ဒရူး၏မျက်နှာကို အသနားခံသည့် အသွင်ဖြင့် မော့ကြည့်ပြီး –

"ကျွန်မ ပြန်လာခဲ့ပါပြီ သခင်ကြီးရယ်၊ လေပြင်းမုန်တိုင်းထဲက လာခဲ့တဲ့ ကျွန်မတို့ကို လေပြင်းမုန်တိုင်းထဲကို ပြန်ပြီး မလွှတ်ပါနဲ့နော်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးလည်း စိတ်ထိခိုက်သွားဟန်ဖြင့် ညည်းညူလိုက်ပြီးနောက် –

"ကိုင်း … ကိုင်း အထဲဝင်ကြ။ ဟောဟိုမှာ မင်းတို့အဖော်တွေ ရှိတယ်။ အဝတ်အစားလဲပြီး အစားအသောက် စားကြ။ ပြီးတော့ ရလာတဲ့ ဒဏ်ရာတွေကိုလဲ ဆေးထည့်ကြ" ဟု ပြောကြားလိုက်သည်။

ထိုစကားကိုကြားလျှင် နီဂရိုးကြီးဆမ်မြူရယ်တို့ မိသားစု၏မျက်နှာများလည်း လန်းဆန်းရွှင်ကြည်သွားကြတော့သည်။ ထို့နောက် အဖော်နီဂရိုးကျွန်များရှိရာသို့ ဝမ်းသာအားရ ထွက်ခွာသွားရန် ဟန်ပြင်တော့သည်။

ထိုအခိုက်တွင် မာရီယာက –

"နေဦး ဆမ်မြူရယ်။ နင့်ကို မေးစရာ ရှိသေးတယ်။ နင် ထွက်လာတော့ ဆန်ဖရန်စစ္စကို အိမ်ကြီးရဲ့ အခြေအနေ ဘယ်လိုရှိသလဲ။ ငါ့အမေကိုကော တွေ့ခဲ့လား"

ဟု မေးလိုက်ရာ၊ ဆမ်မြူရယ်က မဖြေချင်ဖြေချင် အမူအရာမျိုးဖြင့်–

"ကျွန်တော် လာတဲ့အချိန်မှာတော့ ဆန်ဖရန်စစ္စကို အိမ်ကြီးရဲ့ အမိုးတွေပြိုပြီး ပျက်စီးနေတာကို တွေ့ရပါတယ်။ ကျွန်တော်လဲ အိမ်ကြီးတစ်ဝိုက်

http://www.cherrythitsar.org



လှည့်ပြီး 'ဒိုနာအစ္စဘယ်လာ၊ ဒိုနာအစ္စဘယ်လာ' လို့ တကြော်ကြော် ခေါ်ကြည့်ပါသေးတယ်။ ဘာသံမှ မကြားရတဲ့အတွက် လှည့်ပြန်လာခဲ့တာပါ။ ကျွန်တော့် စိတ်ထင် ပြောရရင် အိမ်ထဲက အခန်းတစ်ခန်းမှာ ဝင်ပြီး ပုန်းနေတယ်ထင်တာပဲ"

ဟု ဖြေကြားလိုက်ပါသည်။

ထိုအခါ မာရီယာက –

"နင်ဟာ လူလိမ်လူညာပါပဲ။ ငါ့အမေကို နင်သွားမကြည့်ပါဘူး။ ပြီးတော့ ငါ့အမေဟာ အခန်းတစ်ခန်းထဲမှာ ဝင်ပြီး ပုန်းနေမယ့် မိန်းမစားမျိုးလဲ မဟုတ်ဘူး" ဟု ဒေါသတကြီးအော်ပြောပြီးနောက် –

"သွားကြ၊ သွားကြ" ဟု ဆိုလိုက်ရာ၊ နီဂရိုးကြီး ဆမ်မြူရယ်တို့ မိသားစုလည်း ခပ်သုတ်သုတ် ထွက်ခွာသွားကြသည်။

*

ထိုအခိုက်တွင် အခန်းတွင်းရှိ လူအားလုံးသည် အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ အတန်ကြာသောအခါ မာရီယာ့အစ်မ ဂျူနာက စိုးရိမ်ကြောင့်ကြသည့် အမူအရာဖြင့် –

"ကျွန်တွေ လွတ်သွားပြီတဲ့။ ဒီလိုသာ ကျွန်တွေ လွတ်သွားရိုးမှန်ရင်တော့ မေမေ့ကို ကျွန်တွေက သတ်ပစ်ကြမှာပဲ။ ပြီးတော့ ကျွန်မတို့တစ်တွေကိုလဲ ကျွန်တွေက လာသတ်တော့မှာပဲ"

ဟု ညည်းညူလိုက်ရာ၊ မာရီယာက –

"တိတ်တိတ်နေစမ်းကွယ်။ ဒီလောက်အကြောက်ကြီး မနေစမ်းပါနဲ့"

ဟု မာန်လိုက်သည်။

ထိုအခါ မစ္စတာ အင်ဒရူးက –

"မာရီယာ။ ဒါတွေအားလုံးဟာ မင်းကြောင့် ဖြစ်ရတာချည်းပဲ။ မင်းဟာ တရားဥပဒေက ခွင့်မပြုဘဲ ကျွန်ကုန်ကူးတဲ့အလုပ်ကို နှစ်ပေါင်းများစွာ တိတ်တစ်ဆိတ် လုပ်ခဲ့တယ်"

ဟု ပြောကြားပြီးနောက် –

"အယ်လစ်တာ။ ကျွန်ကုန်ကူးတဲ့ ပြစ်မှုအတွက် ဘယ်လို အပြစ်ဒဏ်များ ကျရောက်နိုင်သလဲ" ဟု မေးလိုက်သည်။

ထိုအခါ အယ်လစ်တာက စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် ပခုံးတွန့်လိုက်ပြီး –

“အခုမှ ဒီအကြောင်းကို စုံစမ်း မနေပါနဲ့ဗျာ။ အစ်ကိုကြီး ဇနီးလုပ်ချင်တာမှန်သမျှကို အစ်ကိုကြီး ခွင့်ပြုခဲ့တာချည်းပဲ မဟုတ်လား”

ဟု ပြောလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

“သူတို့အလို လိုက်ခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီလို တရားဥပဒေနဲ့ ဆန့်ကျင်တဲ့ ကျွန်ကုန်ကူးတဲ့အလုပ် တိတ်တစ်ဆိတ် လုပ်နေတာကိုတော့ ကျုပ်လုံးဝ မသိပါဘူးကွယ်”

ဟု ရှင်းပြပါသည်။

ထိုအခါ အယ်လစ်တာက –

“ကျွန်တော်တော့ လုံးဝ မယုံဘူး။ အသေးစိတ် မသိတောင် လုပ်ငန်းသဘောကိုတော့ အစ်ကိုကြီး သိရမယ်။ ဘာလဲ။ အစ်ကိုကြီးက ‘မာရီယာတင်ပြတဲ့ အမြတ်စာရင်းကိုပဲ ကြည့်လိုက်တယ်၊ ဘယ်ကရတဲ့ အမြတ်ငွေတွေလဲလို့ မစစ်ဆေးမိဘူး’ လို့ ပြောချင်သလား။ ဒီလိုပြောရင် တရားရုံးတော်ကရယ်မှာပေါ့” ဟု ပြောကြားလိုက်ရာ၊ မစ္စတာ အင်ဒရူးက –

“ကျုပ်နဲ့ မာရီယာတို့ လက်ထပ်ပြီးကတည်းက လုပ်ငန်းကိစ္စအဝဝကို မာရီယာကိုပဲ လုံးဝဥဿုံ လွှဲပေးခဲ့ပါတယ်။ လင်းဖောနဲ့ဆိုင်တဲ့ လုပ်ငန်းကိစ္စအဝဝကို မာရီယာပဲ ကြီးကြပ်ကွပ်ကဲပြီး စီမံအုပ်ချုပ်ပါတယ်။ နှစ်ချုပ်စာရင်းကိုတောင် ကျုပ်လှန်မကြည့်ခဲ့ပါဘူး။ ဒါကြောင့် မာရီယာရဲ့ ကျွန်ကုန်ကူးတဲ့ လုပ်ငန်းကို မောင်ထင်နေသလို ကျုပ် မသိရိုးအမှန်ပါကွယ်”

ဟု ဖြေရှင်းပါသည်။

ထိုအခါ အယ်လစ်တာက –

“ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့မှာ တရားမဝင်တဲ့ ကျွန်သင်္ဘောတွေဆိုက်ကပ်တာနဲ့ ပတ်သက်ပြီးတော့လဲ အစ်ကိုကြီးမှာ တာဝန်ရှိတာပဲ” ဟု ထပ်မံ ပြောကြားရာ၊ မစ္စတာ အင်ဒရူးက –

“ကျွန်ကုန်ကူးတဲ့ လုပ်ငန်းဟာ ပေါ့သေးသေး၊ လုပ်ငန်း မဟုတ်ပါဘူး။ အတော်ကြီးကျယ် ရှုပ်ထွေးတဲ့လုပ်ငန်းပါ။ ဒီလုပ်ငန်းကို မိန်းမသားတစ်ယောက်ထဲနဲ့ မလုပ်နိုင်ပါဘူး။ အပေါင်းအသင်း အဖွဲ့အစည်း ရှိမှာ သေချာပါတယ်။ မောင် ဆက်ပြီး စုံစမ်းရင် အသေးစိတ် သိရမှာပေါ့”

ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်လစ်တာလည်း မာရီယာဘက်သို့ လှည့်ပြီး –

“ဟုတ်တယ် မာရီယာ။ ဒီလုပ်ငန်းကို ခင်ဗျား တစ်ယောက်တည်း

http://www.cherrythitsar.org



ဆောင်ရွက်တာ မဟုတ်ဘူး။ အခြားအရေးပါ အရာရောက်တဲ့ လူတွေပါ ပူးပေါင်းပါဝင်မှာ သေချာတယ်။ အဲဒီလူတွေက ဘယ်သူတွေပါလဲ”

ဟု မေးလိုက်ပြီးမှ –

“ဒီလူတွေရဲ့ အမည်ကို ဖော်မပြောချင် နေပါ။ ကျုပ် ဆက်စုံစမ်းရင် ပေါ်လာမှာပါ။ ကျုပ်အနေနဲ့ ခင်ဗျားကို မေးစရာရှိတာပဲ မေးပါတော့မယ်။ ဒီ ကျွန်ကုန်ကူးတဲ့ လုပ်ငန်းမှာ အရင်းအနှီး မြုပ်နှံတဲ့အတွက် လင်းဖောက ငွေတွေကို ခင်ဗျားယူပြီး သုံးခဲ့တယ် မဟုတ်လား။ ဒါကြောင့် ကျုပ်စာရင်း စစ်တဲ့အခါမှာ စာရင်းလိမ်ပြထားတာတွေ၊ အရှုံးစာရင်းပြထားတာတွေ တွေ့ရတာပေါ့။ ကျွန်ကုန်ကူးတဲ့ လုပ်ငန်းက နာမည်ဆိုးသလောက် အမြတ်အစွန်းနင့်နေအောင်ရတဲ့ လုပ်ငန်းမျိုးပဲ။ ဒီတော့ လင်းဖောက ငွေတွေကို မြုပ်နှံပြီး ဒီလုပ်ငန်းမှာ နှစ်ရှည်လများ သုံးစွဲလာခဲ့တဲ့ ခင်ဗျားမှာ အမြတ်ငွေတွေ အများကြီး ရှိရလိမ့်မယ်။ အဲဒီအမြတ်ငွေတွေကို ခင်ဗျား ဘယ်မှာထားသလဲ။ ရွှေတွေဝယ်ပြီး ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့က သဲတွေထဲမှာ မြှုပ်ထားသလား”

ဟု ဆက်မေးပါသည်။

ထိုအခါ မာရီယာက –

“ဘယ်က အမြတ်ငွေတွေလဲ။ အယ်လစ်တာ ရှင်ရှူးနေသလား ရှင်တို့ ပြောသလို ကျွန်ကုန်ကူးတဲ့လုပ်ငန်းကို ကျွန်မ လုံးဝ မလုပ်ပါဘူး။ ကမ္ဘာ့ဈေးကွက်မှာ ဗြိတိသျှတွေ လက်ဝါးကြီး မအုပ်နိုင်တဲ့ အခါကစပြီး သင်္ဘောဈေးတွေ ထိုးကျသွားတာ ရှင်အသိပါ။ ဒီတော့ လင်းဖော စိုက်ခင်းတွေက ဘယ်မှာ အမြတ်ပေါ်တော့မှာလဲ။ ဒီလို အမြတ်မပေါ်တာကို ရှင်က မကျေနပ်နိုင်ဘဲ စာရင်းလိမ်ပြတာပါလို့ ထင်နေတာတော့ ခက်တာပဲ။ အခုဆိုရင် ရှင်မြင်တဲ့အတိုင်းပဲ လင်းဖောက စိုက်ခင်းတွေ အားလုံး ပျက်စီးသွားကုန်ပြီ။ ဒီတော့ လင်းဖောမှာ အရင်းအနှီး မြှုပ်နှံထားတဲ့ ရှင်တို့တစ်တွေလဲ လင်းဖောက အကျိုးအမြတ်ရလိမ့်မယ်လို့ မျှော်ကိုးမနေနဲ့တော့”

ဟု ပြောကြားပြီးနောက် –

“ဒီလို အရှုံးနဲ့ရင်ဆိုင်နေရတဲ့အခါမှာ ဘယ်လိုလုပ် ရွှေတွေ ဝယ်ပြီး ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့က သဲပြင်မှာ မြှုပ်ထားနိုင်ပါ့မလဲ”

ဟု ဒေါသတကြီး ပြောကြားသည်။

ထိုအခါ အယ်လစ်တာလည်း ခေါင်းကို လေးလေးတွဲ့တွဲ့ ယမ်းလိုက်ပြီး မစ္စတာ အင်ဒရူးကို လှမ်းကြည့်ကာ –

"အစ်ကိုကြီးရဲ့ ဇနီးနဲ့ အပြောကတော့ ချောနေတာပဲ။ ယုံလောက်အောင် ယုတ္တိယုတ္တာရှိရှိ ပြောတတ်ပါပေရဲ့"

ဟုပြောကြားလိုက်ရာ၊ မစ္စတာ အင်ဒရူးက ရယ်မောပြီး –

"ကျုပ်ဇနီးရဲ့စကားကို ယုံတာ မယုံတာကတော့ မောင့်တာဝန်ပဲ။ မောင် စစ်ဆေးချင့်ချိန်ပြီးမှ ယုံချင်ယုံပေါ့။ အခု လောလောဆယ်မှာတော့ လေပြင်းမုန်တိုင်းဒဏ်ကို အလူးအလဲ ခံလိုက်ရတဲ့အတွက် ကြံခင်းတွေ အားလုံးပျက်စီးကုန်ပြီ။ ကြံခင်းတွေကို အမြန်ပြန်ပြီး စိုက်တောင် အနည်းဆုံး တစ်နှစ်ခွဲလောက်ကြာမှ အကျိုးအမြတ် ပေါ်လာလိမ့်မယ်။ ဒီလို လုပ်ဆောင်ဖို့အတွက် ရင်းနှီးမြုပ်နှံငွေ မရှိတော့ဘူးဆိုရင် လင်းဖောဟာ လုံးဝ ပျက်စီးသွားမှာပဲ။ ကျုပ်က လူ့ဘဝမှာ ကြာကြာနေလှရင် ခြောက်လထဲပါ။ ဒီတော့ ကျုပ်အနေနဲ့ လုံးဝ ဂရုမစိုက်တော့ပါဘူး"

ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာ့အစ်မ ကာတာရီနာက –

"ကျွန်မအနေနဲ့ကတော့ ဂရုစိုက်ရလိမ့်မယ်"

ဟု အော်ဟစ်ပြောကြားပြီးနောက် –

"ဒီမှာ မာရီယာ၊ မစ္စတာ အင်ဒရူးနဲ့ လက်ထပ်ကတည်းက ညည်းက 'မမတို့တစ်တွေ ချမ်းချမ်းသာသာ နေရအောင် စီမံပေးပါ့မယ်။ ကျွန်မပြောတဲ့အတိုင်း ဆောင်ရွက်ပေးကြပါ' လို့ တောင်းပန်ခဲ့တယ်။ ဒါကြောင့် ကျုပ်တို့တစ်တွေဟာ ညည်းပြောသမျှ ဆိုသမျှကို တစ်သဝေမတိမ်း ဆောင်ရွက်ပေးခဲ့ကြတယ်။ နေ့ရှိသမျှ အရက်မူးနေတဲ့ အမေ့ကိုလဲ ကျုပ်တို့ပဲ ပြုစုခဲ့တယ်။ ဈေးချိုချိုနဲ့ ညည်းဝယ်ပြီး အဆောက်အဦ ပျက်ကြီးထဲက အခန်းထဲမှာ လှောင်ထားတဲ့ ကျွန်တွေကိုလဲ ကျုပ်တို့ပဲ အစာရေစာ ကျွေးမွေးခဲ့တယ်။ ဒီလောက်တောင် အပင်ပန်းအဆင်းရဲခံခဲ့တာတွေဟာ နောက်ဆုံးမှာ အလဟဿတော့ အဖြစ်မခံနိုင်ဘူး။ အကျိုးမဲ့ အချည်းနှီးတော့ အဖြစ် မခံနိုင်ဘူး"

ဟု ပြောကြားရာ၊ မာရီယာက –

"ဒါတော့ ကျွန်မလဲ ဘာမှ မတတ်နိုင်ဘူး။ ဆန်ဖရန့်စစ္စကိုမှာ မမတို့ နေမြဲတိုင်းနေကြပေါ့။ ကျွန်မတော့ ဒီမှာ ဆက်ပြီး မနေချင်တော့ဘူး။ စပိန်ကိုပဲ သွားတော့မယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာတာရီနာက –

"သြော် ... ညည်းက ကျုပ်တို့ကို ဥပေက္ခာ ပြုတော့မယ်ပေါ့လေ" ဟု ဒေါသတကြီး ပြောကြားလိုက်ရာ၊ မာရီယာက –

"ဒါတော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ။ မမတို့မှာ ခြေနဲ့ လက်ရှိနေတာပဲ။ လုပ်ကိုင်စားသောက်ကြပေါ့"

ဟု ခပ်အေးအေး ပြောလိုက်သည်။

ထိုအခိုက်တွင် အယ်လစ်တာက –

"စပိန်ကို သွားတာတော့ ဟုတ်ပါပြီ။ အဲဒီမှာ ခင်ဗျား ဘယ်လို အသက်မွေးဝမ်းကျောင်း ပြုမလဲ" ဟု မေးလိုက်ရာ မာရီယာက –

"ကျွန်မဟာ အသက်လဲမကြီးသေးပါဘူး။ ရုပ်လဲ မကျသေးပါဘူး။ ကျွန်မလို မိန်းမအဖို့ အသက်မွေးဝမ်းကျောင်းပြုစရာ အလုပ်မရှားပါဘူး" ဟု ဖြေကြားပြီးနောက် –

"ဒီမှာ အယ်လစ်တာ၊ စင်တာမာတာ ဆိမ်ကမ်းကနေပြီး စပိန်ကို အစောဆုံးထွက်မယ့် သင်္ဘောနဲ့ ကျွန်မ လိုက်သွားပါတော့မယ်။ သင်္ဘောဆိပ်ကို ရှင် လိုက်ပို့ပေးပါလား။ ရှင်ကတော့ ရှင့်ဘဝတစ်ခုလုံးကို စာရင်းစာရွက်တွေကြားမှာ မြှုပ်နှံပြီးနေခဲ့ပေတော့"

ဟု ပြောကြားသည်။

*

ထိုအခိုက်တွင် ကျွန်မလည်း အိပ်ရာထက်၌ လဲလျောင်းပြီး ပြောကြားသမျှတို့ကို နားထောင်နေရာမှ အပါးရှိ ဖားဂတ်၏ လက်ကို ဆွဲပြီး –

"စိန်တွေ ... စိန်တွေ၊ မာရီယာဟာ သူ့အမြတ်အငွေ့တွေနဲ့ ကျောက်မျက်ရတနာတွေ ဝယ်ထားလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုစကားကိုကြားလျှင် မာရီယာ့အစ်မ ကာတာရီနာလည်း အလွန်အမင်း စိတ်လှုပ်ရှားသွားဟန်ဖြင့် –

"ဖြစ်နိုင်တယ် ... ဖြစ်နိုင်တယ်၊ အဲဒီ ကျောက်မျက်ရတနာတွေကို ဘယ်မှာ ဝှက်ထားသလဲ ... သိလား" ဟု အလောတကြီး မေးလိုက်ရာ၊ ကျွန်မ ကိုယ်ကို နည်းနည်းကြွလိုက်ပြီး –

"တစ်ခါက ဧည့်ခန်းကို ကျွန်မ ဝင်လာတုန်း မှန်ထဲမှာ မြင်ရတာပါ" ဟု ပြောကြားပြီးမှ၊ 'ကျွန်မ အာရုံတွင် မြင်သမျှသော အကြောင်းအရာတို့ကို ဖွင့်ဟပြောကြားမိသည့်အတွက် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်တိုးရသည့် အဖြစ်' ကို ဖျတ်ခနဲ အမှတ်ရကာ စကားစကို ဖြတ်လိုက်ပါသည်။

http://www.cherrythitsar.org



ထိုအခါ အယ်လစ်တာက –

“မှန်ထဲမှာ ဘာတွေမြင်ရသလဲ ဆရာမ၊ ဆက်ပြောပါဦး”

ဟုပြောကြားရာ၊ ကျွန်မက ခေါင်းကို အသာယမ်းပြီး –

“အို ... ဘာမှ မဟုတ်ပါဘူးလေ၊ မှန်ထဲမှာ မြင်ရတာက မီးရောင်နဲ့ မှန်ရောင် ရောင်ပြန်ဟပ်ပြီး ဖြစ်ပေါ်တဲ့အရိပ်အယောင်တွေ ဖြစ်နိုင်ပါတယ်။ ဒါတွေကို ပြောလို့ မထူးပါဘူး”

ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် မစ္စတာ အင်ဒရူးက –

“ကျုပ်တို့ စကော့လူမျိုးအချို့က အနာဂတ်မှာ ဖြစ်ပျက်ကြုံတွေ့ရမယ့် အကြောင်းချင်းတတွေကို ကြိုတင်သိမြင်နိုင်စွမ်းတဲ့ အနာဂတ်မျက်လုံးကို ပိုင်ဆိုင်တယ်လေ။ ဆရာမဟာ အနာဂတ်မျက်လုံးရှင်ပဲ။ ဆရာမရဲ့ အမြင်ဟာ မှန်ရမယ်”

ဟု ပြောကြားလိုက်ပြီး၊ အယ်လစ်တာကလည်း –

“ဟုတ်တယ်၊ ကျောက်မျက်ရတနာတွေကို ဝယ်ပြီးစုဆောင်းထားတာ ဖြစ်နိုင်တယ်။ ကျောက်မျက်ရတနာတွေဆိုတော့ သယ်ရပိုးရတာ ဝန်ကျဉ်းပြီး လွယ်တယ် မဟုတ်လား” ဟု ပြောကြားသည်။ ထို့နောက် မာရီယာ၏ မျက်နှာကို စေ့စေ့ကြည့်ကာ –

“မာရီယာ။ ခင်ဗျားဟာ ကျုပ်တို့ မှတ်ထင်ထားထက် အဆများစွာ ပိုပြီး လိမ္မာပါးနပ်ပါပေတယ်။ ကျောက်မျက်ရတနာဆိုတာမျိုးဟာလဲ တစ်ဦးကို တစ်ဦးက လက်ဆောင်အဖြစ် ပေးတတ်တာမျိုးပဲ။ ဒီတော့ ခင်ဗျားကို မသင်္ကာလို့ မေးမြန်းစစ်ဆေးတဲ့အခါမှာ ခင်ဗျားကို စွဲလန်းစုံမက်တဲ့သူ တစ်ဦးဦးက လက်ဆောင်ပေးထားတာပါလို့ ပြောမယ် မဟုတ်လား”

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ မာရီယာလည်း အယ်လစ်တာကို လုံးဝအမှုမထားဘဲ ကျွန်မကို စေ့စေ့ကြည့်ကာ –

“ရှင်ဟာ လေပွေလေဝဲတစ်ခုပဲ။ ဒီအိမ်ကြီးထဲမှာ ရှင်မွှေချင်သလို မွှေ၊ တိုက်ချင်သလို တိုက်နေပါလား။ မော်ပညာနဲ့ ဂျူနီတာ ပြုစားတုန်းက ရှင်အသက်မသေဘဲ လက်မတင်လေး လွတ်သွားခဲ့တာဟာ ကျွန်မအဖို့ ကြိုဟ်ဆိုးဝင်တာပဲ”

ဟု ပြောကြားပြီးနောက် –

http://www.cherrythitsar.org



"သေဘာအေက ရှင်လွတ်လာပေမယ့် ရှင့်မှာ အဖျားသွေး ရှိတုန်းပဲ။ ဒါကြောင့် ရှင် ဂယောင်ဂတမ်းတွေ ပြောနေတာပေါ့။ ကျောက်မျက်ရတနာတွေကို ကျွန်မ စုဆောင်းထားတယ်ဆိုတာ လုံးဝ မဟုတ်ဘူး"

ဟု ပြောကြားပါသည်။

ထိုအခိုက်တွင် အယ်လစ်တာက –

"ခင်ဗျားဟာ ကျောက်မျက်ရတနာရဲ့ တန်ဖိုးကို ကောင်းကောင်းသိတယ် မဟုတ်လား"

ဟု ဝင်မေးလိုက်ရာ၊ ကာတာရီက –

"ဒင်းလား။ ကျောက်မျက်ရတနာရဲ့ တန်ဖိုးကို ကောင်းကောင်းသိတာပေါ့။ ကျွန်မတို့ အမေငယ်ငယ်တုန်းက ဘိုးဘွားလက်ကျန် ကျောက်မျက်ရတနာတွေ အများကြီး ရှိပါသေးတယ်။ ကျွန်မတို့ စီးပွားရေး ယိမ်းယိုင်လာတဲ့အခါမှာ အဲဒီကျောက်မျက်ရတနာတွေပဲ ထုခွဲရောင်းချစားရပါတယ်။ အဲဒီကျောက်မျက်ရတနာတွေ ထုခွဲတဲ့ တာဝန်ကိုယူရတဲ့ သူကတော့ မာရီယာပါပဲ။ မာရီယာဟာ စပိန်ရဲ့ မြို့တော် **မက်ဒရစ်** ကို သွားပြီး ကျောက်မျက်ရတနာတွေကို ထုခွဲရင်း ရတနာ ကုန်သည်တွေဆီက ကျောက်မျက်ရတနာတွေအကြောင်းကို အတော်ကြာကြာ လေ့လာဆည်းပူးခဲ့ဖူးပါတယ်"

ဟု ပြောကြားပါသည်။

ထိုအခါတွင် အယ်   လစ်တာက –

"ဆန်ခရစ်တိုဘယ်မြို့မှာကော ကျောက်မျက်ရတနာ ရောင်းဝယ်တဲ့သူတွေ ရှိသလား"

ဟု မေးလိုက်ရာ၊ ကာတာရီနာက  –

"ရှိပါတယ်။ ဒီဒေသက လူချမ်းသာတွေ  မှန်သမျှ ကျောက်မျက်ရတနာတွေကို ဝယ်ပြီး စုဆောင်းလေ့ရှိပါတယ်။ ဒီတော့ ကျောက်မျက်ရတနာ ကုန်သည်တွေ၊ ပွဲစားတွေ ခြေချင်းလိမ်အောင် ရှိတာပေါ့"

ဟု ပြောကြားသည်။

*

ကာတာရီနာ၏ စကားကိုကြားလျှင် အယ်လစ်တာလည်း မာရီယာ၏ မျက်နှာကို စေ့စေ့ကြည့်ကာ –

"ဒါဖြင့်ရင်  အဲဒီကျောက်မျက်ရတနာတွေကို ဘယ်မှာထားသလဲ" ဟု မေးလိုက်ရာ၊ မာရီယာက ပခုံးကို ဟန်ပါပါ တွန့်လိုက်ရင်း –

http://www.cherrythitsar.org



"ရှင်က ကျောက်မျက်ရတနာတွေကို စိတ်ကူးယဉ်ပြီး ရှာပုံတော်ဖွင့်ချင်တယ်ပေါ့"

ဟု ပြောကြားပြီး ကျွန်မကို လက်ညှိုးငေါက်ငေါက်ထိုးကာ –

"ကျောက်မျက်ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ သိချင်ရင် ဟောဒီအနာဂတ် မျက်လုံးရှင်ကို မေးကြည့်ပေါ့။ ကျွန်မမှာ ကျောက်မျက်ရတနာတွေ တကယ်ရှိရိုးမှန်ရင် နေရာအတိအကျကို သူပြောပြပါလိမ့်မယ်"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ လူအားလုံးလည်း စိတ်ဝင်စားသည့် အမူအရာဖြင့် ကျွန်မကို ငေးကြည့်နေကြရာ၊ ကျွန်မလည်း မနေသာတော့သောကြောင့် –

"မာရီယာမှာ ကျောက်မျက်ရတနာတွေ တကယ်ရှိ မရှိကို ကျွန်မမသိပါဘူး။ ကျောက်မျက်ရတနာတွေ ရှိတယ်ဆိုတာက ကျွန်မရဲ့ အထင်သက်သက်ပါ"

ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် မာရီယာ့အစ်မ ဂျူနာက အတန်ကြာ တွေဝေစဉ်းစားပြီးနောက် –

"မာရီယာရဲ့ ကျောက်မျက်ရတနာတွေ ရှိနိုင်တဲ့ နေရာကို တွေးမိပြီ။ အဲဒီနေရာက အခြားမဟုတ်ဘူး။ ဆန်ဖရန်စစ္စကိုက မာရီယာတကူးတကန့် သယ်လာခဲ့တဲ့ ဗီရိုကြီးထဲမှာပဲ ဖြစ်ရမယ်။ ဒီတော့ ဗီရိုကို မြေလှန်ပြီး ရှာကြည့်ရအောင်"

ဟု ပြောကြားသည်။

ထိုအခါ ကာတာရီနာက –

"အေး ... ဟုတ်တယ်ပေါ့။ ဆန်ဖရန် စစ္စကိုမှာတုန်းကလဲ အဖိုးတန်တဲ့ ပစ္စည်းမှန်သမျှကို အဲဒီ ဗီရိုကြီးထဲမှာပဲ သိမ်းထားကြတာပဲ"

ဟု ဝမ်းသာအားရ ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် အလွန်ကျန်းမာကောင်းကာ တည်ကြည်အေးဆေးသော မာရီယာလည်း လုံးဝကျန်းမာဆောင်နိုင်ဘဲ –

"မဟုတ်ဘူး။ ငါ့ဗီရိုကို မရှာကြနဲ့"

ဟု အော်ပြောကာ ဗီရိုကြီးဆီသို့ အတင်းပြေးသွားတော့သည်။ သို့သော် ဗီရိုကြီးဆီသို့ မရောက်မီ လမ်း၌ပင် အယ်လစ်တာက မာရီယာကို ဆီးဖမ်းလိုက်သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် ကာဘာရီနာလည်း ဗီရိုကြီးဆီသို့ အပြေးသွားပြီး တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် သားရေဖုံး ထားသော ရှေးဟောင်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ကိုင်ကြည့်ပြီး သားရေဖုံး ရှေးဟောင်းစာအုပ်တစ်အုပ်ကို ဆွဲယူလိုက်သည်။ ထို့နောက် ထိုရှေးဟောင်း စာအုပ်ကြီးကို လှပ်ခါကြည့်ရင်း –

"တွေ့ပြီ။ တွေ့ပြီ။ ဒီမှာ တွေ့ပြီ" ဟု အော်ဟစ်ကာ၊ ညှိခန်းအလယ်ရှိ စားပွဲကြီးပေါ်သို့ ပစ်တင်လိုက်သည်။

ထိုအခိုက်တွင် မာရီယာက –

"ဟေ့ ... ဒါဟာ အဖိုးတန်တဲ့ ရှားရှားပါးပါး ရှေးဟောင်းစာအုပ်၊ မကိုင်ကြနဲ့၊ ပျက်စီးသွားမယ်" ဟု ဟစ်အော်ပြောကာ အယ်လစ်တာ၏ လက်ထဲမှ အတင်းရုန်းထွက်သည်။ သို့သော် အယ်လစ်တာက အလွှတ်မပေးဘဲ ချုပ်ကိုင်မြဲ ချုပ်ကိုင်ထားသည်။

ထိုအခိုက်တွင် ကာတာရီနာသည် သားရေဖုံးထားသော စာအုပ်ကြီးကို ဖွင့်လိုက်ရာ၊ အတွင်း၌ စာအုပ်မဟုတ်ဘဲ၊ စာအုပ်အရွယ် ကြေးသေတ္တာလေး ဖြစ်နေကြောင်း တွေ့ရှိရသည်။

ဤတွင် ကာတာရီနာသည် မာရီယာ၏ခါးမှ သော့တွဲကို ဖျတ်ခနဲဖြုတ်ယူပြီး ကြေးသေတ္တာလေးကို သော့သေးသေးတစ်ချောင်းနှင့် ဖွင့်လိုက်ရာ၊ ကြေးသေတ္တာလေးမှာ အလွယ်တကူ ပွင့်ထွက်သွားတော့သည်။ ထိုအခိုက်တွင် ဂျူနာလည်း ကြေးသေတ္တာလေးအနီးသို့ အပြေးလာပြီး အတွင်းရှိပစ္စည်းများကို စိတ်အားထက်သန်စွာ လှမ်းကြည့်လိုက်သည်။

ကြေးသေတ္တာလေးအတွင်းသို့ ကတ္တီပါအနက်ခင်းထားသော အံအဆင့်ဆင့်ရှိနေပြီး ထိုအံအတွင်း၌ ကျောက်မျက်ရတနာ အမျိုးမျိုးတို့ အစီအရီတည်ရှိနေပေသည်။ အထူးသဖြင့် စိန်လည်ဆွဲကြီးမှာ အရောင်တဖျတ်ဖျတ်တောက်ပနေသည်။ ကာတာရီနာနှင့် ဂျူနာတို့နှစ်ယောက်လည်း ကျောက်မျက်ရတနာတို့ကို လောဘရမ္မက်တက်သော မျက်လုံးအစုံဖြင့် အငမ်းမရ ကြည့်နေကြသည်။

ထိုအခိုက်တွင် အယ်လစ်တာက –

"မာရီယာ။ ဒီကျောက်မျက်ရတနာတွေကို ခင်ဗျား ဘယ်က ငွေတွေနဲ့ ဝယ်ပြီး တိတ်တစ်ဆိတ် သိမ်းထားရတာလဲ။ ခင်ဗျား အစ်မနှစ်ယောက်ကို ဝေပေးရမယ့် ငွေတွေနဲ့ ဝယ်တာလား။ ဖားဂတ်နဲ့ ဒန်ကင်လေးတို့ ရသင့်ရထိုက်

တဲ့ငွေတွေနဲ့ ဝယ်တာလား။ ပြီးတော့ ဒီကျောက်မျက်ရတနာတွေကို ဘာကြောင့် ကြိုတင်ပြီး စုဆောင်းသိမ်းဆည်းထားရတာလဲ။ 'တစ်နေ့မှာ မစ္စတာ အင်ဒရူး က ခင်ဗျားကို ညည်းငွေ့ပြီး လင်းဖောဒေသကို အမွေအဖြစ် ဖားဂတ်ကို ပေးခဲ့ ရင် ခင်ဗျား လက်လွှတ်ဆုံးရှုံးတော့မှာပဲ' လို့ တွေးမိလို့လား"ဟု ဆက်ကာ ဆက်ကာ မေးလိုက်ရာ၊ မာရီယာက တည်ငြိမ်အေးဆေးသော အမူအရာဖြင့်–

"အယ်လစ်တာရယ်။ တစ်ခါတစ်ခါမှာတော့ အမှန်အတိုင်း ရှင်တွေး တတ်သားပဲ။ ဟုတ်တယ်။ ကျွန်မဟာ အစ်ကိုကြီးနဲ့ လက်ထပ်ထိမ်းမြားခဲ့ပေ မယ့် ကျွန်မ နောင်ရေးအတွက် အမြဲစိုးရိမ်ပူပန်ခဲ့တယ်။ 'တစ်နေ့မှာ အစ်ကိုကြီး က ကျွန်မကို ညည်းငွေ့သွားပြီး လင်းဖောဒေသကို အမွေအဖြစ် ဖားဂတ်ကို ပေးခဲ့လိမ့်မယ်" လို့ မှတ်ထင်ခဲ့တယ်။ ပြီးတော့ 'တစ်နေ့နေ့မှာ ကျွန်မတွေကို လွှတ်လပ်ခွင့်ပေးလိမ့်မယ်။ အဲဒီအခါကျရင် အခြေအနေပြောင်းပြီး ကျွန်မတို့ရဲ့ စီးပွားရေးအခြေအနေ ဖောက်ထိုးကျဆင်းသွားလိမ့်မယ်' လို့လဲ မှတ်ထင်ခဲ့ တယ်။ ဒါကြောင့် ဘယ်လိုအဖြစ်အပျက် အခက်အခဲတွေနဲ့ပဲ ကြုံကြုံ အပြုံး မပျက် ရင်ဆိုင်နိုင်အောင် အကာအကွယ်သဘောနဲ့ ဒီကျောက်မျက်ရတနာတွေ ကို ကျွန်မ တိတ်တစ်ဆိတ် ဝယ်ယူစုဆောင်းထားခဲ့တာပါပဲ"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"အစ်ကိုကြီးကိုလဲ ကြည့်ကြပါဦး။ အသက်ထင်ရှား ရှိကြသေးရဲ့ လား"

ဟု ပြောကြားလိုက်သည်။

*

ထိုအခါ လူအားလုံးပင် မစ္စတာ အင်ဒရူးရှိရာသို့ လှမ်းကြည့်လိုက် ရာ ဆိုဖာနီကြီးပေါ်၌ ထိုင်ရက်သား အသက်ကုန်ဆုံးနေသည်ကို တွေ့မြင်ကြ ရသည်။

ဖားဂတ်လည်း ကျွန်မ ပခုံးကို အသာကိုင်ထားရာမှ အယ်လစ်တာ နှင့်အတူ မစ္စတာ အင်ဒရူး၏အပါးသို့ လျှောက်သွားပြီး သေချာစမ်းကြည့်ကြ သည်။ ထို့နောက် ပွင့်နေသော မျက်လုံးကို ပိတ်ပေးရင်း –

"ဒန်ကင်လေးကို ဒီကို မလာပါစေနဲ့"

ဟု လူအားလုံးကြားအောင် လှည့်ပြီး ပြောလိုက်သည်။

ထိုသို့ လူအားလုံး ငေးငိုင်သွားကြခိုက်တွင် မာရီယာသည် စားပွဲ ကြီးပေါ်၌ တင်ထားသော ကျောက်မျက်ရတနာများ ထည့်ထားသည့် ကြေး

http://www.cherrythitsar.org



သေတ္တာလေးအဖုံးကို ပြန်ပိတ်ပြီး ဆတ်ခနဲ ကောက်ယူသွားသည်။ ထို့နောက် အသုဘကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်စရာ ရှိသည်တို့ကို ဆောင်ရွက်ကြရန် ဟစ်အော်အမိန့်ပေးသည်။ ထို့ပြင် ပိတ်ထားသော တံခါးများတို့ကိုလည်း ဖွင့်ခိုင်းလိုက်သည်။

တံခါးများ ပွင့်သွားသောအခါ အပြင်ဘက်၌ လေပြင်းမုန်တိုင်းဆဲကာ ရာသီဥတုသာယာနေပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရတော့သည်။

***

# [ ၁၁ ]
# အခြေအနေ လှုပ်လှုပ်ရွရွ ဖြစ်လာခြင်း

အပူပိုင်းဒေသတို့၌ အသုဘစျာပနကိစ္စကို ရက်ကြာကြာ မဆိုင်းဘဲ အမြန်ဆုံး စီမံရစမြဲဖြစ်ရာ၊ မစ္စတာ အင်ဒရူး၏ အသုဘစျာပနကိစ္စကို ချက်ချင်း ဆွေးနွေး တိုင်ပင်ကြသည်။ နောက်ဆုံး၌ ဖားဂတ်အကြံပေးသည့်အတိုင်း နှစ်ပေါင်းများစွာ မစ္စတာ အင်ဒရူး အခြေစိုက်နေထိုင်ခဲ့သည့် ဝင်တာဆိုလိုဒေသရှိ တောင်စောင်း၌ မြှုပ်နှံသင်္ဂြိုဟ်ရန် သဘောတူလိုက်ကြသည်။

ထိုသို့ သဘောတူကြပြီးနောက် မာရီယာက –

"ဆန်ဖရန်စစ္စကို ကိုသွားပြီး အမေ့ကို သွားကြည့်ရမယ်။ ကျွန်မ စိတ်ထင်တော့ အမေလဲ ကွယ်လွန်သွားပြီလို့ ထင်တာပဲ" ဟု ပြောကြားကာ အယ်လစ်တာကို အဖော်အဖြစ် ခေါ်ပြီး ဆန်ဖရန်စစ္စကိုသို့ ချက်ချင်းထွက်ခွာသွားသည်။

ထိုအခိုက်တွင် ဖားဂတ်သည် ကျွန်မကိုပွေ့ချီပြီး အပေါ်ထပ်ရှိ ကျွန်မ အခန်းသို့ ပြောင်းရွှေ့ပေးသည်။ ထိုအခါ ပွန်းရာပဲ့ရာများကို ဆေးထည့်ထားပြီး ဖြစ်သော နီဂရိုးမလေး ချာရီတီလည်း ကျွန်မအခန်းကိုလာပြီး လိုအပ်သည်များကို ပြုစုလုပ်ကိုင်ပေးပါသည်။ ကျွန်မလည်း သိသိသာသာကြီး ကျန်းမာနေကောင်းလာပြီဖြစ်၍ ဒန်ကင်လေး၏ အခန်းသို့ လျှောက်သွားပြီး မစ္စတာ

http://www.cherrythitsar.org



အင်ဒရူး ကွယ်လွန်သွားသည့်သတင်းကို ဖျောင်းဖျောင်းဖျဖျ ပြောကြားလိုက်ပါသည်။

ထိုအခါ ဒန်ကင်လေးက ကျွန်မကို အတင်းဖက်ပြီး –

"ဆရာမရယ်။ ကျွန်တော် ဘယ်သူနဲ့ နေရမှာလဲ။ ကျွန်တော့်ကို ဘယ်သူကြည့်မှာလဲ" ဟု ပြောကြားရာ၊ ကျွန်မက –

"မစိုးရိမ်ပါနဲ့ ကလေးရယ်။ ဆရာမနဲ့ သားသားနေပေါ့။ သားသားကို ဆရာမကြည့်မှာပေါ့"

ဟု ပြောကြားဖြေသိမ့်လိုက်ပါသည်။ ကတိပေးလိုက်ပါသည်။

*

ဗဟို ခန်းမတွင်း၌ ကျွန်မနှင့်ဖားဂတ်တို့ အတူရှိနေခိုက်တွင် ဆန်ဖရန်စစ္စကိုသို့ ထွက်သွားကြသော အယ်လစ်တာနှင့် မာရီယာတို့ နှစ်ဦး ပြန်ရောက်လာခဲ့ကြပါသည်။ မာရီယာ၏ အဝတ်အစားတို့မှာ ရွှံ့များပေကျံနေပြီး လက်နှစ်ဖက်မှာလည်း သွေးတို့ စိမ့်ထွက်နေပါသည်။ ထို့ကြောင့် ကျွန်မ၏ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားပြီး –

"ဒိုနာ အစ္စဘယ်လာကော တွေ့ခဲ့ရဲ့လား" ဟု စိုးရိမ်တကြီး မေးလိုက်ရာ၊ အယ်လစ်တာက –

"မာရီယာ တွေးထင်ထားတဲ့ အတိုင်းပါပဲ။ သေဆုံးနေတဲ့ ဒိုနာအစ္စဘယ်လာရဲ့ အလောင်းကိုပဲ ကျုပ်တို့ တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တစ်ယောက်ယောက်က ပုဆိန်နဲ့ ခုတ်သတ်သွားဟန်တူပါတယ်" ဟု ဖြေပါသည်။

ထိုအခါ ကျွန်မလည်း မာရီယာဘက်သို့ မသိမသာ ဦးညွှတ်ရင်း–

"ကျွန်မ စိတ်မကောင်းပါဘူးရှင်" ဟု ပြောကြားလိုက်ရာ၊ မာရီယာက –

"မေမေက အသက်ကြီးနေပါပြီ။ လူ့ဘဝမှာ နေရတာကို ငြီးငွေ့နေတာလဲ ကြာပါပြီ"

ဟု ပြန်ပြောပါသည်။

ထိုအခါ အယ်လစ်တာက –

"တစ်နည်းပြောရရင် 'ဒိုနာအစ္စဘယ်လာ အနားရသွားပြီ' လို့ ဆိုရမှာပေါ့။ မာရီယာဟာ သူ့အမေ အလောင်းကို မြှုပ်နှံဖို့ ကျင်းတူးရာမှာ ကိုယ်တိုင်ဝင်ပြီး တူးခဲ့ပါတယ်" ဟု ပြောကြားလိုက်ပါသည်။

ကျွန်မလည်း အတန်ကြာအောင် စောင့်ဆိုင်းနေပြီးမှ –

"ကျွန်မ အစားအသောက် အသင့်ပြင်ခိုင်းထားပါတယ်" ဟု ပြော လိုက်ရာ၊ မာရီယာက –

"ကျေးဇူးတင်ပါတယ်။ ဆာနေတာနဲ့ အတော်ပါပဲ" ဟု ပြောကြား ပြီးနောက် ဖားဂတ်ဘက်သို့ လှည့်ကာ –

"အစ်ကိုကြီးရဲ့အလောင်းကို ဘယ်နေရာမှာ မြှုပ်မှာတုန်း။ နေရာ အတိအကျ ပြောပြီး ကျွန်တွေကို ကျင်းတူးဖို့ လွှတ်ရအောင်" ဟု ပြောကြား လိုက်သည်။

ထိုအခါ ဖားဂတ်က –

"ဒီကိစ္စက ကျွန်တော့် တာဝန်ထားပါ" ဟု ပြောကြားပြီး ဝင်တာဆို လိုက ပါလာသော ကျွန်ဆယ်ယောက်ကို လိုက်လံရှာဖွေပြီး ကျင်းတူးခိုင်းရန် အတွက် ကျွန်တန်းလျား ဘက်သို့ ထွက်ခွာသွားသည်။

*

နှစ်ပေါင်းများစွာ မစ္စတာ အင်ဒရူး နေထိုင် အခြေစိုက်ခဲ့သော ဝင်တာ ဆိုလို တောင်စောင်းတစ်နေရာ၌ မစ္စတာ အင်ဒရူးကို မြှုပ်နှံသင်္ဂြိုဟ်ပြီးခဲ့ လေပြီ။ ထိုသို့မြှုပ်နှံသင်္ဂြိုဟ်ပြီးသည့် ညနေခင်းတွင် လင်းဖောစံအိမ်ကြီး ဧည့် ခန်းတွင်း၌ လူအားလုံး စုဝေးကြရပြန်သည်။

ထိုအခါ မာရီယာက –

"အခုလို ကျွန်မတို့အားလုံး စုဝေးကြတာကတော့ အခြား မဟုတ်ပါ ဘူး။ အမွေကိစ္စနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိစေချင်ကြလို့ပါပဲ။ ဟောဒီ အခန်းထဲမှာ အစ်ကိုကြီး မသေခင်ကလေးက ပြောသွားတဲ့စကားတွေ ရှိပါ တယ်။ ဒါပေမယ့် အဲဒီစကားတွေဟာ မတရား ဝင်တာကတော့ အစ်ကိုကြီး နောက်ဆုံးရေးခဲ့တဲ့ သေတမ်းစာပါပဲ။ အဲဒီ သေတမ်းစာမှာ လင်းဖောဒေသကို အမွေအဖြစ် ဒန်ကင်လေးကို ပေးထားပါတယ်။ ပြီးတော့ ဒန်ကင်လေး နှစ်ဆယ့် တစ်နှစ်ပြည့်တဲ့အထိ ဒန်ကင်လေးရဲ့ အမွေထိန်းအဖြစ် ကျွန်မ ဆောင်ရွက်ရ မယ်လို့လဲ ဆိုထားပါတယ်။ အဲ့ဒီလို ဆောင်ရွက်ခိုက်မှာ လင်းဖောကဝင်တဲ့ အကျိုးအမြတ် သုံးပုံတစ်ပုံကိုလဲ ခံစားခွင့်ရှိတယ်လို့ ဆိုထားပါတယ်။ ရှင်းကြ ပါရဲ့လား" ဟု ပြောကြားပါသည်။

ထိုအခါ ဖားဂတ်က –

"ရှင်းပါတယ်။ ကျုပ် ဒီကိုလာတာ အမွေလိုချင်လို့ မဟုတ်ပါဘူး။ လင်းဖောကို အမွေအဖြစ် ကျုပ်ကို ပေးခဲ့မယ်လို့လဲ မျှော်လင့်မထားပါဘူး။

လိုလဲ မလိုချင်ပါဘူး။ ကျုပ်လိုချင်တာ တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒါက ဆရာမ ဖီသြနာပါပဲ"

ဟု ပြောလိုက်ရာ၊ မာရီယာက ပြုံးပြီး –

"ရှင်လိုချင်တဲ့ ဆရာမကို ရှင်ယူသွားပါ။ ပြီးတော့မှ 'ဥစ္စာခနေ မကြွယ်ဝတဲ့သူကိုမှ ယူမိလေခြင်း' လို့ တစ်သက်လုံး နောင်တရနေပေါ့"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ဖားဂတ်က –

"နောင်တရနေမှာက ကျုပ် မဟုတ်ပါဘူး။ ခင်ဗျားပါ" ဟု ပြောကြားပြီးနောက်၊ ကျွန်မဘက်သို့ လှည့်ကာ –

"အချစ်ရေ။ အဝတ်အစားတွေ ထုပ်ပိုးပြင်ဆင်ထားပေးနော်"

ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ကျွန်မလည်း ဒန်ကင်လေးကို ပေးထားခဲ့သော ကတိစကားကို အမှတ်ရလာသောကြောင့် –

"ဒန်ကင်လေးကော၊ ကျွန်မတို့နဲ့ ခေါ်ထားမလား"

ဟု မေးလိုက်ရာ၊ မာရီယာက မဲ့ပြုံးပြုံးရင်း –

"ဒန်ကင်လေးက ကျွန်မသားပါ ဆရာမရယ်။ ဆရာမတို့ ပူပန်ကြောင့်ကြနေစရာ လုံးဝမလိုပါဘူး။ ကျွန်မသားရဲ့ နောင်ရေးကို ကျွန်မပဲ စီမံပါ့မယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်မလည်း ဖားဂတ်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ အလွန်အမင်း စိတ်ထိခိုက်သွားသည့်အသွင် ပေါ်ထင်နေပါသည်။ 'မိမိသားအရင်းကို မိမိ ပြန်ရပါကြောင်း အကြိတ်အနယ် ကြိုးစားခဲ့ရသော မစ္စတာ အင်ဒရူး၏ အဖြစ်မျိုးကို သားဖြစ်သူ ဖားဂတ်၌လည်း အသစ်တစ်ဖန် ကြုံတွေ့ပြန်ရလေပြီတကား' ဟု တွေးကာ ကျွန်မရင်ထဲ၌ ဆို့နင်သွားပါသည်။

ထိုအခိုက်တွင် မာရီယာသည် လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဆန်ဖရန်စစ္စကို စိုက်ခင်းနှင့် လင်းဖောစိုက်ခင်းကို မိမိဦးဆောင်ပြီး ပြန်လည်စိုက်ပျိုးမည့် အကြောင်းကို ပြောကြားလိုက်ပါသည်။ ထိုအခါ ဆန်ဖရန်စစ္စကိုကို ပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ အစ်မဖြစ်သူ ကာတာရီနာ၊ ဂျူနာတို့က မာရီယာနှင့် အကြိတ်အနယ် ပြောဆိုငြင်းခုန်ကြသည်။ ထို့ပြင် အယ်လစ်တာကလည်း လင်းဖော၌ မြှုပ်နှံထားသော လန်ဒန်မက်ဝဲကုမ္ပဏီ ရသင့်

သည့် အကျိုးအမြတ်နှင့် ပတ်သက်၍ မာရီယာနှင့် အကြိတ်အနယ် ပြောဆို ငြင်းခုန်သည်။

ထိုသို့ ငြင်းခုန်ပြောဆိုသမျှကို ကျွန်မနှင့် ဖားဂတ်လည်း အောင့်အည်း သည်းခံကာ နားထောင်နေကြရပါသည်။

နောက်ဆုံး၌ ဖားဂတ်က ထိုင်ရာမှ အသာထရင်း –

“အချစ်ရေ။ မနက်မိုးလင်းလင်းချင်း အချစ်ကို မောင်လာခေါ်မယ်။ အသင့်ပြင်ထားနော်”

ဟု ပြောကြားပြီး မာရီယာဘက်သို့ လှည့်ကာ –

“မနက်ဖြန် မနက်စောစောမှာပဲ စင်တာမာတာမြို့ကို သွားပြီး၊ ‘ဒီဒေသက ကျွန်တွေ လွတ်သွားတဲ့အကြောင်းကို သက်ဆိုင်ရာ အာဏာပိုင်တွေဆီ ဝင်သတင်းပို့ခဲ့ပါ့မယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက အစောင့်အရှောက် အမြန်ဆုံး ပို့ပေးမယ်လို့ မျှော်လင့်ရတာပဲ” ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီယာက –

“အစောင့်အရှောက် ပို့ပေးဖို့ မလိုပါဘူး။ ဒီနီဂရိုးကျွန်မဲတွေတော့ လုံးဝ မကြောက်ပါဘူး”

ဟု ပြောလိုက်ရာ ဖားဂတ်က –

“ဒိုနာအစ္စဘယ်လာလဲ ဒီနီဂရိုးကျွန်မဲတွေကို ကြောက်တာမဟုတ်ပါဘူး။ ဒါပေမဲ့ နီဂရိုး ကျွန်မဲရဲ့ လက်ချက်ပဲ အသက်ဆုံးရှုံးသွားရတယ် မဟုတ်လား”

ဟု ပြောကြားချေပလိုက်သည်။

ထို့နောက် ကျွန်မအပါးသို့ လျှောက်လာပြီး နဖူးပြင်ကို အသာငုံ့မွေးပြီး –

“မင်္ဂလာညပါ အချစ်ရေ” ဟု ပြောကြားပြီး ဝင်တာဆိုလိုသို့ ထွက်ခွာသွားပါတော့သည်။

ထိုနေ့ည ညစာစားသောက်နေခိုက်တွင် ကျွန်တန်းလျားဖက်မှ ဗုံတီးသံများ ဆူညံစွာထွက်ပေါ်နေပါသည်။ ထို့ကြောင့် ကျွန်မတို့နှင့်အတူ ညစာစားနေသော ဒန်ကင်လေးက –

“မေမေ၊ ဒီညမှာ ကျွန်တွေ သိပ်ပြီး လှုပ်လှုပ်ရွရွ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဟင်။ ဖေဖေဆုံးသွားတဲ့အတွက်လား”

ဟု မေးလိုက်ရာ၊ မာရီယာက –

http://www.cherrythitsar.org



"ဆန်ဖရန်စစ္စကို မြေတိုက်ခန်းထဲက ရမ်တွေကို ဒီကျွန်တွေ ရသွားကြတယ်နဲ့ တူပါတယ်ကွယ်။ ရမ်တွေ သောက်ပြီး မူးရူးနေကြတာပါ"

ဟု ဖြေကြားလိုက်သည်။

ထိုသို့ပြောကြားနေခိုက်တွင် ဗုံသံများသည် လင်းဖောကျွန်တန်းလျားဘက်ကသာမက ဝင်တာဆိုလို ဘက်ကလည်း ထွက်ပေါ်လာသည်ကို ကြားရပြန်သည်။ ထို့ကြောင့် ပတ်ဝန်းကျင် တစ်ခွင်လုံး ဗုံသံတို့ဖြင့် ညံနေပါတော့သည်။

ထိုအခါ အယ်လစ်တာက –

"ဒီဗုံသံတွေ အတော်ဆူလာပြီ။ ဒီဗုံသံတွေဟာ ရမ်တွေသောက်ပြီး မူးမူးရူးရူးနဲ့ တီးတာမဟုတ်နိုင်တော့ဘူး။ တစ်နေရာကနေပြီး တစ်နေရာကို ဗုံနဲ့ သတင်းပို့ အချက်ပေးနေတာ ဖြစ်ရမယ်"

ဟု ပြောကြားလိုက်သည်။

ဤတွင် ကျွန်မတို့အားလုံးလည်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြောက်လန့်သည့် အမူအရာဖြင့် လှမ်းကြည့်လိုက်ကြပါသည်။ အတန်ကြာသောအခါ ဗုံသံတို့ ခေတ္တတိတ်သွားပြီး ခေါင်းလောင်းသံ တညံညံ ထွက်ပေါ်လာပြန်သည်။

ထိုအခါ အယ်လစ်တာက –

"ဒါဟာ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံတွေပဲ။ ဘာကြောင့် အချိန်မတော် ခေါင်းလောင်းထိုးပါလိမ့်မ"

ဟု ရေရွတ်လိုက်ရာ၊ မာရီယာက –

"ခေါင်းလောင်းသံတွေကို နားထောင်ကြည့်တဲ့အခါ ဘုရားရှိခိုးကျောင်းက ထိုးတဲ့ ခေါင်းလောင်းသံသာ မကဘူး။ ပင်လယ်ဆိပ်ကမ်းဘက်က ထိုးတဲ့ ခေါင်းလောင်းတွေလဲ ပါတယ်။ ဒီတော့ အရေးပေါ်ကိစ္စကြီးတစ်ရပ်တော့ ဖြစ်ပြီနဲ့ တူတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်လစ်တာလည်း အရေးအကြောင်းပေါ်က အသင့်ရှိကြရန်အတွက် အံဆွဲထဲက ပစ္စတိုကို ကျွန်မကို ယူခိုင်းပြီး အိမ်တံခါးပေါက်များကို ကိုယ်တိုင်လိုက်ပြီး ပိတ်နေသည်။

ထိုအခိုက်တွင် မာရီယာအစ်မ ဂျူနာက –

"ကျွန်မတို့တစ်တွေ မမေ့လိုပဲ ကျွန်တွေ သတ်တာကို ခံရတော့မယ် ထင်ပါရဲ့" ဟု ကြောက်လန့်တကြား ပြောကြားလိုက်သည်။

ဤသို့ ကြိုတင်ပြင်ဆင်ကာကွယ်မှုများတို့ ကျွန်မ တို့ ပြုဆောင်နေခိုက်တွင် လင်းဖောစံအိမ်ကြီးသို့ လူတစ်ယောက် ရုတ်တရက် ရောက်ရှိလာသည်။ ထိုသူကား အခြားမဟုတ်။ စင်တာမာတာမြို့ရှိ နာမည်ကျော် ရှော့ဒရီဗွေး ကုန်ပဒေသာတိုက်ကြီးက အရောင်းစာရေး လူးဝစ် ပင်ဖြစ်သည်။

အရောင်းစာရေး လူးဝစ်လည်း မာရီယာကို အမြန်ခေါ်ခိုင်းပြီး မာရီယာ ရောက်ရောက်ချင်း –

"ကျွန်တော့် သူဌေးကြီး အစ်မကြီးကို သတင်းပို့ခိုင်းတဲ့အတွက် စင်တာမာတာက ချက်ချင်းထွက်လာခဲ့တာပါ။ အစ်မကြီးတို့အနေနဲ့ ဗုံသံတွေ၊ ခေါင်းလောင်းသံတွေကို ညံနေအောင် ကြားရမှာပေါ့"

ဟု ပြောလိုက်ရာ၊ မာရီယာက –

"ဟုတ်တယ် ကြားရတယ်။ ဘာကြောင့် ဒီလိုဗုံတွေ တီး၊ ခေါင်းလောင်းတွေ ထိုးနေကြတာလဲ"

ဟု မေးလိုက်သည်။

ထိုအခါ အရောင်းစာရေး လူးဝစ်က –

"လေပြင်းမုန်တိုင်းကြီး မကျခင်သေးမှာ စင်တာမာတာ ဆိပ်ကမ်းကို အင်္ဂလန်က သင်္ဘောတစ်စင်းဝင်လာတယ်။ ဒါပေမဲ့ လေပြင်းမုန်တိုင်း ရုတ်တရက် ကျလာတဲ့အတွက် ကမ်းပေါ်ကိုတော့ ဘယ်သူမှ မတက်နိုင်ကြဘူး။ လေပြင်းမုန်တိုင်း စဲတော့မှပဲ ကမ်းပေါ်ကို တက်နိုင်ကြတယ်" ဟု ပြောကြားရာ အယ်လစ်တာက အသာသက်ပြင်းချရင်း –

"အဲဒီ သင်္ဘောနဲ့အတူ 'ကျွန်တွေ အားလုံးကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးရမယ်' ဆိုတဲ့ ဥပဒေတစ်ရပ်ကို လွှတ်တော်က အတည်ပြုလိုက်တဲ့ သတင်းပါလာတယ် မဟုတ်လား"

ဟု ဝင်ပြောလိုက်သည်။

ထိုအခါ အရောင်းစာရေး လူးဝစ်က –

"မှန်ပါတယ် ခင်ဗျာ" ဟု ပြောကြားလိုက်ရာ မာရီယာက –

"ဘုရား ... ဘုရား"

ဟု ညည်းတွားလိုက်သည်။ ထို့နောက် –

"ကျွန်တွေကို ကျွန်အဖြစ်က လွတ်လပ်ခွင့် ပေးလိုက်တာတော့ ဟုတ်ပါပြီ။ ကျွန်ပိုင်ရှင်တွေကို နစ်နာကြေးဘယ်လောက်ပေးမတဲ့လဲ"

ဟု မေးလိုက်သည်။

ထိုအခါ အရောင်းစာရေး လူးဝစ်က –

"ဗြိတိသျှကိုလိုနီအတွင်းမှာရှိတဲ့ ကျွန်ပိုင်ရှင်တွေ အားလုံးအတွက် နစ်နာကြေးအဖြစ် စတာလင်ပေါင် သန်းနှစ်ဆယ်လျာထား သတ်မှတ်ထား တယ်လို့ သိရပါတယ်" ဟု ဖြေရာ မာရီယာက –

"အားလုံး မျှဝေယူရမှာဆိုတော့ တစ်ယောက်ကို မဖြစ်စလောက်ပဲ ရတော့မှာပေါ့"

ဟု ရေရွတ်ပြီးနောက် –

"အင်း ... စိုက်ခင်းပျိုးခင်းမှာလုပ်တဲ့ အလုပ်သမားတွေကို လုပ်ခပေး ပြီးသာ ခိုင်းရမယ်ဆိုရင်တော့ တွက်ချေကိုက်တော့မှာ မဟုတ်ဘူး။ စိုက်ခင်းပျိုး ခင်းကြီးတွေ တဖြည်းဖြည်း ပြုတ်ပြုတ်ပြုန်းကုန်မှာ သေချာတယ်"

ဟု ညည်းညူလိုက်သည်။

ထိုအခိုက်တွင် အရောင်းစာရေးလူးဝစ်အတွက် ပေါင်မုန့်နှင့် ဒိန်ခဲကို ပြင်ပြီး ပေးရာ၊ အရောင်းစာရေးလူးဝစ်က ကျေးဇူးတင်စကားပြောပြီး ပေါင်မုန့် နှင့် ဒိန်ခဲကို အားပါးတရ စားနေပါသည်။

ကျွန်မလည်း အရောင်းစာရေး လူးဝစ်ကို ငေးကြည့်နေရာမှ 'ဤ လူကား သူဌေးကြီး ရှော့ဒရီပွေး၏ လက်ရုံးတစ်ယောက်ဖြစ်ပြီး ကျွန်သင်္ဘော များနှင့် ပတ်သက်သည့် သတင်းအရပ်ရပ်ကို မာရီယာထံ လာရောက်ပြော ကြားရသူဖြစ်သည်။ စင်တာမာတာမြို့က သူဌေးကြီး ရှော့ဒရီပွေးကား ကျွန် ရောင်း ကျွန်ဝယ် ကျွန်ကုန်ကူးခြင်းအလုပ်ကို မာရီယာနှင့် ပူးပေါင်းလုပ်ဆောင် နေသူဖြစ်မည်' ဟု တွေးတောနေမိပါသည်။

အရောင်းစာရေး လူးဝစ်လည်း ပေါင်မုန့်နှင့်ဒိန်ခဲကို စားသောက်အပြီး တွင် မာရီယာကို လှမ်းကြည့်ကာ –

"ကျွန်တော့် သူဌေးမှာ ကြားလိုက်တဲ့စကားကို ပြောဖို့အတွက် အစ်မ ကြီးနဲ့ နှစ်ယောက်ချင်း တွေ့ချင်ပါတယ်" ဟု ပြောလိုက်ရာ၊ မာရီယာက –

"ကျွန်မတို့ လုပ်ငန်းတွေအကြောင်းကို သူတို့အားလုံး သိသွားကြ ပါပြီ၊ နှစ်ယောက်ချင်းတွေ့ပြီးပြောဖို့ မလိုတော့ပါဘူးကွယ်။ ပြီးတော့ ကျွန်မ တို့ရဲ့ ကျွန်တစ်ယောက်က လေပြင်းမုန်တိုင်း မကျခင်မှာဘဲ ကျွန်တွေအားလုံး ကို လွှတ်ပေးလိုက်တဲ့အတွက် ဆန်ဖရန်စစ္စကိုမှာ ကျွန်တွေ မရှိတော့ပါဘူး။ ဒီလို လွတ်သွားတဲ့ ကျွန်တွေက ကျွန်မရဲ့ အမေကိုတောင် ပုဆိန်နဲ့ ခုတ်သတ် သွားကြပါသေးတယ်"

http://www.cherrythitsar.org



ဟု ပြောကြားပါသည်။ ထို့နောက် –

"ရှင့်မှာ သေနတ်ပါလာသလား" ဟု မေးလိုက်ရာ၊ အရောင်းစာရေး လူးဝစ်က ပစ္စတိုတစ်လက် ပါလာကြောင်း ပြန်ဖြေပါသည်။

ထိုအခါ မာရီယာက –

"ဒါဖြင့်ရင် ဒီည ကျွန်မတို့နဲ့အတူ အိပ်ပါ။ ကျွန်မတို့အနေနဲ့ ယောကျ်ားတစ်ယောက် အဖော်ရတာပေါ့" ဟု ပြောကြားလိုက်ရာ၊ အရောင်း စာရေး လူးဝစ်က အသာခေါင်း ယမ်းရင်း –

"ဒီမှာ အိပ်လို့ မဖြစ်ဘူး အစ်မကြီး။ ကျွန်တော့်သူဌေးက အစ်မကြီး ကို အကျိုးအကြောင်း ပြောပြီးပြီးချင်း အမြန်ဆုံး ပြန်လာခဲ့ရမယ်လို့ မှာလိုက်ပါ တယ်။ စင်တာမာတာ မြို့ပေါ်မှာလဲ ကျွန်တွေ ပုန်ကန်ရုန်းမှုမှု ဖြစ်လိမ့်မယ်လို့ သတင်းဖြစ်နေပါတယ်" ဟု ပြောကြားပါသည်။

ထိုအခါ မာရီယာက –

"ကိုင်း ... ဒါဖြင့်ရင် ရှင်ပြန်တော့။ သူဌေးမင်း ရော့ဒရီဂွေးကိုလဲ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ" ဟု ပြောကြားလိုက်ရာ၊ အရောင်းစာရေး လူးဝစ်လည်း အသာဦးညွှတ်ပြီး ထွက်ခွာသွားရန် ဟန်ပြင်တော့သည်။

ထိုအခိုက်တွင် ကျွန်မလည်း အရောင်းစာရေး လူးဝစ်အပါးသို့ ခပ် သုတ်သုတ် လျှောက်သွားပြီး –

"ဝင်တာဆိုလိုက ဖားဂတ်မက်ဝဲကို ရှင်သိတယ် မဟုတ်လား။ ရှင် လမ်းကြုံပေမယ့် ဝင်တာဆိုလိုကို ဝင်ပြီး အခုရှင်ပြောတဲ့ သတင်းစကားတွေကို ဖားဂတ်ကို ဝင်ပြောပေးပါလား။ ဒါမှ ကိုယ့်ကိုယ်ကို အချိန်မီ ကြိုတင် ကာ ကွယ်နိုင်ပါလိမ့်မယ်" ဟု ပြောကြား တောင်းပန်လိုက်ရာ၊ အရောင်းစာရေး လူးဝစ်က –

"ဖားဂတ်မက်ဝဲကို ကျွန်တော် သိပါတယ်။ ကျွန်တော်နဲ့လဲ ခင်ပါ တယ်။ ဖားဂတ်ဆီကို ကျွန်တော် ရောက်အောင် သွားပေးပါ့မယ်။ စိတ်အေး အေးသာ ထားပါ"

ဟု ပြောကြား ကတိပေးသွားခဲ့ပါသည်။

***

[ ၁၂ ]

# လွတ်လပ်သွားသော ကျွန်များ

အရောင်းစာရေး လူးဝစ် ထွက်ခွာသွားပြီး တစ်နာရီခန့် အကြာတွင် အိမ်တံခါးမ ကြီးကို တဝုန်းဝုန်းထုသံ ထွက်ပေါ်လာပါသည်။ ထို့နောက် တကြော်ကြော် အော်ခေါ်သော ဖားဂတ်၏အသံကိုလည်း ကြားရပါသည်။ ထို့ကြောင့် တံခါးမ ကြီးကို ဖွင့်ပေးလိုက်ရာ၊ တစ်ကိုယ်လုံး သွေးချင်းချင်းနီနေသော အရောင်း စာရေး လူးဝစ်ကို ပွေ့ချီထားသော ဖားဂတ်ကို တွေ့ရပါသည်။

ထိုအခါ မာရီယာ့ အစ်မ ဂျူနာက အလန့်တကြား အော်လိုက်ပြီး၊ အယ်လစ်တာက တံခါးမကြီးကို အမြန်ပြန်ပိတ်လိုက်သည်။ ထိုအခိုက်တွင် ဖားဂတ်သည် မိမိပွေ့ချီထားသော လူးဝစ်ကို ဧည့်ခန်းရှိ ဆိုဖာနီကြီးပေါ်သို့ အသာတင်လိုက်သည်။ ထို့နောက် ဖားဂတ်က –

“လူးဝစ်ကို လင်းဖောနဲ့ ဝင်တာဆိုလိုကြားက ကြံခင်းတွေထဲမှာ တွေ့ရတယ်။ ကျွန်တွေက သေပြီထင်ပြီး ကြံခင်းတွေထဲ ပစ်ထားတယ် ထင်ပါ ရဲ့။ ညည်းသံကြားတာကြောင့် ကျွန်တော် ဝင်ကြည့်ပြီး ဒီကို ခေါ်လာခဲ့တာပဲ။ သွေးတိတ်အောင် လုပ်ထားနိုင်ရင် အသက်ရှင်ဖို့ မျှော်လင့်ချက် ရှိပါသေး တယ်”

ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ဤတွင် မာရီယာက ဆေးသေတ္တာနှင့် ပတ်တီးများကို ပြေးယူပြီး၊ ကျွန်မက ရေနွေးကို ပြေးယူပါသည်။ ဖားဂတ်လည်း ဒဏ်ရာများကို ရေနွေးနှင့် ဆေးပြီး၊ ဆေးထည့်ကာ ပတ်တီးစည်းပေးပါသည်။

ထို့နောက် ဖားဂတ်လည်း ကျွန်မအပါးသို့ လျှောက်လာပြီး ပခုံးကို တယုတယ ဖက်ရင်း –

"အချစ်ရေ မောင်တို့နှစ်ယောက်တည်း အေးအေးချမ်းချမ်း ပျော်ပျော် ရွှင်ရွှင် ကြည်ကြည်နူးနူးနဲ့ ဘယ်တော့များမှ နေရမလဲကွယ်" ဟု မေးလိုက်ရာ၊ ကျွန်မက –

"မကြာခင်နေရတော့မှာပါ မောင်ရယ်။ မဝေးတော့ပါဘူး" ဟု ပြန်ဖြေ လိုက်ပါသည်။ ဤသို့ ပြန်ဖြေရသော်လည်း ကျွန်မ၏စိတ်ထဲ၌ စိုးရိမ်ကြောင့် ကြစိတ်တို့ ပြည့်လျှံနေပါသည်။

ထို့နောက် ဖားဂတ်လည်း လင်းဖောရှိ သေနတ်များကို ထုတ်ယူစစ် ဆေးပါသည်။ ထို့ပြင် ကျွန်မအား သေနတ်ကိုင်နည်း ကျည်ထိုးနည်း၊ ပစ်နည်း တို့ကို သင်ကြားပေးပါသည်။

*

ကျွန်တန်းလျားရှိ ကျွန်များကို တစ်ညလုံး ဗုံများကို နားကွဲမတတ် တီးခတ်နေရာကား၊ မနက်အရုဏ်တက်ခါနီးချိန်တွင်မှ ဗုံသံ တိတ်ဆိတ်သွားပါ သည်။

ထိုအခါ မာရီယာက –

"ရမ်တွေကို အမူးအရူး သောက်ထားတဲ့ကောင်တွေ၊ မူးမူး ရူးရူးနဲ့ အိပ်ပျော်ကုန်ပြီ" ဟု မှတ်ချက်ချနေရာမှ ရုတ်တရက် ရပ်ကာ အသာနားစွင့် လိုက်သည်။

ဤတွင် ကျွန်မတို့အားလုံး နားစွင့်လိုက်ရာ၊ အိမ်နောက်ဘက်ရှိ တံခါးမကြီးဆီမှ သစ်သားကို ကုတ်ခြစ်သံကဲ့သို့သော အသံမျိုးကို ခပ်သဲ့သဲ့ ကြားရသည်။

ထိုအခါ မာရီယာက –

"ဘာသံမှ မဟုတ်ပါဘူး။ အိမ်ထဲဝင်ချင်တဲ့ ကျွန်မ တစ်ယောက် ယောက်က တံခါးလာခေါက်တာ ဖြစ်မှာပေါ့။ အရင်လဲ အိမ်ထဲဝင်ချင်ရင် ဒီလိုပဲ တံခါးလာခေါက်တတ်တယ်"

ဟု ပြောကြားသည်။

http://www.cherrythitsar.org



ဤသို့ မာရီယာ ပြောကြားခိုက်တွင်ပင် ကြားရသော အသံမှာ တိုး၍ ကျယ်လာသည်။ အိမ်ထဲသို့ မီးခိုးလုံး ဝင်လာသည်။ နီဂရိုးကျွန်များကား အိမ်နောက်ဘက် တံခါးမကြီးကို မီးတိုက်နေချေပြီတကား။

ထိုအခိုက်တွင် ဖားဂတ်က –

"ဘာမှ မကြောက်ကြပါနဲ့။ အိမ်ထဲဝင်ပြီး ရမ်နဲ့ အစားအစာတွေ ယူချင်တဲ့အတွက် လုပ်ကြတာပါ။ ကျွန်တော်တို့ကို သတ်ဖို့ ရည်ရွယ်ဟန် မတူပါဘူး" ဟု ပြောကြားလိုက်ပြီး၊ အယ်လစ်တာကမူ –

"မီးတောက်က တဖြည်းဖြည်း ကြီးလာပြီ။ အိမ်ထဲမှာ ကြာရှည် ဆက်နေလို့ ဖြစ်မှာမဟုတ်ဘူး။ အချိန်မီ အိမ်ထဲက ထွက်ပြေးမှ ဖြစ်မယ်။ ဒီတော့ ယူစရာရှိတာတွေ ယူထားကြ"

ဟု ပြောကြားလိုက်သည်။

ကျွန်မလည်း အပေါ်ထပ်တွင် အိပ်ပျော်နေသော ဒန်ကင်လေးဆီ ပြေးပြီး အတင်းနိုးခေါ်လာခဲ့သည်။ ထိုအခိုက်တွင် အယ်လစ်တာသည် အိမ်ရှေ့ တံခါးမကြီးကို ဖွင့်နေပြီး၊ မာရီယာက ပစ္စတိုကို အသင့်ကိုင်ကာ အပါးမှ စောင့်နေသည်။ အနားတွင်လည်း ရိုင်ဖယ်တစ်လက်ကို အသင့်ချထားသည်။ မလှမ်းမကမ်းတွင်လည်း ကာတာရီနာနှင့် ဂျူနာတို့နှစ်ယောက် ရပ်နေကြ သည်။

ဒန်ကင်လေးကို နှိုးခေါ်လာပြီး တံခါးမကြီးအနီးသို့ ကျွန်မ အရောက် တွင် အယ်လစ်တာက –

"အသင့်ဖြစ်ပြီလား ငါ့ညီ" ဟု ဖားဂတ်ကို လှမ်းမေးလိုက်သည်။

ထိုအခိုက်တွင် ဖားဂတ်သည် ပစ္စတိုကို ခါးကြား ထိုးပြီး အရောင်း စာရေး လူးဝစ်ကို ပွေ့ချီကာ ဧည့်ခန်းတွင်းမှ ထွက်လာသည်။ ထိုအခါ အယ် လစ်တာလည်း ကျွန်မတို့ အားလုံးကို ဖျတ်ခနဲ ကြည့်လိုက်ပြီး –

"ကျွန်တော်တို့ အိမ်ထဲက အတူထွက်ကြမယ်။ ဒါပေမဲ့ ခပ်ဝေးဝေး တော့ သွားနိုင်မှာ မဟုတ်ဘူး။ မိုးလင်းတော့မှပဲ ဝင်တာဆိုလိုကို သွားမယ်။ ပြီးတော့ မည်းမည်းမြင်တိုင်းလဲ လှမ်းမပစ်နဲ့။ ကျည်ဆံကို ချွေတာဖို့ လိုတယ်"

ဟု ပြောကြားသည်။

ထို့နောက် အိမ်ရှေ့တံခါးမကြီးကို အသံ မကြားအောင်ဖွင့်ပြီး အပြင် သို့ ထွက်လာခဲ့ကြသည်။ အပြင်ဘက်တွင် ပိတ်ပိတ်ပိန်းအောင် မှောင်မည်းနေ ရာ၊ ကျွန်မတို့လည်း သတိကြီးစွာ ထားပြီး သစ်ကိုင်းကျိုး၊ သစ်ကိုင်းပဲ့များကို

http://www.cherrythitsar.org



ရှောင်ကာ ချုံပုတ်တွေကြားမှ တရွေ့ရွေ့လျှောက်လာခဲ့ကြသည်။ လင်းဖောစ်အိမ်ကြီးနှင့် ခပ်လှမ်းလှမ်းသို့ အရောက်တွင် ဖားဂတ် ပွေ့ချီလာသော လူးဝစ်လည်း သတိပြန်ရလာပြီ၊ ခပ်တိုးတိုး ညည်းလိုက်သည်။

ထိုအခိုက်တွင် တဖျောင်းဖျောင်း မြည်သံပေါက်ကွဲသံတို့ကြောင့် နောက်ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ရာ၊ လင်းဖောစ်အိမ်ကြီး၏ အပေါ်ထပ်သို့ မီးကူးနေပြီး၊ မီးရှိန်အားကောင်းလှသည်ကို တွေ့ရပါသည်။

ထိုအခိုက်တွင် ဖားဂတ်က –

"လင်းဖောစ်အိမ်ကြီးတော့ သွားရှာပြီပေါ့။ ဘာတစ်ခုမှ အကောင်းကျန်မှာ မဟုတ်ဘူး။ ဒီတော့ ရပ်ကြည့်နေလဲ အပိုပဲ ဆက်ပြီးသွားကြရအောင်"

ဟု ပြောကြားလိုက်ရာ၊ အယ်လစ်တာက –

"နေဦး၊ နေဦး။ မာရီယာကော မာရီယာ ပါမလာ ပါလား"

ဟု အလောတကြီး မေးလိုက်သည်။

ဤတွင် ဂျူနာက မာရီယာ၏ ရိုင်ဖယ်ကို မြှောက်ပြရင်း –

"အိမ်က အထွက်မှာ မာရီယာက ကျွန်မတို့ သေနတ် ကမ်းပေးသွားတယ်။ ကျွန်မက ရှင်နဲ့အတူ ပါလာတယ်လို့ ထင်နေတာ"

ဟု ပြောကြားလိုက်ပြီး ကာတာရီနာကမူ –

"ဒီလိုဆိုရင် မာရီယာဟာ ကျောက်မျက်ရတနာတွေ ထည့်ထားတဲ့ ကြေးသေတ္တာလေးကို မေ့ကျန်ရစ်တာကြောင့် ပြန်ယူတာ ဖြစ်ရမယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်လစ်တာက –

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ မာရီယာဟာ ဒီလောက်တောင် မိုက်ပါ့မလား"

ဟု ပြောလိုက်ရာ၊ ကာတာရီနာက –

"လောဘသားကိုးရှင့်။ ဥစ္စာပစ္စည်းနဲ့ ပတ်သက်ရင် စဉ်းစား ဆင်ခြင်ဉာဏ် ပျောက်ပျောက်သွားတတ်တာပဲ မဟုတ်လား"

ဟု ပြန်ပြောပြီးနောက် –

"ကျွန်မ ပြောတာ မမှန်လား။ ကြည့် ... ကြည့်၊ ဟိုမှာ မာရီယာ။ ဟိုမှာ မာရီယာ"

ဟု ပြောကြားသည်။

*

http://www.cherrythitsar.org



ဤတွင် လင်းဖောစ်အိမ်ကြီးကို ကျွန်မတို့အားလုံး လှမ်းကြည့်လိုက်ရာ၊ အပေါ်ထပ် ဝရန်တာမှနေ၍ အောက်သို့ ငုံ့ကြည့်နေသော မာရီယာကို တွေ့ရပါသည်။ မာရီယာ၏လက်တစ်ဖက်၌ ကျောက်မျက်ရတနာများ ထည့်ထားသည့် ကြေးသေတ္တာလေး ကိုင်ထားပါသည်။ မာရီယာ ရပ်နေသော ဝရန်တာ နောက်ဖက်တွင် မီးတဟုန်းဟုန်း လောင်နေပြီး၊ မာရီယာ ငုံ့ကြည့်နေသော အိမ်အောက်ဘက်၌ ဓားများ၊ ပုဆိန်များ ကိုင်စွဲထားသော နီဂရိုးများ ဆူညံစွာ အော်ဟစ်နေပါသည်။ ထို့ကြောင့် မာရီယာ၏ အခြေအနေမှာ အလွန်အမင်း ဆိုးဝါးနေပါသည်။

ကျွန်မတို့ အားလုံးပင် မင်သက်မိဘိသကဲ့သို့ ကြောင်ငေးပြီး ကြည့်နေမိကြပါသည်။ ထိုအခိုက်တွင် ဒန်ကင်လေးသည် ကျွန်မလက်ထဲမှ အတင်း ရုန်းထွက်ပြီး –

"မေမေရေ မေမေ" ဟု ကြောက်လန့်တကြား အော်ဟစ်ကာ၊ မီး တဟုန်းဟုန်း လောင်နေသော လင်းဖောစ်အိမ်ကြီးဆီသို့ အတင်းပြေးသွားပါ တော့သည်။

ဒန်ကင်လေး၏ တကြော်ကြော်အော်ဟစ်သံကို ကြားရသည့်အတွက် ကြောင့်လောမသိ။ မာရီယာသည် ကျွန်မတို့ဘက်သို့ ဆတ်ခနဲ လှမ်းကြည့် လိုက်ပါသည်။ ထိုအခိုက်တွင် အပေါ်ထပ် အခန်းကူးလမ်းကြားမှ တုတ်ခိုင် ထွားကျိုင်းလှသော နီဂရိုးကြီးတစ်ဦး ရုတ်တရက်ပေါ်လာပြီး၊ မာရီယာရှိရာသို့ ပြေးသွားသည်ကို မြင်ရပါသည်။

ဤတွင် ဖားဂတ်လည်း ပွေ့ချီထားသော အရောင်းစာရေးလူးဝစ်ကို အနီးရှိ ချုံဖုတ်ကြားတွင် အသာချလိုက်ပြီးနောက်၊ လင်းဖောစ်အိမ်ကြီးဆီသို့ တစ်ဟုန်ထိုးပြေးသွားရာ၊ ကျွန်မလည်း ဖားဂတ်နောက်မှ အပြေးလိုက်လာခဲ့ သည်။ ထိုသို့ အတင်းပြေးနေလင့်ကစား ကျွန်မ၏ မျက်လုံးအစုံမှာ မာရီယာ ထံသို့သာ ရောက်နေရာ၊ အဖြစ်အပျက်အလုံးစုံကို မျက်ဝါးထင်ထင် မြင်နေရပါ သည်။

ဝရန်တာတွင် ရပ်နေသော မာရီယာသည် အိမ်ရှိရာသို့ နီဂရိုးကြီး ပြေးလာသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် လက်ထဲက ကြေးသေတ္တာကို မီးတဟုန်းဟုန်းလောင်နေသော အိပ်ခန်းထဲသို့ ပစ်ပေါက်လိုက်ပါသည်။ ထို အခိုက်တွင် နီဂရိုးကြီးသည် မာရီယာကို လှမ်းဆွဲပြီး အဝတ်အစားတို့ကို အတင်းဆုတ်ဖြဲပစ်ပါတော့သည်။ ထိုအခါ အောက်ဘက်ရှိ နီဂရိုးကျွန်များက

http://www.cherrythitsar.org



အလွန်အမင်း ဝမ်းသာကျေနပ်သည့်အသွင်ဖြင့် တဟေးဟေး တဟားဟား အော်ဟစ်နေကြပါသည်။

ကျွန်မရှေ့က တဟုန်ထိုးပြေးသွားနေသော ဖားဂတ်လည်း မည်သူ့ကိုမှ အမှုမထားဟန်ဖြင့် လင်းဖောစ်အိမ်ကြီးအနီးရှိ နီဂရိုးကျွန်အုပ်ကြီးကို အတင်းထိုးဖွဲ့ပြီး အိမ်ကြီးဆီသို့ အလောတကြီးသွားနေပါသည်။ ကျွန်မလည်း နောက်မှ ဆက်ပြီး လိုက်လာခဲ့ရာ၊ လူအုပ်ကြီး အနီးသို့ ရောက်လာခဲ့ပါသည်။

ထိုအခိုက်တွင် နီဂရိုးကျွန်အုပ်ကြီးကို အတင်းတိုးဖွဲ့သွားနေသော ဒန်ကင်လေးကို ပွေ့ချီပြီ၊ လူအုပ်ကြားမှ လူတစ်ယောက် ပြန်ထွက်လာသည်ကို တွေ့ရပါသည်။ ကျွန်မလည်း ဝမ်းသာအားရ လှမ်းကြည့်လိုက်ရာ၊ ဒန်ကင်လေးကို ပွေ့ချီလာသူမှာ ကျွန်မမှတ်ထင်သကဲ့သို့ ဖားဂတ်မဟုတ်။ နီဂရိုးကြီး ဆမ်မြူရယ် ဖြစ်ကြောင်း တွေ့ရပါသည်။

လင်းဖောရှိ ကျွန်များက ဒန်ကင်လေးကို ပွေ့ချီလာသော ဆင်မြူရယ်ကို လမ်းဖယ်ပေးကြပါသည်။ သို့သော် အာဖရိက က လောလောဆယ် ရောက်လာသော နီဂရိုးများကမူ လမ်းမပယ်ပေးရုံမက ဆမ်မြူရယ်ကို ဝိုင်းပြီး ရန်မူကြရာ၊ ဓားချက်ထိပြီး ဆမ်မြူရယ် လဲကျသွားပါတော့သည်။ ထိုအခါ ဒန်ကင်လေးလည်း ဆမ်မြူရယ်နှင့်အတူ လဲကျသွားရာမှ ပြန်ပြီး လူးလဲထကာ ကျွန်မရှိရာသို့ ကြောက်လန့်တကြား ပြေးလာပါသည်။ ကျွန်မလည်း ဒန်ကင်လေးကို အတင်းပွေ့ဖက်ထားရာမှ မီးတဟုန်းဟုန်း လောင်နေသော လင်းဖောစ်အိမ်ကြီးဘက်သို့ ဆက်ပြီး ကြည့်နေမိပါသည်။

ထိုအခါ စကော့တလန်ပြည် စဲကတ်ကျေးရွာတွင် ရှိစဉ်က ကျွန်မ အာရုံနိုးကြားလာပြီး ရုတ်တရက် မြင်ရသော မြင်ကွင်း၏ အဆက်ကို မျက်ဝါး ထင်ထင် ဆက်လက်မြင်ရပါတော့သည်။

ဒန်ကင်လေးကို ကျွန်မ ပွေ့ဖက်ထားခိုက်တွင် နီဂရိုးကျွန်အုပ်ကြားသို့ အတင်းတိုးဝင်သွားသော ဖားဂတ်သည် လူအုပ်ကြားထဲတွင် ပျောက်သွားပါသည်။ ထိုအခိုက်တွင် မာရီယာ၏ အဝတ်အစားတို့ကို အတင်းဆုတ်ဖြဲပစ်နေသော နီဂရိုးကြီးသည် မာရီယာကို ကလေးငယ်တစ်ယောက်ပမာ ဆတ်ခနဲ ပွေ့ချီလိုက်ရာ၊ မာရီယာလည်း ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်လိုက်ပါတော့သည်။ ထိုအခိုက်တွင်ပင် မာရီယာကို ပွေ့ချီထားသော နီဂရိုးကြီးလည်း အောက်ဘက်ရှိ ဆူညံစွာ အော်ဟစ်နေသော လူအုပ်ထဲသို့ မာရီယာကို ပစ်ချရန် ဟန်ပြင်လိုက်ပါသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင်ပင် အပေါ်ထပ် အခန်းကူးလမ်းကြားဘက်မှ ဖားဂတ် ပြေးထွက်လာပြီး နီဂရိုးကြီးကို သေနတ်နှင့် လှမ်းပစ်လိုက်ပါသည်။ ဖားဂတ် ပစ်လိုက်သော ကျည်ဆန်သည် နီဂရိုးကြီးကိုသာမက မာရီယာကိုပါ ထိမှန် သွားဟန် တူပါသည်။ နီဂရိုးကြီးလည်း ခေတ္တမျှ ယိမ်းထိုး ယိမ်းထိုးဖြစ်ပြီး နောက် ပွေ့ချီထားသော မာရီယာကို လွှတ်ချကာ လဲကျသွားပါသည်။ ထို အခိုက်တွင် ဖားဂတ်သည် ခွေခွေလေးလဲနေသော မာရီယာကိုငုံ့ကြည့်ပြီး မီးစွဲ နေသော အပေါ်ထပ်လှေကားမှ ပြန်ဆင်းလာပါသည်။

ထိုသို့ ဖားဂတ် ပြန်ဆင်းလာခိုက်တွင် မီးစွဲနေသော လှေကားကြီး သည် ဝုန်းခနဲ ပြိုကျသွားပြီး မီးတောက်မီးလျှံတို့ ထိုးတက်လာပါသည်။

ထိုအခါ ဒန်ကင်လေးကို ပွေ့ဖက်ထားသော ကျွန်မလည်း တဟုန်း ဟုန်း လောင်နေသော မီးတောက်မီးလျှံတို့ကို မလှုပ်မယှက် ငြိမ်သက်စွာ ငေးကြည့်နေမိပါသည်။ ထိုအခိုက်တွင် ကျွန်မ၏ အသည်းနှလုံးသည်လည်း မီးတဟုန်းဟုန်း လောင်လျက်ရှိပါသည်။

နီဂရိုးကျွန်များသည် မလှမ်းမကမ်းတွင်ရပ်ပြီး လင်းဖောစ်အိမ်ကြီးသို့ ငေးကြည့်နေကြသော ကျွန်မတို့တစ်တွေကို တွေ့မြင်ကြပါသည်။ သို့သော် မည်သည့် တစ်ဦးတစ်ယောက်မှ ကျွန်မတို့ အပါးသို့ ကပ်မလာကြပါ။ ဤသို့ မလာကြခြင်းမှာ အယ်လစ်တာ၏ လက်ထဲက သေနတ်ကို ကြောက်ရွံ့သော ကြောင့်လည်း ဖြစ်နိုင်ပါသည်။ လူသတ်မှု၊ လုယက်မှုတို့ ကျူးလွန်ခြင်း၏ အပြစ်ဒဏ်ကို တွေးမိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ လင်းဖောစ်အိမ်ကြီး မီးတဟုန်းဟုန်းလောင်ပြီး လူများသေဆုံးကြသည်ကို ကိုယ်တွေ့မျက်မြင် မြင်ရ ပြီးဖြစ်သည့်အတွက် တင်းမာခက်ထန်သော ဒေါသစိတ်၊ လက်စားချေလိုစိတ် တို့ လျော့ပြေငြိမ်းအေးသွားသောကြောင့် ဖြစ်နိုင်ပါသည်။

ကျွန်မလည်း အတန်ကြာအောင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်ပြီး ကြောင်ငေးကြည့်နေရာ အယ်လစ်တာက ကျွန်မ ပခုံးကို အသာတို့ရင်း –

"သွားကြစို့ ဖီသြနာ" ဟု တစ်ခွန်းတည်း ပြောလိုက်ပါသည်။ ထို့ နောက် ဒဏ်ရာရထားသော လူးဝစ်ကို ပွေ့ချီပြီး ဝင်တာဆိုလိုသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ကြပါသည်။

လမ်းခရီးတွင် မည်သူမှ စကားမပြောကြပါ။ အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြပါသည်။ ဤသို့ဖြင့် ခရီးဆက်လာခဲ့ရာ နေထွက်လာသော အချိန်၌ ကာတာရီနာက –

http://www.cherrythitsar.org



"မီးတဟုန်းဟုန်း လောင်နေတဲ့ အိမ်ထဲကို အတင်းပြေးဝင်သွားတာ ဟာ ဖားဂတ် ရူးတာပဲ။ မာရီယာကို ဘယ်သူမှ ကယ်လို့ မရနိုင်တော့ဘူး ဆိုတာကို မသိဘူးလား"

ဟု ပြောကြားရေရွတ်လိုက်ပါသည်။

ဝင်တာဆိုလိုသို့ ကျွန်မတို့ ရောက်ရှိသွားချိန်တွင် မိုးကြီးသည်းစွာ ရွာသွန်းပါသည်။ ထိုမိုးကြီးကြောင့် မီးလောင်ပျက်စီးသွားသော လင်းဖောစံအိမ်ကြီးမှ မီးကြွင်းမီးကျန်များလည်း လုံးဝ ငြိမ်းသွားပါတော့သည်။ အယ်လစ်တာလည်း လင်းဖောသို့ ပြန်သွားပြီး ရုပ်ပျက်ဆင်းဖြစ်သော မာရီယာနှင့် ဖားဂတ် အလောင်းကို မြင်းလှည်းဖြင့် သယ်လာခဲ့ပါသည်။ ယခု လင်းဖောက ကျွန်များမှာ နောင်တတရားရနေပြီဖြစ်၍ အယ်လစ်တာအား ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြပါသည်။

ဝင်တာဆိုလို တောင်စောင်းတစ်နေရာ၌ မာရီယာနှင့် ဖားဂတ်ကို အတူယှဉ်ပြီး မြှုပ်နှံချိန်၌ ညနေ နေစောင်းနေပြီ ဖြစ်ပါသည်။ ကျွန်မလည်း မာရီယာနှင့် ဖားဂတ်တို့၏မြေပုံကို ငေးကြည့်ရင်း 'နောက်ဆုံး၌ မာရီယာက ကျွန်မကို အနိုင်ယူသွားခဲ့ပြီ' ဟု တွေးနေမိပါသည်။ ကျွန်မမှာ ဒုက္ခသုခ အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရဖန်များ၍ ထုသားပေသားရကာ စိတ်ထဲ၌ အထိခိုက်ကြီး မထိခိုက်တော့ပါ။

အသုဘ စျာပနကိစ္စပြီးသောအခါ အယ်လစ်တာလည်း ဖားဂတ်၏ အိမ်ထောင်ကျွန်နှစ်ဦးကို ခေါ်ကာ ကျွန်မတို့အတွက် အိပ်ရာပြင်ခိုင်းပါသည်။ ထို့ပြင် စတိုခန်းကို ဖွင့်ပြီး ကျွန်မတို့နှင့် လိုက်လာသော လင်းဖောက ကျွန်များကို စားနပ်ရိက္ခာအချို့ ခွဲဝေပေးလိုက်ပါသည်။ လင်းဖောက ကျွန်များသည် မည်သူမှ မစေမခိုင်းရဘဲ မိမိတို့၏ ဘဝပေးအသိဖြင့်ပင် ပျက်စီးသွားသော ကြံခင်းများကို ပြန်စိုက်ရန်စီမံနေကြပါသည်။

*

ထိုည ညစာစားပြီးချိန်တွင် အယ်လစ်တာသည် ကာတာရီနာအား "ခင်ဗျားတို့နောင်ရေးအတွက် ဘာလုပ်မယ်လို့ စိတ်ကူးထားပါသလဲ"

ဟု မေးလိုက်ရာ၊ ကာတာရီနာက –

"ဘာမှ ထွေထွေထူးထူး စိတ်မကူးရသေးပါဘူး။ ဆန်ဖရန်စစ္စကို စိုက်ပျိုးခင်းက လုံးဝပျက်စီးသွားပြီဆိုတော့ အသစ်ပြန်စိုက်ရမယ်။ ဒီလို အသစ်

http://www.cherrythitsar.org



ပြန်စိုက်ဖို့ဆိုတာက အရင်းအနှီးလဲ လိုတယ်။ လူအင်အားလဲလိုတယ်။ ကျွန်မတို့မှာ အရင်းအနှီးရော လူအင်အားရောမရှိတဲ့အတွက် အခက်ကြုံနေတယ်”

ဟု ဖြေပါသည်။

ထိုအခါ အယ်လစ်တာက –

“ဒါဖြင့်ရင် ဆန်ဖရန်စစ္စကို ရောင်းမလား” ဟု ရုတ်တရက် မေးလိုက်ရာ၊ ကာတာရီနာလည်း အတန်ကြာတွေဝေစဉ်းစားနေပြီးမှ –

“ဘာဖြစ်လို့ ရှင်က ဆန်ဖရန်စစ္စကိုကို ဝယ်ချင်ရတာလဲ”

ဟု ပြန်မေးသည်။

ထိုအခါ အယ်လစ်တာက –

“ခင်ဗျားတို့က ဒန်ကင်လေးရဲ့ အဒေါ်တော်လေတော့ ကျွန်တော့်မှာ ခင်ဗျားတို့ကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိနေတယ်။ ဒါကြောင့် ဝယ်တာပါ”

ဟု ပြောကြားရာ၊ ကာတာရီနာက –

“ကျွန်မတို့ ကျေနပ်ရင် ရောင်းပါတယ်။ ရှင်က ဘယ်လိုပေးဖို့ စိတ်ကူးထားပါသလဲ”

ဟု မေးလိုက်သည်။

ထိုအခါ အယ်လစ်တာက –

“ခင်ဗျားတို့က ကျေနပ်လောက်တဲ့ ငွေရင်းငွေနှီးပေးလိုက်မယ်။ အဲဒီငွေနဲ့ စင်တာမာတာမြို့မှာ အိမ်လေးတစ်အိမ်ဝယ်ပြီး ရင်းနှီးစားသောက်ကြပေါ့။ ပြီးတော့ လန်ဒန်မက်ဝဲ ကုမ္ပဏီမှာလဲ ခင်ဗျားတို့အမည်နဲ့ ငွေရင်းငွေနှီး ထည့်ပေးမယ်။ အဲဒီငွေအတွက် နှစ်စဉ်နှစ်တိုင်း အမြတ်တွေထုတ်ယူနိုင်အောင်လဲ စီစဉ်ပေးမယ်”

ဟုပြောလိုက်ရာ၊ ကာတာရီနာက –

“ကျေးဇူးအထူးတင်ပါတယ် ရှင်။ ကျွန်မတို့ ကျေနပ်ပါပြီ” ဟု ပြောကြားပြီးနောက် –

“လင်းဖောစ်အိမ်ကြီးက ပစ္စည်းတွေ ရှာဖွေရှင်းလင်းလို့ ကျောက်မျက်ရတနာတွေ ထည့်ထားတဲ့ သေတ္တာလေး ပြန်တွေ့ရင်တော့ ကျွန်မတို့ကို မမေ့ပါနဲ့။ ကျွန်မတို့လဲ သက်ဆိုင်ပါတယ်”

ဟု ပြောကြားပါသည်။ ထိုအခါ အယ်လစ်တာက –

“အခုအချိန်မှာ ကျောက်မျက်ရတနာထည့်ထားတဲ့ ကြေးသေတ္တာလေးဟာ ပြာတောထဲ မြုပ်နေမှာပါ။ အဲဒီကြေးသေတ္တာလေးကို တွေ့အောင်

http://www.cherrythitsar.org



အတော့်ကို ရှာရပါ့မယ်။ ရှာလို့ တွေ့ရင်လဲ တရားဝင် အမွေခံဖြစ်တဲ့ ဒန်ကင် လေးနဲ့ပဲ ဆိုင်ပါလိမ့်မယ်”

ဟု ပြောကြားလိုက်ရာ၊ ကာတာရီနာက –

ကျွန်မတို့ကတော့ ကြေးသေတ္တာလေး ရှာတွေ့တွေ့ချင်း ကျွန်မတို့ လဲ ဆိုင်တဲ့အကြောင်း တရားရုံးတော်မှာ လျှောက်ရလိမ့်မယ်”

ဟု ပြောကြားသည်။

ထို့နောက် ကာတာရီနာနှင့် ဂျူနာတို့လည်း ‘မိမိတို့တူလေး ဒန်ကင်၏ နောက်ရေး’ အတွက် လုံးဝ မေးမြန်းဆွေးနွေးခြင်း မပြုဘဲ အသင့်ပြင်ထားသော အိပ်ရာဆီသို့ ထွက်ခွာသွားကြပါသည်။

ကျွန်မလည်း အိပ်ခန်းသို့ ပြန်လာပြီးနောက် ချာရီတီ၏ အကူအညီဖြင့် ဒန်ကင်လေးကို ကိုယ်လက်သုတ်သင်ပေးပြီး အိပ်ပျော်အောင် သိပ်လိုက်ပါသည်။

ဒန်ကင်လေး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသောအခါ ချာရီတီက –

“ဆရာမရေ၊ အညောင်းအညာ ပြေသွားအောင် လမ်းလျှောက်ရင်း လေကောင်းလေသန့် သွားရှူပါလား။ ဒါမှ လေးလံနေတဲ့ နှလုံးသားလဲ ပေါ့ တန်သလောက် ပေါ့သွားမှာ၊ ကျွန်မလဲ ဆရာမလိုပါပဲ။ ကျွန်မ ချစ်တဲ့သူကို ဒီနေ့ပဲ မြုပ်နှံသင်္ဂြိုလ်ရပါတယ်”

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မလည်း ဒန်ကင်လေးကို အသက်စွန့်ပြီး ကယ်သွားသည့် ဆမ်မြူရယ်အကြောင်းကိုတွေးမိပြီး စိတ်မကောင်းဖြစ်မိရာမှ အခန်းအပြင်ဘက်သို့ လေးလေးတွဲ့တွဲ့ ထွက်လာခဲ့မိပါသည်။ ထို့နောက် အခန်းကူးလမ်းကြားအတိုင်းလျှောက်လာပြီး ဝရန်တာကို မှီကာ လေကောင်းလေသန့်ရှူရင်း တလက်လက် တောက်ပနေသော ကြယ်လေးများကို ငေးကြည့်နေမိပါသည်။

အတန်ကြာသောအခါ ခြေသံသဲ့သဲ့ ကြားရပြီး ကျွန်မအပါးတွင် အယ်လစ်တာ လာထိုင်ပါသည်။ ထိုအခါ ကျွန်မက –

“မာရီယာ့ အစ်မနှစ်ယောက်အပေါ်မှာ အတော်ရက်ရောလိုက်တာပဲ။ ဆန်ဖရန်စစ္စကိုက မြေသိပ်ညံ့တယ်။ ရှင် ပေးသလောက် မတန်လှပါဘူး”

ဟု ပြောလိုက်ရာ၊ အယ်လစ်တာက –

"ဒန်ကင်လေးရဲ့ မျက်နှာကြောင့် ကူညီလိုက်တာပါဗျာ။ ကျွန်တော့အနေနဲ့ လင်းဖော၊ ဆန်ဖရန်စစ္စကိုနဲ့ ဝင်တာဆိုလို ဒေသသုံးခုစလုံးကို ဒန်ကင်လေး ပိုင်စေချင်တယ်။ တခြားလူလက်ထဲ မကျရောက်စေချင်ဘူး"

ဟု ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"ဒန်ကင်လေးက ဘယ်သူနဲ့နေမှာလဲ။ သူ့ကို ဘယ်သူက စောင့်ရှောက်မှာလဲ" ဟု မေးရာ၊ အယ်လစ်တာက –

"ဒန်ကင်လေးက ကျွန်တော်တို့နဲ့ နေမှာပေါ့။ သူ့ကို ကျွန်တော်တို့ပဲ စောင့်ရှောက်မှာပေါ့"

ဟု ဖြေပါသည်။

ထိုအခါ ကျွန်မက –

"ကျွန်တော်တို့ဆိုတာက "

ဟု စကားစလိုက်လျှင် အယ်လစ်တာက –

"ကျွန်တော်တို့ဆိုတာက ကျွန်တော်နဲ့ ဆရာမကို ပြောတာပါ။ ဆရာမနဲ့ ကျွန်တော် လက်ထပ်ပြီးရင် ဒန်ကင်လေးကို ခေါ်ပြီး အင်္ဂလန်ကို ခဏ ပြန်ကြတော့ပေါ့" ဟု ပြောကြားသည်။

ထိုအစကားကို ကြားလျှင် ကျွန်မက –

"အယ်လစ်တာ။ ရှင် ရူးနေသလား။ ရှင်ဟာ အရာခပ်သိမ်းကို အဆင်ပြေအောင်၊ နေသားတကျ ဖြစ်အောင် ကြိုးစားနေတာပဲ။ ဒါပေမဲ့ ကျွန်မကို ရှင်လက်ထပ်လို့ လုံးဝ မဖြစ်ပါဘူး။ ကျွန်မဟာ ဖားဂတ်ကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး စွဲလန်းချစ်ခင်ခဲ့တယ်။ အခုလဲ ဖားဂတ်ကို စွဲလန်းချစ်ခင်နေတုန်းပါပဲရှင်။ ဘယ်တော့မှ မေ့လို့ရမယ် မထင်ပါဘူး။ ဖားဂတ်က လွဲပြီး တခြားလူတစ်ယောက်ကို ချစ်နိုင်ဖို့ ဆိုတာလဲ လုံးဝမ ဖြစ်နိုင်ပါဘူး"

ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်လစ်တာက –

"ဖားဂတ်ကို ဆရာမ မေ့မရဘူးဆိုတာ ကျွန်တော် ယုံပါတယ်။ ဒါပေမဲ့ ဆရာမကိုပဲ ကျွန်တော် လက်ထပ်ချင်ပါတယ်။ ကျွန်တော်ဟာ ဆရာမကို မြင်မြင်ချင်းစွဲလန်းချစ်ခင်ခဲ့သူပါ။ ဒါကြောင့် ကျွန်တော့် မေတ္တာကို ဖွင့်ဟပြောကြားဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် နှုတ်လျှာမသွက်လို့ ရတ်တရက် ပြောမထွက်ခဲ့ပါဘူး။ ဒီအတောအတွင်းမှာပဲ ဖားဂတ်ဟာ ဆရာမရဲ့

http://www.cherrythitsar.org



မေတ္တာပန်းကို ဆင်မြန်းသွားနိုင်ခဲ့ပါတယ်။ ဒီလို ဆရာမနဲ့ ဖားဂတ်တို့ ချစ်ကြိုက်သွားတာလဲ သိရော၊ 'ကျွန်တော်ရဲ့ မျှော်လင့်ချက် ကုန်ဆုံးသွားပြီ' လို့ မှတ်ထင်ပြီး ဝမ်းနည်းပူဆွေးသွားခဲ့ပါတယ်။ အကြီးအကျယ်လဲ စိတ်ဓာတ်ကျခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့် မျက်စိအောက်မှာ ကျွန်တော် စွဲလန်းမြတ်နိုးသူနဲ့ တခြားသူတို့ တပူးတွဲတွဲ တွဲနေမှာကိုလဲ ကျွန်တော် မကြည့်နိုင်ပါဘူး။ ဒါကြောင့် အဲဒီနေ့မှာပဲ အကြောင်းရှာပြီး လန်ဒန်ကို ကျွန်တော် ချက်ချင်းပြန်သွားခဲ့ခြင်း ဖြစ်ပါတယ်" ဟု တတွတ်တွတ် ပြောကြားပြီး –

"အို ... ဆရာမရယ်။ ဆရာမကို ကျွန်တော် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး စွဲလန်းချစ်ခင်တယ်ဆိတာ ယုံပါဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားပါသည်။

ထိုအခါ ကျွန်မက –

"အယ်လစ်တာရယ်၊ ရှင့်လို အဖက်ဖက်က ပြည့်စုံတဲ့ ယောကျ်ားကောင်းအဖို့ မိန်းမချောတွေ ဝိုင်းဝိုင်းလည်နေမှာပါရှင်။ ကျွန်မလို အညတြနဲ့ မတော်ပါဘူး" ဟု ပြောကြားရာ၊ အယ်လစ်တာက –

"ဆရာမရယ်။ ကျွန်တော်ရဲ့ ယုံကြည်ချက်နဲ့ ကျွန်တော်လျှောက်မယ့် ဘဝခရီးကို ဆရာမကို အသေးစိတ်ဖွင့်ဟပြောကြားပြီးသားပါ။ ကျွန်တော့် ယုံကြည်ချက်ကို အကောင်အထည် ဖော်တဲ့အခါ လူအင်အား စိတ်ဓာတ်အင်အား အပြည့်အဝနဲ့ ထောက်ခံအားပေးမယ့် အိမ်ထောင်ဖက်ဟာ ရှာလေရှားလေပါပဲ။ ဆရာမကတော့ ကျွန်တော်နဲ့ အသင့်တော်ဆုံး အိမ်ထောင်ဖက်ပါ။ ဆရာမနဲ့ ကျွန်တော်နဲ့ ယုံကြည်ချက်ချင်းတူတယ်။ ပြီးတော့ ဆရာမကဟာ စိတ်ဓာတ်လဲ ကြံ့ခိုင်မြင့်မြတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို လက်ထပ်ဖို့ ပန်ကြားရတာပါ ဆရာမရယ်"

ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

"ဖားဂတ်အတွက် ဆရာမ စိတ်မကောင်းဖြစ်နေတယ်။ ဝမ်းနည်းနေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒီအတွက် ကျွန်တော် မနာလိုဝန်တိုမဖြစ်ပါဘူးဗျာ။ ကျွန်တော် မြတ်နိုးချစ်ကြင်တဲ့ချစ်သူလေးကို ကျွန်တော် အစွမ်းကုန်ကူညီစောင့်ရှောက်ပေးချင်ပါတယ်။ ကျွန်တော့် မေတ္တာရိပ်မှာ ချွေးသိပ်နားခိုစေချင်ပါတယ်။ သားသမီး မြေးမြစ် တီတွတ်ရတဲ့အထိ မပြယ်တဲ့ မေတ္တာနဲ့ ဘဝခရီးလမ်းကို အတူလက်တွဲပြီး လျှောက်ချင်ပါတယ်" ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားပါသည်။

http://www.cherrythitsar.org



ဤသို့ အယ်လစ်တာ ပြောကြားနေသည်ကို နားထောင်ရင်း ကျွန်မ၏ ရင်ထဲ၌ ဆို့နင် တင်းကျပ်လာပါသည်။ ထို့ကြောင့် အယ်လစ်တာ၏ ပခုံးပေါ်သို့ ခေါင်းကို အသာမှေးတင်လိုက်ရာ အယ်လစ်တာက ကျွန်မ၏ နဖူးဆံစလေးကို လက်ဖြင့် တယုတယ ပွတ်သပ်ပေးရင်း –

"ငိုချင်ရင် ငိုသာငိုပါ အချစ်ရယ်၊ အောင့်မထားပါနဲ့၊ ရင်ထဲပေါ့သွားတဲ့အထိ အားရပါးရ ငိုလိုက်စမ်းပါ" ဟု ပြောကြားလိုက်ပါသည်။ ထို့ကြောင့် ကျွန်မလည်း ရင်ထဲပေါ့သွားသည်အထိ အားရပါးရ ငိုလိုက်ပါသည်။

'ဝမ်းနည်းပူဆွေးငိုကြွေးခြင်း၏ အဆုံးတွင် ဝမ်းသာပျော်ရွှင်ကြည်နူးခြင်းကို တွေ့ကြုံရစမြဲ' ဖြစ်လေရာ၊ ရှေ့ဆက်ရမည့် ကျွန်မ၏ ဘဝခရီးသည်လည်း ....။

**အောင်ခန့်**

၁၉၇၅၊ ဇူလိုင်လ ၃၀ ရက်

http://www.cherrythitsar.org

